
# Princess Der Ling



# Two Years in the Forbidden City

# ကျွန်မ နန်းတွင်းသူ

★★ ဗျည်းနွဲ့ ★★

**Princess Der Ling**

*Two Years*

**in the**

*Forbidden*

# City

ဖြန့်ချိရေး

**စံတော်ချိန်စာပေ**

အမှတ် (၁၀၀/၁၀၂)၊
ချမ်းသာပလာဇာ
(အပေါ်ဆုံးထပ်)၊
အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း
၀၁-၈၆၁၀၅၈၁
၀၁-၈၆၁၀၅၈၂

| | |
|---|---|
| ပုံနှိပ်မှတ်တမ်း | ထုတ်ဝေသည့်လ (ဧပြီလ၊ ၂၀၁၇) ပထမအကြိမ် |
| ထုတ်ဝေသူ | ဦးကိုကိုလေး (စံတော်ချိန်စာပေ)<br>မှတ်ပုံတင်အမှတ် (၀၀၁၃၀)<br>အမှတ်(၁၀၀/၁၀၂)၊ အထက်ပုဇွန်တောင်လမ်း |
| ပုံနှိပ် | ဦးရဲမြင့် ၊ ချမ်းသာပုံနှိပ်တိုက် (မြ-၀၀၄၀၀)<br>အမှတ် ၅၃/၆၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းစာမျက်နှာ | မင်းရဲတာ |
| ကွန်ပျူတာ စာစီ | ပြည့်ဖြိုးလွင်၊ ရဲနိုင်ထွန်း၊ ဖြိုးသော်ကောင်း |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း

ကျွန်မ နန်းတွင်းသူ

ဘာသာပြန်စာပေ

စံတော်ချိန်စာပေ

၁၀၃-စာ၊ ၁၅ . ၂၄ x ၂၂ . ၈၆ စင်တီ

ကျွန်မ နန်းတွင်းသူ



ကျွန်မ

# ပေကျင်းသို့ ။

★★ ဗျည်းနွဲ့ ★★



စီရီးမယ်မယ်ကြီးနှင့် အခြွေအရံများ ပီကင်းမြို့ ကျုံပိုင်းရေကန်၌ လှေစီးနေပုံ။




ပီကင်းနေပြည်တော် နွေရာသီစံနန်း၌ တွေ့ရသော စီရီးမယ်မယ်ကြီးနှင့် နိုင်ငံခြားသံအမတ်ကတော်များ။



စီရှီးမယ်မယ်ကြီး ညီလာခံထွက်ချိန် မင်းခမ်းမင်းနားမြင်ကွင်း။



နွေရာသီစံနန်းတော်၌ တွေ့ရသော စီရီးမယ်မယ်ကြီး။



ချင်မင်းဆက်ခေတ် မန်ချူးမင်းသမီးတစ်ပါး



ချင်မင်းဆက်ခေတ် မန်ချူးစစ်သူကြီးတစ်ဦး။



အပျိုတော်မင်းသမီး တာ့လင်၏ ညီမ ရိုရောင်လင်း။

## ဆောင်ဝဇီရာ ညောင်ကွန်းညာငယ်ကလေ

မှတ်မှတ်ရရ ၁၉၀၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ ကျွန်မဖေဖေ တရုတ်သံအမတ်ကြီးအဖြစ် လေးနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တဲ့ ပါရီမြို့တော်ကနေ ရှန်ဟိုင်းမြို့ကို ကျွန်မတို့ ပြန်ထွက်လာပါတယ်။ ပါရီမြို့ ကနေထွက်လာတဲ့ အက်စ်အက်စ်အမ်နမ်မီးသင်္ဘောပေါ်မှာ ကျွန်မတို့မိသားစုအပြင် သံရုံးပထမအတွင်းဝန်၊ ဒုတိယအတွင်းဝန်ပြီးတော့ စစ်သံမှူးတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေ စုစုပေါင်း ၅၅ ယောက်လောက်ပါလာပါတယ်။ ရှန်ဟိုင်းကို ကျွန်မတို့ရောက်တော့ မိုးကဖြိုးဖြိုးဖျောက်ဖျောက်ရွာနေတုန်းပဲ။ ရှန်ဟိုင်းကိုရောက် ရောက်ချင်း တွေ့တဲ့ဒုက္ခက ကျွန်မတို့နဲ့ပါလာတဲ့ အခြွေအရံတစ်ထွေးတစ်အုပ်ကြီးကို နေရာချဖို့၊ တန်နဲ့ ချီတဲ့ အထုပ်အပိုးတွေအတွက် နေရာချဖို့ပါ။ အရင်အတွေ့အကြုံတွေအရဆိုရင် ကျွန်မတို့ရဲ့ မင်းစေတွေက ခရီးသွားရင်ဘာမှ အားကိုးလို့မရဘူးဆိုတာ ကျွန်မတို့သိထားပါတယ်။ သည်တော့ လူတင်လူချအခက်အခဲ၊ ကုန်တင်ကုန်ချ အခက်အခဲတွေကို စေ့စပ်သေချာတဲ့ မေမေကပဲ တာဝန်ယူရပါတယ်။

ရှန်ဟိုင်းမြို့လယ် ပြင်သစ်နယ်မြေဆိပ်ကမ်းမှာ သင်္ဘောဆိုက်တော့ ကျွန်မတို့ကို ရှန်ဟိုင်းမြို့သူကြီး၊ ရှန်ဟိုင်းတရားသူကြီးနဲ့ အခြားတာဝန်ရှိသူတွေက ဝတ်စုံပြည့်ဝတ်ပြီး လာတွေ့ကြပါတယ်။ ရှန်ဟိုင်းမြို့သူကြီး၊ (ရှန်ဟိုင်းတောက်ထိုင်)က ကျွန်မတို့မိသားစု ခဏတည်းဖို့အတွက် ရှန့်ဟိုကောင်းဘုရားကျောင်း (ကောင်းကင်ဘုရင်မဘုရားကျောင်း)ကို ပြင်ဆင်ပေးထားပါတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဖေဖေက ရှန်ဟိုင်းအုပ်ချုပ်ရေးမှူးရဲ့ ကမ်းလှမ်းချက်ကိုငြင်းခဲ့ပြီး ပြင်သစ်နယ်မြေထဲမှာရှိတဲ့ ဟိုတယ်မှာပဲတည်းဖို့ ဟောင်ကောင်ကနေ သံကြိုးရိုက်ထားပြီးဖြစ်ကြောင်း ပြန်ပြောခဲ့ပါတယ်။ ကျွန်မဖေဖေ ဂျပန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဖို့ ဂျပန်ကိုသွားတဲ့ ၁၈၉၅ ခုနှစ်ထဲမှာ ကျွန်မတို့မိသားစုဟာ ဘုရားကျောင်းမှာပဲ

တည်းခဲ့ဖူးပါတယ်။ ကောင်းကင်ဘုရင်မဘုရားကျောင်းက တော်တော်အိုဟောင်းနေပါပြီ။ သူ့ခေတ်နဲ့ သူ့အခါကတော့ ကျက်သရေရှိတဲ့ နေရာ၊ အရမ်းလှတဲ့နေရာ ဖြစ်ခဲ့မှာပါ။ အခု တော့ကျောင်းအိုဇရပ်အိုကြီးတစ်ခုလိုပါပဲ။ ထုံးစံအရဆိုရင် တရုတ်နန်းတွင်းအဆင့်မြင့် အရာရှိကြီးတွေ တစ်မြို့ကနေတစ်မြို့ကူးပြီဆိုရင် သက်ဆိုင်ရာမြို့က တရားသူကြီးတွေက စားစရာ၊ နေစရာ၊ အစစအရာရာဖြည့်ဆည်းပေးရပါတယ်။ ပြီးတော့ သူတို့ရဲ့ အကူအညီတွေကို ငြင်းရင်လည်းမကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မဖေဖေကတော့ သက်ဆိုင်ရာအရာရှိတွေရဲ့ အကူအညီတိုင်းကို ယဉ်ယဉ်ကျေးကျေးနဲ့ပဲ ငြင်းတတ်ပါတယ်။

ပြင်သစ်ပိုင်နက်ထဲက ဒတ်ချ်ကိုလိုနီဟိုတယ်ကိုရောက်တော့ ဖေဖေ့ကိုနန်းတွင်းက ကြေးနန်းစာနှစ်စောင်က အသင့်စောင့်နေပါတယ်။ အဲဒီ သံကြိုးစာတွေထဲမှာ ပီကင်းနေပြည်တော်ကို ချက်ချင်းပြန်လာဖို့ ဖေဖေ့ကိုနန်းတော်က ညွှန်ကြားထားပါတယ်။ ဒါပေမဲ့ တီယန်ကျင်းမြို့ကို ရေကြောင်းကသွားဖို့အတွက် မြစ်ကြောင်းရေခဲနေတဲ့အတွက် ဒီခရီးစဉ်ကို စဉ်းစားလို့မဖြစ်ပါဘူး။ ဖေဖေကအရွယ်လည်းထောက်နေပြီ။ ပြီးတော့လည်း ကျန်းမာရေးကတရှောင်ရှောင်နဲ့ ဆရာဝန်ရဲ့မျက်လုံးဒေါက်ထောက်အကြည့်ခံနေတဲ့သူ။ ရွှေနန်းတော်ကို သွားနိုင်တဲ့ နောက်လမ်းကြောင်းတစ်ခုကတော့ ဟီပေပြည်နယ် ချင့်ဟောင်တာမြို့က တစ်ဆင့်သွားဖို့ပါ။ ဒါပေမဲ့ ဒီခရီးကလည်း ဖေဖေ့ကျန်းမာရေး၊ အသက်အရွယ်နဲ့ဆိုရင် မလွယ်တဲ့ခရီးပါ။ ဒီတော့ အခက် အခဲအမျိုးမျိုးကိုကြည့်ပြီး ပိုင်ဟိုမြစ်ရေခဲပျော်ချိန်မှသာ ပထမဆုံးထွက်လာမယ့် မီးသင်္ဘောနဲ့ တီယန်ကျင်းကို လာခဲ့ပါ့မယ်ဆိုပြီး ဖေဖေကသံကြိုးပြန်ရိုက်လိုက်ပါတယ်။

၁၉၀၃ ခုနှစ်ဖေဖော်ဝါရီ ၂၂ ရက်မှာ ကျွန်မတို့မိသားစုရှန်ဟိုင်းကနေ စထွက်ခဲ့ပြီး ၂၆ ရက်မှာတော့ တီယန်ကျင်းကိုရောက်ခဲ့ပါတယ်။ ထုံးစံအတိုင်း တီယန်ကျင်းဆိပ်ကမ်း အကောက်ခွန်အရာရှိနဲ့ အခြားတာဝန်ရှိတဲ့ သူတွေက ကျွန်မတို့မိသားစုကို လာပြီးနှုတ်ဆက်ကြပါတယ်။

ပြည်ပကနေပြန်လာတဲ့အတွက် တရုတ်နန်းတွင်းအရာရှိကြီးတိုင်း တရုတ်ပြည်ကို ပြန်ရောက်ရင် မပျက်မကွက် လိုက်နာရတဲ့ ထုံးစံတစ်ခုရှိပါတယ်။ နန်းတွင်းအရာရှိကြီးအားလုံး တရုတ်မြေပေါ် မှာ ခြေချချင်း အနီးစပ်ဆုံးပြည်နယ်ဘုရင်ခံတွေနဲ့ ဆက်သွယ်ပြီး ငြိမ်းချမ်းရေးကေရာဇ်ကို ဦးတိုက်ကြရပါတယ်။ ကျွန်မတို့ တီယန်ကျင်းကို ရောက်ရောက်ချင်းမှာပဲ အဲဒီတုန်းက ချိုလီပြည်နယ် (ယခု ဟီပေပြည်နယ်)ဘုရင်ခံ ဖြစ်နေတဲ့ ယွန်ရှီခိုင်က ဧကရာဇ် အရှိအသေပြုရေးအစီအစဉ်အတွက် ဖေဖေ့ဆီကို အရာရှိတစ်ဦးလွှတ်လိုက် ပါတယ်။ အစီအစဉ်လုပ်ပြီးတဲ့အချိန်မှာတော့ ကျွန်မဖေဖေနဲ့ ယွန်ရှီခိုင်က ဝမ်ရှောက်ကောင်း (နှစ်တစ်သောင်းနန်းတော်)မှာ အောက်ခြေအရာရှိတွေအားလုံးနဲ့ တွေ့ကြရပါတယ်။ ပြီးတော့ ဖေဖေ

က ထုံးတန်း အစဉ်အလာအတိုင်း ဘုရင်မင်းမြတ်ကို နှုတ်ဆက်ဦးတိုက်ရပါတယ်။ ကောရာဇ်ကိုဦးခိုက်ပြီးတော့ ဖေဖေက ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီးတို့ရဲ့ သာကြောင်းမာကြောင်းကို ယွန်ရှီခိုင်ကိုမေးရပါတယ်။ ယွန်ရှီခိုင်ကလည်း ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီးနှစ်ပါးလုံး ကိုယ်စိတ်သုခပြည့်စုံကြောင်း ပြန်ဖြေပါတယ်။ ဒါဟာ တရုတ်နန်းတွင်း အဆင့်မြင့်အရာရှိကြီးတွေ တရုတ်ပြည်ကို ပြန်ရောက်တိုင်းလုပ်ကြရတဲ့ ကောရာဇ်ဦးတိုက်ပွဲ နိဂုံးခန်းပါပဲ။

ကျွန်မတို့မိသားစု တီယန်ကျင်းမှာ သုံးရက်လောက်နားပြီးတော့ ပီကင်းကို ဖေဖော်ဝါရီ ၂၉ ရက် မှာ ရောက်ခဲ့ပါတယ်။ ပီကင်းရောက်တော့ ဖေဖေ့ကျန်းမာရေးအခြေအနေက တော်တော်ဆိုးနေပါပြီ။ ကျန်းမာရေး ထူထူထောင်ထောင်ပြန်ဖြစ်ဖို့အတွက် ဖေဖေကခွင့်လေးလလောက်တောင်းတော့ ကောရာဇ်မယ်တော် မိဖုရားကြီးက ခွင့်ပြုပေးခဲ့ပါတယ်။ ပါရီကို မသွားမီလေးမှာပင် အပြီးသတ်ဆောက်ခဲ့တဲ့ပီကင်းက ကျွန်မတို့မိသားစုစံအိမ်က ၁၉၀၀ပြည့်နှစ်ဘောက်ဆာသူပုန်ထပွဲမှာ မီးရှို့ခံခဲ့ရပါတယ်။ ငွေစ ၁၀၀၀၀၀ ဖိုးလောက် ကျွန်မတို့ဆုံးရှုံးခဲ့ရပါတယ်။ အပြင်အဆင်က အနောက်တိုင်းဆန်ပေမယ့် တရုတ်အငွေ့အသက်ဖုံးနေတဲ့ စံအိမ်အသစ်ပါ။ အခုတော့ ပီကင်းမြို့တော်က အခြားစံအိမ်တစ်ခုကို ကျွန်မတို့မိသားစု ငှားနေကြရပါတယ်။ ပါရီကိုမသွားမီလေးရက်လောက်လိုမှ အပြီးသတ်ခဲ့တဲ့ ကျွန်မတို့စံအိမ်အသစ်ကို ဆုံးရှုံးခဲ့ရတာ အရမ်းဝမ်းနည်းဖို့ကောင်းပါတယ်။ ဒါပေမဲ့ ဒီအဖြစ်ကဆန်းတော့မဆန်းပါဘူး။ တရုတ်နန်းတွင်းအရာရှိကြီးတွေ မကြာခဏတွေ့ရတတ်တဲ့ လောကဓံတရားမျိုးပါပဲ။

ပီကင်းနေပြည်တော်မှာ မှူးကြီးမတ်နွယ်တွေရဲ့ စံအိမ်တွေကို မြေနေရာတော်တော်လေးယူပြီး ဆောက်ထားတတ်ကြပါတယ်။ ဘောက်ဆာသူပုန်အရေးအခင်းတုန်းက မီးလောင်ခဲ့တဲ့ ကျွန်မတို့ရဲ့ စံအိမ်ဟောင်းလည်း ဒီအတိုင်းပါပဲ။ အဆောင်ပေါင်း ၁၆ ဆောင်ရှိပြီးအခန်းပေါင်း ၁၇၅ ခန်းရှိတဲ့ စံအိမ်ကြီးပါ။ ဒီလောက်များတဲ့ အခန်းတွေကို ကျွန်မတို့ဘယ်လိုသုံးမလဲဆိုတာ လူတွေသိချင်ပါလိမ့်မယ်။ ကျွန်မတို့က မိသားစုများပါတယ်။ ပြီးတော့ များပြားလှတဲ့ အိမ်တော်ဝန်တွေ၊ စာရေးစာချီတွေ၊ ခြေမြန်တော်တွေ၊ ရထားမောင်းသမားတွေ၊ ဝေါထမ်းအမှုထမ်းတွေရှိနေတဲ့အတွက် ဒီအခန်း ၁၇၅ ခန်းဆိုတာကို ကျွန်မတို့ကောင်းကောင်းအသုံးချနိုင်ပါတယ်။ ကျွန်မတို့စံအိမ်ဟောင်းမှာ တရုတ်အစဉ်အလာအတိုင်း အဆောင်တွေရဲ့ဝန်းကျင်မှာ ဥယျာဉ်တွေရှိပါတယ်။ ရွှေငါးတွေလွှတ်ထားတဲ့၊ ကြာပန်းတွေစိုက်ထားတဲ့၊ ပေါင်းကူးတံတားလေး တွေဆောက်ထားတဲ့ ရေကန်ငယ်လေးတွေလည်း ရှိပါတယ်။ ကန်ငယ်လေးတွေရဲ့ လမ်းတစ်ဖက်တစ်ချက်မှာလည်း မိုးမခပင်ကြီးတွေ စိုက်ထားပါတယ်။ ပြီးတော့ ရောင်စုံပန်းခင်းကြီးတွေကလည်း လေတိုက်တိုင်းဝေ့နေပါတယ်။ ဒီလိုအချိန်မျိုးမှာမှ ကျွန်မတို့ ပါရီကိုထွက်ခဲ့ရတာပါ။ ၁၈၉၉ ခုနှစ် ဇွန်လမှာ ကျွန်မတို့မိသားစု ပါရီကိုစထွက်တော့

ကျွန်မတို့စံအိမ်ရဲ့ ပန်းခင်းတွေက လေတိုက်တိုင်းဝေ့ဆဲ၊ မြင်သူတိုင်းကလည်း နှစ်ခါပြန်လှည့်ကြည့်နေရဆဲပါ။

အခုတော့ ပီကင်းမြို့တော်မှာ ကျွန်မတို့ စံအိမ်ပိုင်မရှိတော့ပါဘူး။ နောက်တော့ ဖေဖေကသူ့အတွက် စံအိမ်တော်တစ်လုံးရှာပေးဖို့ မိတ်ဆွေတွေ ဆီကြေးနန်းရိုက်ပြီး အကူအညီတောင်းပါတယ်။ စိတ်ကသိကအောင့် ဖြစ်စရာတွေ နည်းနည်းကြုံပြီးတော့မှ ကျွန်မတို့ စံအိမ်သစ်တစ်လုံးရလိုက်ပါတယ်။ နောက်ပိုင်းမှာ အဲဒီစံအိမ်သစ်ဟာ နောက်ပိုင်းထင်ရှားတဲ့ စံအိမ်တစ်ခုဖြစ်လာပါတယ်။ ကျွန်မတို့အခုရထားတဲ့အိမ်က ဘောက်ဆာသူပုန်ထပြီးတဲ့နောက်မှာ ပြည်ပနိုင်ငံကြီးတွေနဲ့ စာချုပ်တွေချုပ်ဆိုခဲ့တဲ့ လီဟောင်ချန်းနေခဲ့တဲ့အိမ်၊ သေဆုံးခဲ့တဲ့အိမ်ပါ။ ကျွန်မတို့တရုတ်လူမျိုးတွေက သိပ်အယူသည်းပါတယ်။ ဒါကြောင့် လီဟောင်ချန်းရဲ့စံအိမ်မှာနေရင် ကံဆိုးမိုးမှောင်ကျလိမ့်မယ်လို့ ယုံကြည်နေကြတော့ လီဟောင်ချန်းသေပြီးနောက်ပိုင်း အဲဒီ စံအိမ်မှာ ဘယ်သူမှမနေရဲခဲ့ဘူး။ ကျွန်မတို့မိသားစုက ပထမဆုံးပါ။ ဒါပေမဲ့ သိပ်မကြာခင်မှာပင် အဲဒီ စံအိမ်ကြီးမှာနေရတာ ဟန်ကျပန်ကျ ဖြစ်လာပါတယ်။ လီဟောင်ချန်းရဲ့စံအိမ်မှာ နေခဲ့တဲ့တစ်လျှောက်လုံး ဘာမှကြောက်စရာ လန့်စရာမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မကတော့ဘယ်သောအခါမှ ပြန်မရနိုင်တော့တဲ့ ပထမစံအိမ်အကြောင်းကိုပဲ နာနာကျင်ကျင်နဲ့ တွေးမိပါတယ်။ ကျွန်မဖေဖေက မင်းမှုထမ်းတစ်ဦးပါ။ ဒီလောက်များတဲ့ ပိုက်ဆံကို ပြန်ရှာဖို့ဆိုတာ မတွေးရဲပါဘူး။ မင်းမှုထမ်းဆိုတာကလည်း နိုင်ငံအတွက် တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ကိုယ်ကိုယ်တိုင်ရဲ့အရေးကိုရော၊ မိသားစုရဲ့အရေးကိုပါ ထည့်တွက် လို့မရပါဘူး။ တာဝန်ကြောင့် ပုဂ္ဂိုလ်ရေးအရ ဆုံးရှုံးနေကြရရင်တောင်စောဒက မတက်ဘဲ အံကြိတ်တင်းခံကြရတဲ့သူတွေပါ။

၁၉၀၃ ခုနှစ်မတ် ၁ ရက်မှာတော့ တားမြစ်မြို့တော်က မင်းသားကြီးချင်နှင့် သားဖြစ်သူမင်းသား ဆိုင်ချန်တို့က ကျွန်မတို့ကိုလာတွေ့ပါတယ်။ ပြီးတော့ ကျွန်မ၊ ကျွန်မမေမေနဲ့ ကျွန်မညီမလေးသုံးဦးလုံးကိုလည်း မယ်တော်မိဖုရားကြီးက ရှေ့တော်ဝင်စေလိုတယ်လို့ ပြောပါတယ်။ မယ်တော်မိဖုရားကြီးရှေ့မှောက် အခစားဝင်နိုင်ဖို့အတွက် မတ် ၂ ရက်နံနက် ၆ နာရီဆိုရင် နွေရာသီစံနန်းတော်ကို အသင့်ရောက်နေကြရပါလိမ့်မယ်။ ပြင်သစ်ရောက်နေတဲ့တစ်လျှောက်လုံးတိုင်းတပါးဝတ်စုံတွေသာ ဝတ်နေရတဲ့အတွက် မယ်တော်မိဖုရားကြီးရှေ့တော်ဝင်ဖို့ မန်ချူးရိုးရာဝတ်စုံ မရှိသေးဘူးလို့ ကျွန်မမေမေက မင်းသားကြီးချင်ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ မင်းသားကြီးချင်ကတော့ မယ်တော်မိဖုရားကြီးက ကျွန်မတို့သုံးယောက်လုံးကို ဥရောပဟန်နဲ့ပဲ မြင်ချင်တဲ့အတွက် ကိစ္စမရှိဘူးလို့ ပြောပါတယ်။ ပြီးတော့ ရှေ့နန်းတော်ထဲဝင်ဖို့အတွက် မန်ချူးဝတ်စုံဝတ်ဖို့မလိုဘူးလို့ မယ်တော်မိဖုရားကြီးကအမိန့်ရှိခဲ့ကြောင်းလည်း

မင်းသားကြီးချင်က ပြောပြပါတယ်။

ကျွန်မညီမနဲ့ ကျွန်မကိုယ်တိုင်ကတော့ မယ်တော်မိဖုရားဆီ အခစားဝင်တဲ့အခါ ဘယ်လိုဝတ်စုံမျိုး ရွေးဝတ်ရမလဲဆိုတာ အတော်စဉ်းစားရကျပ်နေပါတယ်။ ကျွန်မညီမက တော့ အပြာရောင်ဖျော့ဖျော့ ဂါဝန်ဝတ်ချင်နေပါတယ်။ သူနဲ့အဲဒီဂါဝန်က အလိုက်ဆုံးလို့ ကျွန်မညီမကထင်ထားပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ဦး ကလေးဘဝထဲက မေဖေက ဝတ်စုံ တွေဆင်တူပဲ ချုပ်ပေးတတ်ပါတယ်။ ကျွန်မကတော့ အနီရောင်ကတ္တီပါဂါဝန်နဲ့သာ ရှေ့တော်ဝင်ဖို့ အဆင်ပြေဆုံးလို့ထင်ပါတယ်။ အတော်လေးကြာကြာဆွေးနွေးပြီးတော့ ကျွန်မအဆိုအောင်သွားပါတယ်။ ကျွန်မတို့ညီအစ်မနှစ်ဦးလုံးမှာ ငှက်မွေးနဲ့ အနားသတ်ထားတဲ့ အနီရောင် ဦးထုပ်တွေ၊ အနီရောင်ဖိနပ်တွေပြီးတော့ အဲဒါတွေနဲ့ လိုက်ဖက်တဲ့ ခြေအိတ် အရှည်တွေရှိပါတယ်။ ရှေ့တော်ဝင်တဲ့နေ့မှာ ကျွန်မမေမေကတော့ အစိမ်းရောင်မှိုင်းမှိုင်း ဂါဝန်ရှည်ဝတ်ခဲ့ပါတယ်။ အတော်ကျက်သရေရှိတဲ့ ဂါဝန်ပါပဲ။

ပီကင်းနေပြည်တော်မှာ ကျွန်မတို့နေတဲ့အချိန်က ဘယ်ပဲသွားသွား ဝေါယာဉ်တွေနဲ့ပဲ သွားကြရပါတယ်။ ကျွန်မတို့စံအိမ်နဲ့ ရွှေနန်းတော်ဆိုရင် တရုတ်လီပေါင်း ၃၆ လီဝေးပါတယ်။ ဝေါယာဉ်နဲ့သွားမယ်ဆိုရင်တော့ သုံးနာရီခရီးလောက်ကြာပါတယ်။ ဒီတော့ နွေရာသီစံ နန်းတော်ကို နံနက် ၆ နာရီအရောက်သွားဖို့အတွက် ကျွန်မတို့ရဲ့ဝေါယာဉ်တွေဟာ နံနက် ၃ နာရီလောက်ကစပြီး ထွက်ရပါတယ်။ ဒီခရီးဟာ ကျွန်မတို့အတွက် ပထမဆုံး ရွှေနန်းတော် ခရီးဖြစ်တဲ့အပြင် မင်းသားကြီးချင်ရဲ့စကားတွေကြောင့်ပဲ ကျွန်မတို့အကြီးအကျယ် စိတ်လှုပ် ရှားနေပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ ရုပ်ရည်တွေဘယ်လိုရှိမလဲ၊ အချိန်မီမှရောက်ပါ့မလား။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့အလိုလိုပဲ စိတ်မောနေရပါတယ်။ ရွှေနန်းတော် ကြီးဆီကို တစ်ခါတစ်ခေါက်ရောက်ဖူးဖို့ ကျွန်မတို့စိတ်ကူးယဉ်ခဲ့တာကြာပါပြီ။ သည်အချိန် မတိုင်ခင်အထိကတော့ အဲဒီဆန္ဒပြည့်ဖို့ ကျွန်မအတွက် ဘာအခွင့်အလမ်းမှမရှိခဲ့ပါဘူး။ ကျွန်မဘဝရဲ့အချိန်အများစုဟာ ပီကင်းနေပြည်တော်ရဲ့ပြင်ပ ပိုပြီးတိတိကျကျပြောရရင် တရုတ်ပြည်မကြီးရဲ့အဝေးမှာ ကုန်လွန်ခဲ့ရတာပါ။ ပြီးတော့လည်း ဖေဖေက ကျွန်မနဲ့ညီမလေး နှစ်ဦးလုံးကို အစိုးရရဲ့မန်ချူးကလေးငယ်များ မွေးစာရင်းမှာထည့်မထားပါဘူး။ဒါကြောင့် မယ်တော်မိဖုရားခေါင်ကြီးက ကျွန်မတို့မိသားစု ပါရီကနေ ပီကင်းနေပြည်တော်ဆီ ပြန် ရောက်မှသာ အမတ်ကြီး ယူကန်းဆီမှာ သမီးနှစ်ယောက်ရှိပါလားဆိုတာကိုလည်းသိခဲ့တာပါ။

ကျွန်မတို့ ညီအစ်မနှစ်ဦးရဲ့ နာမည်တွေကို မန်ချူးအစိုးရ ကလေးမွေးစာရင်းစာအုပ်မှာ မထည့်ထားတဲ့အတွက် ဖေဖေ့မှာအကြောင်းပြချက်နှစ်ရပ်ရှိပါတယ်။ ပထမအကြောင်း ပြချက်က ကျွန်မတို့ကို ပညာကောင်းကောင်းသင်စေချင်တဲ့စေတနာပါ။ ကျွန်မတို့ပညာကောင်း

ကောင်းသင်ဖို့အတွက် ဖေဖေရွေးခဲ့ရတဲ့ တစ်ခုတည်းသော နည်းလမ်းဟာကျွန်မတို့ရှိမှန်း မယ်တော်မိဖုရားကြီးကို အသိမပေးဖို့ဘဲဖြစ်ပါတယ်။ နောက်တစ်ကြောင်းက မန်ချူးနန်းတွင်း ဓလေ့ကြောင့်ပါ။ နန်းတွင်းထုံးစံအရ ဒုတိယအဆင့်နဲ့အထက် မှူးကြီးမတ်ရာတွေရဲ့ သမီးတွေဟာ အသက် (၁၄)နှစ်ပြည့်တာနဲ့ နန်းတွင်းဝင်ရပါတယ်။ နန်းတွင်းဝင်လာတဲ့မှူးကြီးမတ်ရာတွေရဲ့ သမီးပျိုတွေကို ဧကရာဇ်က ကိုယ်လုပ်တော်အဖြစ်ရွေးချယ်တော်ကောက်တတ်ကြပါတယ်။ စီရှီးမိဖုရားကြီး ကိုယ်တိုင်တောင် ရှန်ဖန်းဧကရာဇ်ရဲ့ မိဖုရားငယ်ဘဝကနေဆုရင့်မယ်တော်မိဖုရားခေါင်ကြီး ဖြစ်လာသူပါ။

မတ် ၂ ရက်နံနက် ၃ နာရီလောက်မှာတော့ ကျွန်မတို့သားအမိတစ်တွေဟာ လေးယောက်ထမ်းဝေါတွေနဲ့ ရွှေနန်းတော်ကြီးဆီစထွက်ခဲ့ပါတယ်။ အပြင်မှာတော့ ပိန်းပိတ်အောင်မှောင်နေဆဲပါ။ ရွှေနန်းတော်နဲ့ ကျွန်မတို့စံအိမ်အကြား ခရီးအကွာအဝေးမျိုးအတွက်ဆိုရင် လေးယောက်ထမ်း ဝေါယာဉ်တစ်ခုစီအတွက် အရံအထမ်းသမားနှစ်ဦးလိုပါတယ်။ ဒီတော့ ဝေါယာဉ်တစ်စင်းစီအတွက် အထမ်းသမားခေါင်းအဖြစ်ပါလာတဲ့ အပိုထမ်းသမားတွေကို ထည့်မတွက်ရင်ဘဲ ဝေါယာဉ်သုံးစင်းအတွက် အထမ်းသမား ၂၄ ဦးပါရပါတယ်။ ပြီးတော့ မြင်းစီးစစ်အရာရှိသုံးဦးနဲ့ သူတို့ရဲ့ မြင်းစီးအစေခံတွေ၊ အထမ်းသမားတွေ အနားယူစီးနင်းဖို့အတွက် တရုတ်မြင်းလှည်းတွေလည်းပါပါသေးတယ်။ ဆိုရရင် ကျွန်မဝေါတန်းကြီးက အမျိုးသား ၄၅ ဦး၊ မြင်းကိုးစီးနဲ့ လှည်းသုံးစီးပါတဲ့ စီတန်းလှည့်လည်ပွဲကြီးတစ်ခုနဲ့ တူနေပါတယ်။

လမ်းတစ်လျှောက်ချိုင့်တွေ ကမူတွေကိုသတိထားဖို့ အထမ်းသမားအချင်းချင်း ရှေ့နောက်အော်ခေါ် သတိပေးသံတွေ၊ အချက်ကျကျမြင်းခွာသံတွေနဲ့အတူ ကျွန်မတို့ရဲ့ ဝေါယာဉ်တန်းဟာ အမှောင်ထုထဲကို တစ်ရွေ့ရွေ့တိုးဝင်နေပါတယ်။ ဝေါနဲ့ခရီးသွားရတာမလွယ်ပါဘူး။ ဝေါကုလားထိုင်တွေဟာ ခါရမ်းတတ်တဲ့ အတွက် ခရီးတစ်လျှောက်လုံး တောင့်တောင့်မတ်မတ်ကျောက်ရုပ်ကြီးတွေလို လိုက်ခဲ့ရတာပါ။ ခရီးကရှည်လွန်းလေတော့ ရွှေနန်းတော်မုခ်ဝရောက်ချိန်မှာ ကျွန်မအတော်လေးပင်ပန်းနေပါပြီ။

## ရွှေနန်းဆီသို့

ပီကင်းနေပြည်တော်ရဲ့ တားမြစ်မြို့တော် မြို့တံခါးဝကို ကျွန်မတို့သားအမိရောက်ရှိချိန်မှာ ကျွန်မတို့ရဲ့ ပီကင်းစံအိမ်နဲ့ မယ်တော်မိဖုရားခေါင်ကြီးရဲ့ နွေရာသီစံနန်းတော်တို့ရဲ့အကြား ခရီးစဉ်ဟာ ထက်ဝက်ကျိုးခဲ့ပါပြီ။ မြို့တံခါးတွေအားလုံးကို ကျွန်မတို့ဝေါယာဉ်တန်းကြီး ဖြတ်သန်းနိုင်ဖို့အတွက် ဖွင့်ပေးထားပါတယ်။ ကျွန်မတို့အတွက် တကယ့်ကိုအံ့သြစရာပါ။ ဘာဖြစ်လို့လည်းဆိုတော့ တားမြစ်မြို့တော်ရဲ့ မြို့ဝင်ပေါက်အားလုံးကို ည ၇ နာရီဆို အားလုံးပိတ်ပြီး အထူးအခမ်းအနားတွေအတွက်က တစ်ပါးနေထွက်ချိန်မှသာ ဖွင့်ပေးတတ်လို့ပါ။ နန်းတော်ဂိတ်တံခါးတွေဘာကြောင့် ဖွင့်ထားတာလဲလို့ မြို့စောင့်တွေကို ကျွန်မတို့စပ်စုကြည့်တော့ ကျွန်မတို့ဝေါတန်းဖြတ်သန်းဖို့ အထက်ကအမိန့်အတိုင်း ဖွင့်ပေးထားရတာပါလို့ ပြန်ဖြေကြပါတယ်။ မြို့တံခါးတစ်ဖက်တစ်ချက်မှာ တန်းစီရပ်နေတဲ့ မြို့စောင့်တာဝန်ကျတပ်သားတွေဟာ ဝတ်စုံပြည့်ဝတ်စားထားပြီးကျွန်မတို့ မြို့တံခါးကိုဖြတ်နေချိန်မှာတော့ အရိုအသေပြုခဲ့ကြပါတယ်။

ကျွန်မတို့ဝေါကြီး မြို့တံခါးကို ဖြတ်လာချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိဖုံးနေတုန်းပါပဲ။ မြို့တံခါးကို ဖြတ်နေစဉ်မှာ ကျွန်မဟာ နုနုငယ်ငယ်ဘဝရဲ့ အတွေ့အကြုံတွေကို ပြန်ပြောင်းတွေးမိပါတယ်။ ဒါပေမဲ့ ကျွန်မကြုံဖူးသမျှ အတွေ့အကြုံတိုင်းဟာအခုရွှေနန်းတော် ခရီးအတွေ့အကြုံလောက် မထူးဆန်းပါဘူး။ ခရီးတစ်လျှောက်လုံးမှာ မယ်တော်မိဖုရားကြီးရဲ့ ရုပ်သွင်ကိုကျွန်မစိတ်မှန်းနဲ့ ပုံဖော်နေခဲ့ပါတယ်။ ပြီးတော့ မယ်တော်မိဖုရားကြီးကျွန်မကိုတွေ့ရင် သဘောကျမှကျပ့်မလားဆိုတာကိုလည်းတွေးပြီး ကျွန်မရင်တဖိုဖို ဖြစ်နေပါတယ်။ ရွှေနန်းတော်ထဲမှာ ကျွန်မတို့မိသားစု ခဏနေရဦးမယ်လို့ မင်းသားကြီးချင်က ပြောဖူးပါတယ်။ အဲဒီလိုသာနေခွင့်ရမယ်ဆိုရင် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲဖို့ ဘုရင့်မယ်တော်ကြီးကို

စည်းရုံးနိုင်မှာပဲလို့ ကျွန်မတွေးမိပါတယ်။ အဲဒီအတွေးတွေနဲ့ ကျွန်မပျော်လာပါတယ်။ ပြီးတော့ ကျွန်မဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချလိုက်တယ်။ ရွှေနန်းတော်ကြီးမှာနေခွင့်ရခဲ့ရင် တရုတ်ပြည်ကြီးခေတ်မီဖို့ မယ်တော်မိဖုရားကြီးအကျိုးရှိဖို့ ကျွန်မတတ်နိုင်သလောက် ကြိုးစားပါတော့မယ်။

ဒီလိုနဲ့ ဟိုဟိုသည်သည်တွေးတောနေတုန်းမှာပဲ မိုးကုပ်စက်ဝိုင်းမှာ အနီရောင်ပျပျ အလင်းပေါ် ထွက်လာပါတယ်။ ပြည့်စုံတဲ့နေ့ တစ်နေ့ရောက်လာတော့မယ်ဆိုတဲ့ အတိတ်နိမိတ်ပေါ့။ အရုဏ်ပျို့လာတာနဲ့အမျှ ဘေးဘီဝဲယာမြင်ကွင်းတွေကို ကျွန်မတို့ရှင်းရှင်းလင်းလင်း တွေ့လာရပါပြီ။ ရွှေနန်းတော်နဲ့နီးလာတဲ့ အချိန်မှာတော့ ကျွန်မတို့ဟာ နန်းတော်ကိုပတ်ပတ်လယ်ဝန်းရံထားတဲ့ မြို့ရိုးနီနီကြီးကို နိမ့်တစ်ခါမြင့်တစ်လှည့်တွေ့နေရပါပြီ။ မြို့ရိုးမျှော်စင်တွေနဲ့ အဆောက်အအုံတွေအားလုံးကို အဝါရောင်နဲ့အစိမ်းရောင် အုတ်ကြွပ်ပြားတွေ မိုးထားတဲ့အတွက် နေ့သစ်အလင်းရောင်ခြည်အောက်က ခမ်းနားလှတဲ့ ပန်းချီကားတစ်ချပ်ကြည့်နေရသလိုပါပဲ။ ကျွန်မတို့ ဝေါတန်းဟာဉာဏ်တော်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး စေတီပုထိုးတွေကိုဖြတ်ကျော်ပြီးတော့ နွေရာသီစံနန်းတော်ဂိတ်တံခါးနဲ့ လေးလီလောက်သာကွာတော့တဲ့ ရွာလေးတစ်ရွာကို ရောက်ရှိခဲ့ပါတယ်။ နွေရာသီစံနန်းတော်ဆီ ရောက်ဖို့ သိပ်မသွားရတော့ဘူးလို့လည်း ကျွန်မတို့ကို ခြံရံလိုက်ပါလာတဲ့ နန်းတွင်းအရာရှိတွေက ပြောပါတယ်။ ဘယ်တော့မှမရောက်တော့မယ့်ခရီးလို့ စိတ်ထဲတွေး ထားတဲ့ ကျွန်မအတွက်ကတော့ တကယ့်မင်္ဂလာသတင်းပါပဲ။ ဟိုင်းရှန်ဆိုတဲ့အဲဒီရွာကလေးဟာ အုတ်ညှပ် တစ်ထပ်အိမ်လေးတွေနဲ့ အရမ်းသန့်တဲ့ရွာကလေးပါ။ ကျွန်မတို့ဝေါတန်းရွာကိုဖြတ်တဲ့အချိန်ဝိုင်းကြည့်နေတဲ့ ကလေးတွေထဲက ကလေးတစ်ဦးက အခြားတစ်ဦးကို ပြောလိုက်သံ ကျွန်မကြားလိုက်ရပါတယ်။ 'သည်သခင်မကြီးတွေက ဘုရင်မကြီးလုပ်ဖို့ နန်းတော်ဆီသွားတာကွ။' ထိုစကားကြောင့် ကျွန်မအတော်ကို စိတ်လှုပ်ရှားခဲ့ပါတယ်။

ဟိုင်းရှန်ကထွက်လာပြီး ဘယ်လောက်မှ မကြာခင်မှာတော့ ပိုင်လော်မုခ်ဦးဆီကို ကျွန်မတို့ရောက်လာပါတယ်။ ပိုင်လော်မုခ်ဦးဟာ အင်မတန်မှလှပတဲ့ တရုတ်ရှေးဟောင်းဗိသုကာလက်ရာ၊ အနုအကြွပန်းဆစ်လက်ရာပါ။ ပိုင်လော်မုခ်ဦးကနေကြည့်ရင် ရှေ့ကိုက် ၁၀၀ လောက်မှာရှိတဲ့ နန်းမြို့တံခါးတွေကို စမြင်နေရပါပြီ။ ဒီနန်းမြို့ တံခါးကြီးတွေကို နန်းတော်ပတ်လည်ရံထားတဲ့ မြို့ရိုးတံတိုင်းကို တွင်းပြီးဆောက်ထားတာပါ။ အလယ်မှာ ပင်မမြို့ဝင်ပေါက်ကြီးရှိပြီးဘေးတစ်ဖက်မှာ မြို့ဝင်ပေါက်ငယ် နှစ်ပေါက်ရံထားပါတယ်။ အလယ်မြို့ပေါက်ကြီးကတော့ မင်းစိုးရာဇာမှူးကြီးမတ်ရာတွေ နန်းထဲအဝင်အထွက်လုပ်မှသာ ဖွင့်ပေးပါတယ်။ ကျွန်မတို့ရဲ့ ဝေါတန်းကြီးဟာ ဖွင့်ထားတဲ့လက်ဝဲဘက် အဝင်ပေါက်ရှေ့မှာရပ်သွား

ပါတယ်။ သည်မြို့ ဝင်ပေါက်တွေရဲ့ အပြင်ဘက်ကိုက် ၅၀၀ လောက်အကွာမှာတော့မြို့စောင့် တပ်သားတွေနေတဲ့ အဆောက် အအုံနှစ်လုံးတွေ့ရပါတယ်။ လက်ဝဲတံခါးဝကိုရောက်တော့ စိတ်လှုပ်ရှားနေတဲ့ ပုံစံမျိုးအချင်းချင်းစကားပြောနေတဲ့ နန်းတွင်းအမှုထမ်း အများအပြားကို တွေ့လိုက်ရပါတယ်။ သူတို့ထဲက အချို့က 'လာပြီဟေ့၊ လာပြီဟေ့' လို့ အော်ပြီး မြို့တံခါးဆီကို အပြေးအလွှားရောက်လာကြပါတယ်။

ဝေါပေါ်ကနေ ကျွန်မတို့ဆင်းလိုက်ချိန်မှာ စတုဗ္ဗအဆင့်မိန်းမစိုးနှစ်ဦးက လာတွေ့နှုတ်ဆက်ပါတယ်။ နန်းတွင်းမှာဆိုရင် စတုဗ္ဗအဆင့် မိန်းမစိုးတွေက စိမ်းပြည်နယ်မှာတွေ့ရတဲ့ မက်စ်လို့ခေါ်တဲ့ငှက်တစ်မျိုးရဲ့ ငှက်တောင်မွေးတပ်ဆင်ခွင့်ရပါတယ်။ ကျွန်မတို့ကိုလာနှုတ်ဆက်တဲ့ စတုဗ္ဗအဆင့်မိန်းမစိုး နှစ်ယောက်နဲ့အတူ အစိမ်းရောင်ပိုးသား လိုက်ကာတွေကိုယ်စီသယ်လာတဲ့ မိန်းမစိုးငယ် ၁၀ ဦးလည်းအတူ ပါလာပါတယ်။ ကျွန်မတို့ ဝေါကုလားထိုင်ပေါ်ထိုင်နေတုန်း မိန်းမစိုးငယ်တွေဟာ ပိုးသားလိုက်ကာတွေကို ဝေါယာဉ်ပတ်ပတ်လည်မှာ လိုက်တပ်ပါတယ်။ ကျွန်မတို့အတွက် ပိုးသားလိုက်ကာတွေယူသွားဖို့ မယ်တော် မိဖုရားခေါင်ကြီးကိုယ်တိုင်အမိန့်ရှိလိုက်ပုံရပါတယ်။ ကျွန်မတို့ကို ဘယ်လောက်အလေးထားကြောင်း ဘုရင့်မယ်တော်ကြီးက ပြလိုက်တဲ့သဘောပါ။

ကျွန်မတို့ကို လာကြိုတဲ့ မိန်းမစိုးအမှုထမ်းနှစ်ဦးဟာ အတော်ကိုယဉ်ကျေးလှပါတယ်။ မြို့တံခါး တစ်ဖက်တစ်ချက်မှာရပ်ပြီး နန်းမြို့တွင်းဝင်ဖို့ ကျွန်မတို့ကို ဖိတ်ပါတယ်။ မြို့တံခါးကို ကျော်လာတော့ စတုရန်းပေ ၃၀၀ ကျော်လောက်ရှိမယ့် ပန်းခင်းတွေနဲ့ အလှဆင်ထားတဲ့ နန်းတွင်းရင်ပြင် တစ်ခုဆီကို ရောက်လာပါတယ်။ ကျွန်မတို့ နန်းမြို့ထဲဝင်လာတဲ့ မြို့တံခါးတွေရဲ့ ဆန့်ကျင်ဘက်တစ်ဖက်မှာ အခြားမြို့ရိုးတွေလိုပဲ ဝင်ပေါက်သုံးပေါက်ပါတဲ့ မြို့ရိုးနီနီကြီးတစ်ခုတွေ့ရပါတယ်။ အဲဒီအနီရောင်အုတ်မြို့ရိုးရဲ့ ဝဲ၊ ယာတစ်ဖက်တစ်ချက်မှာတော့ ဧည့်ဆောင်အဖြစ် အသုံးပြုတဲ့ အခန်း ၁၂ ခန်းပါ ခေါင်နိမ့်၊ တန်းလျားအဆောက်အအုံနှစ်လုံးကိုတွေ့ရပါတယ်။ မင်းဝင်းထဲမှာတော့ ရာထူးအဆင့်အမျိုးမျိုး အဆောင်အယောင် အမျိုးမျိုးနဲ့ နန်းတွင်းအမှုထမ်းတွေ ပျားပန်းခတ်အလုပ်ရှုပ်နေတယ်။ ဒါပေမဲ့မန်ချူးနန်းတွင်း ထုံးစံအရ အလုပ်မရှိအလုပ်ရှာ ချစ်တီးခေါင်းသန်းရှာ နေကြတာမျိုးပါ။ ကျွန်မတို့ ဝေါယာဉ်တန်းမင်းရင်ပြင်ကိုဖြတ်တော့ သူတို့ကမတ်တပ်ရပ်စူးစမ်းကြည့်နေကြပါတယ်။ ကျွန်မတို့ကိုလမ်းပြခေါ်ဆောင်လာတဲ့ မိန်းမစိုးနှစ်ဦးက ကျွန်မတို့သားအမိကို ဧည့်ဆောင်တစ်ဆောင်မှာ နေရာချပေးပါတယ်။ ကျွန်မတို့ ရောက်နေတဲ့ ဧည့်ဆောင်က စတုရန်းပေ ၂၀ လောက်ပဲကျယ်ပါတယ်။ သာမန်လောက်ပဲ ပြင်ဆင်ထားပြီး အနီရောင်ထိုင်ခုံတွေပါတဲ့ သစ်နက်သားကုလားထိုင်တွေချထားပါတယ်။ ပြတင်းပေါက်သုံးပေါက်ကို ပိုးသားလိုက်ကာတွေနဲ့ တပ်ထားပါတယ်။

ဒါပေမယ့် ဧည့်ဆောင်မှာနားနေတုန်း ငါးမိနစ်ကျော်ကျော်ပဲရှိ မယ်ထင်တယ်။ ကျက်သရေရှိရှိ ဝတ်စားထားတဲ့ မိန်းမစိုးတစ်ဦးအခန်းထဲဝင်လာပါတယ်။ ပြီးတော့ အမတ်ကြီးကတော်နှင့် သမီးနှစ်ဦး နွေရာသီစံနန်းအရှေ့ဆောင်မှာ ခဏစောင့်နေရမယ်လို့ မယ်တော်မိဖုရားကြီးက အမိန့် ချလိုက်တယ်လို့ပြောပါတယ်။ နောက်ဝင်လာတဲ့ မိန်းမစိုးက မယ်တော်မိဖုရားကြီးရဲ့ အမိန့်ကိုဖတ်ကြားနေတုန်းမှာ ကျွန်မတို့နဲ့ လိုက်လာတဲ့ စတုတ္ထအဆင့် မိန်းမစိုးနှစ်ယောက်က ကြမ်းပြင်ပေါ် ဒူးတုပ်ဝပ်ပြီး အမိန့်ကိုနာခံနေပါတယ်။ မန်ချူးနန်းတွင်းမှာ မယ်တော်မိဖုရားကြီးရဲ့ အမိန့်ကို နန်းတွင်းအမိန့်တော်၊ နန်းတွင်းညွှန်ကြားချက်အဖြစ် သတ်မှတ်ထားပါတယ်။ မယ်တော်ကြီးရဲ့အမိန့်ကို ပြန်ကြားနေတုန်းမှာ နန်းတွင်းအမှုထမ်းအားလုံးဟာ မယ်တော်ကြီး ရှေ့ရောက်နေသလိုပဲ ကြမ်းပြင်မှာဒူးတုပ်ပြီးအမိန့်ကို နာခံကြရပါတယ်။

အမိန့်ပြန်ပြီးတော့ မိန်းမစိုးတွေက ကျွန်မတို့သားအမိကို နွေရာသီစံနန်းတော် အရှေ့ဆောင်ကို လိုက်ပို့ပေးပါတယ်။ အရှေ့ဆောင်တစ်ခုလုံးကို လှလှပပပုံဖော်ထားတဲ့ ပရိဘောဂတွေနဲ့ ဆင်ယင်ထားပါတယ်။ စားပွဲတွေ၊ ကုလားထိုင်တွေကို အပြာရောင်ပိုးထည် ပျော့ပျော့နဲ့လွှမ်းထားပါတယ်။ အခန်းတစ်ခုလုံးကို အရွယ်မျိုးစုံ၊ ပုံစံမျိုးစံနာရီတွေ ချိတ်ဆွဲထားပါတယ်။ ကျွန်မရေကြည့်တော့ အားလုံးပေါင်း နာရီ ၁၄ လုံးရှိပါတယ်။ ခဏနေတော့ ကျွန်မတို့နားနေတဲ့ အရှေ့ဆောင်ထဲကို အစေခံမိန်းကလေးနှစ်ဦးဝင်လာပြီး မယ်တော်မိဖုရားကြီး ဝတ်လဲတော်လဲနေတဲ့အတွက် ခဏလောက်စောင့်ရမယ်လို့ ပြောပါတယ်။ ရှင်ဘုရင် တစ်ခါထွက်ပဲကြီးတစ်လှေ့ချက်ဆိုတဲ့ စကားအရမ်းမှန်ပါတယ်။ အစေခံမိန်းကလေးတွေ ပြောတဲ့မယ်တော် မိဖုရားကြီး ဝတ်လဲတော်လဲချိန်ခဏဆိုတာ နှစ်နာရီခွဲတိတိကြာပါတယ်။ ဒါပေမဲ့ ဒီကိစ္စတွေဟာ တရုတ်ပြည်မှာ အထူးအဆန်းမဟုတ်လို့ ကျွန်မတို့ ဘယ်လိုမှမခံစားခဲ့ရခဲ့ပါဘူး။ မယ်တော်မိဖုရားကြီး ဝတ်လဲတော်လဲနေချိန်မှာ အရှေ့ဆောင်ထဲကို မိန်းမစိုးတစ်ယောက်ပြီးတစ်ယောက်ဝင်လာပြီး စားစရာသောက်စရာတွေ တစ်မျိုးပြီးတစ်မျိုးလာချပေးပါတယ်။ မယ်တော်မိဖုရားကြီးက ကျွန်မတို့သားအမိအတွက် ပို့ခိုင်းလိုက်တာလို့ လည်း ပြောပါတယ်။ ပြီးတော့ ဘုရင့်မယ်တော်ကြီးဟာအလယ်မှာ ပုလဲမြှုပ်ထားတဲ့ ရွှေလက်စွပ်တစ်ကွင်းစီကိုလည်း ကျွန်မတို့ကိုသနားတော်မူပါသေးတယ်။ နောက်ဆုံးတော့ ကျွန်မတို့ဆီ နန်းတွင်းမိန်းမစိုး ထိန်းကြီး လီလျန်ယင်းဝတ်စုံအပြည့်နှင့် ရောက်လာပါတယ်။ နန်းတွင်း မိန်းမစိုးထိန်းကြီးလီလျန်ယင်းဟာ အနီရောင်ဖဲပြားနဲ့ ခေါင်းမြီးဆင်ခွင့်ရတဲ့တစ်ဦးတည်းသော မိန်းမစိုးဖြစ်ပြီး နန်းမလေ့အရ ဒုတိယအဆင့် နန်းတွင်းအရာရှိကြီးတစ်ဦးပါ။ လီလျန်ယင်းဟာ အရုပ်ဆိုးလှသလို အိုလည်းအိုစာနေပါပြီ။ သူ့မျက်နှာမှာ အရေးအတွန့်တွေအပြည့်နဲ့ပါ။ ဒါပေမဲ့ သူ့နေပုံထိုင်ပုံလှုပ်ရှားပုံတွေ ကျက်သရေရှိပါတယ်။ မယ်တော်မိဖုရားခေါင်ကြီး ကျွန်မတို့ကို

သိပ်မကြာမီမှာဘဲတွေ့မယ်လို့ လီလျန်ယင်းက ပြောပါတယ်။ ပြီးတော့ မယ်တော်မိဖုရားကြီး ပေးလိုက်တဲ့ ကျောက်စိမ်းလက်စွပ်တွေကိုလည်းပေးပါတယ်။ သည်လောက်တန်ဖိုးကြီးတဲ့ လက်ဆောင်တွေကို မယ်တော်မိဖုရားကြီးက ကျွန်မတို့ကို မမြင်ဖူးခင်ကတည်းက ပေးနေတယ်ဆိုတော့ ကျွန်မတို့လည်း အတော်လေးအံ့အားသင့်မိပါတယ်။ ပြီးတော့ ဘုရင့်မယ်တော်ကြီးရဲ့ ရက်ရောမှုအတွက်လည်း ကျွန်မတို့ကျေနပ်သာယာမိပါတယ်။

နန်းတွင်းမိန်းမစိုးထိန်း လီလျန်ယင်းထွက်ခွာသွားပြီးတဲ့နောက်မှာ နန်းတွင်းအထိန်းတော်နှစ်ဦး ကျွန်မတို့အဆောင်ထဲဝင်လာပါတယ်။ မင်းသားစိုးကြီးချင်ရဲ့ သမီးတွေပါ။ ပြီးတော့ ကျွန်မတို့သားအမိ တရုတ်စကား ပြောနိုင်လားဆိုပြီး ကျွန်မတို့ကို ညွှန်ခံနေတဲ့ မိန်းမစိုးနှစ်ယောက်ကို မေးလိုက်ပါတယ်။ ကျွန်မတို့အတွက် ရယ်စရာသိပ်ကောင်းတဲ့ မေးခွန်းမျိုးပါ။ ဒါနဲ့ပဲ ကျွန်မက အခြားဘာသာစကားတွေကိုလည်း နားလည်ပေမဲ့ မိခင်ဘာသာစကားဖြစ်တဲ့ တရုတ်စကားကိုလည်း ကောင်းကောင်းပြောနိုင်ကြောင်း ပြန်ပြောလိုက်ပါတယ်။ တရုတ်စကားကို နန်းတွင်းသူတွေလို ပြောနိုင်တဲ့အတွက် ကျွန်မတို့ကို အပျိုတော်ကြီးတွေ အံ့ဩသွားပုံရပါတယ်။ ပြီးတော့ ကျွန်မတို့ကလည်း ရွှေနန်းတော်ထဲမှာ အသိပညာရယူခွင့် ကန့်သတ်ခံထားရတဲ့ ဘာမှမသိနားမလည်တဲ့ သူတွေရှိနေတယ်ဆိုတာ တွေ့လိုက်ရတဲ့အတွက် အရမ်းအံ့အားသင့်မိပါတယ်။

ကျွန်မအတွေးမဆုံးမီမှာပဲ နန်းတွင်းအပျိုတော်တွေက ဘုရင့်မယ်တော်ကြီး ကျွန်မတို့နဲ့တွေ့ဖို့ စောင့်နေပြီလို့ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့ဟာ နားနေဆောင်ကနေ ခပ်သွက်သွက်ပဲ ထွက်လာခဲ့ရပါတယ်။ ကျွန်မတို့ ပထမဖြတ်လျှောက်ဖူးတဲ့ နန်းရင်ပြင်လိုမျိုး ရင်ပြင်သုံးခုကိုဖြတ်ပြီးနောက်တော့ အနုစိတ်ထုထွင်းထားတဲ့ ပန်းလက်ရာတွေ အပြည့်ရှိတဲ့နန်းဆောင်ကြီးတစ်ခုဆီ ကျွန်မတို့ရောက်လာပါတယ်။ လေသာဆောင်တစ်လျှောက်မှာ ကျွဲချိုနဲ့ လုပ်ထားတဲ့ မီးတိုင်ကြီးတွေ ချိတ်ထားပါတယ်။ လေသာဆောင်ကိုလည်း အလှဆင်ကျောက်စိမ်းပွင့်လေးတွေ ချိတ်ထားပြီးပိုးချည်လုံးလေးတွေ အနားချထားတဲ့ အနီရောင်ပိုးထည်စတွေ ဆင်ထားပါတယ်။ နန်းဆောင်ကြီးရဲ့ ဘယ်ညာတစ်ဖက်တစ်ချက်မှာ အလွန်လှပတဲ့ နန်းဆောင်ငယ်နှစ်ခု ကပ်လျက်ရှိနေပါတယ်။

နန်းဆောင်မကြီးရဲ့တံခါးဝမှာတော့ မင်းသားကြီးချင်ရဲ့ သမီးတွေလို ဝတ်ဆင်ထားတဲ့ နန်းတွင်းသူတစ်ယောက်ကျွန်မတို့ကိုစောင့်နေပါတယ်။ အခြားနန်းတွင်းသူတွေနဲ့ မတူတဲ့အချက်က ကျွန်မတို့ကို စောင့်ကြိုနေတဲ့ နန်းတွင်းသူဟာ အမတင့်ကက်(ဖီးနစ်) ပုံပါတဲ့ ဆံထိုးဆင်ထားတာပါ။ အဲဒီ နန်းတွင်းသူဟာ ကျွန်မတို့ကို ရယ်ရယ်ပြုံးပြုံးနဲ့ ကြိုဆိုပါတယ်။ ပြီးတော့ အနောက်တိုင်းယဉ်ကျေးမှုအတိုင်းပဲ ကျွန်မတို့ကို ဖတ်လဲတကင်း လက်ဆွဲနှုတ်ဆက်ပါ

တယ်။ နောက်ပိုင်းမှာတော့ အဲဒီနန်းတွင်းသူက ဧကရာဇ်ကွမ်ဆူရဲ့ မိဖုရားလို့ ကျွန်မတို့သိခဲ့ရပါတယ်။ မယ်တော်ကြီးက ရှင်တို့ကိုကြိုဖို့ ကျွန်မကိုလွှတ်လိုက်တာပါလို့ မိဖုရားက ကျွန်မတို့ကို ပြောပါတယ်။ မိဖုရားရဲ့ စကားအပြောအဆိုဟာ အလွန်ယဉ်ကျေးလှသလို ပြောဆိုပုံကလည်း အလွန်ကျက်သရေရှိလှပါတယ်။ ဒါပေမဲ့ မိဖုရားရဲ့ ရုပ်ရည်ဟာ ရွက်ကြမ်းရည်ကျိုသာသာလောက်ပါပဲ။ အဲဒီအချိန်မှာပဲ နန်းဆောင်ထဲက 'ရွှေတော်ဝင်စေ' ဆိုတဲ့ အသံကျယ်လောင်စွာပေါ်ထွက်လာပါတယ်။ နန်းဆောင်ကြီးထဲရောက်တော့ ပန်းရောင်ပီအိုနီပန်းပွင့်ပုံတွေ ချည်ထိုးရက်လုပ်ထားတဲ့ အဝါရောင်ဖဲသား ဂါဝန်ဝတ်ဆင်ထားတဲ့ စီရှီးမယ်မယ်ကြီးကို တွေ့ရပါတယ်။ မယ်တော်မိဖုရားကြီးဟာ ပုလဲတစ်ဖက်ကျောက်စိမ်း တစ်ဖက် ပန်းပွင့်ပုံတွေထည့်သွင်းထားတဲ့ ဆံထိုးပန်ထားပါတယ်။ ဆံထိုးရဲ့ ဝဲဘက်မှာပုလဲမြိတ်အနားချပြီး ဆံထိုးအလယ်မှာ အရည်အသွေးကောင်းလှပြီး ကျောက်စိမ်းနဲ့လုပ်ထားတဲ့ အမတငှက်ရုပ်ထည့်ထားပါတယ်။ အဝါရောင် ဖဲသားဂါဝန်ပေါ်မှာတော့ ကျွန်မမြင်ဖူးသမျှ တန်ဖိုးအကြီးဆုံးနဲ့ အလှဆုံးလို့ဆိုနိုင်တဲ့ အပေါ်ရုံ ဝတ်ထားပါတယ်။ မယ်တော်မိဖုရားကြီးရဲ့ အပေါ်ဝတ်ရုံ လွှာကို စာဝါငှက်ဥလောက်ရှိတဲ့ အလုံးတူအရောင်တူ ပုလဲ ၃၅၀၀ လုံးလောက်စီခြယ်ထားပြီး ကျောက်စိမ်းဆွဲသီးတွေ တပ်ထားပါတယ်။ မယ်တော်မိဖုရားကြီးရဲ့ ယာဘက်လက် လက်သူကြွယ်နဲ့ လက်သန်းမှာ သုံးလက်မလောက်ရှည်တဲ့ ရွှေသားအတိလက်သည်းကာတွေဆင် ထားပြီး လက်ဝဲဘက်လက်ချောင်းနှစ်ချောင်းမှာတော့ ကျောက်စိမ်းနဲ့လုပ်ထားတဲ့ အရွယ်အစားတူလက်သည်းကာနှစ်ခုတပ်ထားပါတယ်။ မယ်တော်မိဖုရားကြီးရဲ့ ခြေနင်းစကြာကို တောပုလဲမြိတ်အနားစတွေချထားပြီး ရောင်စုံကျောက်စိမ်းပွင့်တွေ စီခြယ်ထားပါတယ်။

ကျွန်မတို့ကိုတွေ့တော့ မယ်တော်မိဖုရားကြီးက သလွန်ပေါ်ကထပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။ ကျွန်မတွေ့ဖူးသမျှတော့ မယ်တော်မိဖုရားကြီးရဲ့အပြုံးဟာ အလှဆုံးပါ။ မယ်မယ်ကြီးက ကျွန်မတို့တစ်တွေ မန်ချူးနန်းတွင်းဓလေ့ထုံးစံတွေကို နားလည်နေတဲ့အတွက် အရမ်းအံ့ဩနေပါတယ်။ ပြီးတော့ နိုင်ငံခြားမှာ အနေကြာပေမယ့် မင်းကြီးကတော်ရဲ့ သမီးတွေဟာ တရုတ်စကားကောင်းကောင်းပြောနိုင်သလို လိမ္မာယဉ်ကျေးကြပါတယ်လို့ စီရှီးမယ်မယ်ကြီးက မေ့မေ့ကိုပြောပါတယ်။ နောက်တော့ မယ်တော်မိဖုရားကြီးက ကျွန်မလက်နှစ်ဖက်ကိုဆုပ်၊ ကျွန်မမျက်နှာကို စူးစူးဝါးဝါးကြည့်ပြီး ပြုံးပါတယ်။ ကျွန်မရဲ့ ပါးနှစ်ဖက်ကိုနမ်းပါတယ်။ ပြီးတော့ မင်းကြီးကတော်ရဲ့ သမီးနှစ်ဦးကို နန်းတွင်းခေါ်ထားချင်ကြောင်း မယ်တော်မိဖုရားကြီးက မေ့မေ့ဆီက ခွင့်တောင်းပါတော့တယ်။ ကျွန်မတို့သားအမိတစ်တွေလည်း အတော့်ကိုဝမ်းသာသွားပြီးသည်လို မေတ္တာထားတဲ့အတွက် မယ်တော်မိဖုရားကြီးကို ကျေးဇူးတင်ကြောင်းပြောလိုက်ပါတယ်။ မယ်တော်မိဖုရားကြီးက ကျွန်မတို့ဝတ်ထားတဲ့ ပါရီ

ဂါဝန်တွေအကြောင်းကို မေးပါတယ်။ နန်းတွင်းမှာ အဲဒီလိုဂါဝန်မျိုးတွေ့ရခဲ့တဲ့အတွက် အမြဲတမ်းဝတ်ထားရမယ်လို့လဲ မိန့်ပါတယ်။ အထူးသဖြင့် မယ်တော်မိဖုရားကြီးက ကျွန်မတို့ ညီအစ်မရဲ့ လူပီ ၁၅ ဒေါက်မြင့် ဖိနပ်တွေကို အတော်လေးသဘောတွေ့နေပါတယ်။ မိဖုရားကြီးနဲ့ အလ္လာပသလ္လာပ ပြောနေကြတဲ့အချိန်မှာပဲ ခပ်လှမ်းလှမ်းမှာရပ်နေတဲ့ ခန့်ခန့်ညားညား အမျိုးသားတစ်ဦးကို တွေ့လိုက်ရပါတယ်။ သူကတော့ မန်ချူးဧကရာဇ်ကွမ်ဆူးပါ။ မယ်တော်မိဖုရားကြီးက ကျွန်မတို့ကို ကွမ်ဆူးဧကရာဇ်နဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်မတို့ကို လက်ဆွဲနှုတ်ဆက်တော့ ဧကရာဇ်ကရှက်ရွံ့ရွံ့ဖြစ်နေပုံရပါတယ်။ ဧကရာဇ်ကွမ်ဆူးဟာ အရပ်ငါးပေခုနစ်လက်မလောက်ရှိပါတယ်။ ကိုယ်ခန္ဓာသေးသေးသွယ်သွယ် ပေမယ့် သန်မာပုံရပါတယ်။ နက်မှောင်စူးရှတဲ့ မျက်လုံးတွေနဲ့ ဓနုရိတဲ့ပါးစပ်ရှိပါတယ်။ နှာတံပေါ်ပေါ်၊ မဟာနဖူးပိုင်ရှင်တစ်ဦးဖြစ်ပြီး ခြုံကြည့်လိုက်ရင် ခန့်ညားတဲ့သူပါ။

ဧကရာဇ်ကွမ်ဆူးနဲ့ မိတ်ဆက်ပြီးနောက် မယ်တော်မိဖုရားကြီးက ဧကရာဇ်ကို ဝမ်စွေ့ယာ (အနှစ် တစ်သောင်းပိုင်ရှင်)လို့သာခေါ်ရမည်ဖြစ်ကြောင်း ကျွန်မတို့ကိုမှာပါတယ်။ ပြီးတော့ သူ့ကိုလည်း လော်ဆုဆောင် (မယ်မယ်ကြီး)လို့ ခေါ်ရမယ်လို့လည်း ပြောပါတယ်။ အဲဒီအချိန်မှာပဲ နန်းတွင်းမိန်းမ စိုးထိန်းကြီးဝင်လာပါတယ်။ ပြီးတော့ စကျင်ကျောက်သားကြမ်းပြင်ပေါ်မှာ ဒူးထောက်ပြီး ဝေါကုလားထိုင်တော် အသင့်ရှိပြီးဖြစ်ကြောင်း လျှောက်ထားပါတယ်။ အဲဒီနောက်မှာတော့ မယ်တော်မိဖုရားကြီးက ကျွန်မတို့သားအမိကို အရှေ့ဆောင်ကနေ နှစ်မိနစ်သာသာလောက်လျှောက်ရမယ့် ညီလာခံခန်းမဆောင်ကို လိုက်ခဲ့ဖို့ခေါ်ပါတယ်။ ညီလာခံခန်းမဆောင်ထဲမှာ မယ်တော်မိဖုရားကြီးဟာ နန်းတွင်းအမှုထမ်းဌာန အကြီးအကဲတွေနဲ့ တွေ့ဆုံမှာပါ။ ရာသီဥတုက တော်တော်လေးသာယာပါတယ်။ အရှေ့နန်းဆောင်ရှေ့မှာတော့ မယ်မယ်ကြီးရဲ့ ဝေါစင်ကအသင့်စောင့်နေပါတယ်။မယ်မယ်ကြီးရဲ့ ဝေါယာဉ်ကို အသွင်အပြင် အဆန်းဆုံး နန်းတွင်းဝတ်စုံတွေ ဝတ်ထားတဲ့ မိန်းမစိုးရှစ်ယောက်က ထမ်းရပါတယ်။ နန်းတွင်းမိန်းမစိုးထိန်းနဲ့ ဒုတိယမိန်းမစိုးထိန်းတို့က ဝေါစင်ရဲ့ ဘယ်ညာတစ်ဖက်တစ်ချက်ကနေလိုက်ရပါတယ်။ ပြီးတော့ ပဉ္စမ အဆင့်မိန်းမစိုးလေးဦးနဲ့ ဆဋ္ဌမအဆင့် မိန်းမစိုး ၁၂ ဦးတို့က ဝေါစင်ရဲ့ ရှေ့နောက်ရံပြီး လိုက်လာကြပါတယ်။ မိန်းမစိုးတွေအားလုံးက မယ်တော်မိဖုရားကြီးရဲ့ ဝတ်လဲတော်တွေ၊ ဖိနပ်တွေ၊ လက်ကိုင်ပဝါတွေ၊ ဘီးနဲ့ မျက်နှာချေဘူးတွေပြီးတော့ ကြေးမုံအရွယ်အမျိုးမျိုးတွေ သယ်လာပါတယ်။ နောက်ဆုံး မိန်းမစိုးတစ်ဦးက အဝါရောင်ဖဲသားစလွှမ်းထားတဲ့ ခွေးခြေခုံငယ်တစ်ခုံကို သယ်လာပါတယ်။ ပြီးတော့ လက်ထဲမှာတစ်ခုမဟုတ်တစ်ခုသယ်ထားကြတဲ့ အသက်ကြီးကြီးလက်သုံးတော် အမျိုးသမီးနှစ်ဦးနဲ့ အမျိုးသမီးငယ်လေးဦးတို့လည်း လိုက်ပါလာပါတယ်။ ဘုရင့်မယ်တော်ကြီး ညီလာခံခရီးဟာ အမျိုးသမီး

အလှပြင်ခန်းကြီးခြေထောက်ပေါက်ပြီး လမ်းလျှောက်ထွက်လာသလိုပါပဲ။ ဒါတင်မကသေးပါဘူး။ မယ်တော်မိဖုရားကြီး ညီလာခံခရီးမှာ ဧကရာဇ်ကွမ်ဆူးနဲ့ မိဖုရားကြီး အပြင် နန်းတွင်းသူတွေကလည်း ဝေါစင်ကို ခြံရံလိုက်ပါလာကြပါတယ်။

နန်းတွင်းညီလာခံခန်းမကြီးဟာ အလျားပေ ၂၀၀ လောက်ရှည်ပြီး အကျယ်ပေ ၁၅၀ လောက်ရှိပါတယ်။ မယ်တော်မိဖုရားကြီးဟာ ဝေါစင်ရပ်ရပ်ချင်းမှာပဲ ညီလာခံခန်းမထဲကို ဝင်သွားပါတယ်။ ပြီးတော့ ခန်းမဆောင်ရဲ့ လက်ဝဲဘက်မှာရှိပြီး အဝါရောင်ဖဲသားစဖုံးထားတဲ့ စားပွဲနောက်က သလွန်တော်မှာ နေရာယူပါတယ်။ မယ်မယ်ကြီးများရဲ့ သလွန်တော်ဘေးမှာ ဧကရာဇ်ကွမ်ဆူးက နေရာယူပါတယ်။ မယ်တော်မိဖုရားကြီးနဲ့ ဧကရာဇ်တို့ရဲ့ အရှေ့ဘက် ညီလာခံကြမ်းပြင်ပေါ်မှာ မှူးကြီးမတ်ကြီးတွေ ဒူးတုပ်ခစားနေပါတယ်။

ညီလာခံခန်းမကြီးနောက်ပိုင်းမှာတော့ ပေ ၂၀ လောက်ရှည်ပြီး ၁၈ ပေလောက် ကျယ်တဲ့ မင်းစင်ရှိပါတယ်။ နှစ်ပေလောက်မြင့်တဲ့ စင်မြင့်ရဲ့ ဒူးဖုံးပတ်ပတ်လည်မှာ ပန်းခွေ ပန်းလိပ်တွေ လှလှပပထုထွင်း ပုံဖော်ထားပါတယ်။ အဲဒီညီလာခံစင်မြင့်ပေါ်ကို ဖြတ်တက်ဖို့ လူတစ်ဦးသွားနိုင်လောက်ရုံ လမ်းပေါက်နှစ်ခုရှိပါတယ်။ ခြေလှမ်းခြောက်လှမ်းလောက်နဲ့တင် ကို အဲဒီစင်မြင့် လမ်းပေါက်တွေဆီရောက်နိုင်ပါတယ်။ အဲဒီ စင်မြင့်ရဲ့ အလယ်တည့်တည့်မှာ မိဖုရားကြီးရဲ့ သလွန်တော်ရှိပါတယ်။ သလွန်ရဲ့နောက်မှာ ကျွန်မမြင်ဖူးသမျှ အလှဆုံးလို့ ဆိုနိုင်တဲ့ ၁၀ ပေလောက်မြင့်ပြီး ပေ ၂၀ လောက် ရှည်မယ့်သစ်သားပန်းဆစ်လက်ရာနောက်ခံ လိုက်ကာပြားရှိပါတယ်။ မယ်တော်မိဖုရားကြီးရဲ့ သလွန်တော်ရှေ့မှာတော့ စားပွဲရှည်တစ်လုံး ရှိပြီး အဲဒီစားပွဲဘေးမှာ ဧကရာဇ်ကွမ်ဆူးရဲ့ ပလ္လင်ရှိပါတယ်။ သလွန်တော်ပေါ်မတက်မီမှာ မိဖုရားခေါင်ကြီးက ကျွန်မတို့ကို မိဖုရားနန်းတွင်းသူတို့နဲ့အတူ ပန်းလိုက်ကာ ပြားနောက်မှာနေ ကြဖို့ အမိန့်ရှိပါတယ်။ အဲဒီပန်းလိုက်ကာ နောက်မှာရောက်နေပေမယ့် ကျွန်မတို့ဟာ မယ်တော်မိဖုရားကြီးနဲ့ မှူးကြီးမတ်ရာတွေ ဆွေးနွေးနေ တဲ့အသံကို အတိုင်းသားကြားနေရပါ တယ်။ ကျွန်မအတွက်ကတော့ အဖိုးတန်အတွေ့အကြုံတစ်ခုပါ။

## နန်းတွင်းဇာတ်ပွဲ

ဒီနေ့ကတော့ ကျွန်မအတွက် မေ့မရနိုင်တဲ့အတွေ့အကြုံတွေအများကြီးရခဲ့တဲ့နေ့ပါ။ နိုင်ငံရပ်ခြား အတွေ့အကြုံနဲ့ ဓလေ့ထုံးစံတွေနဲ့ ကမ္ဘာခြားဝေးနေတဲ့ နန်းတွင်းအပျိုတော်တွေ ကြားထဲမှာ ကျွန်မက အထူးအရေးပေးခံထားရတဲ့ သူတစ်ယောက်ဖြစ်ခဲ့ရပါတယ်။ နန်းတွင်း သူတွေရဲ့ မေးခွန်းကို ကျွန်မလက်မလည်နိုင်လောက်အောင်ဘဲဖြေနေရပါတယ်။ နောက်တော့ ကျွန်မတစ်ခုသိလာပါတယ်။ မန်ချူးနန်းတွင်းက အပျိုတော်တွေ ဆိုတာကလည်း အခြား အရပ်သူတွေလို စပ်စုတတ်တဲ့၊ သတင်းအဖျင်းပြောဆိုတတ်တဲ့ သဘာဝမျိုးရှိနေပါလားဆိုတာ ကိုပါ။ မင်းသားကြီးချင်ရဲ့ စတုတ္ထသမီးတော်က ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ခဲ့ရပေမယ့် ထူးထူးခြားခြားလှတဲ့သူပါ။ ဥရောပမှာ ကြီးပြီးဥရောပမှာပဲ ပညာသင်ခဲ့တာလားလို့ မင်းသား ကြီးချင်ရဲ့ သမီးတော်က ကျွန်မကိုမေးပါတယ်။ ပြီးတော့ ဥရောပကို ရောက်သွားတဲ့သူတွေက အဲဒီက ရေကိုသောက်မိရင် ကိုယ့်မိခင်နိုင်ငံကို ခဏလေးနဲ့ မေ့သွားတယ်လို့ ကြားဖူးကြောင်း လည်း ကျွန်မကိုပြောပါတယ်။ ဒီတော့ကျွန်မ မင်းသားကြီးချင်ရဲ့သား မင်းသားဆိုင်ချန်လန်ဒန် အသွား ပါရီမြို့တော်မှာ ကျွန်မတို့နဲ့ တွေ့ဆုံခဲ့ဖူးကြောင်း ကျွန်မကပြောပြပါတယ်။ အဲဒီတုန်း က မင်းသားဆိုင်ချန်ဟာ အင်္ဂလန်ရဲ့ အက်ဒွပ်ဘုရင်မင်းမြတ် နန်းတက်ပွဲကို သွားတက်တာပါ။ အဲဒီပွဲကို ကျွန်မဖေဖေတက်ရမှာဖြစ်ပေမယ့်ပါရီမှာ ယူနန်ပြည်နယ်ကိစ္စတွေ ရှင်းစရာရှိ လို့လွှဲခဲ့ရပါတယ်။ အဲဒီအကြောင်းတွေကို ကျွန်မက ပြန်ပြောပြတော့ အင်္ဂလန်မှာဘုရင်ရှိလား ဆိုပြီး စတုတ္ထသမီးတော်က တအံ့တသြမေးပါတယ်။ ပြီးတော့ မယ်တော်မိဖုရား ခေါင်ကြီးက သာ လောကအရှင်လို့ထင်ထားတာလို့ပြောပါတယ်။ ကျွန်မကို နန်းတွင်းသူတွေက မေးခွန်း ပေါင်းစုံပေးနေတဲ့အချိန်မှာ ဧကရာဇ်ကွမ်ဆူးရဲ့ မိဖုရားပါနောက်ဆုံးမှာ စကားဝိုင်းထဲပါလာပါ တယ်။ တော်တော်ခက်တာပဲလို့ မိဖုရားကစတုတ္ထသမီးတော် နန်းတွင်းသူကို ပြောပါတယ်။

နိုင်ငံတိုင်းမှာ အုပ်ချုပ်သူတွေရှိသလို အချို့နိုင်ငံတွေကဆိုရင် သမ္မတနိုင်ငံဖြစ်ပြီး မန်ချူးနန်းတော်နဲ့ ရင်းနှီးခင်မင်တယ်လို့လည်း မိဖုရားက ပြောပါတယ်။ ပြီးတော့သူက ကမ္ဘာ့နိုင်ငံတွေရဲ့ ရာဇဝင်တရုတ်ဘာသာပြန်တွေကို ဖတ်ဖူးတယ်လို့လည်းဆိုပါတယ်။ ကျွန်မအမြင်မှာတော့ ကေရာဇ်ကွမ်ဆူးရဲ့ မိဖုရားကအတော်ပညာကြီးပုံရပါတယ်။

နန်းတွင်းညီလာခံပြီးတော့ မယ်တော်မိဖုရားကြီးက ကျွန်မတို့ကို လှမ်းခေါ်ပြီးသူနဲ့အတူ ပြဇာတ်ကြည့်ဖို့လိုက်ရမယ်လို့ အမိန့်ချပါတယ်။ ကျွန်မတို့ပြဇာတ်ကြည့်ဖို့စထွက်ချိန်မှာ မယ်တော်မိဖုရားခေါင်ကြီးက ရာသီ ဥတုသာယာတော့ လမ်းလျှောက်သွားတာ ပိုကောင်းမယ်လို့မိန့်ပါတယ်။ ကျွန်မတို့လည်း နန်းဓလေ့အတိုင်း မယ်တော်ကြီးရဲ့နောက်နားမလှမ်းမကမ်းကနေလိုက်ကြရပါတယ်။ လမ်းတစ်လျှောက်မှာ မယ်တော်မိဖုရားခေါင်ကြီးက သူအကြိုက်ဆုံးအရာတွေနေရာတွေအကြောင်း တတွတ်တွတ်ပြောလာပါတယ်။ ဒါပေမယ့် တစ်ချိန်လုံးနောက်လှည့်လှည့်ပြီးပြောနေရတော့ စိတ်ညစ်လာပုံရပါတယ်။ နောက်တော့ ကျွန်မတို့သားအမိတွေကို သူနဲ့အတူလျှောက်ဖို့မယ်မယ်ကြီးက ဖိတ်ခေါ်ပါတယ်။ နောက်တော့ ကျွန်မသိလိုက်ရတာက ဒီလိုလမ်းအတူလျှောက်ဖို့ခေါ်တာကိုက ကျွန်မတို့ကို အကြီးအကျယ်အရေးပေးလိုက်တာပါ။ ဒါမျိုးကို မယ်တော်မိဖုရားကြီးက အလွန်လုပ်ခဲပါတယ်။

ညီလာခံခန်းမဆောင်ကနေ ထွက်လာပြီးခဏလောက်ကြာတော့ ကျွန်မတို့က နန်းရင်ပြင်တစ်ခုဆီကို ရောက်လာပါတယ်။ ဒီနန်းရင်ပြင်ရဲ့ တစ်ဖက်တစ်ချက်မှာ ၁၅ ပေလောက်မြင့်တဲ့ ကြွေမ်ခြင်းကြီးနှစ်ခြင်း ချထားပါတယ်။ အဲဒီကြွေမ်ခြင်းကြီးတွေကို အလွန်ကျက်သရေရှိလှတဲ့ ဝစ်စတာရီးယားလို့ခေါ်တဲ့ စက္ကူပန်းတွေဖုံးနေပါတယ်။ အဲဒီစက္ကူပန်းတွေဟာ မယ်တော်မိဖုရားကြီးအရမ်းကြိုက်တဲ့ ပန်းတွေပါ။ အဲဒီပန်းတွေနဲ့ ပတ်သက်ပြီး မယ်မယ်ကြီးက ဂုဏ်ယူတတ်သလို ပန်းတွေပွင့်တိုင်းလည်း ဧည့်သည်တွေခေါ်ပြရတာအမောပါပဲ။

နန်းရင်ပြင်ကိုကျော်တော့ ကုန်းကမူလေးတစ်ခုကို ပတ်ဖောက်ထားတဲ့ လမ်းကျဉ်းလေးတစ်လမ်းကို ကျွန်မတို့ဆက်ဖြတ်ရပါတယ်။ အဲဒီလမ်းကျဉ်းလေးဟာ ပြဇာတ်ရုံအထိ ဒုတ်ဒုတ်ထိပေါက်ပါတယ်။ ကျွန်မတို့ ရောက်ခဲ့တဲ့နန်းတွင်းပြဇာတ်ရုံပုံစံမျိုးကို ဘယ်သူကမှ စိတ်ကူးကြည့်ဖူးမှာတောင်မဟုတ်ဘူးလို့ ကျွန်မပြောဝံ့ပါတယ်။ အဲဒီနန်းတွင်းပြဇာတ်ရုံဟာ အထပ်ငါးထပ်ပါပါတယ်။ ပြဇာတ်အရှေ့ပိုင်းကို လုံးလုံးဖွင့်ထားပြီးပြဇာတ် စင်မြင့် နှစ်ထပ်ပါပါတယ်။ ကျန်အထပ်သုံးထပ်ကိုတော့ ပြဇာတ်ပစ္စည်းတွေထားတဲ့ နေရာတွေအဖြစ်သုံးပါတယ်။ နှစ်ထပ်ပြဇာတ် စင်မြင့်ရဲ့ပထမထပ်ကတော့ ရိုးရိုးပုံစံပါပဲ။ ဒါပေမယ့် ဒုတိယအထပ်ကိုတော့ မယ်မယ်ကြီးကြိုက်တဲ့ ဘာသာရေးပြဇာတ်တွေကပြဖို့အတွက် ဘုံကျောင်းတစ်ခုပုံစံပြင်ထားပါတယ်။ ပြဇာတ်ရုံရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ လေသာဆောင်တွေပါတဲ့ ခေါင်နိမ့်နိမ့်

အဆောက်အအုံနှစ်လုံး ရှိနေပါတယ်။ ပြဇာတ်ကြည့်ဖို့ မယ်တော်မိဖုရားကြီးက ဖိတ်တဲ့အချိန်မှာမင်းညီမင်းသားတွေနဲ့ မှူးကြီးမတ်ရာတွေ သုံးခွင့်ရတဲ့အဆောင်တွေပါ။ ပြဇာတ်စင်ရဲ့ရှေ့တည့်တည့်မှာ မယ်တော်မိဖုရားခေါင်ကြီးရဲ့ အထူးခန်းဆောင်ကြီးသုံးဆောင် ဆောင်ရှိပါတယ်။ ခန်းမဆောင်သုံးဆောင်ရဲ့ကြမ်းပြင်ဟာ မြေပြင်အထက် ဆယ်ပေအထိ မြှင့်တင်တည်ဆောက်ထားပြီး ပြဇာတ်စင်မြင့်နဲ့ တစ်တန်းတည်းလိုလို ရှိနေပါတယ်။ ခန်းမဆောင်တွေရဲ့ရှေ့ဘက်မှာ နွေရာသီဆို ပြန်ဖြုတ်ပြီး အပြာရောင်မိုင်းကိုင် စက္ကူချပ်တွေ အစားထိုးပြန်တပ်လို့ရတဲ့ မှန်ချပ်ကြီးတွေကပ်ထားပါတယ်။ အခန်းသုံးခန်းအနက် နှစ်ခန်းကို မယ်တော်မိဖုရားကြီးက နားနေဆောင်အဖြစ်သုံးပြီး ယာဘက်အစွန်ဆုံးကိုတော့ အိပ်ခန်းအဖြစ်သုံးပါတယ်။ အိပ်ခန်းထဲမှာ အတော်လေးရှည်တဲ့ မွေ့ရာကြီးတစ်စုံချထားပါတယ်။ အဲဒီအခန်းကို မယ်တော်မိဖုရားကြီးခေါင်ကြီးက လှဲလှဲထိုင်ထိုင် သူစိတ်ရှိသလိုအသုံးချပါတယ်။

ဒီကနေ့တော့ မယ်တော်မိဖုရားကြီးက အထူးအိပ်ခန်းမှာပဲနေဖို့ ကျွန်မတို့သားအမိတွေကို ဖိတ်ပါတယ်။ နောက်တော့ မယ်မယ်ကြီးကသူ အခန်းကို မကြာမကြာလာတတ်ကြောင်း၊ ပြဇာတ်ကြည့်ပြီး အချိုတည်းလေ့ရှိကြောင်း ကျွန်မကိုမိန့်ပါတယ်။ အဲဒီအခန်းထဲမှာ မယ်မယ်ကြီးဟာ အသံဗလံအနှောင့်အယှက်ကင်းကင်း အိပ်နိုင်ပါတယ်။ စားနိုင်ပါတယ်။ မန်ချူးနန်းတွင်း ပြဇာတ်ရုံကို မမြင်ဖူးတဲ့သူတွေအတွက်ကတော့ ဒီလောက်ဆူတဲ့ ပြဇာတ်ရုံရှေ့တည့်တည့် အခန်းထဲမှာ နားအေးပါးအေး အိပ်စက်အနားယူနိုင်တယ်ဆိုတာကို စိတ်ကူးကြည့်ဖို့ အတော်ခက်ပါလိမ့်မယ်။

ကျွန်မတို့ သားအမိမယ်မယ်ကြီးရဲ့ အထူးအိပ်ဆောင်ထဲရောက်တော့ ပြဇာတ်က စနေပါပြီ။ အဲဒီပြဇာတ်က 'မိုးကောင်းကင်မယ်တော်ကြီးရဲ့စားပွဲ' လို့ ခေါ်တဲ့ ဘာသာရေးနဲ့ဆက်နွယ်တဲ့ပြဇာတ်ပါ။ ဇာတ်ကောင်ကိုတော့ အများသိကြပါလိမ့်မယ်။ မျောက်မင်းစွန်းဝူခုန်းပါ။ 'ကောင်းကင်မယ်တော်ကြီးရဲ့ စားသောက်' ပြဇာတ်ကို အပိုင်းသုံးပိုင်းခွဲပြီး ကပြပါတယ်။ ပြဇာတ်ပထမပိုင်းကို ကောင်းကင်ဘုံက ဆင်းလာတဲ့ဘုန်းတော်ကြီးတစ်ပါးက လူ့ပြည်က ဘုန်းတော်ကြီးအားလုံးကို ကောင်းကင်မယ်တော်ကြီးရဲ့ စားပွဲတက်ရောက်ပွဲတက်ဖို့ လာဖိတ်ပုံနဲ့ စဖွင့်ပါတယ်။ လေထဲမှာ အမှန်တကယ်မျောလွင့်လာသလိုဖြစ်နေတဲ့ ဘုန်းကြီးသရုပ်ဆောင်ကိုကြည့်ရင်း ကျွန်မအတော်လေးကို အံ့ဩမိပါတယ်။ ပြဇာတ်ပထမပိုင်းမပြီးမီမှာဘဲ ကမ္ဘာပေါ်က ဘယ်ပြဇာတ်ရုံမဆို မန်ချူးနန်းတွင်းပြဇာတ်ကို အတုယူသင့်တယ်လို့ ကျွန်မတွေးမိပါတယ်။ ကောင်းကင်ဘုံက ဘုန်းတော်ကြီး လူ့ပြည်ဆင်းလာပုံကို စက်ယန္တရားအကူအညီမပါဘဲ ကပြသွားတာပါ။

ပြဇာတ်ရဲ့ ဒုတိယပိုင်းကို ကောင်းကင်မယ်တော်ကြီးရဲ့ စားသောက်ပွဲနဲ့ စတင်ပါ

တယ်။ အဲဒီစားပွဲပေါ်မှာ သစ်တော်သီးတွေ၊ ဝိုင်တွေချထားပါတယ်။ ပျားယောင်ခဆောင်ထားတဲ့ မျောက်မင်းစွမ်းဝူခုံးက စားပွဲအစောင့်တွေကို အိပ်မွေ့ချပြီးရှိသမျှ အစားအစာတွေ အကုန် စားပြီးကိုယ်ပျောက်သွားတဲ့အခန်းကို ကပြခဲ့တာပါ။ နောက်တော့ ကောင်းကင်ဘုံက နတ်မင်း တွေနဲ့ မျောက်မင်းစွန်းဝူခုံးတို့ တိုက်ကြခိုက်ကြပုံကို ဆက်လက်တင်ဆက်ပါတယ်။ နောက် တော့ တာအိုနတ်မင်းကြီးလောချူက မျောက်မင်းစွန်းဝူခုံးကို ဖိုကျင်ထိုးခန်း၊ မသေနိုင်သော မျောက်မင်းစွန်းဝူခုံးက နတ်မင်းကြီးလောချူရဲ့ မသေဆေးလုံးများအား ခိုးယူသွားပုံတွေကို ဆက်လက် ကပြပါတယ်။

ပြဇာတ်ရဲ့ တတိယပိုင်းမှာတော့ နတ်ဒေဝါများနဲ့မျောက်မင်းစွန်းဝူခုံးရဲ့ တိုက်ပွဲတွေ အကြောင်း၊ ဗောဓိသတ္တကျူလီက မျောက်မင်းစွန်းဝူခုန်းကို ဆုံးမတဲ့အကြောင်းတွေကို တင် ဆက် ကပြပါတယ်။ ပြဇာတ်တစ်ပုဒ်လုံး ငြီးငွေ့စရာမရှိအောင်ကို ကောင်းလှပါတယ်။ သရုပ် လည်း ပါလှပါတယ်။ ပြဇာတ်ပြီးတော့ မယ်တော်မိဖုရားခေါင်ကြီးနဲ့ ကျွန်မတို့ ခဏလောက် စကားစမြည်ဆက်ပြောကြပါတယ်။ အခုကပြသွားတဲ့ ပြဇာတ်ကိုနားလည်လားလို့ကျွန်မကို မေးပါတယ်။ နားလည်ပါတယ်လို့ ကျွန်မကပြန်ဖြေတော့ မယ်မယ်ကြီးသဘောကျသွား ပုံရပါ တယ်။ နောက်တော့မယ်မယ်ကြီးက စကားပြောကောင်းနေတာနဲ့ ညစာစားဖို့ မေ့နေတယ်လို့ ဖြေပြီး ကျွန်မလည်း ဆာပြီလားလို့ လှမ်းမေးပါတယ်။ ပြီးတော့လည်း ပြင်သစ်မှာနေတုန်းကကော တရုတ်အစားအစာတွေ စားရလား၊ တရုတ်ပြည်ကို မလွမ်းဘူးလားလို့ ထပ်မေးပါတယ်။ ပြီး တော့ တစ်လက်စတည်းဆိုသလို မယ်မယ်ကြီးဆိုရင် နိုင်ငံနဲ့အကြာကြီးခွဲနေရင် ဇာတိကိုပြန် လွမ်းမိတာပါပဲ။ ပြည်ပမှာအကြာကြီးနေခဲ့ရတာ မယ်မင်းအပြစ်မဟုတ်ဘဲ ငါကိုယ်တိုင်က မယ်မင်းဖခင်ကို ပါရီလွှတ်ဖို့အမိန့်တော်ချလိုက်တာကိုးလို့ ကျွန်မကိုနှစ်သိမ့်တဲ့အနေနဲ့ မယ်မယ်ကြီးက ပြောပါတယ်။ ဒါပေမဲ့ကျွန်မသူ့ကို ဘယ်လောက်ကူညီနိုင်လောက်တယ်ဆို တာသူ ကိုယ်တိုင်သိနေလို့ အမတ်ကြီးယူကန်းကို ပါရီလွှတ်မိတဲ့အတွက် ဝမ်းမနည်းတော့ ကြောင်း မယ်မယ်ကြီးက ဆက်ပြောပါတယ်။

မယ်မယ်ကြီးနဲ့ ကျွန်မစကားပြောနေစဉ်မှာပဲ လှပတဲ့စားပွဲခင်းတွေဖုံးထားတဲ့ ရောမ စားပွဲကြီးသုံးလုံးကို ခင်းနေတာတွေ့ရပါတယ်။ နန်းရင်ပြင်မှာတော့ အစားအသောက်တွေ ထည့်ထားတဲ့ သေတ္တာတွေ၊ ပန်းတွေ ကိုယ်စီကိုင်ဆောင်ထားတဲ့ မိန်းမစိုးအများအပြားတန်းစီ စောင့်စားနေကြပါတယ်။ သစ်သားနဲ့ပြုလုပ်ထားပြီး အဝါရောင်ဆေးခြယ်ထားတဲ့ အစား အသောက်ပန်းကန်ထည့် သေတ္တာနဲ့ဗန်းတွေဟာ ပန်းကန်အကြီးနှစ်လုံးနဲ့ အသေးလေးလုံး ထည့်နိုင်လောက်အောင် အရွယ်အစားရှိပါတယ်။ စားပွဲတွေ အသင့်ခင်းပြီး တဲ့အချိန်မှာတော့ အစားအသောက်ဘူးတွေ ပလုံးတွေကိုင်ထားတဲ့ မိန်းမစိုးတွေဟာ မင်းရင်ပြင်တစ်ခုနဲ့

တစ်ခုအကူး ဂိတ်ဝကနေမယ်မယ်ကြီးရဲ့ ခန်းဆောင်အဝအထိ နှစ်တန်းတန်းပြီး ဟင်းပန်းကန်ဗန်းတွေ သေတ္တာတွေကို တစ်ယောက်နဲ့တစ်ယောက်လက်ဆင့်ကမ်းပြီး မယ်မယ်ကြီးခန်းဆောင်အဝက သေသေသပ်သပ်ဝတ်ဆင်ထားတဲ့ မိန်းမစိုးလေး ဦးဆီကိုပို့ရပါတယ်။ အဲဒီမိန်းမစိုးလေးဦးက ဟင်းပန်းကန်၊ ထမင်းပန်းကန်တွေကို စားပွဲသုံးလုံးပေါ်မှာ နေရာချပါတယ်။ ထမင်းစားခန်းဆိုပြီး သီးသန့်မရှိလောက်အောင် ဘယ်နေရာရောက်ရောက် အစားအသောက်သုံးဆောင်တတ်တဲ့ မယ်မယ်ကြီးရဲ့ စရိုက်တစ်ပါးလို့ ကျွန်မထင်မိပါတယ်။ ဟင်းပန်းကန်တွေဟာ တော်ဝင်အရောင်ဖြစ်တဲ့ အဝါရောင်ဟင်းပန်းကန်တွေဖြစ်ပြီး အဖုံးတွေကို ငွေသားနဲ့လုပ်ထားပါတယ်။ အချို့ပန်းကန်လုံးတွေမှာ အစိမ်းရောင်နဂါးရုပ်တွေ ရေးခြယ်ထားပြီး အချို့ပန်းကန်လုံးတွေမှာ 'သက်တော်ရာကျော်ရှည်ပါစေ' လို့ အဓိပ္ပာယ်ရတဲ့ 'ရှူ' တရုတ်အက္ခရာ ရေးသားထားပါတယ်။ ကျွန်မစပ်စပ်စုစုနဲ့ ရေကြည့်တော့ ဟင်းပန်းကန်အကြီးအသေးအလုံးရေ ၁၀၀ လောက်ရှိပြီး ဟင်းအမယ်ပေါင်း ၅၀ လောက်ရှိပါတယ်။ ဟင်းပွဲပေါ်မှာ ဟင်းပန်းကန်တွေကို အကြီးတစ်ထပ်၊ အသေးတစ်ထပ်စီထားပါတယ်။ စားပွဲပြင်နေတုန်းမှာပဲ မယ်မယ်ကြီးရဲ့ အိမ်ဆောင်ထဲကို နန်းတွင်းသူနှစ်ဦး အဝါရောင်ဘူးနှစ်ခု ကိုယ်စီကိုင်ပြီးဝင်လာပါတယ်။ သယ်လာတဲ့ဘူးတွေဟာ လေးပုံရပေမယ့်ဝင်လာတဲ့ အပျိုတော်နှစ်ဦးဟာ နန်းမူနန်းရာမပျက်ပါဘူး။ ဘူးတွေသယ်လာပုံက ကြက်သရေရှိလှပါတယ်။ အပျိုတော်နှစ်ဦးဟာ မယ်တော်မိဖုရားခေါင်ကြီးရှေ့မှာ စားပွဲနှစ်လုံးခင်းလိုက်ပါတယ်။ ပြီးတော့ဘူးတွေထဲမှာပါလာတဲ့ မုန့်ချိုပန်းကန်တွေ၊ သကြားနဲ့ လှော်ထားတဲ့ ကွာစေ့ပန်းကန်တွေ၊ အမျိုးမျိုးဖုတ်ကင်ကြော်လှော်ထားတဲ့ သစ်ကြားစေ့ ပန်းကန်တွေနဲ့ ရာသီပေါ်သီးနှံပန်းကန်တွေ စီချပါတယ်။ နန်းတွင်းသူတွေဒီလို အလုပ်မျိုးလုပ်နေရတာမြင်တော့ ကျွန်မအတော်လေးအံ့သြမိပါတယ်။ တကယ်လို့ ကျွန်မကိုယ်တိုင်နန်းတွင်းရောက်ခဲ့ရင်ရော ဒီလိုမျိုးတွေပဲ လုပ်နေရမှာလားလို့လည်း စိတ်ထဲကြိတ်တွေးမိပါတယ်။ ပန်းကန်တွေစီပြီးနောက်တော့ မယ်မယ်ကြီးက သူတို့ဆိုရင် ဒီလိုမျိုးသစ်သီးသစ်ဆံ ဖွယ်ဖွယ်ရာရာတွေကို အသားထက်ပိုကြိုက်တယ်လို့ ကျွန်မတို့ကို လှမ်းမိန့်ပါတယ်။ ပြီးတော့ ကိုယ့်အိမ်ကိုယ့်ရာလို သက်သောင့်သက်သာနေဖို့ပြောပြီး သစ်သီးဝလံအချို့ ကျွန်မတို့ကိုစွန့်ပါတယ်။ အတော်အရသာရှိလှပါတယ်။ မယ်မယ်ကြီးဟာ အလွန်စားတော်ခေါ်လို့ကောင်းတာကို ကျွန်မသတိထားမိပါတယ်။ မယ်မယ်ကြီးအချိုတည်းပြီးချိန်မှာ ခုနကနန်းတွင်းအပျိုတော်နှစ်ယောက် အိပ်ဆောင်ထဲပြန်ဝင်လာပြီး စားပွဲတွေ၊ ပန်းကန်တွေကို ပြန်သိမ်းပါတယ်။ အချိုတည်းစားတော်ခေါ်ပြီးပါကလည်း ကျန်တဲ့အစားအသောက်တွေကို နန်းတွင်းအပျိုတော်တွေကိုပဲ ပြန်စွန့်တယ်လို့ မယ်မယ်ကြီးက ကျွန်မတို့ကို ပြောပြပါတယ်။

မယ်မယ်ကြီး အချိုတည်းပြီးချိန်မှာတော့ မိန်းမစိုးတစ်ဦးက ရေနွေးပန်းကန်လုံး

တစ်လုံးသယ်လာပါတယ်။ ပန်းကန်လုံးရဲ့ အဖုံးနဲ့အောက်ခံပန်းကန်ပြားကို ရွှေအစစ်နဲ့ လုပ်ထားပါတယ်။ လက်ဖက်ရည်ကြမ်း ပန်းကန်လုံးရောက်လာပြီးတော့ ပုံစံတူကျောက်စိမ်းခွက်နှစ်လုံးတင်ထားတဲ့ ငွေလင်ပန်းတစ်ချပ်ကို မိန်းမစိုးနောက်တစ်ဦးက ထပ်ယူလာပါတယ်။ အဲဒီကျောက်စိမ်းခွက်နှစ်လုံးထဲမှာ ပျားရည်စုပ်ပန်းတွေ၊ ဝတ်မှုန်ဝတ်ဆံတွေ ထည့်ထားပါတယ်။ မိန်းမစိုးနှစ်ဦးက မယ်မယ်ကြီးရှေ့ နန်းကြမ်းပြင်ပေါ်မှာ ဝပ်တွားပြီး လက်ဖက်ရည်ကြမ်းပွဲတွေကို ဆက်ကပ်ပါတယ်။ မယ်မယ်ကြီးဟာ လက်ဖက်ရည်ပန်းကန်လုံးရွှေအဖုံးကို လှပ်လိုက်ပြီး ကျောက်စိမ်းပန်းကန်နှစ်လုံးထဲက ပျားရည်စုပ်ပန်းတွေနဲ့ ဝတ်မှုန်ဝတ်ဆံတွေကို ကျောက်စိမ်းလက်ဖက်ရည်ကြမ်းခွက်ထဲ ထည့်ပါတယ်။ လက်ဖက်ရည်ကြမ်းစပ်နေစဉ်မှာ မယ်မယ်ကြီးက သူ့လက်ဖက်ရည်ကြမ်းကို မြည်းကြည့်လိုက် ကြိုက်ကိုကြိုက်သွားမယ်လို့ ပြော ပါတယ်။ ပြီးတော့ မိန်းမစိုးတစ်ဦးကို အခုသူသုံးဆောင်နေတဲ့ လက်ဖက်ရည်ကြမ်းမျိုး ထပ်ယူခဲ့ဖို့ လှမ်းအမိန့်တော်ရှိပါတယ်။ လက်ဖက်ရည်ကြမ်း ပန်းကန်လုံးတွေ ရောက်လာတော့ အဲဒီပန်းကန်လုံးတွေထဲကို မယ်မယ်ကြီးက ပျားရည်စုပ်ပန်းတွေနဲ့ ဝတ်မှုန် ဝတ်ဆံတွေထည့်ပေးပြီး ကျွန်မတို့ လက်ဖက်ရည်ကြမ်းသောက်တာကို စောင့်ကြည့်နေပါတယ်။ ကျွန်မမြည်းစမ်းဖူးသမျှ လက်ဖက်ရည်ကြမ်းတွေထဲမှာ အကောင်းဆုံးအရသာဖြစ်ပါတယ်။ အကြောပေါင်း ၁၀၀၀ စိမ့်လောက်အောင်ကောင်းလှပါတယ်။ ပန်းပွင့်တွေ၊ ဝတ်မှုန်ဝတ်ဆံတွေပါထည့်ထားတော့ လက်ဖက်ရည်ကြမ်းအရသာဟာ လျှာကြောစိမ့်လောက်အောင်ကောင်းပါတယ်။

# မယ်မယ်ကြီးနဲ့ ညစာစားခြင်း

လက်ဖက်ရည်ကြမ်းသောက်ပြီးတဲ့နောက်မှာ မယ်မယ်ကြီးဟာ ညစာပြင်ထားတဲ့ တစ်ဖက်ခန်းဆီကို ထပ်ခေါ်သွားပါတယ်။ မယ်မယ်ကြီးဟာ ခုနလေးကတင်တော်တော်လေး စားထားပြီးပါပြီ။ ထပ်စားနိုင်ပါ့ဦးမလားလို့ ကျွန်မတွေးမိပါတယ်။ ကျွန်မအတွေးမှန်၊ မမှန် မကြာမီမှာဘဲ မျက်ဝါးထင်ထင်တွေ့လိုက်ရပါတယ်။ ညစာစားခန်းရောက်တော့ မယ်တော်ကြီးဟာ ဟင်းပန်းကန်လုံးအဖုံးတွေအားလုံးဖွင့်ဖို့ လက်သုံးတော်တွေကို ညွှန်ကြားပါတယ်။ ပြီးတော့ စားပွဲရှေ့တည့်တည့် ကုလားထိုင်ပေါ်မှာ မယ်မယ်ကြီးကထိုင်ချလိုက်ပြီး ကျွန်မတို့ အပါအဝင် ကျန်တဲ့သူအားလုံးကို စားပွဲခြေရင်းမှာ မတ်တပ်ရပ်နေကြဖို့ ပြောပါတယ်။ ပြီး တော့ပုံမှန်ဆို ညစာစားရင်မင်းကြီးကအတူ ရှိနေတတ်တယ်။ ဒါပေမဲ့ ကျွန်မတို့သားအမိသုံးဦးနဲ့ စိမ်းနေတော့ အိုး တိုးအမ်းတန်း ဖြစ်နေလို့သည်နေ့တော့ မလာတော့ဘူး။ နောက်တော့လည်း အိုးတိုးအမ်းတန်း ဖြစ်တာတွေပျောက်သွားမှာပါလို့ မယ်မယ်ကြီးကမိန့်ပါတယ်။ ပြီးတော့ ကျွန်မတို့သုံးဦးလည်း သူနဲ့အတူစားရမယ်လို့ မိန့်ပါတယ်။ ဒါဟာ မန်ချူးနန်းဓလေ့အရ ကျွန်မတို့ကို အထူးအခွင့်အရေးပေးသနားလိုက်တာပါ။ ဒါကြောင့် မို့လို့လည်း ကျွန်မတို့သား အမိသုံးဦးဟာ ကြမ်းပြင်ပေါ် ပုဆစ်တုပ်ပြီး မယ်မယ်ကြီးကို အရိုအသေပြုလိုက်ကြပါ တယ်။ ပုဆစ်တုပ်ဦးတိုက်အရိုအသေပေးရတဲ့အလုပ်ဟာ ကျွန်မတို့အတွက် ပထမပိုင်းမှာပင်ပန်းလှ ပေမယ့် နောက်ပိုင်းမှာတော့တဖြည်းဖြည်း ကျင့်သားရလာတဲ့အလုပ် တစ်ခုဖြစ်လာပါတယ်။

စားမယ့်အချိန်ရောက်တော့ ကျွန်မတို့သားအမိသုံးဦးကိုလည်း ပန်းကန်တွေ၊ ငွေတူ၊ ငွေဇွန်းတွေ ပေးဖို့ မယ်မယ်ကြီးက မိန်းမစိုးတွေကို လှမ်းခိုင်းပါတယ်။ အတူစားတယ်ဆိုပေမယ့် ကျွန်မတို့က မယ်တော်ကြီးနဲ့အတူ ထိုင်လို့မရပါဘူး။ မတ်တပ်ရပ်ကြီးစားကြရတာပါ။ နန်း တွင်းထုံးစံအရ မယ်မယ်ကြီးရဲ့ စားပွဲမှာမိဖုရားတောင် ထိုင်ခွင့်မရှိပါဘူး။ ဘိုးဘေးတွေချထားတဲ့

နန်းတွင်းဥပဒေတွေကို ဖောက်ဖျက်လို့မရတဲ့အတွက် စိတ်မကောင်းဘူးလို့ မယ်မယ်ကြီးက ကျွန်မတို့ကို မိန့်ပါတယ်။ ပြီးတော့ နန်းတွင်းသူတွေကို ဒါမျိုးဆက်ဆံတာရိုင်းစိုင်းတယ်လို့ နိုင်ငံခြားသားတွေက ထင်မှာသေချာတယ်။ ဒါကြောင့်နိုင်ငံခြားသားတွေကိုလည်း မန်ချူးနန်းတွင်းထုံးစံတွေမသိ စေချင်ဘူးလို့ ပြောပါတယ်။ ပြီးတော့ နိုင်ငံခြားသားတွေ နန်းတွင်းမှာသူဘယ်လိုနေတယ်ဆိုတာမသိစေဖို့အတွက် နိုင်ငံခြားသားတွေနဲ့ တွေ့ဆုံပွဲတိုင်းပုံစံတွေပြောင်းပြီး တွေ့တတ်တယ်လို့ မယ်မယ်ကြီးက ဆက်ပြောပါတယ်။

ကျွန်မမေမေဘက်လှည့်ပြီး မယ်မယ်ကြီးစကားပြောနေတုန်းမှာ ကျွန်မကတော့ မယ်မယ်ကြီးဘယ်လောက်ဆက်စားနိုင်ဦးမလဲကို စောင့်ကြည့်နေပါတယ်။

အမဲသားကို မန်ချူးနန်းတွင်းမှာစားလို့မရပါဘူး။ ဝန်ဆောင်သတ္တဝါတွေဖြစ်တဲ့ နွားသတ္တဝါကို သတ်ဖြတ်စားသုံးတာဟာ အပြစ်ကြီးတစ်ခုဆိုပြီး နန်းတွင်းပညတ်ချက်ရှိပါတယ်။ ဒီတော့ မယ်မယ်ကြီးရဲ့ ဟင်းပွဲတွေထဲမှာ အမဲသားဟင်းမပါဘဲ ဝက်သား၊ သိုးသား၊ ကြက်ငှက်သားငါးနဲ့ ဟင်းသီးဟင်းရွက်တွေ အဓိကချက်ထားပါတယ်။ မယ်မယ်ကြီးရဲ့ ညစာအတွက် ဝက်သားတစ်မျိုးထဲကိုပဲ ပုံစံ ၁၀ မျိုးလောက်နဲ့ချက် ပြုတ်ကြော်လှော်ပေးထားပါတယ်။ ကြက်သွန်နဲ့ချက်တဲ့ ဝက်သားဟင်းတစ်မျိုးကိုတော့ မယ်မယ်ကြီးအတော် ကြိုက်ပုံရပါတယ်။ ပြီးတော့ ကြက်သား၊ ဘဲသားတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ချက်ပြုတ်ထားပါတယ်။ စားပွဲအလယ်မှာတော့ အချင်း နှစ်ပေလောက်ရှိတဲ့ အဝါရောင်ကြွေပန်းကန်ချပ်ကြီးရှိပြီး ကြက်တစ်ကောင်၊ ဘဲတစ်ကောင်နဲ့ ငါးမန်းတောင်ဟင်းချိုစွပ်ပြုတ်တွေ တွေ့ရပါတယ်။

မန်ချူးတွေဟာ ထမင်းစားလေ့စားထမရှိဘဲ ပေါင်မုန့်ကိုတော့ အလွန်ကြိုက်ပါတယ်။ ဒီနေ့မယ်တော်ကြီးရဲ့ ညစာတွေထဲမှာလည်း ပုံစံအမျိုးမျိုးစီမံထားတဲ့ ပေါင်မုန့်အမျိုးမျိုးကိုလည်းတွေ့ရပါတယ်။ ပြီးတော့ အရသာထူးတဲ့ ဟင်းလျာတွေလည်း အများကြီးတည်ခင်းထားပါတယ်။ ကျွန်မကတော့ သိပ်မစား နိုင်ပါဘူး။ မယ်မယ်ကြီးညစာဘယ်လောက်စားနေတယ်ဆိုတာကိုပဲ စောင့်ကြည့်ရင်း၊ ပြောသမျှအားစိုက်နားထောင်ရင်းအလုပ်ရှုပ်နေပါတယ်။ မယ်မယ်ကြီးကတော့ စားနိုင်သလောက်စားလို့တော့ မိန့်ရှာပါတယ်။

စားသောက်ပြီးတော့ မယ်တော်ကြီးက စားပွဲကထပြီး သူ့အိပ်ဆောင်ဘက်လိုက်ခဲ့ရင် မိဖုရားနဲ့ နန်းတွင်းသူတွေဘယ်လို စားကြလဲဆိုတာတွေ့လိမ့်မယ်လို့ ကျွန်မတို့ကိုပြောပါတယ်။ မယ်မယ်ကြီးနဲ့အတူစားပြီး အဆောင်နှစ်ဆောင်ကြားက တံခါးဝကတစ်ဆင့် အိပ်ဆောင်ဘက်လှမ်းကြည့်လိုက်တော့ မိဖုရားနဲ့နန်းတွင်းသူတွေ စားသောက်နေတာကိုတွေ့ရပါတယ်။ မိဖုရားကိုယ်တိုင်နဲ့ နန်းတွင်းသူအားလုံးဟာ စားပွဲဝိုင်းဘေးမှာ ပတ်ပတ်လည်မတ်တပ်ရပ်ပြီး စားသောက်နေတာကို တွေ့ရပါတယ်။ သူတို့မှာထိုင်စားခွင့်မရှိပါဘူး။

နောက်တော့ ပြဇာတ်ရုံက ဒဏ္ဍာရီပုံပြင်ဇာတ်လမ်းတွေကို ဆက်ကပါတယ်။ ဒါပေမဲ့ ပထမ ဆုံးကြည့်ခဲ့ရတဲ့ ပြဇာတ်လောက်စိတ်ဝင်စားဖို့ မကောင်းတော့ပါဘူး။ မယ်မယ်ကြီးက တော့ အိပ်ဆောင်သလွန်တော်ပေါ်မှာ ထိုင်နေပါတယ်။ ပြီးတော့ မိန်းမစိုးတစ်ဦးကို သူ့ အတွက်နဲ့ ကျွန်မတို့အတွက် လက်ဖက်ရည်ကြမ်းတစ်ခွက်စီ ယူလာဖို့အမိန့်ချပါတယ်။ မယ်မယ်ကြီးက ဒီလိုအရေးပေးဆက်ဆံတဲ့အတွက် ကျွန်မ ဘယ်လောက်ပျော်မိမလဲဆိုတာ ဘယ်သူမဆို စိတ်ကူးကြည့်လို့ရမှာပါ။ တရုတ်ပြည်မှာ ပြည်သူတွေက ဘုရင်မယ်တော်ကြီး ဧကရီစီရှီးကို ရေမြွေရှင်အဖြစ်မှတ်ယူထားကြတာပါ။ ဒီတော့မယ်မယ်ကြီးစီရှီးရဲ့ အမိန့်ဟာ ဥပဒေပါပဲ။ မယ်မယ်ကြီးနဲ့ စကားပြောမယ်ဆိုရင် ဘယ်သူကမှ မျက်လုံးမော်ကြည့်လို့မရပါဘူး။ မန်ချူးနန်းတွင်းရဲ့ ဓလေ့ထုံးစံအရ ဒါဟာဘယ်လောက် ရိုကျိုးလေးစားတယ်ဆိုတာပြတဲ့ သဘောပါ။ ကျွန်မကတော့ လွန်ကဲလွန်းတဲ့ ဓလေ့ထုံးစံတွေဟာ အထူးဆန်းဆုံးလို့ပဲ တွေးမိ ပါတယ်။ ဘုရင့်မယ်တော်ကြီး ဧကရီစီရှီးဟာ အလွန်စိတ်မာန်ကြီးတယ်လို့ ကျွန်မတို့ကြားဖူးပါ တယ်။ ဒါပေမဲ့ ကျွန်မတို့မြင်နေရတာက ကြက်သရေရှိတဲ့၊ ကြင်နာတတ်တဲ့၊ မိခင်သဖွယ် စကားဆိုတတ်တဲ့ ဧကရီမိဖုရားကြီးတစ်ပါးပါ။ ကျွန်မတို့ကြားဖူးတဲ့ သတင်းတွေမှားများမှား နေပြီလားလို့ ကျွန်မတွေးမိပါတယ်။

ခဏလောက်နားပြီးတော့ မယ်တော်ကြီးက ကျွန်မတို့ ပီကင်းကိုပြန်ဖို့ အချိန်တန်ပြီလို့ မယ်မယ်ကြီးက ပြောပါတယ်။ တကယ်တမ်းပြောရရင်တော့ အချိန်တောင်လင့်နေပါပြီ။ မယ်မယ်ကြီးဟာ ကျွန်မတို့အတွက် သစ်သီးတွေ၊ မုန့်တွေထည့်ထားတဲ့ အဝါရောင်သေတ္တာ ရှစ်လုံးအိမ်ပြန်လက်ဆောင်ပေးပါတယ်။ ပြီးတော့ ကျွန်မတို့ဖေဖေအမတ်ကြီး ယူကန်းကျန်းမာ ရေးသတိထားဖို့လည်း မေမေ့ကိုအမှာပါးပါတယ်။ ပြီးတော့ ဖေ့ဖေ့အတွက်လည်း သစ်သီးနဲ့ မုန့်ထည့်ထားတဲ့ သေတ္တာရှစ်လုံးထပ်ပေးသနားပါတယ်။ ပါရီက ပြန်လာကတည်းက တစ် ရှောင်ရှောင်ဖြစ်နေတဲ့ ဖေဖေနဲ့ဒီမုန့်တွေတည့်မှ တည့်ပါ့မလားလို့ ကျွန်မတွေးမိပါတယ်။ ဒါပေမဲ့ ဒီမုန့်တွေကြောင့် ကျန်းမာရေးထိခိုက်စေနိုင်တောင်မှ မယ်မယ်ကြီးရဲ့ စေတနာမေတ္တာ အပေါ် ဖေဖေကကျေးဇူးတင်မယ်ဆိုတာ ကျွန်မသိနေပါတယ်။

အများသိပြီးဖြစ်တဲ့အတိုင်း မယ်မယ်ကြီးလက်ဆောင်ပေးတဲ့အခါ ဒူးထောက်ဦးတိုက် အရိုအသေပေးရတာ မန်ချူးနန်းတွင်းထုံးစံပါ။ ဒါကြောင့် ကျွန်မတို့ကို မုန့်ဘူးတွေလက်ဆောင် ပေးတော့ ကျွန်မတို့ကလည်း နန်းတွင်းထုံးစံအတိုင်း မယ်မယ်ကြီးကို ဦးတိုက်အရိုအသေ ပြုကြပါတယ်။ ကျွန်မတို့ နန်းမြို့ကထွက်ခါနီးတော့ မယ်မယ်ကြီးက ကျွန်မတို့မိသားစုကိုသူ သဘောကျတယ်လို့ပြောပြီး ကျွန်မတို့ကိုလည်း နန်းတွင်းမှာ နန်းတွင်းသူများအဖြစ် ထားချင် တယ်လို့ဆိုပါတယ်။ ဒါဟာရှားရှားပါးပါးအခွင့်အရေးတစ်ခု ထပ်ပေးလိုက်တာပါ။ ဒီတော့

ကျွန်မတို့လည်း မယ်မယ်ကြီးရဲ့ မေတ္တာတရားကို ကျေးဇူးတင်ကြောင်းပြတဲ့ အနေနဲ့ ကြမ်းပြင်ပေါ်မှာထပ်ပြီး ဦးတိုက်အရိုအသေပြုကြပါတယ်။ ပြီးတော့ မယ်မယ်ကြီးက နန်းတွင်းကို ကျွန်မတို့ပြန်လာရင် နေရမယ့်စံအိမ်ကို ပြပါတယ်။ နှစ်ရက်သုံးရက်အတွင်းပြန်လာဖို့နဲ့ အဝတ်အစားနဲ့ ကိုယ်ပိုင်အသုံးအဆောင်တွေသာ ယူလာဖို့လည်း အမိန့်ချပါတယ်။ နန်းတွင်းကိုပြန်လာရင် ကျွန်မတို့နေရမယ့် စံအိမ်က စီရှိုးမယ်မယ်ကြီးရဲ့အထူးနန်းဆောင် လက်ယာဘက်မှာရှိပြီးကျယ်ဝန်းတဲ့ အခန်းလေးခန်းပါတဲ့ ခန်းဆောင်ပါ။ ထာဝရချမ်းသာနန်းတော်လို့ အမည်ပေးထားတဲ့ စီရှိုးမယ်မယ်ရဲ့ အထူးနန်းဆောင်ဟာရေကန် ကြီးတစ်ခုရဲ့အစွန်းမှာ ဆောက်ထားပါတယ်။ စီရှိုးမယ်မယ်ဟာ အဲဒီထာဝရချမ်းသာနန်းတော်မှာပဲ စာဖတ်တယ်။ အနားယူပါတယ်။ စိတ်ပျော်နေတဲ့အချိန်မျိုးဆိုရင် ရေကန်ထဲမှာလှေစီးတတ်ပါတယ်။ ထာဝရချမ်းသာ စံနန်းတော်မှာ အခန်းပေါင်းများစွာရှိပြီး အဲဒီအခန်းအားလုံးကို ထောင့်စေ့စေ့ အသုံးပြုထားပါတယ်။

နန်းတွင်းရောက်ရင် ကျွန်မတို့နေရမယ့် ခန်းဆောင်ကို တွေ့ပြီးတဲ့နောက်မှာတော့ ကျွန်မတို့သားအမိဟာ နန်းမြို့ကနေခွာပြီး ငြိမ်းငွေ့ဖွယ်အိမ်အပြန်ခရီးရှည်ကြီးကို စတင်လိုက်ပါတော့တယ်။ ပီကင်းအိမ် ပြန်ရောက်တော့ ကျွန်မတို့မှာထပ်ပြီး အံ့ဩရပြန်ပါတယ်။ အိမ်မှာ နန်းတွင်းမိန်းမစိုး အများအပြားကျွန်မတို့ ပြန်အရောက်ကို စောင့်နေကြပါတယ်။ သူတို့နဲ့အတူ စီရှိုးဧကရီ မိဖုရားကြီးလက်ဆောင်ပေးလိုက်တဲ့ နန်းတွင်းသုံးဖဲထည် လိပ်လေးလိပ် တွေ့လိုက်ရပါတယ်။ ဒီတော့ နန်းတွင်းထုံးစံအရ မယ်မယ်ကြီးရှေ့မှောက်တွင် မဟုတ်တော့ပေမယ့် လက်ဆောင်ပစ္စည်းများကို ကျွန်မတို့ထပ်ပြီးဦးတိုက် အရိုအသေပြုကြရပြန်ပါတယ်။

ဒီနေရာမှာ ထုံးစံတစ်ခုရှိပါတယ်။ ဒါကတော့ နန်းတွင်းမိန်းမစိုးတွေကို လက်ဆောင်ပြန်ကမ်းရတာပါ။ ဒီတော့ ကျွန်မတို့က မယ်မယ်ကြီးရဲ့ လက်ဆောင်ကိုတစ်ကူးတစ်ကလာပို့ပေးတဲ့ မိန်းမစိုးတွေကို ငွေစ ၁၀ စီလက်ဆောင်အဖြစ်ပေးလိုက်ပါတယ်။ နောက်တစ်ခုထပ်သိလိုက်ရတာက နန်းတွင်းမိန်းမစိုးတွေဟာ နန်းတော်ကိုပြန်ရောက်ရင် မယ်မယ်ကြီးရဲ့လက်ဆောင်ကို လက်ခံတဲ့သူက ဘယ်လောက်ထိရိုသေလေးစား ကြောင်းပြတယ်။ ပြီးတော့ သူတို့ကိုဘာပြန်ပေးတယ်ဆိုတာတွေကို မယ်မယ်ကြီးဆီပြန်ပြီး သံတော်ဦးတင်ရတယ်ဆိုတာပါ။ အဲဒီမိန်းမစိုးတွေ နန်းတွင်းပြန်ရောက်တော့မယ်မယ်ကြီးက ကျွန်မတို့အိမ်အကြောင်း ပြီးတော့ ကျွန်မတို့မိသားစုသူ့အပေါ်ထားတဲ့သဘောထားတွေကို ပြန်မေးတယ်လို့သိရပါတယ်။ မိန်းမစိုးတွေဟာ အလွန်ပါးစပ်ဖွာတဲ့သူတွေပါ။ ကျွန်မတို့နန်းတွင်းပြန်ရောက်တော့ နန်းတွင်းထဲစရောက်ချိန်က ကျွန်မတို့နဲ့ပတ်သက်ပြီး မယ်မယ်ကြီးက ဘာတွေပြောခဲ့သလဲဆိုတာတွေကို မိန်းမစိုးတွေက အကုန်ပြန်ပြောပြပါတယ်။

ကျွန်မတို့မေမေကတော့ ကျန်းမာရေးမကောင်းတဲ့ ဖေ့ဖေ့ကိုတစ်ယောက်တည်းထား ပြီး နန်းတွင်းထဲမလိုက်ချင်ပါဘူး။ ဒါပေမဲ့ တရုတ်ပြည်မှာ မင်းမိန့်ကိုဘယ်သူမှ လွန်ဆန်လို့ မရပါဘူး။ အဆုံးတော့သုံးရက်အကြာမှာ ကျွန်မတို့ မိသားစုနန်းတွင်းထဲပြန်ရောက်လာရပါ တော့တယ်။ နန်းတွင်းထဲစပြန်ရောက်တဲ့နေ့ဟာ ကျွန်မတို့အတွက် အတော်အလုပ်များခဲ့ တဲ့နေ့ဖြစ်ပါတယ်။ ပထမဆုံးဘုရင့်မယ်တော်ကြီးကို သွားပြီးအခစားဝင်ရပါတယ်။ ကျွန်မ တို့ကို ပေးတဲ့လက်ဆောင်ပစ္စည်းတွေအတွက် ကျေးဇူးတင်စကားပြောရပါတယ်။ တရုတ်ပြည် ဆိုင်ရာ ရုရှားသံအမတ်ကြီးကတော်ကို လက်ခံတွေ့ရမှာမို့ သူဒီနေ့အလုပ်များနေတယ်လို့ မယ်မယ်ကြီးက ကျွန်မတို့ကိုမိန့်ပါတယ်။ ရုရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်က မယ်မယ်ကြီးအတွက် ဇာဘုရင်ကပေးလိုက်တဲ့ လက်ဆောင်အဖြစ် ဇာဘုရင်၊ မိဖုရားဇာရီနာနဲ့ မိသားစုဝင်တွေရဲ့ ပုံတူပန်းချီ ကားတစ်ချပ်ဆက်သမှာဖြစ်ပါတယ်။ နောက်တော့ မယ်မယ် ကြီးက ကျွန်မကို ရုရှားစကားပြောတတ်လားဆိုပြီး မေးပါတယ်။ ဒီတော့ ကျွန်မက ရုရှား စကားမပြောတတ်ကြောင်း၊ ဒါပေမဲ့ ရုရှားအများစုကတော့ ပြင်သစ်စကားပြောနိုင်ကြောင်း ပြန်လျှောက်တင်လိုက်ပါတယ်။

ကျွန်မက အဲလိုဖြေနေတဲ့အချိန်မှာ ဘုရင့်မယ်တော်ကြီးဟာ နန်းတွင်းသူတွေထဲက တစ်ဦးကို စူးစူးဝါးဝါးစိုက်ကြည့်နေပါတယ်။ ကေန္တတော့ ဘုရင့်မယ်တော်ကြီးကို နန်းတွင်းသူ တစ်ဦးကတော့ တစ်ခုခုညာထားပြီလို့ ကျွန်မထင်လိုက်ပါတယ်။ ဘယ်လောက်မှမကြာပါဘူး။ ကျွန်မထင်ထားတဲ့အတိုင်းပါပဲ။ နိုင်ငံခြားဘာသာစကား မပြောတတ်ဘဲ ပြောတတ်ချင်ယောင် ဆောင်ထားတဲ့ နန်းတွင်းသူတစ်ဦး နန်းတွင်းကနှင်ထုတ်ခံလိုက်ရပါတယ်။

သည်နေ့သည်ရက်မှာ မယ်မယ်ကြီးက ရုရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန် ကို လက်ခံတွေ့ဆုံမယ့် အခမ်းအနားရှိတယ်ဆိုတာကျွန်မတို့ ကြိုမသိခဲ့ပါဘူး။ ဒါကြောင့် အဝတ်အစားတွေပြန်လဲခွင့်ပေးဖို့ ကျွန်မတို့က မယ်မယ်ကြီးဆီမှာခွင့်တောင်းပါတယ်။ အဲဒီ နေ့က ကျွန်မတို့ ဝတ်ထားတဲ့အဝတ်တွေက ခပ်ရိုးရိုးခပ်တိုတို အဝတ်အစားတွေပါ။ နန်းတွင်း မှာကော်ဇောမရှိပါဘူး။ ကျွန်မတို့ရဲ့ အနီရောင်ကတ္တီပါဂါဝန်ရှည်တွေက နန်းတွင်းအုတ်ကြမ်း ပြင်နဲ့ ပွတ်တိုက်ပျက်စီးသွားနိုင်ပါတယ်။ ပြီးတော့ နမော်နမဲ့ မိန်းမစိုးတွေလည်း ကျွန်မတို့ရဲ့ ဂါဝန်အနားစကို တက်နင်းတတ်ပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့က ခပ်ရိုးရိုးခပ်တိုတို အဝတ်အစားတွေပဲ ရွေးဝတ်ထားတာပါ။ ပထမတုန်းကတော့ မယ်မယ်ကြီးက အခုအဝတ် အစားတွေနဲ့ပဲ ပိုလိုက်ဖက်နေသလိုပြောခဲ့ပေမယ့် နောက်ဆုံးတော့ အလှဆုံးပွဲတက်ဂါဝန်တွေ လဲခဲ့ဖို့ခွင့်ပေးလိုက်ပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့သားအမိတစ်တွေဟာ ကျွန်မတို့အဆောင်ကိုပြန်ပြီး ပွဲတက်အဝတ်အစားတွေ ကမန်းကတန်း လဲကြရပါတယ်။ ဒါတောင်မှ မယ်မယ်ကြီးက

ကျွန်မတို့အသင့်ရှိ မရှိကြည့်ဖို့အတွက် မိန်းမစိုးတွေ လွှတ်လိုက်ပါသေးတယ်။ မယ်မယ်ကြီး ရှေ့တော်ပြန်ရောက်တဲ့အခါမှာ ကျွန်မတို့သုံးဦးသားကို ကြည့်ပြီးအပြီးရှည်နဲ့ နတ်သမီးသုံးပါး ရောက်လာပြီပေါ့လို့ ကျီစယ်ပါတယ်။

ပြီးတော့လမ်းလျှောက်တိုင်း ဂါဝန်တစ်ဝက်လောက်ကို လက်နဲ့မထားရတာ မပင်ပန်းဘူးလားလို့ မေးပါတယ်။ ကျွန်မတို့ရဲ့ ပွဲတက်ဂါဝန်တွေဟာလှပေမယ့် အမြီးတန်းကြီးတွေပါတာတော့ မကြိုက်ဘူးလို့လည်းမိန့်ပါတယ်။ ဒါပေမဲ့နောက်တော့ ကျွန်မတို့ကို ဘာကြောင့်ပွဲတက်ဂါဝန်လဲခိုင်းရသလဲဆိုတာကို မယ်မယ်ကြီးက ရှင်းပြပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံခြားသားတွေနဲ့ ဝတ်စားဆင်ယင်မှုဓလေ့ကို သူလည်းသိထားတယ်ဆိုတာပြဖို့ပါ။ ပြီးတော့နိုင်ငံခြားသားတွေဟာ တရုတ်တွေလောက်မချမ်းသာဘူး။ သူတို့ဟာ ရတနာပစ္စည်းဆိုရင် မဖြစ်စလောက်သာဝတ်တာကိုတွေ့ရတယ်လို့ မယ်မယ်ကြီးက ဆက်ပြောပါတယ်။ သူပိုင်တဲ့ရတနာပစ္စည်းတွေက ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တိုင်းပြည်ထက်မဆိုများတယ်လို့ ဆိုကြပေမယ့် ရတနာရှိရာရတနာတွေလာနေတုန်းပဲလို့လည်း မယ်မယ်ကြီးက ဆိုပါတယ်။

အဲဒီနေ့က ရုရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်ကိုကြိုဖို့အတွက် နန်းတွင်းထဲမှာ အလုပ်ရှုပ်နေပါတယ်။ နေ့လယ် ၁၂ နာရီမှာ နန်းထဲရောက်လာတဲ့ သံအမတ်ကြီးကတော်ကို ကျွန်မရဲ့ညီမက ပထမမင်းဝင်း ဧည့်ရိပ်သာမှာ ကြိုဆိုခဲ့ပြီး ညီလာခံခန်းမဆောင်ဆီခရီးကြို ခေါ်ဆောင်လာပါတယ်။ ညီလာခံခန်းမထဲမှာတော့ မယ်မယ်ကြီးဟာ မင်းစင်ပေါ်က သလွန်တော်ပေါ်မှာထိုင်ပြီး သံအမတ်ကြီးကတော်ကို စောင့်နေပါတယ်။ စီရှီးမယ်မယ်ရဲ့ဘေးမှာ ဧကရာဇ်ကွမ်ဆူးလည်း ထိုင်နေပါတယ်။ ကျွန်မကတော့ စကားပြန်အဖြစ်တာဝန်ယူပေးဖို့ စီရှီးမယ်မယ်ရဲ့လက်ယာဘက်မှာ မတ်တပ်ရပ်ခစားနေရပါတယ်။ စီရှီးမယ်မယ်ကြီးရဲ့ တစ်ကိုယ်လုံးရတနာတွေက ညွတ်နေပါတယ်။ ရုရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်ကို ကျွန်မညီမက မင်းစင်လှေကားထစ်တွေအထိ ခန်းဦးကြိုခေါ်လာပါတယ်။ နောက်တော့ ကျွန်မက မင်းစင်လှေကားမှတစ်ဆင့် စီရှီးမယ်မယ်ကြီးရဲ့ သလွန်ရှိရာ မင်းစင်ပေါ်အထိဆက်ပြီး ခရီးဦးကြိုရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ မင်းစင်ပေါ်ရောက်လာတဲ့ မဒမ်ပလန်ကွန်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ နှုတ်ဆက်ပြီးတော့ မဒမ်ပလန်ကွန်က ရုရှားဇာဘုရင်မိသားစုရဲ့ ပန်းချီကားလက်ဆောင်ကိုဆက်သပါတယ်။ စီရှီးမယ်မယ်ကြီးကလည်း အလွန်လှတဲ့ တရုတ်စကားနဲ့ ဇာဘုရင်နဲ့ မိဖုရားဇာရီနာတို့ကို ကျေးဇူးတင်စကားပြောပါတယ်။ အဲဒီကျေးဇူးတင်စကားကို ကျွန်မကပြင်သစ်ဘာသာနဲ့ ရုရှားသံအမတ်ကြီး ကတော်ကို ဘာသာပြန်ပေးပါတယ်။ မဒမ်ပလန်ကွန်က အင်္ဂလိပ်စကားမပြောတတ်ပါဘူး။ ပြီးတော့ ဧကရာဇ်ကွမ်ဆူနဲ့ မဒမ်ပလန်ကွန်ကို မိတ်ဆက်ပေးဖို့စီရှီးမယ်မယ်ကြီးက ကျွန်မကိုမိန့်ပါတယ်။

ကျွန်မ မိတ်ဆက်ပေးပြီးတဲ့နောက်မှာ ဧကရာဇ် ကွမ်ဆူးဟာ သူ့သလွန်ကထပြီး မဒမ်ပလန်ကွန်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ ဇာဘုရင်မိသားစုသာကြောင်း မာကြောင်းလည်းမေးပါတယ်။ လက်ခံတွေ့ဆုံပွဲပြီးတဲ့ နောက်မှာတော့ စီရှီးမယ်မယ်ကြီးက သလွန်ပေါ်က ဆင်းလာပြီး မဒမ်ပလန်ကွန်ကို သူ့သီးသန့်စံနန်းဆီခေါ်သွားပါတယ်။ စံနန်းဆီရောက်တော့ စီရှီးမယ်မယ်ကြီးက မဒမ်ပလန်ကွန်နဲ့ ၁၀ မိနစ်လောက်စကားပြောပါတယ်။ ကျွန်မကတော့ စကားပြန်ပေါ့။ နောက်တော့ ဧကရာဇ်မိဖုရားနဲ့ ရုရှားသံအမတ်ကြီးကတော်ကို ကျွန်မထပ်ပြီး မိတ်ဆက်ပေးရပါတယ်။

မန်ချူးနန်းတွင်းမှာ ယောက္ခမနဲ့ချွေးမဆက်ဆံရေးဥပဒေတွေဟာ အလွန်တင်းကျပ်ပါတယ်။ စီရှီးမယ်မယ်ကြီးဧည့်တွေ့နေတုန်းက ဧကရာဇ်ကွမ်ဆူးရဲ့ မိဖုရားဟာ မယ်မယ်ကြီးသလွန်အနောက်ဘက်လိုက်ကာ နောက်မှာပဲနေကြရပါတယ်။ အဲဒီနေရာမှာပဲ မိဖုရားနဲ့မဒမ်ပလန်ကွန်ကို မိတ်ဆက်ပေးရပါတယ်။ မိဖုရားနဲ့တွေ့ပြီးတော့ ကျွန်မနဲ့ မဒမ်ပလန်ကွန်တို့ဟာ ဂုဏ်ပြုညစာစားပွဲကျင်းပမယ့် ခန်းမဆောင်ဆီ ဆက်သွားကြပါတယ်။ ရုရှားသံအမတ်ကြီးကတော်အတွက် ညစာစားပွဲကို မန်ချူးရိုးရာအတိုင်း တည်ခင်းပြင်ဆင်ပေးထားပါတယ်။

သည်နေရာမှာ တရုတ်တွေရဲ့ စားပွဲတည်ခင်းပွဲနဲ့ မန်ချူးတွေစားပွဲ တည်ခင်းပွဲတို့အကြားက မတူတဲ့အချက်ကို ကျွန်မရှင်းပြချင်ပါတယ်။ တရုတ်လူမျိုးတွေစားပွဲတည်ရင် စားပွဲအလယ်ခေါင်တည့်တည့်မှာ ဟင်းပွဲတွေကို တစ်ကြိမ်တည်းနဲ့ တည်ခင်းပါတယ်။ စားတဲ့သူအားလုံးက တူတွေသုံးပြီး ကိုယ်စားချင်တာ ယူစားရုံပါပဲ။ မန်ချူးတွေရဲ့ ပုံစံကတော့တစ်မျိုးပါ။ ဟင်းပွဲစားပွဲတွေကို တစ်မျိုးစီချပြီး တည်ခင်းပါတယ်။ အခြားနိုင်ငံတွေက စားပွဲတည်ခင်းပုံနဲ့အတူတူပါပဲ။ နန်းတွင်းဟင်းလျာတွေဟာ အမြဲလိုလိုအလွန်အရသာ ထူးတဲ့သန့်ရှင်းတဲ့ဟင်းလျာတွေပါ။ အထူးသဖြင့် နိုင်ငံခြားဧည့်သည်တွေလာကြပြီဆိုလျှင် နန်းတွင်း ဟင်းလျာတွေဟာ သိပ်အရသာထူးပြီး အမျိုးအမည်လည်း စုံလှပါတယ်။ ရုရှားသံအမတ်ကြီးကတော်အတွက် မန်ချူးညစာစားပွဲ တာဝန်ယူတည်ခင်းပေးဖို့ စီရှီးမယ်မယ်ကြီးက ကိုယ်တိုင်ကျွန်မကို ခိုင်းထားတာပါ။

စီရှီးမယ်မယ်ကြီးနဲ့ ဧကရာဇ်ကွမ်ဆူးတို့ဟာ ဧည့်သည်တွေနဲ့ စားသောက်ပွဲအတူထိုင်လေ့မရှိပါဘူး။ ဒီတော့ ရုရှားသံအမတ်ကြီးကတော်ကို မင်းသမီးတွေနဲ့ နန်းတွင်းအပျိုတော်တွေကပဲ တာဝန်ယူဧည့်ခံကြရပါတယ်။ စားသောက်ပွဲကျင်းပနေတုန်းမှာပဲ မိန်းမစိုးတစ်ယောက် ခန်းမဆောင်ထဲဝင်လာပြီး စီရှီးမယ်မယ်ကြီးက ကျွန်မတို့ကို ချက်ချင်းရှေ့တော်ဝင်ဖို့ မိန့်လိုက်ကြောင်း အကြောင်းကြားလာပါတယ်။ စားသောက်ပွဲ တည်ခင်းတဲ့ နေရာမှာတစ်ခုခုမှားခဲ့လို့လား ဒါမှမဟုတ် မန်ချူးနန်းတွင်းရဲ့ အစဉ်အလာအတိုင်း မိန်းမစိုးတစ်ယောက်ယောက် ကုန်းချော

လိုက်ပြီလားလို့ ကျွန်မစိတ်ထဲမှာ ထိတ်ထိတ်ပြာပြာတွေးမိပါတယ်။ ဒါပေမယ့် ရွှေတော်ရောက်တော့ စီရှီးမယ်မယ်ကြီးက ရွှင်ရွှင်ပျပျဖြစ်နေတာတွေ့တော့ ကျွန်မလည်း အတော်လေး အံ့ဩခဲ့ရပါတယ်။

ရှရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်ဟာ နန်းတွင်းထဲရောက်ဖူးတဲ့ အခြားနိုင်ငံခြားမှူးကြီးမတ်ကြီး ကတော်တွေလိုမဟုတ်ဘဲ သိပ်ယဉ်ကျေးတယ်လို့ စီရှီးမယ်မယ်ကြီးက ကျွန်မကိုပြောပါတယ်။ ပြီးတော့ နန်းတွင်းထဲရောက်ခဲ့ဖူးတဲ့ အချို့နိုင်ငံခြားမှူးကြီးမတ်ကြီး ကတော်တွေဆိုရင် ကျွန်မတို့ကို တရုတ်လူမျိုးလိုပဲထင်နေပြီး အထက်စီးကဆက်ဆံချင်ပုံရတယ်လို့ စီရှီးမယ်မယ်ကြီးက ဆက်မိန့်ပါတယ်။ စီရှီးမယ်မယ်ကြီးဟာ နန်းတွင်းထဲရောက်လာတဲ့ နိုင်ငံခြားမှူးကြီးမတ်ရာကတော်တွေကို သူတို့ဘက်က ဘယ်လောက်ရိုင်းပျရိုင်းပျ ယဉ်ယဉ်ကျေးကျေးဆက်ဆံတတ်ပါတယ်။ ဒါပေမဲ့ အဲဒီကတော်တွေ ပြန်သွားရင် ဘယ်သူကောင်းတယ်၊ ဘယ်သူဆိုးတယ်ဆိုတာကိုတော့ ကျွန်မတို့ကိုပြောပြတတ်ပါတယ်။

ဂုဏ်ပြုညစာစားပွဲပြီးတော့ ရှရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်က စီရှီးမယ်မယ်ကြီးကို အလွန်ကျေးဇူးတင်ကြောင်း ကျွန်မကိုပြောပါတယ်။ နန်းတွင်းထဲက မဒမ်ပလန်ကွန်ထွက်ခွာတော့ ကျွန်မတို့က သူ့ရဲ့ဝေါယာဉ်စောင့်နေတဲ့ မင်းဝင်းအထိ လိုက်ပို့ပေးကြရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ နန်းတွင်းထဲလာတဲ့ ဧည့်သည်တွေနဲ့ ပတ်သက်ပြီးစည်းမျဉ်းတစ်ရပ်ချမှတ်ထားပါတယ်။ အဲဒီစည်းမျဉ်းကတော့ ဧည့်သည်အားလုံးပြန်တာနဲ့ ကျွန်မတို့က ရွှေတော်ပြန်ဝင်ပြီး ဧည့်သည်တွေနဲ့ပတ်သက်ပြီး ကြုံခဲ့ရသမျှကို ပြန်ပြီးသံတော်ဦးတင်ကြရတာပါ။ စီရှီးမယ်မယ်ကြီးကလည်း မိန်းမသားပီပီ စပ်စုတတ်တဲ့သဘာဝရှိပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ကျွန်မစကားပြန်အဖြစ် တာဝန်ယူပေးခဲ့တာကို သဘောတွေ့နေပါတယ်။ နန်းတွင်းလာတဲ့ နိုင်ငံခြားသားမှူးကြီး မတ်ရာကတော်တွေဟာ ကိုယ်ပိုင်စကားပြန်တွေ ခေါ်လာတတ်ပါတယ်။ တစ်ခါတစ်လေအပြင်က ပါလာတဲစကားပြန်တွေဟာ တရုတ်လေဌာန်ကရိုဏ်းမကျတော့ စီရှီးမယ်မယ်ကြီးဟာ နားထွေးသွားတတ်ပါတယ်။ ဒါကြောင့်ကျွန်မလို နိုင်ငံခြားရေးဘာသာ စကားတွေ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်တဲ့ နန်းတွင်းသူတစ်ဦးကို ဘယ်တော့မှ လက်လွှတ်ခံမှာမဟုတ်ဘူးလို့ မယ်မယ်ကြီးက ပြောပါတယ်။ ပြီးတော့ သေတပန်သက်တဆုံး သူနဲ့ပဲနေရမည်ဖြစ်ပြီး ကျွန်မအတွက် အိမ်ထောင်ရက်သားချဖို့လည်း သူပဲ စီစဉ်ပေးမယ်လို့ စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ ဒါပေမဲ့ ဘယ်သူနဲ့လဲဆိုတော့ အခုမပြောသေးဘူးလို့ ဆိုပါတယ်။

စီရှီးမယ်မယ်ကြီးရဲ့စကားတွေကြောင့် ကျွန်မအရမ်းပျော်မိပါတယ်။ ဒါပေမဲ့ ကျွန်မ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ မယ်မယ်ကြီးရဲ့စကားသံတွေကြောင့် ကျွန်မရင်ထဲမှာ စိုးရိမ်မိ

ပါတယ်။ အိမ်ထောင်ရက်သားကိစ္စကို ကျွန်မတစ်ခါမှ မတွေးမိသေးပါဘူး။ ဒီအကြောင်းကို မေမေ့ကို ပြန်ပြောတော့ ငြင်းနိုင်တဲ့ ကိစ္စမို့လို့မစိုးရိမ်နဲ့လို့ မေမေနှစ်သိမ့်ပါတယ်။

## စီရှိုးမယ်မယ်ကြီးနဲ့အတူ

ဘာလိုလိုနဲ့ ကျွန်မတို့သားအမိ မန်ချူးနန်းတွင်းမှာ အဆောင်ရနန်းတွင်းသူတွေ ဖြစ်လာပါတယ်။ သည့်မတိုင်မီကပြောခဲ့သလိုပဲ နန်းတွင်းထဲမှာ ကျွန်မတို့ရတဲ့အဆောင်ဟာ အခန်းကျယ်လေးခန်းနဲ့ ခန်းဆောင်တစ်ခုပါပါတယ်။ အခန်းလေးခန်းမှာ သုံးခန်းကိုကျွန်မတို့ သားအမိကတစ်ခန်းစီယူပြီး ကျန်တစ်ခန်းကိုတော့ အစေခံတွေအတွက် ပေးလိုက်ပါတယ်။ စီရှိုးမယ်တော်ကြီးက ကျွန်မတို့ သားအမိအတွက် အဖော်သဟဲလုပ်ပေးဖို့ မိန်းမစိုးတစ်ယောက် တာဝန်ချထားပါတယ်။ ကျွန်မတို့ကို လိုလေသေးမရှိ ကူညီဖို့မယ်မယ် ကြီးက အခြားမိန်းမစိုး လေးဦးကို တာဝန်ပေးထားကြောင်း၊ ထိုမိန်းမစိုးများခိုင်းတဲ့အတိုင်းမလုပ်ပါက မိမိကိုတိုင် ကြားနိုင်ကြောင်း အဲဒီမိန်းမစိုးက ပြောပါတယ်။

ကျွန်မတို့ရဲ့ အဆောင်ကိုရောက်တော့ မိန်းမစိုးကြီးက ကျွန်မတို့အဆောင်လက်ယာ ဘက်က အဆောက်အအုံတစ်လုံးကို ညွှန်ပြပြီးခုနကမှ ကျွန်မတို့ထွက်လာတဲ့ စီရှိုးမယ်မယ် ကြီးရဲ့ စံနန်းတော်လို့ပြောပါတယ်။ စီရှိုးမယ်မယ်ကြီးရဲ့ စံနန်းနဲ့ ကျွန်မတို့ရဲ့အဆောင်ဟာ အမြင်နီးလှပေမယ့် ဘာကြောင့်အတော်ဝေးသွားမှန်း ကျွန်မနားမလည်နိုင်အောင် ဖြစ်မိပါ တယ်။ ပြီးတော့ အဲဒီအကြောင်းကိုလည်း မိန်းမစိုးလီကို ဖွင့်မေးကြည့်ပါတယ်။ အဲဒီတော့ မိန်းမစိုးလီက ကျွန်မတို့ရဲ့ အဆောင်တွေဟာ ဧကရာဇ်ကွမ်ဆူးနန်းတော်ရဲ့ လက်ဝဲဘက်မှာရှိ တယ်လို့ ပြောပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ နန်းတွင်းအပျိုတော်တွေရှိတဲ့နေရာနဲ့ စီရှိုး မယ်မယ်ကြီးရဲ့ စံနန်းတော်ကြားထဲမှာ တိုက်ရိုက်ဝင်ပေါက်တစ်ပေါက်ရှိပေမယ့် အဲဒီဝင် ပေါက်ကို စီရှိုးမယ်မယ်ကြီးက ပိတ်ထားတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ပိတ်ထားရတဲ့အကြောင်း ကို မိန်းမစိုးလီက ထုတ်မပြောပါဘူး။ ကျွန်မတို့ရဲ့နေရာဟာ ခွန်မင်းရေကန်ဘက်ကို မျက်နှာ မူရမယ့်အစား အရှေ့ဘက်ကိုမျက်နှာမူသင့်တယ်လို့ မိန်းမစိုးလီက ပြောပါတယ်။ အမှန်တော့

ရေကန်ကြီးရှုခင်းက ပိုလှပါတယ်။ ဒီတော့ ရေကန် ဘက်မျက်နှာမူထားရင် ပိုမကောင်းဘူးလား လို့ ကျွန်မက မိန်းမစိုးလီကို မေးလိုက်ပါတယ်။ မိန်းမစိုးလီက ပြုံးပါတယ်။ ပြီးတော့ နန်းတွင်း ဆိုတာ ဘယ်လောက်ရှုပ်လဲမသိခင် ကျွန်မတို့အနေနဲ့ အများကြီးသင်ယူဖို့ နားလည်ဖို့လို တယ်လို့ လီကပြောပါတယ်။ သူ့စကားကြောင့် အံ့အားသင့်ခဲ့ရပေမယ့် ကျွန်မဘာမေးခွန်းမှ ဆက်မမေးတော့ပါဘူး။

ဒါပေမဲ့ မပြီးသေးပါဘူး။ ကေရာဇ်ကွမ်ဆူးရဲ့ နန်းတော်ဟာ ကျွန်မတို့ နန်းတွင်းအဖွဲ့ တော်ဆောင်တွေရဲ့ အနောက်ဘက်လေးမှာပင်ရှိကြောင်း မိန်းမစိုးလီက ပြောပါတယ်။ ကေရာဇ်ကွမ်ဆူးရဲ့ နန်းဆောင်က စီရှီးမယ်မယ်ကြီးရဲ့ နန်းဆောင်နဲ့ ပုံစံချင်းအတူတူပါပဲ။ ကျွန်မတို့လှမ်းကြည့်လိုက်တော့ ကေရာဇ်နန်းတော် မင်းဝင်းထဲကသစ်ပင်တွေကို ခေါင်မိုး ကျော်ပြီးလှမ်းမြင်နေရပါတယ်။ ပြီးတော့ မိန်းမစိုးစီက ကေရာဇ်နန်းတော်အနောက်က နန်းတော်တစ်ဆောင်ကို ထပ်ပြပါတယ်။ အဲဒီနန်းတော်က ဘုရင့်မိဖုရားနန်းတော်ဖြစ်ပြီး ဘုရင့်နန်းတော်ထက်ပိုကြီးပေမယ့် ဘုရင့်နန်းတော်လောက်တော့ မမြင့်ပါဘူး။ မိဖုရားနန်း ဆောင်မှာတော့ ဝဲယာခြံရံထားတဲ့ အဆောက်အအုံနှစ်လုံးတွေ့ရပါတယ်။ လက်ယာဘက်က အဆောက်အအုံကတော့ ဒုတိယမိဖုရားရဲ့ အိပ်ဆောင်လို့ မိန်းမစိုးလီကရှင်းပြပါတယ်။ အရင်ကတော့ ကေရာဇ်ကွမ်ဆူးရဲ့ နန်းဆောင် နဲ့ မိဖုရားနန်းဆောင်တို့အကြားမှာ ဝင် ပေါက်ထွက်ပေါက်ရှိပေမယ့် အဲဒီအပေါက်ကို စီရှီးမယ်တော်ကြီးက ပိတ်ထားတယ်လို့ လီက ပြောပါတယ်။ အဲဒီလို ပိတ်ထားတဲ့အတွက် ဘုရင်နဲ့မိဖုရားဟာ စီရှီးမယ်မယ်ကြီးရဲ့ နန်း ဆောင်ကိုမဖြတ်ဘဲနဲ့ တစ်ဦးနဲ့တစ်ဦးဆက်သွယ်လို့မရပါဘူး။ ကျွန်မထင်တာကတော့ စီရှီး မယ်မယ်ကြီးဟာ ဘုရင်နဲ့မိဖုရားဘာတွေလုပ်တယ်ဆိုတာ တစ်ချိန်လုံးစောင့်ကြည့်နိုင်ဖို့ အတွက် နန်းဆောင်နှစ်ခုအကြားက အဝင်အထွက်လမ်းကို ပိတ်ထားတာပါ။ နန်းတွင်း ထဲမှာတော့ ကျွန်မအဖို့အရာရာက အသစ်အဆန်းတွေချည်းပါပဲ။ စဉ်းလည်းမစဉ်းစားတတ် တော့ပါဘူး။ ဒီအကြောင်းတွေမိန်းမစိုးလီ ထပ်ပြောမှာကို ကျွန်မကြောက်နေ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မလည်း မိန်းမစိုးလီကို ပင်ပန်းလို့အနားယူတော့မယ်ဆိုပြီး စကားဖြတ် လိုက်ရပါတယ်။

ကျွန်မတို့အခန်းကို ပြန်ရောက်ပြီး ဘယ်လောက်မှမကြာခင်မှာပဲ မိန်မစိုးအချို့ ကျွန်မတို့အတွက် ညစာတွေသယ်လာပါတယ်။ အဲဒီညစာကို စီရှီးမယ်မယ်ကြီးက ပို့ပေးလိုက် တာပါ။ ပြီးတော့လည်း စိတ်လက်ပေါ့ပေါ့ပါးပါးနေကြဖို့လည်းမှာ လိုက်ပါသေးတယ်။ အရမ်း ပင်ပန်းနေတော့ ကျွန်မတို့လည်း သိပ်မစားနိုင်ကြပါဘူး။ သည်တစ်ညတာအတွက် အနား ယူတော့မယ့်ဆဲဆဲမှာ မိန်းမစိုးလီရောက်လာပါတယ်။ ပြီးတော့ နံနက် ၅ နာရီ အိပ်ရာထရမယ့်

အကြောင်းပြောပါတယ်။ ကျွန်မကလည်း နံနက် ၅ နာရီထိုးရင် ကျွန်မ ပြတင်းပေါက်ကို ခေါက်နိုးဖို့ မိန်းမစိုးလီကိုမှာထားလိုက်ပါတယ်။ နောက်တော့ ကျွန်မတို့တစ်တွေလည်း အိပ်ရာဝင်ပါတယ်။ ဒါပေမဲ့ တစ်နေကုန်ကြုံခဲ့သမျှ တစ်ယောက်နဲ့တစ်ယောက်ဖောက်သည်ချလို့ မပြီးနိုင်သေးတော့ ချက်ချင်းအိပ်လို့မရပါဘူး။ နောက်ဆုံးမှာတော့ ကျွန်မတို့သားအမိမောမော ပန်းပန်းနဲ့ပဲ အိပ်မောကျသွားပါတယ်။ မနက် ၅ နာရီလောက် တံခါးခေါက်သံကြားတဲ့အချိန်မှာ ကျွန်မစိတ်ထဲမှာတော့ အိပ်မောကျတာ ဘယ်လောက်မှမကြာသလို ခံစားနေရပါတယ်။

ကျွန်မအိပ်ရာကထတဲ့ပြီး ပြတင်းပေါက်ဖွင့်ပြီး အပြင်ကိုလှမ်းကြည့်လိုက်တော့ အရုဏ်ပျို့နေပါပြီ။ အနီးရင့်ရင့်ကောင်းကင်က ငြိမ်သက်နေတဲ့ ရေကန်ကို အလင်းပြန်ဟပ်နေပါတယ်။ ရှုခင်းကတော့ တကယ့်ကိုချစ်စရာလွမ်းမောစရာပါ။ ဟိုးခပ်ဝေးဝေးမှာတော့ စီရှိုးမယ်တော်ကြီးရဲ့ သုံးပန်လျပန်းတောင်ကျွန်းကို လှမ်းတွေ့ရပါတယ်။ သည်နောက်တော့ ကျွန်မလည်း အဝတ်အစားတွေလဲပြီး စီရှိုးမယ်မယ်ကြီးရဲ့ နန်းဆောင်ကို သွားရပါတော့တယ်။ စီရှိုးမယ်မယ်ကြီး နန်းဆောင်ကိုရောက်တော့ လေသာဆောင်မှာ ကေရာဇ်ကွမ်ဆူးရဲ့ မိဖုရားထိုင်နေပါတယ်။ ကျွန်မလည်း ကေရာဇ်မိဖုရားကို နှုတ်ဆက်ဂါရဝပြုလိုက်ပါတယ်။ ပြီးတော့ ကေရာဇ်ကွမ်ဆူးရဲ့ ဒုတိယမိဖုရားကိုလည်း တွေ့ရပါတယ်။ နန်းတွင်းစည်းမျဉ်းအရ ဒုတိယမိဖုရားကို ကျွန်မတို့အရိုအသေပေးဖို့မလိုပါဘူး။ ပြီးတော့ နန်းတွင်းသူတစ်အုပ်တစ်မကြီးကိုလည်း တွေ့ပါတယ်။ အတော်များများကတော့ ကျွန်မအရင်က မတွေ့ဖူးတဲ့နန်းတွင်းသူတွေပါ။ ဒါပေမဲ့ ကေရာဇ်မိဖုရားက ကျွန်မကို အဲဒီနန်းတွင်းသူတွေနဲ့ မိတ်ဆက်ပေးပါတယ်။ အဲဒီနန်းတွင်းသူတွေဟာ မန်ချူးအဆင့်မြင့် အရာရှိကြီးတွေရဲ့သမီးတွေပါ။ အချို့ဆိုအတော်လှပါတယ်။ သည်နန်းတွင်းသူ ၁၀ ဦးဟာ စီရှိုးမယ်မယ် ကြီးရှေ့မှောက် ဝင်ခွင့်မရှိသေးကြောင်း၊ နန်းတွင်းဓလေ့ထုံးစံတွေကို သင်ယူနေကြဆဲဖြစ်ကြောင်း ကျွန်မကို ကေရာဇ်မိဖုရားက ရှင်းပြပါတယ်။

နန်းတွင်းအပျိုတော်သစ်တွေနဲ့တွေ့ပြီးတော့ ကေရာဇ်မိဖုရားနဲ့ ကျွန်မတို့နှစ်ဦး မယ်မယ်ကြီး နန်းဆောင်ထဲကို ဝင်ခဲ့ပါတယ်။ ကျွန်မတို့နှစ်ယောက် စီရှိုးမယ်မယ်ကြီးရဲ့ စက်ခန်းဆောင်ကိုဝင်ပြီး မယ်မယ်ကြီးဝတ်လဲတော်ဆင်ဖို့ ကူညီပေးရမယ်လို့ ကေရာဇ်မိဖုရားက ပြောပါတယ်။ စက်ခန်းဆောင်ရောက်တော့ စီရှိုးမယ်မယ်ကြီးဟာ အိပ်ရာထဲမှာပဲ ရှိပါသေးတယ်။ ကျွန်မတို့ကိုတွေ့တော့ ပြုံးပြီးကောင်း ကောင်းအိပ်ရလားလို့မေးပါတယ်။ ကျွန်မကလည်း အိပ်ရတာ သက်သောင့်သက်သာရှိပါကြောင်း ပြန်သံ တော်ဦးတင်လိုက်ပါတယ်။ တကယ်တော့ မနေ့တုန်းကဆိုရင် ကျွန်မတို့အရမ်း ပင်ပန်းခဲ့ပါတယ်။ လုပ်လေ့ လုပ်ထမရှိတဲ့ အလုပ်မျိုးတွေဆိုတော့ ပြီးလည်းပြီးရော ခြေပစ်လက်ပစ်ကိုဖြစ်ခဲ့ရတာပါ။ တစ်ကိုယ်လုံးလည်း

နာကျင်ကိုက်ခဲလို့ပါပဲ။

ကျွန်မတို့ကို နံနက်စာစားပြီးပြီလားလို့ စီရှီးမယ်မယ်ကြီးကမေးပါတယ်။ မစားရသေးဘူးလို့ ပြန်ဖြေတော့ မယ်မယ်ကြီးက မိန်းမစိုးလီကို ကျွန်မတို့အတွက် မနက်စာမပို့ပေးလို့ ဖိဆူပါတော့တယ်။ ပြီးတော့ နန်းတွင်းမှာ သူစိမ်းလိုမနေဘဲလိုတာရှိရင် မိန်းမစိုးတွေကိုမှာဖို့ ကျွန်မကို ပြောပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးဟာ အိပ်ရာကထပြီး ဝတ်လဲတော်တွေ စလဲပါတော့တယ်။

မိန်းမစိုးတွေ၊ အစေခံအမျိုးသမီးတွေဟာ ညစ်တီးညစ်ပတ်နေတတ်လို့ သူ့အိပ်ရာကိုထိခွင့်မပေးဘဲ နန်းတွင်းသူတွေကိုသာ အိပ်ခန်းဆောင်တာဝန်တွေပေးထားတယ်လို့ စီရှီးမယ်မယ်ကြီးက မျက်နှာသန့်စင်ရင်း၊ ဆံပင်တွေကိုဖီးသင်ရင်းနဲ့ ကျွန်မတို့ မေမေကိုပြောပြပါတယ်။ ပြီးတော့ ကျွန်မတို့ညီအစ်မဘက်လှည့်ပြီး နန်းတွင်းသူတွေ အစေခံအလုပ်လုပ်နေရတယ်ဆိုပြီး အခုအချိန်မှာ မထင်ဖို့ပြောပါတယ်။ ပြီးတော့သူ့လို ကျွန်မတို့ အဘွားအရွယ်အမယ်အိုကြီးကို ပြုစုရတာ မငြိုငြင်ဖို့လည်းမိန့်ပါတယ်။

နောက်တော့ ကောက်ကာငင်ကာဆိုသလိုပဲ စီရှီးမယ်တော်ကြီးက ကျွန်မနာမည်ကိုခေါ်ပြီး (ကျွန်မနာမည်က တာ့လင်ပါ) ကျွန်မကို သူ့ရဲ့ အဆောင်ကိုင်နန်းတွင်းအပျိုတော်အဖြစ်ထားမယ်လို့ပြောလိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးနဲ့ လက်သုံးတော်နန်းတွင်းသူအဖြစ် ကျွန်မဟာ နိုင်ငံခြားသားတွေနဲ့ တွေ့ဆုံပွဲတွေကို စီစဉ်ပေးရပါလိမ့်မယ်။ ပြီးတော့ စီရှီးမယ်တော်ကြီးအတွက် စကားပြန်အဖြစ် တာဝန်ယူပေးရပါမယ်။စီရှီးမယ်မယ်ကြီးရဲ့ လက်ဝတ်ရတနာတွေကို ထိန်းသိမ်းပေးရပါမယ်။ အခုဆို စီရှီးမယ်မယ်ကြီးက ကျွန်မကို သူ့ရဲ့လက်သုံးတော်အဆောင်ကိုင် အပျိုတော်အဖြစ် နေရာပေးတဲ့အတွက် ကျွန်မအရမ်းဝမ်းသာမိပါတယ်။ ဒါပေမဲ့ နန်းတွင်းထုံးစံအရ သည်ကမ်းလှမ်းချက်ကို ငြင်းရမယ်ဆိုတာ ကျွန်မသိပါတယ်။ အဲဒီတော့ ကျွန်မအပေါ် အခုလိုမေတ္တာထားတဲ့အတွက် ကျေးဇူးတင်စကားလျှောက်ထားလိုက်ပါတယ်။ ပြီးတော့သည်လောက်အရေးကြီးတဲ့ တာဝန်ကိုယူဖို့ အရည်အချင်းမရှိသေးလို့ သာမန်နန်းတွင်းအပျိုတော်အဖြစ်ပဲ နေပါမယ့်လို့ သံတော်ဦးတင်လိုက်ပါတယ်။ ကျွန်မစကားကို စီရှီးမယ်တော်ကြီးက ဖြတ်မပြောဘဲပြီးအောင် နားထောင်နေပါတယ်။ ပြီးတော့ အားရပါးရရယ်ပြီး အဲဒါမျိုးထပ်မပြောနဲ့တော့လို့ ကျွန်မကိုဟန့်လိုက်ပါတယ်။ ပြီးတော့ ကျွန်မဟာ ကိုယ့်ကိုယ်ကိုနှိမ့်ချလွန်းတယ်လို့ စီရှီးမယ်မယ်ကြီးက မိန့်ပြီးလက်သုံးတော်အပျိုတော်တာဝန်ကို ထမ်းဖို့ကြိုးစားရမယ်၊ သေသေချာချာမလုပ်နိုင်ရင်ဆဲဆူပြီး အခြားတစ်ယောက်နဲ့ လဲပစ်မယ်လို့ ကျွန်မကို ကျီစယ်စကားပြောပါတယ်။ အဆုံးမှာတော့စီရှီး မယ်မယ်ကြီးရဲ့ လက်သုံးတော်အပျိုတော်တာဝန်ကို ကျွန်မလက်ခံလိုက်ရပါတော့တယ်။ ကျွန်မရဲ့ စီရှီးမယ်မယ်ကြီး

လက်သုံးတော်အပျိုတော် ဘဝစတင်ခဲ့ပါပြီ။

စီရှီးမယ်မယ်ကြီး ဝတ်လဲတော်ဝတ်ဆင်ပြီးချိန်မှာ ကေရာဇ်ကွမ်ဆူးဟာ မယ်မယ်ကြီးရဲ့ စက်ခန်းဆောင်ထဲကို ဝင်လာပြီး 'ခမည်းတော်ကြီး ပျော်ရွှင်မှုအပေါင်းခညောင်းပါစေ' လို့ နှုတ်ခွန်းဆက်လိုက်ပါတယ်။ ဒီနေရာမှာ ကေရာဇ်ကွမ်ဆူးကရော ကျွန်မတို့နန်းတွင်းသူတွေကပါ စီရှီးမယ်မယ်ကြီးကို ဘာဖြစ်လို့ဖခမည်းတော်ကြီးလို့ ခေါ်ရတာလဲဆိုတာကို စာဖတ်သူတွေ သိချင်ကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မယ်မယ်ကြီးဟာ ယောကျ်ားဘဝကိုလိုချင်သူဖြစ်ပြီး သူ့ကိုပြောဆိုဆက်ဆံတဲ့အခါမှာလည်း ယောကျ်ားတစ်ဦးလို ရည်ညွှန်းဆက်ဆံဖို့ အားလုံးကို ညွှန်ကြားထားလို့ပါ။ ဒါပေမဲ့ အဲဒါကစီရှီးမယ်မယ်ကြီးရဲ့ ထူးဆန်းတဲ့ စရိုက်လက္ခဏာတွေ အများကြီးထဲကတစ်ခုသာ ဖြစ်ပါတယ်။

စီရှီးမယ်မယ်ကြီးရဲ့ ပူပူနွေးနွေးလက်သုံးအပျိုတော် ကျွန်မဟာ ကေရာဇ်ကွမ်ဆူးကို အရိုအသေပေးရမလား၊ မပေးရဘူးလားဆိုတာကို မသိပါဘူး။ ဘာလုပ်သင့်တယ်လို့လည်း ကျွန်မကို ညွှန်ကြားထားခြင်း မျိုး မရှိသေးပါဘူး။ ဒါပေမဲ့ ယဉ်ကျေးပြလိုက်တာပိုကောင်းမယ်လို့ ကျွန်မတွေးမိပါတယ်။ ဒါနဲ့ပဲ ကေရာဇ် ကွမ်ဆူးပဲဖြစ်ဖြစ်၊ စီရှီးမယ်မယ်ကြီးပဲဖြစ်ဖြစ်အခန်းထဲက ထွက်လာမယ့်အချိန်ကို ကျွန်မစောင့်နေလိုက်ပါတယ်။ နန်းတွင်းထုံးစံအရ စီရှီးမယ်မယ်ကြီး ရှေ့မှောက်မှာ သူကလွဲပြီး ဘယ်သူ့ကိုမှအရိုအသေပေးခွင့်မရှိပါဘူး။ ခဏနေတော့ ကေရာဇ် ကွမ်ဆူးထွက်လာပါတယ်။ ကျွန်မ သူ့နောက်ကနေ ခပ်ရို့ရို့လိုက်ပြီး အရိုအသေးပေးမယ့်ဆဲဆဲမှာပဲ စီရှီးမယ်မယ်ကြီးက ထွက်လာပါတယ်။ ကျွန်မခုနကလုပ်တာမျိုးကို သဘောမကျတဲ့ပုံမျိုး ကျွန်မကို ထူးထူးဆန်းဆန်းကြည့်ပေမယ့် ဘာမှတော့မပြောပါဘူး။ ကျွန်မတော်တော်လေး စိတ်ကျဉ်းကျပ်မိပါ တယ်။ ပြီးတော့ မန်ချူးနန်းတွင်းမှာ အမြဲယဉ်ကျေးလွန်းပြဖို့ မလိုဘူးလို့ ကျွန်မသိလာပါတယ်။

စီရှီးမယ်မယ်ကြီးရဲ့ စက်ရာဆောင်ကိုပြန်ရောက်တော့ မိန်းမစိုးတစ်ဦးက အခန်းရဲ့ လက်ဝဲဘက် စားပွဲပေါ်မှာ အဝါရောင်သေတ္တာငယ်အများအပြား နေရာချနေပါတယ်။ ပြီးတော့ အဲဒီမိန်းမစိုးကပဲ သေတ္တာတွေကိုဖွင့်ပြီးအထဲက စာအိတ်အဝါရောင်တွေကို တစ်အိတ်ချင်းထုတ်ပြီး မယ်မယ်ကြီးကို ဆက်သပါတယ်။ စီရှီးမယ်မယ်ကြီးက ဆက်သသမျှ စာအိတ်စာတွေကို ဆင်စွယ်စက္ကူဖြတ်ဓားနဲ့ ဖောက်ပြီးပါတဲ့အကြောင်းအရာတွေကို ဖတ်ရှုပါတယ်။ အဲဒီစာတွေက နန်းတွင်းဌာနအသီးသီးနဲ့ ပြည်နယ်ဘုရင်ခံတွေရဲ့ လျှောက် ထားလွှာတွေပါ။ သည်အချိန်မှာကေရာဇ်ကွမ်ဆူးဟာ စီရှီးမယ်မယ်ကြီးရဲ့ အခန်းထဲပြန်ဝင်လာပြီး စားပွဲဘေးမှာ မတ်တပ်ရပ်နေပါတယ်။ မိန်းမစိုးဆက်တဲ့စာတွေကို ဖတ်ပြီးတဲ့နောက်မှာ မယ်မယ်ကြီးဟာ အဲဒီစာတွေကို ကေရာဇ်ကွမ်ဆူးကိုပေးပါတယ်။ မယ်မယ်ကြီးနဲ့ ကေရာဇ်ကွမ်ဆူးနှစ်ဦးလုံး

စာတွေဖတ်နေတဲ့အချိန်မှာ ကျွန်မက မယ်မယ်ကြီးရဲ့ ကုလားထိုင်နောက်နားမှာ ရပ်နေပြီး ကေရာဇ်ကွမ်ဆူးစာဖတ်နေတာကို အကဲခတ်ကြည့်နေမိပါတယ်။ ကေရာဇ်ဟာ စာတစ်စောင် ဖတ်ရင် အကြာကြီးမဖတ်တာကို ကျွန်မသတိပြုခဲ့ပါတယ်။ အားလုံးဖတ်ပြီးတဲ့အချိန်မှာ ကေရာဇ်ကွမ်ဆူးဟာစာအိတ်တွေကို သေတ္တာတွေထဲပြန်ထည့်လိုက်ပါတယ်။ အားလုံးပြီး သွားတဲ့အချိန်မှာတော့ နန်းတွင်းမိန်းမစိုးထိန်းကြီး ဝင်လာပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီး ရှေ့မှာ ဒူးထောက်ပြီးဝေါကုလားထိုင်အသင့်ပြင်ပြီးကြောင်း လျှောက်တင်ပါတယ်။ မိန်းမစိုး ထိန်းကြီး လျှောက်တင်ချက်အပြီးမှာ စီရှီးမယ်မယ်ကြီးက ကုလားထိုင်ပေါ်က ချက်ချင်းထပြီး နန်းဆောင်က ခွာပါတော့တယ်။ ကျွန်မတို့လည်း မယ်မယ်ကြီးနောက်ကနေ ထပ်ချပ်မကွာ လိုက်ရပါတော့တယ်။ ဝေါစင်ဆီရောက်ဖို့ နန်းဆောင်လှေကားထစ်တွေကို ဆင်းနေတဲ့အချိန် မှာ ကျွန်မက မယ်မယ်ကြီးရဲ့လက်ကိုကိုင်ပြီး ဖေးထိန်းပေးထားပါတယ်။ ညီလာခံခန်းမဆီသွားဖို့ ဝေါယာဉ်ထဲမယ်မယ်ကြီးဝင်ပြီးတဲ့ နောက်မှာတော့ ကေရာဇ်ကွမ်ဆူး မိဖုရားနဲ့ ကျွန်မတို့ နန်းတွင်း အပျိုတော်တွေဟာ ထုံးစံအတိုင်း စီရှီးမယ်မယ်ကြီးရဲ့ ဝေါယာဉ်ကိုခြံရံပြီး လိုက်ပါ လာခဲ့ကြပါတယ်။ ပြီးတော့ မိန်းမစိုးတွေ အထိန်းတော်ကြီးတွေနဲ့ အစေခံမိန်းကလေးတွေ အားလုံးဟာလည်း ကျွန်မတို့ နန်းတွင်းပထမဆုံး ရောက်ခဲ့ဖူးတဲ့နေ့ကလို မယ်မယ်ကြီးရဲ့ အသုံးအဆောင်တွေကို သယ်လာကြပါတယ်။ ညီလာခံခန်းမကို ရောက်တော့ ကျွန်မတို့ဟာ ထုံးစံအတိုင်း ခန်းမနောက်ပိုင်းက ပန်းလိုက်ကာပြားနောက်မှာ နေရာယူကြရပါတယ်။ ကျွန်မ ကတော့ ညီလာခံဘယ်လိုကျင်းပတယ်။ ဘာတွေ ပြောကြဆိုကြတယ်ဆိုတာတွေကို အရမ်း စပ်စုချင်ပါတယ်။ ဒါနဲ့ပဲ နန်းတွင်းအပျိုတော်တွေက ကျွန်မကို တစ်ယောက်တည်းလွှတ်ထား မှာ မဟုတ်ပါဘူး။ ဒါနဲ့ပဲ ကျွန်မညီမနဲ့ နန်းတွင်းအပျိုတော်တွေ စကားလက် ဆုံကျနေတုန်း ဝန်ကြီးတွေနဲ့ စီရှီးမယ်မယ်ကြီးတို့ ဆွေးနွေးသံကိုကြားနိုင်လောက်တဲ့ ထောင့်ချိုးလေးတစ်ခုမှာ မသိမသာလေးနေရာယူလိုက်ပါတယ်။ မိန်းမသဘာဝစပ်စုတတ်တာဆန်းတော့မဆန်းပါဘူး။

ညီလာခံပထမပိုင်းမှာ ညီလာခံတက်တဲ့လူတွေက တီးတိုးတီးတိုးသဖန်းပိုးလုပ်နေကြ တော့ ဘာတွေဆွေးနွေးလဲဆိုတာ ကျွန်မကောင်းကောင်း မကြားရပါဘူး။ ဒါပေမဲ့ ပန်းလိုက် ကာချပ် ပန်းဆစ်လက်ရာတွေကြားကနေ အသာချောင်းကြည့်လိုက်တော့ စီရှီးမယ်မယ်ကြီးနဲ့ ဗိုလ်ချုပ်ကြီးတစ်ဦး စကားပြောနေတာတွေ့ရပါတယ်။ ပြီးတော့ မင်းသားကြီးချင်ဦးဆောင်တဲ့ ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်တွေကိုလည်း တွေ့ရပါတယ်။ ဗိုလ်ချုပ်ကြီးနဲ့ ဆွေးနွေးပြီး တဲ့နောက်မှာ စီရှီးမယ်မယ်ကြီးက နန်းတော်အရာရှိအချို့ခန့်အပ်တာနဲ့ပတ်သက်ပြီး မင်းသား ကြီးချင်နဲ့ ဆက်ဆွေးနွေးပါတယ်။ စီရှီးမယ်မယ်ကြီးဟာ မင်းသားကြီးချင်ပေးထားတဲ့ ခန့်အပ် ဝန်ထမ်းစာရင်းကိုကြည့်ပြီး အဲဒီဝန်ထမ်းတွေအကြောင်းကို ဆက်ပြောပါတယ်။ ပြီးတော့

မင်းသားကြီးချင်က စာရင်းမှာပါတဲ့ လူတွေထဲကို ဘယ်သူတွေကိုခန့်ရင်ပိုသင့်တော်ကြောင်း မယ်မယ်ကြီးကိုအကြံပြုပါတယ်။ နောက်ဆုံးတော့ နန်းတွင်းအရာရှိခန့်အပ်ရေးကိစ္စကို မယ်မယ်ကြီးက မင်းသားကြီးချင်ကိုပဲ အပ်လိုက်ပါတယ်။ ပြီးတော့ မယ်မယ်ကြီးက ဧကရာဇ်ကွမ်ဆူးဘက်လှည့်ပြီးသည် အစီအစဉ်ကောင်းလားလို့ မေးလိုက်တော့ ဧကရာဇ်ကွမ်ဆူးက လည်း သင့်လျော်ကြောင်းပြန်ဖြေပါတယ်။ သည်နေရာမှာပဲ နံနက်ပိုင်းညီလာခံ ပြီးဆုံးသွားပြီး ဝန်ကြီးဝန်ရာအားလုံး ညီလာခံခန်းမဆောင်ကနေ ထွက်ခွာသွားပါတော့တယ်။

## နန်းတွင်းအတွေ့အကြုံများ

စီရှီးမယ်မယ်ကြီးရဲ့ လက်သုံးတော်နန်းတွင်းသူဘဝ ပထမဆုံးနေ့ဟာ ကျွန်မအတွက်တော့ ကိုယ်ရောစိတ်ပါ ပင်ပန်းခဲ့ရတဲ့နေ့ပါ။ ဘာဖြစ်လို့လည်းဆိုတော့ မယ်မယ်ကြီးက ဘာလုပ်ချင်သလဲ၊ ဘာလုပ်စေချင်တာလည်းဆိုတာကို မသိလို့ပါ။ ဘယ်သူကမှလည်း ကျွန်မကိုပြောပြချင်ပုံမရပါဘူး။ ဒါပေမဲ့ သေသေချာချာ စောင့်ကြည့်ပြီးတဲ့နောက်မှာ အခြေအနေအရပ်ရပ်ကို ကျွန်မရိပ်စားမိလာပါတယ်။ ညီလာခံအပြီး မယ်မယ်ကြီးရဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို သေတ္တာတွေထဲ ပြန်ထည့်ပြီးတဲ့နောက်မှာ ကျွန်မဘာ ဆက်လုပ်ရမလဲဆိုတာ မသိသေးပါဘူး။ အဲဒီပစ္စည်းတွေကို လက်ဝတ်ရတနာခန်းထဲပဲ ပြန်ပို့ရမလား။ ဒါမှမဟုတ် မယ်မယ်ကြီးရဲ့ ညွှန်ကြားချက်ကိုပဲစောင့်ရမလား ကျွန်မဆုံးဖြတ်ရခက်နေပါတယ်။ သည်တစ်ခါလည်း ကျွန်မအကျပ်ရိုက်ပြန်ပါပြီ။ မယ်မယ်ကြီးကိုလှမ်းကြည့်တော့ ကျွန်မမေမေနဲ့ စကားလက်ဆုံကျနေတာကို တွေ့ရပါတယ်။ ခဏလောက်စောင့်ဆိုင်းပြီးတော့ မယ်မယ်ကြီးရဲ့ ရတနာပစ္စည်းတွေကို ရတနာခန်းထဲပြန်ပို့ဖို့ ကျွန်မဆုံးဖြတ်လိုက်တယ်။ ရတနာတွေထားပြီး ကျွန်မပြန်ရောက်လာတော့ စီရှီးမယ်မယ်ကြီးကို မင်းဝင်းထဲမှာတွေ့လိုက်ရပါတယ်။ ကျွန်မကိုလည်းမြင်ရော ဘယ်သွားနေတာလဲလို့ မယ်မယ်ကြီးကမေးတော့ ကျွန်မက လက်ဝတ်ရတနာတွေ သွားသိမ်းနေတဲ့အကြောင်း လျှောက်တင်လိုက်ပါတယ်။ ကျွန်မအဖြေကိုကြားတော့ ရတနာပစ္စည်းတွေသူဝတ်ပြီးတာနဲ့ချက်ချင်း ပြန်သိမ်းရမယ်လို့ ဘယ်သူကမှ မပြောဘူးလားဆိုပြီး ကျွန်မကိုမေးပါတယ်။ သည်မနက်မှာ သတိပေးဖို့ရည်ရွယ်ထားပေမယ့် သတိမေ့သွားတယ်လို့လည်း စီရှီးမယ်မယ်ကြီးက အမိန့်ရှိပါတယ်။ ရတနာပစ္စည်းတွေနဲ့ပတ်သက်ပြီး ကျွန်မကိုဘယ်သူကမှ ဘာမျှမပြောထားကြောင်း၊ ပြီးတော့သည်အဖိုးတန်ရတနာတွေကို မိန်းမစိုးတွေက ဟိုဟိုဒီဒီယူသွားမှာကိုလည်းစိုးရိမ်မိကြောင်း၊ ပြီးတော့ သည်ရတနာပစ္စည်း

တွေကို မယ်မယ်ကြီးထပ်ဝတ်မှာ မဟုတ်တာသေချာတဲ့အတွက် ရတနာခန်းမှာပဲ သွား သိမ်းလိုက်ခြင်းဖြစ်ကြောင်းကျွန်မက ပြန်လျှောက်တင်ပါတယ်။ ကျွန်မအဲဒီလို သံတော်ဦးတင်ပြီးတော့ မယ်မယ်ကြီးက ကျွန်မကိုစေ့စေ့ကြည့်ပါတယ်။ ပြီးတော့ အခြားနန်းတွင်းသူတွေ ကျွန်မကို ဘာမှမပြောကြတာသူသိကြောင်း၊ ဒါပေမဲ့ ကိုယ်လုပ်ရမယ့်အလုပ်ကို ကျွန်မမှန်မှန် ကန်ကန်ရွေးချယ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာကြောင်းမယ်မယ်ကြီးက မိန့်ပါတယ်။ သိချင်တာ ရှိရင် သူ့ကိုမေးလို့လည်း မယ်မယ်ကြီးကဆက်မိန့်ပါတယ်။ နန်းတွင်းအပျိုတော်တွေကြားထဲမှာ တစ်ယောက်နဲ့တစ်ယောက်မလိုတမာစိတ်တွေရှိ နေတတ်တယ်ဆိုတာ မယ်မယ်ကြီးရဲ့စကား အရ ကျွန်မသိလိုက်ရပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးက ကျွန်မကိုသဘောတွေ့တာမို့ ကျွန်မ အကျပ်အတည်းတွေ့ရင်လည်း ကူညီပေးမှာပါ။ ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်လမ်းကြောင်း ကိုယ်လျှောက်နိုင်ဖို့ ကျွန်မဆုံးဖြတ်ထားပါတယ်။

အခု ငါ့ကိုကြည့်ရတာ ပိုပြီးပေါ့ပေါ့ပါးပါးရှိမနေဘူးလားလို့ လမ်းကျဉ်းလေးအတိုင်း လျှောက်ရင်း မယ်မယ်ကြီးကရယ်ရယ်မောမောနဲ့ ကျွန်မကိုမေးပါတယ်။ ပြီးတော့ တောင်ကုန်းထိပ်ပေါ် အထိလမ်းလျှောက်ပြီး တောင်ကုန်းပေါ်မှာပဲ ညစာစားမယ်လို့ မယ်မယ်ကြီးက ဆက်မိန့်ပါတယ်။ အဲဒီနေရာက အရမ်းလှတော့ ကျွန်မကျိန်းသေပေါက်သဘောကျလိမ့်မယ်လို့ ဆက်ပြောပါတယ်။ အခုဧကရာဇ်ကွမ်ဆူးလည်း သူ့နန်းတော်ကိုပြန်သွားပါပြီ။ မိန်းမစိုးထိန်း ကြီးလည်း မရှိတော့ပါဘူး။ ကျွန်မနဲ့ မယ်မယ်ကြီးဟာ တောင်ကုန်းဆီကို စကားတပြောပြောနဲ့ လျှောက်နေနိုင်တယ်။ မယ်မယ်ကြီးကတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ စကားတွေပြောနေပါတယ်။ သူ့ ကြည့်ရတာ ဘာအပူအပင်မှမရှိသလို၊ အရေးတကြီးဖြေရှင်းရမယ့် နိုင်ငံ့အရေး အရာများရှိ မနေသလိုပါဘဲ။ လက်ရှိသိထား၊ မြင်ထားသလောက်နဲ့ တွေးကြည့်ရင်စီရှီးမယ်မယ်ကြီးဟာ စိတ်ရင်းကောင်းသူ တစ်ဦးလို့ပဲဆိုရမှာပါ။ ကျွန်မအတွေးမဆုံးခင်မှာဘဲ စီရှီးမယ်မယ်ကြီးက နောက်ကပါလာတဲ့ ကျွန်မဘက်လှည့်ပြီး ကျွန်မတို့နောက်က လိုက်လာတဲ့သူတွေ ဘယ် လောက်များသလဲဆိုတာကြည့်လိုက်စမ်းဆိုပြီး ခိုင်းပါတယ်။ ကျွန်မနောက်လှည့်ကြည့်လိုက် တော့ ညီလာခံခန်းမဆောင်ဆီသွားတုန်းက အတူခြံရံလိုက်ပါခဲ့ကြတဲ့ မိန်းမစိုးတွေ၊ အစေခံတွေနဲ့ နန်းတွင်းအပျိုတော်အုပ်စုကြီးကို တွေ့ရပါတယ်။

နန်းရင်ပြင်ကို အနောက်ဘက်ခြမ်းကနေ ဖောက်ထွက်လိုက်တော့ ရေကန်ကမ်းနဖူး တစ်လျှောက် အချိုးအကွေ့တွေနဲ့ တည်ဆောက်ထားတဲ့ လသာဆောင်တန်းသစ်ကြီးကို ရောက်လာပါတယ်။ အဲဒီ လသာဆောင်တန်းကြီးဟာ ဘယ်လောက်ရှည်သလဲဆိုရင် လသာ ဆောင်အဆုံးကို ကျွန်မမမြင်ရပါဘူး။ လသာဆောင်မျက်နှာကြက်မှာ လျှပ်စစ်မီးလုံးတွေ ချိတ်ထားပါတယ်။ ညပိုင်းမီးထွန်းထားလိုက်လျှင် တကယ့်ကိုရှုမငြီးစရာပါ။

စီရှိုးမယ်မယ်ကြီးက လမ်းလျှောက်တာ အရမ်းမြန်တော့ ကျွန်မတို့ဟာ သူ့ကို အမီလိုက်ဖို့ကြိုးစား နေရပါတယ်။ မိန်းမစိုးတွေနဲ့ အစေခံမိန်းကလေးတွေကတော့ မယ်မယ်ကြီးရဲ့ လက်ယာဘက်က ပါလာပါတယ်။ မိန်းမစိုးတစ်ယောက်ကိုသာ ကျွန်မတို့ရဲ့ နောက်က လိုက်ခွင့်ပေးထားပါတယ်။ အဲဒီမိန်းမစိုးဟာ စီရှိုးမယ်မယ်၏ကြီးသွားလေရာအမြဲတမ်းပါတဲ့ ခွေးခြေကိုသယ်လာပါတယ်။ အဲဒီခွေးခြေကို လမ်းလျှောက်နေတုန်း အညောင်းပြေအညာပြေနားတဲ့အခါသုံးပါတယ်။ အတော်လေးလျှောက်မိတဲ့အချိန်မှာ ကျွန်မစပြီးဟောဟဲ လိုက်လာပါပြီ။ ဒါပေမဲ့မယ်တော် မိဖုရားကြီးကတော့ အသက်အရွယ်နဲ့ မလိုက်အောင်ခြေလှမ်းသွက်သွက်နဲ့ လျှောက်နေဆဲပါ။ နန်းတော်ကို သဘောကျသလား သူနဲ့အတူနေရတာရော စိတ်ချမ်းသာရဲ့လားလို့ လျှောက်နေရင်းနဲ့ စီရှိုးမယ်မယ်ကြီးက ကျွန်မကိုမေးပါတယ်။ ကျွန်မကလည်း မယ်မယ်ကြီး အမှုတော်ထမ်းခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ အဲဒီလို အမှုထမ်းခွင့်ရဖို့အတွက်ကိုလည်း နှစ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့တာပါလို့ ကျွန်မကသံတော်ဦးပြန်တင်ပါတယ်။ နောက်မှာတော့ မင်းခမ်းမင်းနားသုံး ဉယျာဉ်ဖောင်တော်ကြီးဆီကို ကျွန်မတို့ ရောက်လာပါတယ်။ ကျွန်မတို့ရဲ့ လေညင်းခံလမ်းလျှောက်ခရီးဆုံးပါတော့မယ်။ ကျွန်မဘဝ တစ်လျှောက်လုံး စီရှိုးမယ်မယ်ကြီးလို အသက်နဲ့မမျှ တက်ကြွသွက်လက်တဲ့ အမျိုးသမီးကြီးမျိုး မတွေ့ဖူးပါဘူး။ တကယ်တော့ တရုတ်ပြည်ကြီးကို စီရှိုးမယ်မယ်ကြီး နှစ်ပေါင်းများစွာ အောင်မြင်စွာ အုပ်ချုပ်နိုင်ခဲ့တာ အံ့ဩစရာတော့မရှိပါဘူး။

ဉယျာဉ်ဖောင်တော်ကြီးဟာ ရုပ်လုံးရုပ်ကြွတွေနဲ့ လှလှပပထုဆစ်တန်ဆာဆင်ထားတဲ့ ရေပေါ် သစ်သားနန်းဆောင်ကြီးပါ။ ဒါပေမဲ့ ရေပေါ်နန်းဆောင်ကြီးရဲ့အတွင်းပိုင်းမှာတော့ အားလုံးဖရိုဖရဲနဲ့ ပျက်စီးနေပါတယ်။ အပျက်အစီးတွေကို ကျွန်မတို့ကြည့်နေတုန်းမှာပဲ စီရှိုးမယ်မယ်ကြီးက ရောင်စုံမှန်ချပ်တွေ ဆေးရေးပန်းချီတွေကို လှမ်းပြပြီး ဒါတွေအားလုံးကို နိုင်ငံခြားတပ်တွေက ၁၉၀၀ ပြည့်နှစ်မှာ ဖျက်ဆီးသွားခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါတယ်။ ပြီးတော့ အဲဒီတုန်းကသင်ခန်းစာကို ကောင်းကောင်းအမှတ်ရနေဖို့ အပျက်အစီးတွေကို တမင်တကာမပြင်ဘဲထားတာလို့ စီရှိုးမယ်မယ်ကြီးက မိန့်ပါတယ်။ ခဏနေတော့ ခွေးခြေလေးသယ်တဲ့ မိန်းမစိုးဝင်လာပြီး မယ်မယ်ကြီးအတွက် ခုံခင်းပေးပါတယ်။ စကားပြောဆိုနေတုန်းမှာပဲ အတော် လေးလှလှပပပြင်ဆင်ထားတဲ့ လှေကြီးနှစ်စင်းနဲ့ အခြားလှေငယ်တွေ ရေပေါ်နန်းဆောင်အနီးကပ်လာတာ ကျွန်မသတိပြုမိပါတယ်။ လှေတွေလာပြီ။ ကန်အနောက်ဘက်တမ်းမှာ ညစာစားမယ်လို့ စီရှိုးမယ်မယ်ကြီးက မိန့်ပါတယ်။ ပြောပြီးပြီးချင်းမှာပဲ မယ်မယ်ကြီးက ခွေးခြေပေါ်ကထပြီး ကန်စပ်ကိုသွားပါတော့တယ်။ မိန်းမစိုးနှစ်ဦးက ဝဲယာနံဘေးညှပ်ပြီး ထိန်းပေးထားပါတယ်။ စီရှိုးမယ်မယ်ကြီးဟာ လှေပေါ်ကိုတန်းကနဲတက်သွားတော့

ကျွန်မတို့လည်း သူ့နောက်ကပဲ ဖဝါးထပ်ချပ်မကွာလိုက်ခဲ့ကြပါတယ်။ လှေရဲ့အတွင်းပိုင်းကို ရင်သပ်ရှုမော ဖြစ်ရလောက်အောင် အနုစိတ်အလှဆင်ထားပါတယ်။ ခန်းမဆောင်ထဲမှာ ခန်းဆောင် ပရိဘောဂတွေရှိပြီး ပန်းအိုးတွေနဲ့ အလှဆင်ထားပါတယ်။ သည်အခန်းရဲ့ နောက်မှာတော့ နောက်ထပ်အခန်း နှစ်ခုရှိပါတယ်။ မယ်မယ်ကြီးညွှန်ကြားချက်အရ အဲဒီ အခန်းတွေကို ကျွန်မဝင်စစ်ကြည့်တော့ တစ်ခန်းက ကိုယ်လက်သန့်စင်မှုလုပ်လို့ရတဲ့ အဝတ် လဲခန်းဖြစ်ပြီး တစ်ခန်းက မယ်မယ်ကြီးပင်ပန်းတဲ့ အချိန်ဝင်နားနိုင်တဲ့ အိပ်ရာခန်းပါ။ စီရှီး မယ်မယ်ကြီးဟာ လှေဧည့်ခန်းဆောင်သလွန်တော်ပေါ် ထိုင်ပြီး ကျွန်မတို့ကိုလည်း ကြမ်းပြင် ပေါ် ထိုင်ခစားဖို့ပြောပါတယ်။ မိန်းမစိုးတွေက ကျွန်မတို့ထိုင်ဖို့ အနီရောင်အောက် ခင်းတွေ ခင်းပေးပါတယ်။ မန်ချူးဝတ်စုံနဲ့ ကြမ်းပြင်ပေါ် ထိုင်ရတာပြဿနာမရှိပေမယ့် ပါရီဂါဝန်ရှည် တွေဝတ်ထားတဲ့ ကျွန်မတို့ ဒုက္ခဘယ်လောက်ကြီးသလဲဆိုတာ စဉ်းစားကြည့်ရင်သိနိုင်ပါတယ်။ ကျွန်မကတော့ ပေါ့ပေါ့ပါးပါးလည်းရှိ၊ သွားရလာရအလုပ်လုပ်ရလည်း လွယ်တဲ့မန်ချူးဝတ်စုံ ပြောင်းဝတ်ချင်ပါတယ်။ ဒါပေမဲ့ စီရှီးမယ် မယ်ကြီးက ဘာမှမမိန့်သေးတာကြောင့် ကျွန်မ လည်း ဒီအကြောင်းမဟရဲပါဘူး။ ဒါပေမဲ့ ကြမ်းပြင်ပေါ်မှ ကျွန်မတို့ မသက်မသာနေရတာကို မယ်မယ်ကြီးက သတိပြုမိပုံရပါတယ်။ ဆန္ဒရှိရင် မတ်တတ်ရပ်ပြီး နောက်ကပါလာတဲ့ လှေတွေကိုကြည့်နိုင်ကြောင်း မယ်မယ်ကြီးက ကျွန်မတို့ကိုမိန့်ပါတယ်။ ကျွန်မလည်း မတ်တတ်ရပ်ကာ ပြတင်းပေါက်ကနေ ခေါင်းထွက်ပြီး အပြင်ပြူကြည့်လိုက်တော့ အခြား လှေတစ်စင်းပေါ်မှာ ဧကရာဇ်မိဖုရားနဲ့ နန်းတွင်းသူတွေကို တွေ့ရပါတယ်။ သူတို့က ကျွန်မ ကိုလက်လှမ်းပြတော့ ကျွန်မကလည်း ပြန်ပြီးလက်ပြလိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးက ရယ် မောပြီး ကျွန်မကိုပန်းသီးတစ်လုံးပေးလိုက်ပါတယ်။ ပြီးတော့အဲဒီပန်းသီးနဲ့ တစ်ဖက်လှေက နန်းတွင်းသူတစ်ဦးကို မှန်အောင်ပစ်ဖို့ ကျွန်မကိုခိုင်းပါတယ်။ ပြောနေရင်းပဲ စားပွဲအလယ် ခေါင်ပန်းကန်ထဲက ပန်းသီးတစ်လုံးထပ်ယူပါတယ်။ ကျွန်မလည်းတစ်အားလွှဲပြီး ပန်းသီးကို ပစ်ပါတယ်။ ဒါပေမဲ့ဟိုဘက်လှေနား ထိတောင်မထိပဲ ရေထဲပြုတ်ကျပါတယ်။ မယ်မယ်ကြီး က နောက်တစ်ကြိမ်ထပ်လုပ်ခိုင်းလို့ကျွန်မထပ်လုပ်ပါတယ်။ အချည်းနှီးပါဘဲ။ နောက်ဆုံးတော့ စီရှီးမယ်မယ် ကြီးကို ကိုယ်တော်တိုင်ထပြီး တစ်ဖက်လှေကိုပန်းသီးနဲ့ပစ်ပါတယ်။ ပန်းသီးဟာ တစ်ဖက်လှေအထိ တစ်ရှိန်ထိုးရောက်သွားပြီး နန်းတွင်းသူတစ်ဦးရဲ့ခေါင်းကိုမှန်ပါတယ်။ စီရှီးမယ်မယ်ကြီးကို အားလုံးက လှိုက်လှိုက်လှဲလှဲသြဘာပေးကြပါတယ်။ ရေကန်ကြီးဟာ နေရောင်အောက်မှာ စိမ်းညို့နေပါတယ်။ ရေကန်ကြီးရဲ့ အရောင်ကြောင့် ပင်လယ်ခရီးအတွေ့ အကြုံတွေ ပြန်သတိရမိပါတယ်လို့ ကျွန်မက မယ်မယ်ကြီးကိုလျှောက်ပါတယ်။ အဲဒီတော့ စီရှီးမယ်မယ်ကြီးက ခရီးတွေလည်း အများကြီးသွားဖူးရဲ့သားနဲ့ မဝသေးဘူးလား၊ ပင်လယ်

အကြောင်းစဉ်းစားနေတုန်းပဲလားဆိုပြီး မြည်တွန်တောက်တီးပါတယ်။ ပြီးတော့ နိုင်ငံရပ်ခြားသို့ ထပ်သွားခွင့်မပေးတော့ဘဲ သူ့အနားတွင်သာခစားရမည်ဖြစ်ကြောင်း အမိန့်တော်ရှိပါတယ်။ ပင်လယ်ကြီးအစား ဒီရေကန်ထဲမှာပဲ လှေစီးရင်းစိတ်ဖြေပေါ့လို့လည်း မိန့်ပါတယ်။ အမှန်ပြောရရင် ကျွန်မအပေါ် မိခင်သဖွယ်ဆက်ဆံတတ်တဲ့ မယ်မယ်ကြီးကို ကျွန်မကလည်း ပိုပိုပြီးချစ်ခင်ကြည်ညိုနေပါပြီ။ သူ့ဘေးမှာ ခစားခွင့်ရတာနဲ့ပဲ ကျွန်မဝမ်းသာမိပါတယ်။ ဘယ်လောက်ပျော်မိသလဲဆိုရင်စိတ်လှုပ်ရှားဖွယ် ပါရီအတွေ့အကြုံတွေတောင် မေ့ဝါးခဲ့ရတဲ့အထိပါပဲ။

နောက်ဆုံးတော့ ခွန်မင်းရေကန်ကြီးရဲ့အနောက်ဘက်ကမ်းကို ကျွန်မတို့ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ လှေတစ်စင်းဝင်သာရုံသက်သက်ချောင်း လက်တက်လေးတစ်ခုရှိပါတယ်။ ချောင်းလက်တက်ကမ်းတစ်ဖက် တစ်ချက်မှာ မိုးမခပင်တွေက အုပ်ဆိုင်းနေပါတယ်။ ကလေးဘဝဖတ်ဖူးတဲ့ တရုတ်ရှေးဟောင်းနတ်သမီးပုံပြင် တွေထဲကရှုခင်းမျိုး ကျွန်မစိတ်ထဲပြန်မြင်လာပါတယ်။ မိနစ်အနည်းငယ်လောက်လျှောက်ရင် တောင်ခြေရင်း ကို ရောက်မယ်လို့မယ်မယ်ကြီးက ကျွန်မကိုမိန့်ပါတယ်။ လမ်းပေါ်ရောက်တော့ အသင့်စောင့်နေတဲ့ ဝေါစင်တွေကို တွေ့ရပါတယ်။ စီရှီးမယ်မယ်ကြီးက သူ့ရဲ့ဝေါစင်ပေါ်တက်လိုက်ပါတယ်။ မိန်းမစိုးတွေက ဝေါစင်ကို မမချင်းမှာပဲ မယ်မယ်ကြီးက ကျွန်မတို့သားအမိကို လူတိုင်းပေးခဲ့လှတဲ့ နောက်မှီပါကုလားထိုင်များ သနားတော်မူကြောင်း မိန့်ပါတယ်။ အဲဒီနေရာမှာ ကေရာဇ်မိဖုရားက ကျွန်မတို့ကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။ ဘာဆိုလိုလဲဆိုတာ ကျွန်မတို့ချက်ချင်းသိလိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးကို ကျွန်မကြမ်းဦးတိုက်ပြီး အရိုအသေပြုကြပါတယ်။

မယ်မယ်ကြီး ကျွန်မတို့ကို သနားတော်မူတဲ့ ဝေါစင်တွေကို ကျွန်မတို့ရဲ့ မိန်းမစိုးတွေက ထမ်းပါတယ်။ တောင်တက်ခရီးဟာ ရင်ဖိုစရာကောင်းပါတယ်။ ဝေါယာဉ်တန်းရဲ့ထိပ်ဆုံးမှာ စီရှီးမယ်မယ်ကြီးနဲ့ ကေရာဇ်မိဖုရားတို့ရဲ့ ဝေါစင်တွေကို လှမ်းမြင်ရပါတယ်။ တောင်အတက်လမ်းမှာ ဝေါစင်ရဲ့ချိန်သားကိုညှိပေးဖို့အတွက် အနောက်ဘက်မှ ဝေါထမ်းမိန်းမစိုးနှစ်ဦးက ဝေါကိုဦးခေါင်းနားအထိ မြှင့်ပေးထားရပါတယ်။ ပြုတ်ကျမှာကို ကျွန်မကြောက်နေမိပါတယ်။ ဒါပေမဲ့ ဝေါထမ်းမိန်းမစိုးတွေဟာ ကောင်းကောင်းလေ့ကျင့်ထားသူတွေနဲ့ တူပါတယ်။ လမ်းခရီးတစ်လျှောက် ဘာပြဿနာမှ မရှိခဲ့ပါဘူး။ တောင်ထိပ်ပေါ်ကိုအားလုံးပဲ ချောချောမောမော ရောက်ခဲ့ကြပါတယ်။ ကျွန်မတို့ဟာ မယ်မယ်ကြီးဝေါစင်ပေါ်ကဆင်းဖို့အတွက် ဝိုင်းထိန်းပေးလိုက်ပါတယ်။ နောက်တော့ မယ်မယ်ကြီးနဲ့ ကျွန်မတို့ဟာ ကျွန်မအမြင်အရ နွေရာသီနန်းတော်ရဲ့ အကောင်းဆုံးနန်းတော်ဖြစ်တဲ့ နန်းဆောင်ထဲကို ရောက်နေကြမိပြီ။ သည်နန်းဆောင်မှာ အခန်းနှစ်ခန်းပဲပါပါတယ်။ ဘေးပတ်လည်မှာ ပြတင်း

ပေါက်တွေ ဖောက်ထားတော့ နယ်ရှစ်ခွင်ကို လှမ်းတွေ့နိုင်ပါတယ်။ နန်းဆောင်အခန်းနှစ်ခန်း အနက်တစ်ခန်းက ညစာစားမယ့်အခန်းဖြစ်ပြီး ကျန်တစ်ခန်းက ကိုယ်လက်သန့်စင်ခန်းပဲ ဖြစ်ပါတယ်။ စီရှိုးမယ်မယ်ကြီး ဘယ်သွားသွား ကိုယ်လက်သန့်စင်ခန်းအသင့် ရှိနေတတ်တာကို ကျွန်မသတိပြုမိပါတယ်။ နောက်တော့မိန်းမစိုးတစ်ယောက်က စီရှိုးမယ်မယ်ကြီးအတွက် စားဖွယ်ရာတွေ အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကျွန်မကို သတင်းပို့ပါတယ်။ ကျွန်မအပြင် ထွက်ကြည့်တော့ မုန့်ပဲသရေစာမျိုးစုံ ထည့်ထားတဲ့ အဝါရောင်စက္ကူဘူးကြီးနှစ်ဘူး ကျွန်မ တွေ့လိုက်ရပါတယ်။ အဲဒီမုန့်တွေကို ပန်းကန်ပြားတစ်ချပ်ထဲထည့်ပြီး စီရှိုးမယ်မယ်ကြီးဘေးက လေးထောင့်စားပွဲပေါ်မှာ စနစ်တကျတည်ခင်းလိုက်ပါတယ်။ ကျွန်မမုန့်ပွဲ တွေ ပြင်ဆင်နေတဲ့ အချိန်မှာ စီရှိုးမယ်မယ်ကြီးက ကျွန်မမေမေနဲ့ စကားပြောနေပေမယ့် ကျွန်မကို အကဲခတ် နေတာ သတိထားမိပါတယ်။ မနေ့က အတွေ့အကြုံကြောင့် မယ်မယ်ကြီးဘာကြိုက်တတ်လဲဆို တာကိုရိပ်စားမိပြီးသားဖြစ်လေတော့ မယ်မယ်ကြီးအကြိုက်ဆုံးမုန့်ပွဲတွေကို သူနဲ့ အနီးဆုံး နေရာမှာ တည်ခင်းပေးထားပါတယ်။ အဲဒါကိုမြင်တော့ မယ်မယ်ကြီးက ပြုံးပြီးသေသေချာချာ လုပ်တတ်သားပဲလို့ ချီးမွမ်းပါတယ်။ သူ့နားမှာ ဝိုင်းနေတဲ့ သူတွေနဲ့မတူဘဲ ကျွန်မဟာဉာဏ် ကိုလွှာသုံးတတ်သူဖြစ်ကြောင်းလည်း ပြောပါတယ်။

မုန့်ပဲသရေစာစားသောက်ပြီးနောက် စီရှိုးမယ်မယ်ကြီးက ညစာဆက်စားပါတယ်။ ညနေစာစားနေတုန်းမှာလည်း ကျွန်မတို့ကို ဘေးမှာခေါ်ထားပြီး ရုရှားသံအမတ်ကြီးကတော် မဒမ်ပလန်ကွန်အကြောင်း ကနေစပြီး သူသိချင်တာမှန်သမျှ မေးပါတယ်။ ပြည်ပမှူးကြီးမတ် ကြီးကတော်တွေက သူ့ကိုမျက်နှာကြောတင်းတင်း အဘွားကြီးလို့မပြောကြဘူးလားလို့ ကျွန်မ ကိုမေးပါတယ်။ နောက်တော့ နိုင်ငံရေးကိစ္စတွေဘက်ကို မယ်မယ်ကြီးက စကားဦးသန်းလာပါ တယ်။ ပင်လယ်ရပ်ခြားမှာ ကျွန်မတွေ့ခဲ့ရတဲ့သူတွေဟာ ကျွန်မစိတ်ကျေ နပ်ဖို့ တရုတ်ပြည် ကြီးဘယ်လောက်ကောင်းကြောင်း၊ စည်ပင်ဝပြောကြောင်းပဲ ပြောကြမှာပဲလို့ စီရှိုးမယ်မယ်ကြီး က ကျွန်မကို မိန့်ပါတယ်။ မယ်မယ်ကြီးက လက်ရှိတရုတ်ပြည်ကြီးရဲ့ အခြေအနေကို ဘဝင် ကျ ပုံမရပါဘူး။ ပြီးတော့ သူ့အနားမှာ ခစားနေတဲ့ မှူးကြီးမတ်ရာတွေကလည်း နိုင်ငံအားလုံး က တရုတ်ပြည်ကြီးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေပါတယ် ဆိုတာလောက်သာပြောပြီး သူ့ကိုနှစ်သိမ့်နေကြတဲ့ပုံရှိတယ်။ အဲလိုလူတွေရဲ့ ပြောစကားမှန်မယ်လို့ သူမထင်ဘူးလို့ စီရှိုး မယ်မယ်ကြီးက ပြောပါတယ်။ တစ်နေ့နေ့မှာ ကျွန်မတို့ တရုတ်ပြည်ကြီး အင်အားတောင့်တင်း လာမယ်လို့လည်း သူမျှော်လင့်ကြောင်း ပြောပါတယ်။ အဲဒီလိုပြောနေတဲ့အချိန်မှာ စီရှိုး မယ်မယ်ကြီးမျက်နှာပေါ်က သောကအရိပ်အယောင်တွေကို ကျွန်မသတိပြုမိပါတယ်။ ကျွန်မ ဘာ ပြန်ပြောရမှန်းမသိပါဘူး။ အချိန်ကျလာမှာပါဆိုတဲ့ စကားနဲ့ပဲ စီရှိုးမယ်မယ်ကြီးကို

ဖြေသိမ့်ဖို့ ကြိုးစားမိပါတယ်။ အချို့ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်မအကြံပေးချင်ပေမယ့် စီရှီးမယ်မယ်ကြီး အလိုမကျဖြစ်နေပုံရတာနဲ့သည်နေ့အတွက်တော့ ဘာမှမပြောဖို့ဆုံးဖြတ်လိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးအတွက် ကျွန်မဝမ်းနည်းမိပါတယ်။ ဘယ်သူကမှ သူ့ကိုမပြောရဲခဲ့ကြတဲ့ အမှန်တရားတွေ၊ အများကသူ့အပေါ် ဘယ်လိုမြင်သလဲဆိုတာတွေကို ပြောပြပြီး ကူညီဖို့လိုပါတယ်။ ဒါပေမဲ့ကျွန်မနှုတ်ကို အာစေးထည့်ထားဖို့ တစ်စုံတစ်ရာက ပြောနေပါတယ်။ စီရှီးမယ်မယ်ကြီး တရုတ်ပြည်အကြောင်း ပြောနေတဲ့တစ်ချိန်လုံး ကျွန်မစဉ်းစားခန်းဝင်နေတယ်။ နောက်ဆုံးကျွန်မစိတ် ဒုန်းဒုန်းချဆုံးဖြတ်လိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးကို အကြံပြုဖို့ အချိန်မတန်သေးပါဘူး။ ကျွန်မပထမဆုံးလုပ်ချင်တာက စီရှီးမယ်မယ်ကြီးရဲ့ စိတ်ကိုမြင်အောင် ကြည့်ဖို့ပါ။ ပြီးတော့မှ တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းကြည့်ချင်ပါတယ်။

အစာကို တစိမ့်စိမ့်စားတတ်တဲ့ စီရှီးမယ်မယ်ကြီးရဲ့ အလေ့အထကြောင့် ကျွန်မတို့ဟာ တစ်မေ့တစ်မောကြီး မတ်တပ်ရပ်စောင့်ကြည့်ရပါတယ်။ မယ်မယ်ကြီး ညစာသုံးဆောင်ပြီးတဲ့နောက်မှာ စားပွဲလက်ကျန်တွေကို ဧကရာဇ်မိဖုရား၊ ကျွန်မတို့သားအမိနဲ့ ကျန်နန်းတွင်းသူတွေစားကြပါတယ်။ ဟင်းပွဲတွေကတော့ မနေ့ကအတိုင်းပါပဲ။ ကျွန်မတို့ စားသောက်နေတုန်းမှာပဲ မယ်မယ်ကြီးဟာ အတွင်းဆောင်ထဲက ပြန်ထွက် လာပါတယ်။ အဝတ်အစားလည်းလဲပြီးပါပြီ။ ပြီးတော့ အကောင်းဆုံးဟင်းလျာတွေရှိတဲ့ဘက်မှာ ဘာလို့မနေတာလဲလို့ပြောပြီး ကျွန်မတို့ သားအမိကို ဧကရာဇ်မိဖုရားနား လာပြီးစားလှည့်လို့ ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့သားအမိဟာ စားပွဲနောက်ဆုံးထိပ်ကနေ ရှေ့ဆုံးထိပ်ကို ပြောင်းပြီးနေရာယူလိုက်ရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ကျွန်မနောက်မှာရပ်ပြီး သူ့အကြိုက်ဆုံးဟင်းလျာတစ်မျိုးဖြစ်တဲ့ ငါးကင်ကို မြည်းကြည့်ဖို့ခိုင်းပါတယ်။ ပြီးတော့ နန်းတွင်းမှာ ကိုယ့်ရပ်တည်ခွင့်အတွက် ကိုယ်တိုင်တိုက်ပွဲဝင်ရမှာဖြစ်ပြီး မမျှမတဆက်ဆံခံရပြီဆိုရင် သူ့ကိုတိုင်ဖို့မယ်မယ်ကြီးက ပြောပါတယ်။ နန်းတွင်းအပျိုတော်အချို့က စီရှီးမယ်မယ်ကြီး ကျွန်မ တို့မိသားစုကို အရေးပေးဆက်ဆံနေတာ ကြိုက်ပုံမရပါဘူး။ ပြီးတော့ ကျွန်မအပေါ်မှာလည်း မနာလိုစိတ်နည်းနည်းရှိနေတယ်လို့ ကျွန်မထင်နေပါတယ်။ ဒါပေမဲ့ ကျွန်မမစိုးရိမ်ပါဘူး။

ညစာစားပွဲပြီးသွားတဲ့အချိန်မှာတော့ အရာရာအစိမ်းသက်သက်ဖြစ်နေသေးတဲ့ ကျွန်မဧကရာဇ်မိဖုရားရဲ့ အရိပ်အခြေကိုသာ မပြတ်စောင့်ကြည့်နေရပါတယ်။ ပြီးတော့ နန်းတွင်းအပျိုတော်တွေ ကျွန်မ အပေါ် မလိုတမာဖြစ်နေတယ်ဆိုတာ သိထားပြီးတဲ့နောက်မှာ အလုပ်လုပ်နေတဲ့ နေရာအမှားမရှိဖို့၊ သူများအလှောင်မခံရဖို့ ကျွန်မအရာရာကို သတိထားနေရပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးက သူကိုယ်တိုင်တီထွင်ထားတဲ့ 'နတ်မင်းရှစ်ပါး

ပင်လယ်ဖြတ်ခြင်း' ဆိုတဲ့ ကစားနည်းတစ်နည်းကို သင်ပေးပါတယ်။ အန်စာတုံးတွေသုံးပြီး လူလေးဦးကနေ ရှစ်ဦးအထိကစားနိုင်တဲ့ အဲဒီကစားနည်းဟာ တရုတ်အင်ပါယာမြေပုံပေါ်က တရုတ်အက္ခရာတွေကို ဖတ်နိုင်ဖို့လိုပါတယ်။ သည်ကစားနည်းကို ကစားတတ်ဖို့၊ မြေပုံပေါ်ကတရုတ် အက္ခရာတွေကို ဖတ်နိုင်ဖို့နန်းတွင်းသူသုံးဦးကို အာပေါက်မတတ်သင်ခဲ့ရကြောင်း စီရှီးမယ်မယ်ကြီးက ညည်းညူပါတယ်။ နှစ်နာရီလောက်ကြာတဲ့ နတ်မင်းရှစ်ပါး ပင်လယ်ဖြတ်ခြင်း ကစားပွဲမှာ ကျွန်မတို့ဟာ မတ်တပ်ရပ်ပြီးကစားရသူတွေဖြစ်တာကြောင့် ကစားပွဲလည်းပြီးရော ခြေထောက်တွေရော၊ ကျောတွေပါတောင့်နေပါပြီ။ နောက်တော့ စီရှီးမယ်မယ်ကြီးရဲ့ ခွင့်ပြုချက်နဲ့ လသာဆောင်မှာရှိတဲ့ ကေရာဇ်မိဖုရား၊ နန်းတွင်းသူတွေနဲ့အတူ ထွေရာလေးပါးပြောရင်း အနားယူရပါတော့တယ်။ နောက်တော့ ကျွန်မတို့နန်းတွင်းသူတွေ အနားယူနိုင်ပြီလို့ စီရှီးမယ်မယ်ကြီးက သေချာပေးလိုက်ပါတော့တယ်။

## နန်းတွင်းအပျိုတော်များ

ကျွန်မတို့ စီရှီးမယ်မယ်ကြီးရဲ့ အိပ်ဆောင်ထဲကနေ ပြန်ထွက်လာတော့ ကျွန်မတို့နဲ့အတူ အပျိုတော်နှစ်ဦးပါမလာဘဲ အခန်းထဲမှာ ကျန်ခဲ့တာတွေ့ရပါတယ်။ အဲဒီအပျိုတော်နှစ်ဦးထဲက တစ်ဦးကဒီနေ့အဖို့ အနားခဏရတဲ့အတွက် ဝမ်းသာမိတယ်လို့ ပြောပါသည်။ အဲဒီအပျိုတော်နှစ်ဦးဟာ နေ့လယ်နေ့ခင်းဆို စီရှီးမယ်မယ်ကြီးရဲ့ အိပ်ဖန်စောင့်တာဝန်ယူထားရတာ သုံးရက်ဆက်တိုက်ရှိပါပြီ။ စီရှီးမယ်မယ်ကြီး နေ့လယ်နေ့ခင်းတစ်ရေးတစ်မော စက်တော်ခေါ်နေချိန်မှာ မိန်းမစိုးတွေနဲ့ အစေခံမိန်းကလေးတွေကို စောင့်ကြည့်ဖို့အတွက် မယ်မယ်ကြီးစက်ခန်းထဲမှာပဲ သူတို့ဆက်နေရဦးမယ်လို့ အပျိုတော်က ပြောပါတယ်။ သူတို့ပြောပုံအရဆိုရင် မယ်မယ်ကြီး အိပ်ဖန်စောင့်တာဝန်ကို အပျိုတော်တွေက အလှည့်ကျတာဝန်ယူရပါတယ်။ ကျွန်မအလှည့်လည်း ရောက်လာဦးမှာပါ။ အဲဒီအချိန်မှာပဲ ကေရာဇ်မိဖုရားက မယ်မယ်ကြီးမနိုးမီ မြန်မြန်ပြန်နားကြဖို့ ပြောပါတယ်။ မယ်မယ်ကြီး ဘယ်လောက်ကြာကြာအိပ်မယ်ဆိုတာ မသိတဲ့အတွက် ကျွန်မတို့လည်း ကျွန်မတို့ရဲ့ အဆောင်တွေဆီအပြေးတစ်ပိုင်း ပြန်ပြီးနားကြရပါတယ်။ အခန်းထဲ ပြန်ရောက်လို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်ချိန်အထိ ကျွန်မဘယ်လောက်ပင်ပန်းနေပြီလဲဆိုတာ ကျွန်မမသိသေးပါဘူး။ သည်ကြားထဲ နံနက် ၅ နာရီ အိပ်ရာထကျင့်မရှိတဲ့ ကျွန်မကို အိပ်ချင်စိတ်က ဖိစီးနေပါတယ်။ နန်းတွင်းထဲမှာ အရာအားလုံးက ကျွန်မတို့အတွက်အသစ်အဆန်း လိုဖြစ်နေပါတယ်။ ကပွဲအပြီး နံနက် ၅ နာရီမှာ အိပ်ရာဝင်ခဲ့ရတဲ့ ပါရီအတွေ့အကြုံတွေကို ကျွန်မပြန်တွေးမိတယ်။ သည်မှာကျတော့ ပတ်ဝန်းကျင်က အသစ်။ ကျွန်မတို့ ဘာခိုင်းမလဲဆိုတာ စောင့်ဆိုင်းရင်းနဲ့ ဟိုဟိုသည်သည် လမ်းသလားနေတဲ့ မိန်းမစိုးတွေကို တွေ့နေရပါတယ်။ တရေးတမောလေး နားနိုင်ဖို့ သူတို့ကို အခန်းထဲက ထွက်စေချင်လှပါပြီ။ သက်သောင့်သက်သာရှိတဲ့ အဝတ်အစားလဲဖို့ လုပ်နေတုန်း

မှာပဲ မိန်းမစိုးတစ်ဦးအခန်းထဲဝင်လာပြီး ဧည့်သည်တွေ ရောက်နေတယ်လို့ သတင်းပို့ပါတယ်။ အပျိုတော်နှစ်ဦးနဲ့ အခြားမိန်းကလေး ၁၂ ဦးလောက်ကျွန်မတို့ရဲ့ အဆောင်ထဲကိုဝင်လာပါတယ်။ သူတို့ကို နန်းတွင်းထဲရောက်တဲ့ မနက်ကမြင်ဖူးပါတယ်။ ဒါပေမဲ့ အလုပ်ရှုပ်နေလို့ မိတ်မဆက်ဖြစ်ပါဘူး။ ကျွန်မနဲ့ တွေ့ဆုံနှုတ်ဆက်ဖို့ နေရေးထိုင်ရေးအဆင်ပြေမပြေကြည့်ဖို့ ရောက်လာခြင်းဖြစ်ကြောင်း ဧည့်သည်နန်းတွင်းအပျိုးတော်တွေက ပြောပါတယ်။ သည်လို လာတာကောင်းပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်နှာထားကို ကျွန်မသဘောမကျပါဘူး။ ပြီးတော့ ရုပ်ရည်အသင့်အတင့်ရှိတဲ့ အမျိုးသမီးငယ်တစ်ဦးကို ကျွန်မနဲ့ မိတ် ဆက်ပေးပါတယ်။ အဲဒီမိန်းကလေးအမည်က ချွန်ရှုလို့ခေါ်ပါတယ်။ စာသံပေသံနဲ့ပြောရင် သီရိကြက်သရေမယ် သက်ရှည်ပေါ့။ ဒါပေမဲ့ သူပုံစံက ဖြူဖတ်ဖြူရော် သေးသေးသွယ်သွယ်ပါ။ ပညတ်နဲ့ဓာတ်သက်တစ်ထပ်တည်းကျပ့်မလားလို့ ကျွန်မတွေးမိပါသေးတယ်။ သူ့ကြည့်ရတာနဲ့တင် ကျွန်မစိတ်မောမိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အရိုအသေပေးလိုက်ပါတယ်။ ဖခင်ဖြစ်တဲ့သူက အရာရှိငယ်တစ်ဦးဖြစ်လို့ ချွန်ရှုဟာ နန်းတွင်းထဲမှာ သိပ်အဆင့်မရှိဘူး။ အပျိုတော်လည်းမကျ၊ အစေခံလည်းမကျတဲ့ နန်းတွင်းသူလို့ ဧည့်သည်အပျိုတော်နှစ်ဦးက ပြောပါတယ်။ သည်စကားကြားတော့ ကျွန်မစိတ်ထဲရယ်မိပါတယ်။ သည်မနက်ကပဲ ချွန်ရှုကို နန်းတွင်းအပျိုတော်တွေကြားမှာ ထိုင်နေတာ ကျွန်မတွေ့ခဲ့ပါတယ်။ နောက်ပြီးတော့ ကျွန်မကိုယ်တိုင်လည်း ချွန်ရှုကို ထိုင်ဖို့ဖိတ်လိုက်မိပါသေးတယ်။ ပြီးတော့ပင်ပန်းနေပြီလား။ စီရှီးမယ်မယ်ကြီးကို ဘယ်လိုသဘောထားလည်း ဘာညာကျွန်မကို မေးခဲ့တဲ့သူ တွေကလည်း အခုကျွန်မတို့အဆောင်ထဲရောက်နေတဲ့ အပျိုတော်နှစ်ဦးပါပဲ။ စီရှီးမယ်မယ်ကြီးကို နန်းတွင်းထဲရောက်တာ ရက်မကြာပေမယ့် အရမ်းချစ်ခင်ကြည်ညိုကြောင်း ကျွန်မပြန်ဖြေတော့ တစ်ယောက်နဲ့ တစ် ယောက်ကြည့်ပြီး ပြုံးစေ့စေ့လုပ်ခဲ့ကြတာ ချွန်ရှုနဲ့သည်အပျိုတော်တွေပါပဲ။ သူတို့ဟာသည်လိုနည်းနဲ့ ကျွန်မကို စိတ်အနှောင့်အယှက်ပေးခဲ့တာပါ။

နောက်တော့ အဲဒီအပျိုတော်နှစ်ဦးက ကျွန်မတို့သားအမိနန်းတွင်းထဲ ဘယ်လောက်ကြာကြာနေဖို့ ရည်မှန်းထားလည်းဆိုပြီး မေးပါတယ်။ ကျွန်မကလည်းနေနိုင်သလောက်နေပြီး စီရှီးမယ်မယ်ကြီးရဲ့ အကျိုးကိုဆောင်သွားမယ်ဆိုပြီး ပြန်ဖြေလိုက်ပါတယ်။ အဲသည်လိုပြန်ဖြေတော့ အပျိုတော်နှစ်ဦးက ရယ်ပြီးသနားလှပါဘိတော့ဟူ၍ ကျွန်မကိုပြောပါတယ်။ မန်ချူးနန်းတွင်းမှာ ဘယ်လောက်ပဲ အလုပ်လုပ်ပြလုပ်ပြ ဘဝတက်လမ်း မျှော်လင့်လို့မရဘူးလို့လည်းပြောပါတယ်။ ပြီးတော့ ခုနက ကျွန်မပြန်ဖြေသလို တကယ်လုပ်မယ်ဆိုရင် လူတိုင်းရဲ့ အမုန်းပွားမှုနဲ့ ရင်ဆိုင်ရမယ်လို့လည်း ပြောပါတယ်။

သူတို့ဘာတွေပြောနေတာလဲ။ ဘာကိုရည်ညွှန်းပြောနေတာလဲဆိုတာ ကျွန်မနားမ

လည်ပါဘူး။ သူတို့ပြောတဲ့အကြောင်းအရာတွေက ကျွန်မနဲ့ မရင်းနှီးတဲ့ အကြောင်းအရာတွေပါ။ ဒါကြောင့်မို့ စကားလမ်းကြောင်းပြောင်းဖို့ ကျွန်မကြိုးစားရပါတယ်။ ဒါပေမဲ့ ချွန်ရှုက အပျိုတော်နှစ်ဦးဘက်လှည့်ပြီး ရွှေနန်းတော်အကြောင်း အူမချေးခါးမချန်ကျွန်မကိုပြောပြလိုက်ရင် ကျွန်မစိတ်ပြောင်းသွားမှာသေချာတယ်လို့ ပြောလိုက်ပါတယ်။ ကျွန်မစကားလမ်းကြောင်းလွှဲတာမအောင်မြင်ပါဘူး။ ချွန်ရှုနဲ့အပျိုတော်နှစ်ဦးတို့က နန်းတွင်းပြဿနာတွေအကြောင်းဆက်ပြီး ဖောက်သည်ချပါတယ်။ အထူးသဖြင့် စီရှီးမယ်မယ်ကြီးရဲ့ စိတ်နေသဘာဝကို အတင်းအဖျင်းပြောပါတော့တယ်။ အဓိကကတော့ စီရှီးမယ်မယ်ကြီးစိတ်အပြောင်းအလဲမြန်ပုံ၊ မိန်းမ စိုးထိန်းလီလျန်ယင်းကို ဧကရာဇ်မိဖုရားက အစကြောက်ရပုံများဖြစ်ကြပါတယ်။ အပျိုတော်တွေကတော့ ကရားရေလွှတ်တတွတ်တွတ် ပြောနေကြတုန်းပါပဲ။ မိန်းမစိုးလီကျွန်မတို့အတွက် လက်ဖက်ရည်ခွက်တွေယူ လာတုန်းမှာပဲ ခပ်ဝေးဝေးက လူသံတွေကြားလိုက်ရပါတယ်။ ဧည့်သည်အဖြစ်ရောက်လာတဲ့ မိန်းကလေးတွေကလည်း ဘာသံလည်းဆိုတာနားစွင့်နေကြပါတယ်။ မိန်းမစိုးကိုမေးကြည့်တော့ မယ်မယ်ကြီးအိပ်ရာထလို့ ထွက်လာတဲ့လူသံတွေလို့ပြောပါတယ်။ မယ်မယ်ကြီးအိပ်ရာနိုးပြီဆိုတာလည်းသိရော ဧည့်သည် အပျိုတော်နဲ့ အစေခံမိန်းကလေးတွေက မယ်မယ်ကြီးဆီအခစားဝင်ဖို့ အပြေးအလွှားထွက်သွားပါတော့တယ်။ သူတို့ဟာ ကျွန်မဆီကိုမလာသင့်တဲ့ ဧည့်သည်တွေပဲလို့ ကျွန်မတွေးမိတယ်။ အထူးသဖြင့် မယ်မယ်ကြီးနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ အတင်းအဖျင်းတွေကြောင့် ကျွန်မစိတ်မကောင်းဖြစ်မိပါတယ်။ နောက်တော့ သူတို့ပြောသမျှအားလုံးကို မေ့ပစ်ဖို့ကျွန်မဆုံးဖြတ်လိုက်ပါတယ်။

စီရှီးမယ်မယ်ကြီး စက်ရာထပြီဆိုတဲ့သတင်းကြားတော့ ကျွန်မအတော်လေးတသုတ်ကရက်နိုင်သွားပါတယ်။ အဝတ်အစားလဲဖို့ အချိန်မရှိတော့သည်အတိုင်းပဲ အခစားဝင်ရပါတော့တယ်။ မယ်မယ်ကြီးက အိပ်ရာပေါ်မှာပဲ ထိုင်နေပါတယ်။ သူ့ရှေ့မှာ စားပွဲငယ်လေး တစ်လုံးပြင်ဆင်ထားပါတယ်။ ကောင်းကောင်းနားရရဲ့လား၊ အိပ်ရရဲ့လားလို့ မယ်မယ်ကြီးက ပြုံးပြီးမေးပါတယ်။ ကျွန်မက နေ့လယ်နေ့ခင်းမအိပ်တတ်ဘူးလို့ ပြန်ပြီး လျှောက်တင်လိုက်ပါတယ်။ အဲဒီတော့ မယ်မယ်ကြီးက ကျွန်မလည်းသူ့လို အသက်ကြီးလာတဲ့ အချိန်ကျရင် ဘယ်အချိန်မဆို အိပ်တတ်သွားမှာပါလို့ ပြောပါတယ်။ အခုကျွန်မကို ကြည့်ရတာ နွမ်းနယ်နေ ပုံထောက်တော့တောင်ပေါ်မှာ ပန်းသွားခူးရင်ခူး၊ မခူးရင် လမ်းအတော်လျှောက်ခဲ့လို့ပဲဖြစ်မယ်လို့ မယ်မယ်ကြီးက ဆက်ပြောပါတယ်။ စောစောကမယ်မယ်ကြီးအကြောင်း မဟုတ်တမ်းတရားတွေပြောခဲ့တဲ့ အပျိုတော်နှစ်ယောက် စက်ရာဆောင်ထဲဝင်လာပြီး မယ်မယ်ကြီးကိုယ်လက်သန့်စင်နေတာကို ဝိုင်းကူပေးပါတယ်။ ကျွန်မသူတို့ကိုကြည့်လိုက်ပါတယ်။

သူတို့အစား စီရှီးမယ်မယ်ကြီးနဲ့ မျက်နှာချင်းဆိုင်ရတာကို ကျွန်မ ရှက်နေမိပါတယ်။

မယ်မယ်ကြီးက မျက်နှာကိုသန့်စင်ပြီး ဆံပင်တွေကို ဖြီးသင်ပါတယ်။ အစေခံ အမျိုးသမီးတစ်ဦးက စံပယ်နဲ့နှင်းဆီလတ်လတ်ဆတ်ဆတ်တွေ ယူလာပါတယ်။ မယ်မယ်ကြီးက အဲဒီပန်းတွေကို သူ့ဆံထုံးမှာ ထိုးစိုက်ပန်ဆင်ပြီး ကျောက်စိမ်းတို့၊ ပုလဲတို့ထက် ပန်းလတ်လတ်ဆတ်ဆတ်တွေကို ပိုသဘောကျတယ်လို့မိန့်ပါတယ်။ ပြီးတော့ ပန်းပင်တွေကို စိုက်ရတာ၊ ကိုယ်တိုင်ရေလောင်းပေါင်းသင်ရတာကိုလည်း သဘောကျတယ်လို့ ဆိုပါတယ်။ ပြီးတော့ ကျွန်မနန်းတွင်းရောက်လာကတည်းက အလုပ်တွေရှုပ်နေတာနဲ့ သူ့အပင်တွေဘက် လှည့်မကြည့်အားတော့ဘူးလို့ မယ်မယ်ကြီးကပြောပါတယ်။ အဝတ်အစားလဲပြီးတော့ စီရှီးမယ်မယ်ကြီးက ခန်းမဆောင်အလယ်မှာထိုင်ပြီး ဒိုမိနိုပြားတွေနဲ့ ရသေ့စိတ်ဖြေကစားနေပါတယ်။ မိန်းမစိုးတွေက ထုံးစံအတိုင်း စားပွဲတွေကိုကြိုခင်းထားပါတယ်။ နောက်တော့ မယ်မယ်ကြီးက ကစားတာရပ်ပြီး ညစာစားဖို့ လုပ်ပါတော့တယ်။ ညစာစားရင်းနဲ့ မယ်မယ်ကြီးက သူ့ရဲ့နန်းတွင်းသူအဖြစ်နေရတာ သဘောကျလားလို့လည်း ကျွန်မကိုမေးပါတယ်။ ပါရီကို နောက်တစ်ခေါက်ပြန်သွားချင်လားလို့လည်း မေးပါတယ်။ ပြီးတော့ တရုတ်ပြည်မကြီးကို သုံးနှစ်ကနေ လေးနှစ်အထိ ခွဲခွာရတာဟာခက်ခဲကြောင်း၊ တရုတ်ပြည်ပြန်လာဖို့ ညွှန်ကြားချက်ရတုန်းက ကျွန်မတို့အရမ်းပျော်နေတယ်လို့ သူထင်ကြောင်း မယ်မယ်ကြီးက ပြောပါတယ်။ ကျွန်မကတော့ မယ်မယ်ကြီးပြောသမျှ မေးသမျှဟုတ်ကဲ့ချည်းပဲလိုက်ခဲ့ရပါတယ်။ ပါရီကို လွမ်းတယ်လို့ပြောရင် မယ်မယ်ကြီးအမျက်တော်ရှမှာကိုလည်း ကြောက်ရပါသေးတယ်။

နောက်တော့ မယ်မယ်ကြီးက အနောက်တိုင်းအကတွေနဲ့ ပတ်သက်ပြီး မယ်မယ်ကြီးက ဝေဖန်ပါတော့တယ်။ အနောက်တိုင်းအကတွေဟာ လူနှစ်ဦးလက်ချင်းတွဲပြီး ပတ်ပတ်လည်ခုန်ပေါက်ကကြရတယ်လို့ ကြားဖူးကြောင်း မယ်မယ်ကြီးကပြောပါတယ်။ ပြီးတော့ ကျွန်မလည်း အမျိုးသားတွေနဲ့အတူ အဲလိုကခဲ့ဖူးလားလို့ မေးပါတယ်။ အဲဒီနောက်တော့ ကျွန်မက သမ္မတကကျင်းပပေးတဲ့ကပွဲတွေအကြောင်း၊ အခြားသီးသန့်ကျင်းပတဲ့ ကပွဲတွေအကြောင်းနဲ့ မျက်နှာဖုံးစွပ်ကပွဲအကြောင်း စီရှီးမယ်မယ်ကြီးကို ရှင်းပြပါတယ်။ မျက်နှာဖုံးစွပ်ကပွဲအကြောင်းပြောပြတော့ စီရှီးမယ်မယ်ကြီးက မျက်နှာဖုံးစွပ်ထားတော့ ကိုယ်နဲ့တွဲကတဲ့သူ ဘယ်သူလဲဆိုတာမသိရတဲ့အတွက် မျက်နှာဖုံးစွပ်အကမျိုးကို မကြိုက်ဘူးလို့မိန့်ပါတယ်။ ပြီးလဲပြီးရော စီရှီး မယ်မယ်ကြီးက ကျွန်မကို ခဏလောက်ကပြဖို့ ခိုင်းပါတော့တယ်။ အဲဒါနဲ့ ကျွန်မလည်း ကျွန်မညီမကိုအပြေးအလွှားလိုက်ရှာတော့ ဧကရာဇ်မိဖုရားနဲ့ စကားလက်ဆုံကျနေတာတွေ့ရပါတယ်။ အနောက်တိုင်းအကကို စီရှီးမယ်မယ်ကြီးက ရှုစားလိုကြောင်း ကျွန်မကပြောတော့ ကျွန်မညီမက စီရှီးမယ်မယ်ကြီးရဲ့ စက်ရာဆောင်မှာ ဓာတ်စက်တစ်လုံးမြင်မိတယ်

ပြောပါတယ်။ ကျွန်မတို့ညီအစ်မပြောနေတာတွေကို ဧကရာဇ်မိဖုရားနဲ့ အခြားနန်းတွင်းသူတွေကြားတော့ သူတို့ကလည်း ကျွန်မတို့ကတာကို ကြည့်ချင်တယ်လို့ တောင်းဆိုပါတော့တယ်။ အဲဒီနောက်တော့ ကျွန်မတို့ စီရှီးမယ်မယ်ကြီး ရှေ့တော်ပြန်ဝင်ပြီး ဓာတ်စက်အသုံးပြုခွင့်ပေးဖို့ ခွင့်တောင်းပါတယ်။ ကျွန်မတို့အဲလိုတောင်းဆိုတော့ စီရှီးမယ်မယ်ကြီးက ခန်းမဆောင်ထဲ ဓာတ်စက်သယ်လာခဲ့ဖို့ မိန်းမစိုးတွေကို ညွှန်ကြားလိုက်တယ်။ ဓာတ်စက်ရောက်တော့ ကျွန်မတို့ညီအစ်မသီချင်းရွေးပါတယ်။ သီချင်းအများစုကတော့ တရုတ်သီချင်းတွေပါ။ ဒါပေမဲ့နောက်ဆုံးမှာတော့ ဝေါ့ဇ်သီချင်းတစ်ပုဒ်ကျွန်မတို့ ရလိုက်ပါတယ်။ အဲဒီသီချင်းနဲ့ပဲ ကျွန်မတို့စကပြပါတော့တယ်။ ကျွန်မတို့ ညီအစ်မကနေတာကို လူတွေအများကြီးဝိုင်းအုံကြည့်နေကြပါတယ်။ အချို့ကလည်း ကျွန်မတို့ကို ရူးနေပြီလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ကျွန်မတို့ကပွဲပြီးတော့ စီရှီးမယ်မယ်ကြီး ရယ်မောနေတာကိုတွေ့ရပါတယ်။ ပြီးတော့ တစ်ပတ်ပြီးတစ်ပတ် လှည့်ပတ်ကနေရတာ မမူးဘူးလား၊ ခြေထောက်တွေရော မညောင်းဘူးလားလို့မေးပါတယ်။ ဒါပေမဲ့ အနောက်တိုင်းအကပုံစံက ခက်ခဲကြောင်း စီရှီးမယ်တော်ကြီးက ဝန်ခံပါတယ်။ ပြီးတော့ အမျိုးသမီးနဲ့ အမျိုးသားတွဲကတဲ့ ပုံစံဟာကြည့်လို့ကောင်းတယ်မထင်ဘူးလို့လည်းပြောပါတယ်။ ပြီးတော့ တရုတ်နိုင်ငံမှာဆိုရင် သူစိမ်းတစ်ရံစာ အမျိုးသားနဲ့ အမျိုးသမီးတစ်ဦးသည်လို အနေနီးစပ်လွန်းတာမျိုးရှိမှာ မဟုတ်ဘူးလို့လည်း မှတ်ချက်ချပါတယ်။ ဒါပေမဲ့ နိုင်ငံခြားသားတွေကသည် ကိစ္စနဲ့ပတ်သက်ပြီးစိတ်ထဲ အလေးအနက်မရှိ ဘူး။ တရုတ်တွေထက် သဘောထားပိုလွတ်လပ်ကျယ်ပြန့်ပုံပေါ်တယ်လို့ မယ်မယ်ကြီးက သုံးသပ်ပါတယ်။

ကျွန်မတို့ ညစာစားပြီးတဲ့အချိန်ဟာ ညနေ ၅ နာရီခွဲခွန်းခဲ့ပါပြီ။ မယ်မယ်ကြီးက လေသာဆောင်တစ်လျှောက် အညောင်းပြေလမ်းလျှောက်ချင်တယ်လို့မိန့်တော့ ကျွန်မတို့လည်း သူ့နောက်က လိုက်ရပါတယ်။ ပြီးတော့ သူ့ကိုယ်တိုင်စိုက်ထားတဲ့ ပန်းပင်တွေကို မယ်မယ်ကြီးက ကျွန်မကို ပြပါတယ်။ စီရှီးမယ်မယ်ကြီး ဘယ်လိုပဲသွားသွား နံနက်ပိုင်းညီလာခံတက်သလိုပဲ နောက်ကနေ အခြွေအရံတစ်ပြုံတစ်ခေါင်းကြီး ပါလာလေ့ရှိပါတယ်။ ၁၅ မိနစ်လောက်လျှောက်ပြီး လသာဆောင်တန်းအဆုံးကိုရောက်တော့ စီရှီးမယ်မယ်ကြီးက သူ့ရဲ့ခွေးခြေကို နွေရာသီအပန်းဖြေဆောင်ကို သယ်လာဖို့အမိန့်ချပါတယ်။ စီရှီးမယ်မယ်ကြီးရဲ့ နွေရာသီအပန်းဖြေဆောင်တစ်ခုလုံးကို ဝါးတွေနဲ့ချည်းပဲဆောက်ထားပါတယ်။ ပရိဘောဂတွေအားလုံးကို လည်း ဝါးတွေနဲ့ပဲ ဖန်တီးထားပါတယ်။ မယ်မယ်ကြီး ခွေးခြေပေါ် ထိုင်ပြီးတဲ့အချိန်မှာ မိန်းမစိုးတစ်ဦးက လက်ဖက်ရည်နဲ့ ပျားရည်စုပ်ပန်းတွေယူလာပြီး ဆက်သပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးက ကျွန်မတို့နန်းတွင်းသူအုပ်စုအတွက်လည်း လက်ဖက်ရည်ယူလာ

ပေးဖို့ မိန်းမစိုးတွေကို ခိုင်းပါတယ်။ သည်လိုနေတာဟာ သူ့ရဲ့ရိုးရှင်းတဲ့ ဘဝနေနည်းလို့ စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ ပြီးတော့ တရုတ်ပြည်ထဲမှာရှိတဲ့ တကယ့်ရှုခင်းလှတဲ့ နေရာတွေသာ ကျွန်မကိုပြလိုက်ရင် နိုင်ငံခြားတိုင်းပြည်တွေကို ကျွန်မသဘောတွေ့တော့မှာ မဟုတ်ဘူးလို့လည်း မိန့်ပါတယ်။

နွေရာသီအပန်းဖြေဆောင်မှာ အတော်ကြာကြာ စကားလက်ဆုံကျပြီးတဲ့နောက်မှာ စီရှီးမယ်မယ်ကြီးဟာ သူ့စံနန်းကို ပြန်ကြွပါတော့တယ်။ နန်းဆောင်ထဲရောက်တော့ မယ်မယ်ကြီးဟာ သလွန်ပေါ်မှာထိုင်ပြီး ရသေ့စိတ်ဖြေကစားနည်းတွေ ကစားနေပါတယ်။ ကျွန်မတို့ နန်းတွင်းသူတစ်သိုက်လည်း လသာဆောင်ဘက်ထွက်လာကြပါတယ်။ လသာဆောင်ရောက်တော့ တစ်နေကုန် မရပ်မနားအလုပ်လုပ်ခဲ့ရတာဆိုတော့လည်း ကျွန်မတို့ ပင်ပန်းနေမှာပဲလို့ ကေရာဇ်မိဖုရားကပြောပါတယ်။ ပြီးတော့ သက်သောင့်သက်သာရှိတဲ့ လှုပ်ရှားရလွယ်တဲ့ မန်ချူးဝတ်စုံတွေဝတ်ရင် ကျွန်မတို့အတွက် ပိုကောင်းမယ်လို့လည်းပြောပါတယ်။

အဲဒီတော့ ကျွန်မတို့ကလည်း မန်ချူးဝတ်စုံလဲဝတ်လိုပေမယ့် စီရှီးမယ်မယ်ကြီးက ဘာမှ ညွှန်ကြားပေးခြင်းမရှိကြောင်း ကေရာဇ်မိဖုရားကို လျှောက်လိုက်ပါတယ်။ ဒါပေမဲ့ အခုတော့ဘာမှမပြောသေးဖို့နဲ့ စီရှီးမယ်တော်ကြီးက ကျွန်မတို့ဟာ ဝတ်စုံပြောင်းဝတ်ခိုင်းမှာပါလို့လည်း ကေရာဇ်မိဖုရားက ပြောပါတယ်။ ကေရာဇ်မိဖုရားနဲ့ စကားပြောလို့ကောင်းနေတုန်းမှာပဲ လျှပ်စစ်မီးပွင့်တွေ လင်းလာပါတယ်။ အဲဒါနဲ့ပဲ စီရှီးမယ်မယ်ကြီး တစ်ခုခုခိုင်းချင်ရင် အဆင်သင့်ရှိဖို့ ကျွန်မတို့လည်း ရှေ့တော်ထပ်ဝင်ရပါတော့တယ်။ နောက်တော့ အိပ်ရာမဝင်ခင် အံစာပစ်တမ်းဆော့မယ်ဆိုလို့ ကျွန်မလည်း မယ်မယ်ကြီးနဲ့တစ်ပွဲတစ်လမ်း ဆော့ပေးရပါတယ်။ ကစားပွဲလည်းပြီးရော စီရှီးမယ်မယ်ကြီးက သူအိပ်ရာမဝင်ခင် တစ်ဖက်ဘုရားဆောင်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို အမွှေးနံ့သာတိုင်တွေ ထွန်းညှိပူဇော်ပေးဖို့ ကျွန်မကိုပြောပါတယ်။ ပြီးတော့ ကျွန်မမထင်မှတ်ထားတဲ့ မေးခွန်းတစ်ခုကို စီရှီးမယ်မယ်ကြီးက မေးလိုက်ပါတယ်။ အဲဒီမေးခွန်းကတော့ ကျွန်မက ခရစ်ယာန်ဘာသာဝင်လားဆိုတဲ့မေးခွန်းပါ။ ကျွန်မနှလုံးခုန်တောင် ရပ်မတတ်ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့အတွက် ကျွန်မနဲ့ ခရစ်ယာန်ဘာသာအကြား ပတ်သက်မှုမရှိပါဘူးလို့ဘဲ ဖြေရပါတော့တယ်။ မယ်မယ်ကြီးကို လိမ်မိတဲ့အတွက် ကျွန်မလိပ်ပြာမလုံဖြစ်ခဲ့ရတယ်။ အဲဒီအချိန်မှာပဲ စီရှီးမယ်မယ်ကြီးက ပြုံးပြီးကျွန်မဟာ နိုင်ငံရပ်ခြားမှာ အနေကြာခဲ့ပေမယ့် နိုင်ငံခြားသားတွေရဲ့ ကိုးကွယ်ယုံကြည်မှုကို လက်မခံတဲ့အတွက် လေးစားကြောင်းပြောပါတယ်။ အဲဒီလို စိတ်မျိုးတစ်ဘဝလုံး မွေးဖို့လည်း မယ်မယ်ကြီးက မှာပါတယ်။ အခုတော့သူအိပ်ရာဝင်ချင်ပြီလို့ မယ်မယ်ကြီးက မိန့်ပါတယ်။

ကျွန်မတို့က မယ်မယ်ကြီးအိပ်ရာဝင်ဖို့အတွက် အဝတ်အစားတွေကူပြီးလဲပေးပါတယ်။ ပြီးတော့ ပုံမှန်အတိုင်းပဲ မယ်မယ်ကြီးရဲ့ လက်ဝတ်ရတနာတွေကို သိမ်းပေးပါတယ်။ စီရှီးမယ်မယ်ကြီးက အိပ်ရာဝင်တဲ့အခါ ကျောက်စိမ်းဘယက်တစ်စုံကိုပဲ ဝတ်လေ့ရှိတာကို သတိပြုမိပါတယ်။ ညအိပ်ဝတ်စုံလဲပြီးတော့ မယ်မယ်ကြီးက ကျွန်မတို့ကို သွားခွင့်ပေးလိုက်ပါတယ်။ ကျွန်မတို့လည်း မယ်မယ်ကြီးကို အရိုအသေပြုပြီး အိပ်ရာဆောင်ကနေ ထွက်လာကြပါတယ်။ နန်းမဆောင်အပြင်ဘက် ကျောက်ခင်းကြမ်းပြင်ပေါ်မှာ မိန်းမစိုးခြောက်ဦးရှိပါတယ်။ သူတို့ဟာ အိပ်ဖန်စောင့်တွေဖြစ်တဲ့အတွက် မယ်မယ်ကြီးစက်တော်ခေါ် နေချိန်တစ်ညလုံး မအိပ်ကြရပါဘူး။ ပြီးတော့ စက်ရာဆောင်ထဲမှာလည်း မိန်းမစိုးနှစ်ဦး၊ အစေခံမိန်းကလေးနှစ်ဦးနဲ့ အသက်ကြီးကြီး အမျိုးသမီးလက်သုံးတော်နှစ်ဦးရှိပါတယ်။ တစ်ခါတစ်လေကျရင်လည်း နန်းတွင်းသူနှစ်ဦးရှိ တတ်ပါတယ်။ သူတို့လည်း မအိပ်ကြရပါဘူး။ မယ်မယ်ကြီးညအိပ်ရာဝင်ရင် မိန်းကလေးနှစ်ဦးက ခြေထောက်တွေကို နှိပ်နယ်ပေးကြရပါတယ်။ အသက်ကြီးကြီးအစေခံ အမျိုးသမီးနှစ်ဦးက အဲဒီမိန်းကလေး နှစ်ဦးကိုစောင့်ကြည့်ပေးရပါတယ်။ မိန်းမစိုးနှစ်ဦးက အဲဒီအသက်ကြီးပိုင်းလက်သုံးတော်အမျိုးသမီးနှစ်ဦးကို ထပ်ပြီးစောင့်ကြည့်ပါတယ်။ အမှားအယွင်းအချွတ်အချော်မရှိရလေအောင်သူတို့အားလုံးကို နန်းတွင်းအမျိုးသမီးနှစ်ဦးက ထပ်ဆင့်ကြီးကြပ်ရပါတယ်။ သည်တာဝန်တွေကို နန်းတွင်းသူတွေ၊ မိန်းမစိုးတွေကအလှည့် ကျယူကြရပါတယ်။

နောက်ပိုင်းကျတော့ နန်းတွင်းသူတစ်ဦးက အစဉ်အလာအရ မယ်မယ်ကြီးစက်ရာဆောင်မှာ အလှည့်ကျစောင့်ကြရမှာဖြစ်ပြီး ကျွန်မက မနက်ဖြန်မနက်၊ ကျွန်မညီမက သန်ဘက်ခါမနက် အလှည့်ကျတာဝန်ယူရမယ်လို့ ပြောပါတယ်။ အဲဒီလိုပြောနေရင်းနဲ့ နန်းတွင်းသူက ထူးထူးဆန်းဆန်း ပြုံးလိုက်တာကို ကျွန်မသတိပြုမိပါတယ်။ အဲဒီအချိန်တုန်းက သူဘာကြောင့်ပြုံးမှန်း ကျွန်မနားမလည်ခဲ့ပါဘူး။ နောက်ပိုင်းတော့ သိလိုက်ရပါတယ်၊ စီရှီးမယ်မယ်ကြီးကို အိပ်ရာကဘယ်လိုနှိုးသလဲလို့ ကျွန်မကအဲဒီနန်းတွင်းသူကို မေးတော့သူက ထွေထွေထူးထူးမရှိပါဘူး။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လုပ်ရမှာကို ပြန်ဖြေပါတယ်။ ပြီးတော့ အိပ်ရာနိုးစဉ်မှာ စီရှီးမယ်မယ်ကြီးဒေါသဖြစ်အောင် မလုပ်ဖို့လည်း ကျွန်မကိုသတိပေးပါတယ်။ ပြီးတော့ သူ့ရဲ့အတွေ့အကြုံကို ပြန်ပြောပြပါတယ်။ သူ့အလှည့်တုန်းက စီရှီးမယ်မယ်ကြီးပင်ပန်းနေတယ်ဆိုတာသိတဲ့အတွက် မယ်မယ်ကြီးကို နှိုးတဲ့အခါမှာ ပုံမှန်ထက်ပိုပြီး အသံတိုးတိုးနဲ့ နှိုးမိတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အိပ်ရာထ နောက်ကျခဲ့ရတဲ့အတွက် အိပ်ရာနိုးနိုးချင်းမှာပဲ ဆူပူအော်ငေါက်ခံခဲ့ရတယ်လို့ နန်းတွင်းသူက သူ့အတွေ့အကြုံကိုဝေမျှပါတယ်။ မယ်မယ်ကြီး အိပ်ရာထနောက်ကျချိန်တိုင်းဖြစ်တတ်တဲ့ ပြဿနာလို့ အဲဒီနန်းတွင်း သူကပြောပါတယ်။

ဒါပေမဲ့ ကျွန်မကနန်းတွင်းမှာ လူသစ်လိုဖြစ်နေတော့ မယ်မယ်ကြီးက ကျွန်မကို ဆူမယ်မထင်ဘူးလို့ သူကဆက်ပြောပါတယ်။ ပြီးတော့ အချိန်ကြာရင် အကြောင်းသိလာမှာပါလို့လည်း ပြောပါတယ်။ သည်နန်းတွင်းသူပြောပုံအရဆိုရင် ကျွန်မအတွက်လည်း စိုးရိမ်စရာပါ။ ဒါပေမဲ့ မယ်မယ်ကြီးအကြောင်း ကျွန်မသိထားသလောက် ကိုယ့်တာဝန်ကိုယ်ကျေတဲ့သူ တစ်ယောက်ပေါ်မှာတော့ ဒေါသထွက်မှာမဟုတ်ဘူးလို့ ကျွန်မယုံကြည်ထားပါတယ်။

## ကေရာဇ်ကွမ်ဆူး

နောက်တစ်နေ့မှာတော့ ကျွန်မဟာ ပုံမှန်ထက် အိပ်ရာစောစောထပြီး အဝတ်အစား တွေ ကတိုက်ကရိုက်လဲရပါတယ်။ နောက်ကျမှာကို ကျွန်မစိုးရိမ်နေပါတယ်။ စီရှီး မယ်မယ်ကြီးရဲ့ နန်းဆောင်ကိုရောက်တော့ လေသာဆောင်မှာ နန်းတွင်းသူအချို့ထိုင်နေတာကို တွေ့ရပါတယ်။ ကျွန်မကိုတွေ့တော့ လက်ပြနှုတ်ဆက်ပြီး အချိန်စောသေးတဲ့အတွက် သူတို့နဲ့ အတူ လာထိုင်ဖို့ပြောပါတယ်။ မယ်မယ်ကြီးကို ငါးနာရီခွဲမှ နိူးရမှာလို့ ကျွန်မကို ပြောပါတယ်။ အခုကတော့ နံနက် ၅ နာရီပဲရှိပါသေးတယ်။ ခဏလောက်ကြာတော့ ကေရာဇ် မိဖုရားရောက် လာပြီး သည်နေ့မယ်မယ်ကြီးကို အိပ်ရာနိူးဖို့ ဘယ်သူ့အလှည့်လည်းလို့ မေးပါတယ်။ သည် နေ့အလှည့်ဟာ ကျွန်မအလှည့်ပါလို့ ပြန်ဖြေလိုက်တော့ ကေရာဇ်မိဖုရားက မယ်မယ်ကြီး စက်ရာဆောင်ကို အခုချက်ချင်းသွားဖို့ ညွှန်ကြားပါတယ်။ အဲဒါနဲ့ ကျွန်မလည်းခြေဖော့ဖော့ နင်းရင်း စက်ရာဆောင်ထဲဝင်သွားတော့ အစေခံမိန်းကလေးတွေက မတ်တပ်ရပ်နေပြီး နန်း တွင်းသူတစ်ဦးက ကြမ်းပြင်ပေါ်ထိုင်နေတာ တွေ့ရပါတယ်။ နန်းတွင်းသူက အိပ်ဖန်စောင့် တာဝန်ညလုံးပေါက်ယူထားရတာပါ။ ကျွန်မကိုတွေ့တော့ နန်းတွင်းသူက ထိုင်ရာကထလာပြီး ကျွန်မရောက်လာတဲ့အတွက် သူလည်းပြန်ပြီးအဝတ်အစားလဲ ကိုယ်လက်သန့်စင်လိုက်ဦး မယ်လို့ ကြားလောက်ရုံတိုးတိုးလေးပြောပါတယ်။ ကျွန်မကတော့ မယ်မယ်ကြီးအိပ်ရာ နိုးချိန် အထိ စက်ရာဆောင်မှာပဲ ဆက်နေရမယ်လို့လည်းမှာပါတယ်။ နန်းတွင်းသူထွက်သွားပြီးတဲ့ နောက်မှာ ကျွန်မဟာ မယ်မယ်ကြီးသလွန်နားအသာကပ်ပြီး နံနက်ငါးနာရီခွဲပါပြီလို့ လေသံတိုးတိုးနဲ့ လျှောက်လိုက်ပါတယ်။ မယ်မယ်ကြီးဟာ နံရံဘက်မျက်နှာလှည့်ပြီးအိပ်နေ တော့ သူ့ကိုနိူးကာ ဘယ်သူလည်းဆိုတာ မသိပါဘူး။ ခြောက်နာရီမှ နိူးလို့ပြောပြီး ကျွန်မကို နှင်ထုတ်ပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလိုဘဲ ပြန်အိပ်ပျော်သွားပါတယ်။ အဲဒီတော့

ကျွန်မလည်း ခြောက်နာရီတိုင်အောင် ထပ်စောင့်ပြီး တစ်ခါပြန်နှိုးပါတယ်။ မယ်မယ်ကြီးနိုး လာပါတယ်။ ဒါပေမဲ့ အနှောင့်အယှက်ပေးလွန်းရန်ကောဆိုပြီး ပါးစပ်က မြည်တွန်တောက်တီး နေပါတယ်။ အဲဒီလို မြည်တွန်တောက်တီးပြီး ဘေးဘီဝဲယာကို ကြည့်လိုက်တော့မှ ကျွန်မကို တွေ့သွားပါတယ်။ တော့လျှံပါလားလို့ပြောပြီး သူ့ကိုနှိုးဖို့ ကျွန်မကိုဘယ်သူခိုင်းတာလဲဆိုပြီး မေးပါတယ်။ နန်းတွင်းသူတစ်ဦးက ကျွန်မအလှည့်လို့ပြောလို့ လာနှိုးရတာပါလို့ ကျွန်မကပြန် ဖြေလိုက်ပါတယ်။ ပြီးတော့ သူ့ဘက်ကဘာမှမညွှန်ကြားဘဲ လုပ်ရကောင်းလားဆိုပြီး နန်းတွင်းအပျိုတော်တွေကို အပြစ်တင်ပါတယ်။ ပြီးတော့ နန်းတွင်းသူတွေကသည်အလုပ် မလွယ်မှန်းသိလို့ လူသစ်ဖြစ်တဲ့ ကျွန်မကို တမင်တကာချောက်တွန်းတာလို့လည်း စီရှီး မယ်မယ်ကြီးက ပြောပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ စကားမပြန်တော့ပါဘူး။ ကျွန်မသည် နေ့တစ်နေ့လုံးလုပ်နိုင်သမျှလုပ်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီးက အရာရာကို စိတ်တိုင်း မကျဖြစ်နေပုံရပါတယ်။ ဒါပေမဲ့နောက်ပိုင်းမှာတော့ ကျွန်မဟာ စီရှီးမယ်မယ်ကြီးကို သူလုပ် နေရတဲ့အလုပ်တွေကနေ အာရုံပြောင်းဖို့ကြိုးပမ်းနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ မယ်မယ်ကြီးအိပ်ရာ ထဖို့ နှိုးရတဲ့အလုပ်ဟာ အခက်အခဲ တစ်ဖြည်းဖြည်းလျော့လာပါတယ်။

မယ်မယ်ကြီးကို အိပ်ရာကနှိုးပြီးတော့ ကျွန်မတို့အဆောင် ကျွန်မတို့ပြန်ရောက်ချိန်က မနက် ၁၀ နာရီခွဲပါပြီ။ ကျွန်မကတော့ အတော်လေးကို ပင်ပန်းပြီး အိပ်ချင်နေပါပြီ။ အဝတ် အစားလဲပြီး အိပ်ရာဝင်တော့ ကျွန်မထင်ပါတယ်။ ခေါင်းအုံးနဲ့ခေါင်းထိထိချင်းပဲ ကျွန်မအိပ် ပျော်သွားပါတယ်။

နောက်နေ့တွေမှာလည်း ကျွန်မတို့နန်းတွင်းသူတွေရဲ့ဘဝက အရင်အတိုင်းပါပဲ။ ဘာလိုလိုနဲ့ ကျွန်မတို့နန်းတွင်းကို ရောက်လာတာ ၁၅ ရက် ပြည့်သွားပါပြီ။ ပြီးတော့ မန်ချူး နန်းတွင်းရေးကိုလည်း ကျွန်မစိတ်ဝင်စားစပြုလာခဲ့ပါပြီ။ စီရှီးမယ်မယ်ကြီးက ကျွန်မတို့အပေါ် မှာ အတော်လေးကြင်နာပါတယ်။ မေတ္တာလည်းထားပါတယ်။ မယ်မယ်ကြီးဟာ နွေရာသီစံ နန်းတော်ထဲမှာရှိတဲ့ နေရာအမျိုးမျိုးဆီကို ကျွန်မတို့ကို ခေါ်ပြခဲ့ပါတယ်။ ခွန်မင်းရေကန်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ မယ်မယ်ကြီးရဲ့ ပန်းခင်းကိုလည်း ကျွန်မတို့မြင်ခွင့်ရခဲ့ပါတယ်။ အဲဒီပန်းခင်းကို ရောက်ဖို့ကျွန်မတို့ဟာ ကျောက်စိမ်းလက်ပတ်လို့ခေါ်တဲ့ တံတားအောက်ကနေ လှေနဲ့ဖြတ်ရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ကျောက်စိမ်းလက်ပတ်တံတားထိပ်မှာ ထိုင်ပြီး လက်ဖက်ရည်ကြမ်းသောက်ရတာကို အတော်လေးသဘောကျပုံရပါတယ်။ ပြီးတော့စီရှီးမယ် မယ်ကြီးက သူ့ရဲ့ပန်းခင်းကို လေးရက်တစ်ကြိမ်ဒါမှ မဟုတ်ငါးရက်တစ်ကြိမ်လောက်သွားကြည့် တတ်ပြီးသူ့စိုက်ခင်းက ထွက်တဲ့အသီးအနှံတွေကို ကိုယ်တိုင်ချက်ပြုတ်ရတာကိုလည်း အလွန် သဘောကျပါတယ်။

နန်းတွင်းအပျိုတော်ဘဝရောက်ခဲ့တဲ့နောက်ပိုင်းမှာ ကျွန်မဟာ ကေရာဇ်ကွမ်ဆူးနဲ့ နံနက်ပိုင်းလို လိုတွေ့ခဲ့ရပါတယ်။ ကျွန်မအချိန်ရတိုင်း ကေရာဇ်ကွမ်ဆူးဟာ အင်္ဂလိပ်စကားလုံးအချို့ကို မေးတတ်မြန်းတတ်ပါတယ်။ ကေရာဇ်ကွမ်ဆူးဟာ အင်္ဂလိပ်စာလုံးပေါင်းတွေကို အတော်အတန် သိထားကြောင်း သိရတော့ ကျွန်မအံ့ဩမိပါတယ်။ ကျွန်မအတွက်ကတော့ ကေရာဇ်ကွမ်ဆူးဟာ အတော်လေးစိတ်ဝင်စားဖို့ကောင်းတဲ့သူပါ။ ကျွန်မတို့ နန်းတွင်းသူတွေနဲ့ အတူရှိနေချိန်မှာ သူဟာကွမ်ဆူးကေရာဇ်မဟုတ်တော့ပါဘူး။ ရယ်တတ်မောတတ်တဲ့ ပျော်တတ်တဲ့လူတစ်ဦးပါ။ ဒါပေမဲ့ စီရှီးမယ်တော်ကြီး ရှေ့မှောက်ကိုရောက်ရင် ကွမ်ဆူး ကေရာဇ်ဟာ တစ်ခုခုကိုစိုးရိမ်နေသလိုပါပဲ။ သူ့ကြည့်ရတာ သေခြင်းတရားနဲ့ တွေ့ရတော့မှာကို ကြောက်နေသလိုပါကဲ။ စီရှီးမယ်မယ်ကြီးရှေ့ရောက်ရင် သူ့ကြည့်ရတာ ထုံထုံထိုင်းထိုင်း ဖြစ်သွားတော့တာပါပဲ။ ကေရာဇ်ကွမ်ဆူးဟာ လူရည်လူသွေးမရှိတဲ့သူလို့ သူ့ကိုခစားကြတဲ့ ဝန်ကြီးဝန်ငယ်တွေကကျွန်မကို ပြောဖူးပါတယ်။ ပြီးတော့ နှုတ်လည်းဆိတ်လွန်းလှတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ကေရာဇ်ကွမ်ဆူးအကြောင်းကို သူတို့ထက် ကျွန်မပိုသိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက သူနဲ့နေ့တိုင်းလိုလို တွေ့နေကျမို့ပါ။ ကျွန်မဟာ ကေရာဇ်ကွမ်ဆူးအကြောင်းကို ကောင်းကောင်းသိရလောက်အောင် နန်းတွင်းထဲမှာ အနေကြာခဲ့သူပါ။ ကျွန်မသိရသလောက် ကေရာဇ်ကွမ်ဆူးဟာ တရုတ်ပြည်မှာ အသိတရားနဲ့ အပြည့်စုံဆုံးလူတစ်ဦးပါ။ သူဟာ စေ့စပ်သေချာနွေးနိုင်စွမ်းရှိတဲ့ သံတမန်တစ်ဦးဖြစ်သလို ဖြတ်ထိုးဉာဏ်လည်း ကောင်းလှပါတယ်။ တစ်ခုပဲပြော စရာရှိပါတယ်။ ဘာလဲဆိုတော့ သူ့မှာအခွင့်အရေးမရှိတာပါ။ အခုလည်း လူအတော်များများက သူတို့ရဲ့ ကေရာဇ်ကွမ်ဆူးဟာ လူရည်လူသွေးထက်သူလား ဆိုပြီး ကျွန်မကိုမေးကြပါတယ်။ ပြီးတော့ ရဲစွမ်းသတ္တိလည်း ရှိပါလေစဆိုပြီး မေးလာသူလည်း ရှိပါတယ်။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီး လက်ထက်နန်းတွင်းဥပဒေတွေ ဘယ်လိုတင်းကျပ်တယ်ဆိုတာကို အပြင်လူမသိနိုင်ပါဘူး။ အဲဒီဥပဒေကြောင့်ပဲ သူဟာကေရာဇ်တစ်ပါးရဲ့ ရပိုင်ခွင့်တွေကို စွန့်လွှတ်ထားရပါတယ်။ ကျွန်မဟာ ကေရာဇ်ကွမ်ဆူးနဲ့ စကားတွေအများကြီး ပြောဖြစ်ခဲ့ပါတယ်။ သူဟာ ဉာဏ်ပညာရှိတဲ့သူ၊ ခန္တီတရားရှိတဲ့သူပါ။ ဒါပေမဲ့ သူ့ဘဝကတော့ ကံမကောင်းခဲ့ပါဘူး။ ငယ်စဉ်ကဆိုရင် ကျန်းမာရေးအတော်ချူချာခဲ့တဲ့သူပါ။ ပြီးတော့ ပညာရေးကိုလည်း ဖိဖိစီးစီးမလုပ်နိုင်ခဲ့ဘူးလို့ သူကိုယ်တိုင်က ဝန်ခံစကားပြောဖူးပါတယ်။ ဒါပေမဲ့ ကေရာဇ်ကွမ်ဆူးဟာ မွေးရာပါဂီတ ပါရမီရှင်တစ်ဦးဖြစ်တော့ ဘယ်တူရိယာကိုမဆို သိပ်မလေ့လာရဘဲ တီးတတ်၊ မှုတ်တတ်ပါတယ်။ သူဟာ စန္ဒရားတီးရတာကိုသိပ် သဘောကျပြီး စန္ဒရားအတီးတင်ပေးဖို့ ကျွန်မကို တဖွဖွပြောတတ်ပါတယ်။ ညီလာခံခန်းမဆောင်ကြီးထဲမှာ စန္ဒရားတွေရှိနေတော့ ကျွန်မကလည်းသူ့ကို လွယ်ကူတဲ့ပေါ့စ်သီချင်းတီးခတ်ပုံတွေ သင်ပေး

ပါတယ်။ သူကလည်း စည်းချက်ကျကျကို ပြန်တီးပြနိုင်ပါတယ်။ တကယ်တော့ ဧကရာဇ်ကွမ်ဆူးက ကျွန်မရဲ့ မိတ်ဆွေကောင်း၊ အဖော်ကောင်းတစ်ဦးပါ။ သူရင်ဆိုင်နေရတဲ့ဒုက္ခတွေ၊ သောကတွေကိုလည်းကျွန်မကို ယုံယုံကြည်ကြည်ဖွင့်ပြောတိုင်ပင်တတ်ပါတယ်။ ကျွန်မတို့နှစ်ဦးတွေ့လိုက်ရင် အနောက်တိုင်းယဉ်ကျေးမှုတွေအကြား အတော်လေးကို ဆွေးနွေးမိတတ်ကြပါတယ်။ တကယ်တော့ ဧကရာဇ်ကွမ်ဆူးဟာ အရာရာအကြောင်းသိနေတဲ့ သူပါ။ အဲဒီအတွက် ကျွန်မအံ့သြရပါသေးတယ်။ ပြီးတော့ ဧကရာဇ်ကွမ်ဆူးဟာ တရုတ်ပြည်ကြီးပေါ်မှာ သူထားတဲ့ ရည်မှန်းချက်တွေကိုလည်း ကျွန်မကိုပြောပြတတ်ပါတယ်။ ပြီးတော့ ဧကရာဇ်ကွမ်ဆူးဟာ တရုတ်ပြည်သူတွေကိုလည်း ချစ်ပါတယ်။ အငတ်ဘေးကျရောက်ပြီဆိုရင် ဒါမှမဟုတ် ရေဘေးနဲ့ကြုံရပြီဆိုရင် ပြည်သူကိုတတ်စွမ်းသမျှ ကူညီပေးဖို့အတွက် ဆန္ဒရှိတဲ့သူပါ။ ဒါပေမဲ့နန်းတွင်းက အချို့မိန်းမစိုးတွေကတော့ ဧကရာဇ်ကွမ်ဆူးနဲ့ ပတ်သက်ပြီး မဟုတ်တမ်းတရား သွားပုပ်လေလွင့်တွေလျှောက်ပြောတတ်ကြပါတယ်။ ဥပမာအားဖြင့် ဧကရာဇ်ကွမ်ဆူးဟာ ရက်စက်တတ်သူဆိုပြီး ပြောတတ်တာမျိုးပါ။ သည်အကြောင်းတွေကို ရွှေနန်းတော်ထဲမရောက်မီကဘဲ ကျွန်မကြားခဲ့ဖူးပါပြီ။ ဧကရာဇ်ကွမ်ဆူးဟာ မိန်းမစိုးတွေကိုလည်း နားလည်ပေးတတ်သူတစ်ဦးပါ။ ဒါပေမဲ့ အရှင်သခင်နဲ့ အစေခံကြားမှာ အကန့်အသတ်ဆိုတာရှိစမြဲပါ။ ဧကရာဇ်ကွမ်ဆူးဟာ သူကဘာမှမပြောမချင်း မိန်းမစိုးတွေကိုလည်း စကားပြောခွင့်မပေးပါဘူး။ ပြီးတော့ မိန်းမစိုးတွေပြောတဲ့ အတင်းအဖျင်းတွေကိုလည်း ဘယ်တော့မှ နားမထောင်တတ်ပါဘူး။ နန်းတွင်းထဲမှာ အနေကြာတော့ အမှန်မှန်စိတ်ထားဆိုးပုပ်တဲ့သူဟာ ဧကရာဇ်ကွမ်ဆူးမဟုတ်ဘဲ မိန်းမစိုးတွေသာဖြစ်တယ်ဆိုတာ ကျွန်မသိလာရပါတယ်။ မိန်းမစိုးတွေဟာ သူတို့ရဲ့အရှင်သခင် ဧကရာဇ်ကွမ်ဆူးကိုမရိုသေကြပါဘူး။ သူတို့တွေဟာ တရုတ်ပြည်ရဲ့ အနိမ့်ဆုံးလူတန်းစားတွေက ဆင်းသက်လာကြသူပါ။ ပညာလည်းမတတ်၊ ကိုယ်ကျင့်တရားလည်းမရှိ။ နောက်ဆုံးကုန်ကုန်ပြောရရင် မိန်းမစိုးအချင်းတွေပေါ်မှာတောင် နားလည်မှုမထားနိုင်တဲ့သူတွေပါ။ နန်းတွင်း ပြင်ပမှာတော့ ကွမ်ဆူးဧကရာဇ်ရဲ့ မကောင်းကြောင်းတွေက ပျံ့နှံ့လို့နေပါတယ်။ ကျွန်မအနေနဲ့တစ်ခုအာမခံနိုင်ပါတယ်။ ဘာလဲဆိုတော့ ဧကရာဇ်ကွမ်ဆူးနဲ့ ပတ်သက်ပြီး ထွက်လာတဲ့ ကောလာဟလတွေဟာ မိန်းမစိုးတွေက သူတို့ရဲ့ မိသားစုဝင်တွေကို ပြန်ပြောတဲ့အကြောင်းအရာတွေပါ။ မိန်းမစိုးတွေဟာ သူတို့ရဲ့ အတင်းအဖျင်းတွေကို လူတွေစိတ်ဝင်စားဖို့အတွက် အကြောင်းအရာတွေကို ချဲ့ကားပြောလေ့ရှိပါတယ်။ ပီကင်းနေပြည်တော်မှာ နေတဲ့သူအများစုကတော့ မိန်းမစိုးတွေရဲ့ မဟုတ်တမ်းတရားတွေကိုဘဲ ကြားဖူးနားဝရှိနေကြမှာပါ။ ရွှေနန်းတော်မှာ နေစဉ်တစ်လျှောက် ကျွန်မကိုယ်တိုင်လည်းသည်အကြောင်းတွေကိုပဲ ထပ်ခါတလဲလဲကြားနေရတာပါ။

တစ်နေ့တော့ စီရှိုးမယ်မယ်ကြီး နေ့လယ်နေ့ခင်းတစ်ရေးတစ်မောအိပ်နေတုန်း ထိတ်လန့်ဖွယ်အသံ တစ်သံကြားလိုက်ရပါတယ်။ အဲဒီအသံဟာ မီးပန်းပစ်ဖောက်တဲ့အသံနဲ့ ဆင်ပါတယ်။ မီးရှူးမီးပန်းပစ်ဖောက်တာကို နန်းတွင်းမှာခွင့်ပြုမထားတဲ့အတွက် ကျွန်မတို့ ကြားလိုက်ရတဲ့အသံဟာ အတော်လေးထူးဆန်းနေပါတယ်။ သည်အသံကြောင့် စီရှိုးမယ်မယ်ကြီးလန့်နိုးလာပါတယ်။ နန်းတွင်းထဲမှာတော့ အဲဒီအသံကြောင့် လူတိုင်းစိတ် လှုပ်ရှားနေကြပြီး တစ်နေရာရာမှာမီးလောင်နေသလိုမျိုး ဟိုဟိုသည်သည်ပြေးလွှားနေကြပါတယ်။ စီရှိုးမယ်မယ်ကြီးက အမိန့်တွေထုတ်ဆင့်ပြီး လှုပ်လှုပ်ရွရွဖြစ်နေတဲ့ မိန်းမစိုးတွေကို ငြိမ်ကြဖို့ပြောပါတယ်။ ဒါပေမဲ့တစ်ယောက်မှ နားမထောင်ကြပါဘူး။ သည်းခြေပျက်နေတဲ့သူတွေလို ပြေးကြလွှားကြဆဲ။ တစ်ချိန်တည်းမှာပဲ တစ်ယောက်တစ်ပေါက်တွေပြောနေကြဆဲပါ။ ဒီမှာတင်အမျက်ထွက်နေပြီဖြစ်တဲ့မယ်မယ်ကြီးက ကျွန်မတို့ကို အိတ်ဝါယူလာခဲ့ဖို့ အမိန့်ချပါတော့တယ်။ သည်နေရာမှာ နန်းတွင်းအိတ်ဝါအကြောင်းသိဖို့လိုမယ်လို့ ကျွန်မထင်ပါတယ်။ အဲဒီအိတ်ဟာ အဝါရောင် ရိုးရိုးပိတ်သားနဲ့ ချုပ်ထားတဲ့အိတ်ဖြစ်ပြီး မိန်းမစိုးတွေကို ရိုက်နှက်အပြစ်ပေးဖို့ ကြိမ်တုတ်အရွယ်အစားမျိုးစုံထည့်ထားပါတယ်။ အရေးတကြီးပြဿနာတွေပေါ်လာရင်ကိုင်တွယ်နိုင်ဖို့အတွက် မယ်မယ်ကြီးဟာ အဲဒီအိတ်ကိုသွားလေရာယူသွားတတ်ပါတယ်။ ကျွန်မတို့လည်း မယ်မယ်ကြီးရဲ့ အမိန့်အရ အိတ်ဝါထဲက ကြိမ်တုတ်တွေကိုယ်စီကိုင်ပြီး ထိန်းမရသိမ်းမရဖြစ်နေတဲ့ မိန်းမစိုးတွေကို လူခွဲဖို့တုတ်တစ်ပြပြနဲ့ ကြိုးစားရပါတော့တယ်။ တစ်ကယ်တော့ ကြိမ်တုတ်ကိုယ်စီကိုင်ထားတဲ့ နန်းတွင်းအပျိုတော်တွေနဲ့ လက်သုံးတော်အမျိုးသမီးတွေက မိန်းမစိုးတွေကို လူစုခွဲဖို့ ကြိုးစားနေတာကိုတွေ့ရတာဟာ ပွဲချင်စရာကောင်းလှပါတယ်။ ဒါကြောင့်မို့လို့လည်း မိန်းမစိုးတွေကို လူခွဲဖို့ကြိုးစားရင်းနဲ့ပဲ ကျွန်မရယ်မိပါတယ်။ ကျွန်မတင်လားဆိုတော့မဟုတ်ပါဘူး။ အခြားနန်းတွင်းသူတွေလည်း ရယ်နေကြပါတယ်။ စီရှိုးမယ်မယ်ကြီးကတော့ နန်းတော်လေသာဆောင်မှာရပ်ပြီး မြင်ကွင်းကိုလှမ်းကြည့်နေပါတယ်။ ဒါပေမဲ့ အလှမ်းဝေးနေတာကြောင့် မြင်ကွင်းကို ရှင်းရှင်းလင်းလင်းမတွေ့နိုင်သလို ကျွတ်စီကျွတ်စီဖြစ်နေတဲ့ အသံတွေကြောင့်လည်း ကျွန်မတို့ရယ်သံတွေကို မကြားနိုင်ပါဘူး။ မိန်းမစိုးတွေကို လူစုခွဲဖို့ ကျွန်မတို့အစွမ်းကုန် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ဘယ်သူ့ကိုမှလည်း ထိအောင်မရိုက်နိုင်တော့ ကျွန်မတို့လည်း ရယ်မိတာပေါ့။ ဒါပေမဲ့ ရုတ်တရက်မီးကိုရေနဲ့ ငြိမ်းသတ်လိုက်သလို မိန်းမစိုးတွေရဲ့ စကားသံတွေ၊ လှုပ်ရှားမှုတွေ ရုတ်တရက်ရပ်သွားပါတယ်။ နန်းတွင်းမိန်းမစိုးထိန်းကြီး လီလျန်ယင်းနောက်ပါ အခြွေအရံတွေနဲ့အတူ နန်းတွင်းကိုရောက်လာပါပြီ။ ခုနတုန်းက ကျွတ်ကျွတ်ညံနေတဲ့ မိန်းမစိုးတွေက အခုတော့တုန်လှုပ်နေပါပြီ။ မသိရင်ကျောက်ရုပ်တွေအလား မလှုပ်မယှက်ငြိမ်သက်နေကြပါပြီ။ ကျွန်မတို့လည်း အရယ်ရပ်ပြီး ကြိမ်တုတ်

ကိုယ်စီကိုင်လို့ နောက်ဆုတ်လိုက်ပါတယ်။ မိန်းမစိုးထိန်းကြီး လီလျန်ယင်းကိုယ်တိုင်လည်း တစ်မှေးအိပ်နေချိန်မှာ မီးရှူးမီးပန်းဖောက်သံကြောင့် နိုးလာတာပါ။ ပြီးတော့ ဘာတွေဖြစ်နေသလဲဆိုတာ စုံစမ်းဖို့နဲ့ စီရှီးမယ်မယ်ကြီးကို ဖြစ်ကြောင်းကုန်စင်လျှောက်တင်ဖို့ ရောက်လာတာပါ။ ဖြစ်စဉ်ကြည့်ရတာကတော့ မိန်းမစိုးတစ်ဦးက ကြိုးတစ်ကောင်ကို ဖမ်းလိုက်နိုင်တဲ့ပုံပါ။ သည်နေရာမှာတစ်ခုရှင်းပြဖို့လိုတာက မိန်းမစိုးတွေနဲ့ ကြိုးတွေရဲ့အကြားက ဆက်ဆံရေးပါ။ မိန်းမစိုးတွေဟာ ကြိုးတွေကို ကံဆိုးစေတတ်တဲ့ ငှက်အဖြစ်သဘောထားပြီး နည်းနည်းမှကိုမနှစ်မြို့ကြပါဘူး။ ပြီးတော့ တရုတ်ပြည်သူတွေဟာ မတော်မတည့်နိုင်လှတဲ့ မိန်းမစိုးတွေကိုကြိုးကန်းလို့ခေါ်ကြပါတယ်။ ဒါကြောင့် မိန်းမစိုးတွေဟာ ကြိုးသတ္တဝါအပေါ်မှာ အငြိုးကြီးလှပါတယ်။ မိန်းမစိုးတွေဟာ ကြိုးတွေကို ထောင်ချောက်ဆင်ဖမ်းတတ်ပါတယ်။ ပြီးရင် ဖမ်းမိတဲ့ကြိုးရဲ့ခြေထောက်မှာ မီးရှူးမီးပန်းဗျောက်အိုးတွေ ကပ်ချည်ပေးပြီး ပြန်လွှတ်လိုက်ပါတယ်။ လွှတ်သွားတဲ့ကြိုးဟာ ဝမ်းသာအားရထပျံပြီးနောက်မှာတော့ ခြေထောက်မှာကပ်ချည်ထားတဲ့ဗျောက်အိုးတွေထကွဲတာကြောင့် အရိုးတစ်ခြားအသား တစ်ခြားပေါက်ကွဲသေဆုံးကြရပါတယ်။ သည်လောက်ရက်စက်တဲ့ကစားနည်းမျိုးကို မိန်းမစိုးတွေကစားတာ ဒါပထမဆုံးအကြိမ်မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီလိုအလုပ်မျိုးကိုသာမန်အားဖြင့် ညီလာခံနန်းဆောင်ကြီးရဲ့ မဟာရံတံတိုင်းပြင်ပမှာပဲ လုပ်တတ်ကြပါတယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ မိန်းမစိုးတွေဗျောက်အိုးကပ်ချည်ပေးလိုက်တဲ့ ကြိုးဟာမယ်မယ်ကြီးရဲ့ နန်းဆောင်ပေါ်ဖြတ်ပျံနေတုန်းမှာပဲ ဗျောက်အိုးတွေကွဲခဲ့တာပါ။ ဖြစ်စဉ်အကျဉ်းချုပ်ကို မိန်းမစိုးထိန်းကြီးက လျှောက်တင်ပြီးတဲ့အချိန်မှာတော့ စီရှီးမယ်မယ်ကြီးဟာ အတော်လေးဒေါသထွက်သွားပါတယ်။ ပြီးတော့ အပြစ်ကျူးလွန်တဲ့မိန်းမစိုးကို ရှေ့တော်သွင်းပြီး သူ့ရှေ့မှာပဲအပြစ်ပေးဖို့အမိန့်ချပါတော့တယ်။ အဲဒီအချိန်မှာပဲ မိန်းမစိုးထိန်းကြီး လီလျန်ယင်းနဲ့ပါလာတဲ့အခြွေအရံတစ်ဦးက အပြစ်ကျူးလွန်သူမိန်းမစိုးကို လူအုပ်ထဲက ဆွဲထုတ်လာတာကို ကျွန်မတွေ့လိုက်ရပါတယ်။ အဲဒီမိန်းမစိုးကို မြေပေါ်မှောက်လှဲထားဖို့ မိန်းမစိုးထိန်းကြီးက ချက်ချင်းညွှန်ကြားလိုက်ပါတယ်။ ပြီးတော့ မိန်းမစိုးနှစ်ဦးက ဘယ်ညာညှပ်ရပ်ပြီး ဝါးတုတ်နဲ့ အဲဒီမိန်းမစိုးရဲ့ ခြေထောက်တွေကို တစ်ယောက်တစ်လှည့် တက်ညီလက်ညီရိုက်ပါတော့တယ်။ အဲဒီလိုရိုက်နေတဲ့အချိန်မှာ အရိုက်ခံရသူဟာ အသံတစ်ချက်မှမထွက်ရပါဘူး။ မိန်းမစိုးထိန်းကြီးကတော့ ရိုက်ချက်တိုင်းကို အချက် ၁၀၀ ပြည့်တဲ့အထိဘေးကရေပေးနေပါတယ်။ အချက် ၁၀၀ လည်းပြည့်ရော အရိုက်ရပ်ဖို့ညွှန်ကြားလိုက်ပါတယ်။ ပြီးလဲပြီးရော မိန်းမစိုးထိန်းကြီး လီလျန်ယင်းဟာ စီရှီးမယ်မယ်ကြီးရဲ့ အမိန့်ကိုနာခံဖို့အတွက် ဒူးတုပ်စောင့်ဆိုင်းနေပါတယ်။ တစ်ချိန်တည်းမှာပဲ နန်းရင်ပြင်နဲ့ ဦးခေါင်းကို အသံထွက်တဲ့အထိ ဆောင့်ချအရိုအသေပေးရင်း သူ့ရဲ့နမော်နမဲ့နိုင်မှု၊ တာဝန်မကျေမှုတွေအတွက်

အပြစ်ပေးဖို့ တောင်းဆိုပါတော့တယ်။ ဒါပေမဲ့ ကိုးကန်းပြဿနာနဲ့ပတ်သက်ပြီး မိန်းမစိုးထိန်းကြီးမှာ အပြစ်မရှိဘူးလို့ စီရှီးမယ်မယ်ကြီးကမိန့်ပြီး အပြစ်သားကိုဆွဲထုတ်သွားဖို့ညွှန်ကြားလိုက်ပါတယ်။ အဲဒီတစ်ချိန်လုံးမှာ အပြစ်ကျူးလွန်သူ မိန်းမစိုးဟာ တုပ်တုပ်မှမလှုပ်ဝံ့ပါဘူး။ မိန်းမစိုးနှစ်ဦးက အပြစ်ကျူးလွန်ခဲ့တဲ့ မိန်းမစိုးကို နန်းရင်ပြင် ပြင်ပဆွဲထုတ်သွားပါတော့တယ်။ တကယ်တော့ အဲလိုမျိုးပြဿနာတွေဟာ မန်ချူးနန်းတွင်းမှာတော့ မဆန်းလှပါဘူး။ နန်းတွင်းထဲမှာအနေကြာလာတာနဲ့အမျှ အဲလိုဖြစ်စဉ်မျိုးတွေနဲ့ ကျွန်မယဉ်ပါးလာပါတယ်။ ပထမတော့ ကျွန်မဟာမိန်းမစိုးတွေ၊ နန်းတွင်းအခြွေအရံတွေကို သနားမိပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ကျွန်မစိတ်ပြောင်းသွားပါတယ်။ မသနားတော့ပါဘူး။

ကျွန်မမျက်စိရှေ့မှာ ပထမဆုံးအပြစ်ပေးခံရတဲ့သူက အခြွေအရံမိန်းကလေးတစ်ဦးပါ။ သူ့အပြစ်ကတော့ ဘယ်လိုမှအစပ်အဟပ်မတည့်တဲ့ ခြေအိတ်တွေကို စီရှီးမယ်မယ်ကြီးကို ဆက်သခဲ့မှုပါ။ သည်အကြောင်းလဲသိရော အဲဒီမိန်းကလေးရဲ့ ပါးတစ်ဖက်စီကို ၁၀ ချက်စီ ရိုက်ဖို့ အခြားအခြွေအရံမိန်းကလေးတစ်ဦးကို အမိန့်ချလိုက်ပါတယ်။ ဒါပေမဲ့ ရိုက်ရမယ့် မိန်းကလေးက သက်သက်ညှာညှာပဲရိုက်ခဲ့ပါတယ်။ သည်တင်မှာပဲ စီရှီးမယ်မယ်ကြီးက အဲဒီ မိန်းကလေးနှစ်ဦးလုံးကို တစ်ယောက်ပါးတစ်ယောက်ရိုက်ဖို့ ထပ်ပြီးခိုင်းပါတော့တယ်။ ကျွန်မ အတွက်တော့ သည်မြင်ကွင်းဟာရယ်ချင်စရာပါ။ တကယ်လည်းရယ်ချင်ပါတယ်။ ဒါပေမဲ့ မရယ်ဝံ့ပါဘူး။ အဲဒီနေ့ညမှာပဲ တစ်ယောက်ကိုတစ်ယောက်ရိုက်ခဲ့ရတာနဲ့ပတ်သက်ပြီးဘယ်လို ခံစားရလဲလို့ ကာယကံရှင်နှစ်ယောက်ကို ကျွန်မမေးမိပါတယ်။ အဲဒီလိုမေးရတာက ကျွန်မ အတွက်အကြောင်းရှိပါတယ်။ ဘာကြောင့်လဲဆိုတော့သည်နှစ်ဦးဟာ စီရှီးမယ်မယ်ကြီးရဲ့ စက်ရာဆောင်ခန်းထဲက ထွက်ထွက်ချင်းမှာပဲ ပုံမှန်အတိုင်းတစ်ဦးနဲ့တစ်ဦး ရယ်ရယ်မောမောနဲ့ နောက်ပြောင်နေကြလို့ပါ။ ဒီလိုပြဿနာမျိုးဟာ သူတို့အတွက်ဘာမှမဟုတ်ဘူး။ မထူးဆန်းဘူးလို့ အဲဒီအခြွေအရံမိန်းကလေးနှစ်ဦးက ပြောပြပါတယ်။ နန်းတွင်းအခြွေအရံ မိန်းကလေးတွေဟာ လူတန်းစားအရကြည့်ရင် မိန်းမစိုးတွေထက်အဆင့် အတန်းပိုမြင့်ပါတယ်။ သူတို့ဟာ မန်ချူးစစ်သည်တော်တွေရဲ့ သမီးတွေဖြစ်ပြီး စီရှီးမယ်မယ်ကြီးကို အလုပ်အကျွေးပြုဖို့ နန်းတွင်းထဲမှာ ဆယ်နှစ်ဆယ်မိုးနေပေးကြရပါတယ်။ ပြီးရင်တော့ လွတ်လွတ်လပ်လပ် အိမ်ထောင်ပြုခွင့်ရပါပြီ။ ကျွန်မနန်းတွင်းကို စရောက်တဲ့ပထမဆုံးလမှာပဲ အခြွေအရံမိန်းကလေး တစ်ဦးအိမ်ထောင်ပြု သွားပါတယ်။ အဲဒီအခြွေအရံမိန်းကလေးကို စီရှီးမယ်မယ်ကြီးက မင်္ဂလာလက်ဖွဲ့အဖြစ် ငွေစ ၅၀၀၀ ချီးမြှင့်ပါတယ်။ အဲဒီအခြွေအရံ မိန်းကလေးဟာ စီရှီးမယ်မယ်ကြီးကို သံယောဇဉ်ကြီးလွန်းတော့ အိမ်ထောင်ပြုဖို့အတွက်တောင် နန်းတွင်းကိုမခွဲနိုင် မခွာရက်ဖြစ်ခဲ့ရပါတယ်။ သူ့နာမည်က ရှွီယွင်(ဆောင်းဦးတိမ်) ဖြစ်ပါတယ်။ အဲဒီမိန်းကလေး

ဟာနွဲ့နှောင်း ပျော့ပျောင်းလှတဲ့အတွက် ဆောင်းဦးတိမ်ဆိုတဲ့ အမည်ကို မယ်မယ်ကြီးကိုယ်တိုင်ပေးခဲ့တာပါ။ ကျွန်မကိုယ်တိုင်လည်း နန်းတွင်းမှာ အတူအကြာကြီးမနေခဲ့ရပေမယ့် ဆောင်းဦးတိမ်ကို အတော်ခင်မိပါတယ်။ နန်းတွင်းထဲက အတင်းအဖျင်းတွေကို နားမထောင်ဖို့ဆောင်းဦးတိမ်က ကျွန်မကိုသတိပေးဖူးပါတယ်။ ပြီးတော့ မယ်မယ်ကြီးကိုယ်တိုင်က ကျွန်မကို အလွန်သဘောကျတယ်လို့ ပြောဖူးကြောင်းလည်း ဆိုခဲ့ဖူးပါတယ်။ တတိယမြောက်လရဲ့ ၂၁ ရက်မြောက်နေ့မှာတော့ ဆောင်းဦးတိမ်ဟာ နန်းတွင်းကထွက်ခွာသွားပါတော့တယ်။ ကျွန်မတို့အားလုံးဝမ်းနည်း ပက်လက်ဖြစ်ကျန်ခဲ့ရပါတယ်။ ဒါပေမဲ့ ဆောင်းဦးတိမ်နန်းတွင်းက ထွက်သွားချိန်အထိ သူ့ကိုဘယ်လောက်လိုအပ်သလဲဆိုတာ စီရှီးမယ်မယ်ကြီးမသိသေးပါဘူး။ ရက်အနည်းငယ်ကြာတော့ ကျွန်မတို့လည်း ဒုက္ခရောက်တော့တာပါပဲ။ ဆောင်းဦးတိမ်ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ စီရှီးမယ်မယ်ကြီးက အရာရာကိုအလိုမကျဖြစ်လာခဲ့ပါတယ်။ ကျန်တဲ့အခြွေအရံ မိန်းကလေးတွေကလည်း ကြောက်ကြောက်လန့်လန့်နဲ့ပဲ စီရှီးမယ်မယ်ကြီးစိတ်အလိုကျဖို့ အစွမ်းကုန်ကြိုးပမ်းရှာကြပါတယ်။ ဒါကြောင့် စီရှီးမယ်မယ်ကြီး စိတ်အလိုကျရေးအတွက် ကျွန်မတို့လက်သုံးတော်အဖျိုတော်တွေက အခြွေအရံမိန်းကလေးတွေရဲ့ အလုပ်ကိုဝိုင်းကူလုပ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကံမကောင်းပါဘူး။ အဲဒီလိုမလုပ်ဖို့ စီရှီးမယ်မယ်ကြီးက ကျွန်မကိုတားပါတော့တယ်။ ကျွန်မဟာကိုယ့်အလုပ်ကိုယ်ကျေကျေပွန်ပွန် လုပ်ထားပြီးတဲ့အတွက် အခြွေအရံမိန်းကလေးတွေကို ကူညီဖို့မလိုဘူးလို့ပြောပါတယ်။ သည်လိုနည်းနဲ့ သူ့ကိုနှစ်သိမ့်ဖို့မကြိုးစားနဲ့လို့လည်း လေသံမာမာနဲ့ပြောပါတယ်။ နောက်တော့ နန်းတွင်းထုံးစံတွေနဲ့ ကျွန်မသိပ်အကျွမ်းမဝင်တာသတိရသွားပြီး သူစိတ်တိုင်းကျဖြစ်ဖို့ အခြွေအရံတွေကို ကျွန်မကူညီပေးတာသူသိတယ်လို့ပြုံးပြီးပြောပါတယ်။ ဒါပေမဲ့ အခြွေအရံမိန်းကလေးတွေက စိတ်ထားမမှန်သူတွေဖြစ်တယ်လို့လည်း စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ တကယ်တော့စီရှီးမယ်မယ်ကြီးပြောပုံအရဆိုရင် အခြွေအရံမိန်းကလေးတွေဟာ ကိုယ့်အလုပ်ကိုယ် ကောင်းကောင်းလုပ်နိုင်တဲ့သူတွေပါ။ ဒါပေမဲ့တော်တဲ့ထက်မြက်တဲ့ အခြွေအရံတွေကိုသာ စီရှီးမယ်မယ်ကြီးက သူ့စက်ရာဆောင်ခန်းမှာ တာဝန်ပေးတတ်ပါတယ်။ တစ်ဖက်မှာလည်း အဲဒီတာဝန်ကို အခြွေအရံ မိန်းကလေးတွေက သဘောမကျပါဘူး။ ဒါကြောင့်မို့လို့ ခပ်ထိုးထိုးနန်းတွင်းအခြွေအရံတွေအဖြစ်ဟန်ဆောင်နေကြတာပါ။ အဲဒီလိုမှသာ သာမန်အလုပ်တွေကိုသာ လုပ်ခွင့်ရမှာပါ။ အဲဒီထဲမှာ မိန်းမစိုးတွေကအဆိုးဆုံးလို့ စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ သူတို့အားလုံးဟာ ဆောင်းဦးတိမ်တာဝန်ယူခဲ့တဲ့ အလုပ်မျိုးလုပ်ရမယ့် အရေးကိုကြောက်လန့်နေကြပါတယ်။ ဒါပေမဲ့ အခုချိန်ကစပြီး သူ့ရဲ့စက်ခန်းဆောင်မှာ အသုံးမကျတဲ့သူတွေကိုပဲထားတော့မယ်လို့ စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ အဲဒီလိုလည်းပြောလိုက်ရော အခြွေအရံအားလုံး

နဲ့ မိန်းမစိုးတွေအားလုံးက အရာရာကိုအလေးထားတဲ့ပုံတွေ ဖမ်းပြနေကြတော့ကျွန်မရယ်မိ လုမတတ်ဖြစ်မိပါတယ်။ ပထမက နန်းတွင်းမိန်းမစိုးတွေဟာ အရေးကြီးသူတွေမဟုတ်ဘဲ အသုံးမကျသူတွေလို့ ကျွန်မထင်မိပါတယ်။ နောက်ပိုင်းသူတို့နဲ့ ဆက်ဆံရပါများတော့ ကျွန်မ အထင်မှန်တယ်ဆိုတာ တွေ့လာရပါတယ်။ မိန်းမစိုးတွေဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် စဉ်းစား ဉာဏ်ရှိပုံမရပါဘူး။ ပေါ့ပေါ့နေပေါ့ပေါ့စားဘာကိုမှ အလေးမထားတတ်တဲ့သူတွေပါ၊ စီရှီး မယ်မယ်ကြီးအမိန့်တစ်ခု ပေးတိုင်းမိန်းမစိုးတွေက နာခံလျက်ပါဆိုပြီး ပြန်ဖြေတတ်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးမြင်ကွင်းကလွတ်တာနဲ့ မယ်မယ်ကြီးပေးတဲ့အမိန့်က ဘာအမိန့်လဲ လို့မေးရင်အဲဒီအမိန့်ကို မေ့သွားပြီလို့ပြောကြပါလိမ့်မယ်။ ပြီးတော့အမိန့်ပေးတဲ့ အချိန်မှာရှိ နေတဲ့ ကျွန်မတို့နန်းတွင်း သူတွေထဲကတစ်ဦးဆီကိုသွားပြီး မယ်မယ်ကြီးပေးလိုက်တာ ဘာ အမိန့်လဲဆိုပြီးလာပြီးမေးတတ်ကြပါတယ်။ တကယ်တော့ ဘာအမိန့်လဲဆိုတာ စီရှီးမယ်မယ် ကြီးကို ပြန်မေးဖို့ သူတို့ကြောက်နေကြတာပါ။ နောက်တော့လည်းကျွန်မတို့က ဘာအမိန့်လဲ ဆိုတာ ပြန်ပြီးပြောပြကြရပါတယ်။

ဒါပေမဲ့ နန်းတွင်းမှာ ပညာရှင်မိန်းမစိုး ၂၀ ဦးအထိရှိပါတယ်။ သူတို့ဟာ တရုတ် စာပေယဉ်ကျေးမှုနဲ့ပတ်သက်ပြီး စီရှီးမယ်မယ်ကြီးမေးသမျှ မေးခွန်းတွေကို ဖြေဆိုကြရပါတယ်။ မယ်မယ်ကြီးကိုယ်တိုင်ကလည်း စာပေနှံ့စပ်သူတစ်ဦးပါ။ ကျွန်မတစ်ခုသတိပြုမိပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ သူမေးတဲ့မေးခွန်းကို တစ်ယောက်ယောက်က မဖြေနိုင်ခဲ့ရင် ဒါမှမ ဟုတ် သူ့လောက်မှမသိရင် စီရှီးမယ်မယ်ကြီးဟာ သဘောကျတတ်တယ်ဆိုတဲ့အချက်ပါ။ သူမေးတဲ့မေးခွန်းကို မဖြေနိုင်တဲ့သူတွေကို စီရှီးမယ်မယ်ကြီးက ခပ်လှောင်လှောင်ရယ်တတ်ပါ တယ်။ အဲဒီလိုပဲ မယ်မယ်ကြီးက ကျွန်မတို့နန်းတွင်းသူတွေကိုလည်း မေးခွန်းတွေမေးတတ်ပါ တယ်။ အဲဒီလို မေးတဲ့အခါမျိုးမှာဆိုရင် ကျွန်မတို့ကလည်း မေးခွန်းနဲ့ကိုက်ညီမှုမရှိတာကို ပြန်ဖြေကြရပါတယ်။ အဲလိုအခါမျိုးဆိုရင် စီရှီးမယ်မယ်ကြီးက ရယ်မောလေ့ရှိပါတယ်။ စီရှီး မယ်မယ်ကြီးဟာ တော်လွန်းတတ်လွန်းတဲ့ သူတွေကိုသဘောမကျဘူးလို့ ကျွန်မကြားဖူးပါတယ်။ ဒါပေမဲ့ ထုံလွန်းထိုင်းလွန်းတဲ့ သူတွေကိုလည်း စီရှီးမယ်မယ်ကြီးက သဘောမကျပါဘူး။ ဒါကြောင့်လည်း ကျွန်မစိတ်တွေရှုပ်ထွေးခဲ့ရဖူးပါတယ်။ နန်းတွင်းထဲ ရောက်ကာစပထမသီတင်း ပတ်သုံးပတ်အတွင်းမှာ ကျွန်မဘာလုပ်လို့လုပ်ရ မှန်းမသိခဲ့ ပါဘူး။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီး အကြောင်းသိဖို့ ကျွန်မသိပ်အချိန်မယူခဲ့ရပါဘူး။ မယ်မယ်ကြီးကတော်တဲ့ သူတွေကို လေးစား တတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်သိပ်တော်ကြောင်း၊ သိပ်တတ်ကြောင်းပြတဲ့သူတွေကို တော့ သဘောမကျတတ်ပါဘူး။ သည်အချက်ကို အပိုင်ကိုင်ပြီး ကျွန်မဟာ စီရှီးမယ်မယ်ကြီးရဲ့ မျက်နှာသာပေးမှုရခဲ့ပါတယ်။ မယ်မယ်ကြီးနဲ့ အတူရှိခဲ့တဲ့အချိန်တိုင်းကျွန်မဟာ

သူ့အပေါ်မှာပဲ အမိကအာရုံစိုက်ထားပါတယ်။ အနီးကပ်လည်းစောင့်ကြည့်ပေးခဲ့ပါတယ်။ သူအမိန့်ပေးတိုင်းလည်း အမိန့်ပေးသလို အမြတ်မ်းအဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်မသတိထားမိတာတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ စီးကရက်လို၊ လက်ကိုင်ပဝါလိုဟာမျိုးတွေလိုတိုင်း စီရှီးမယ်မယ်ကြီးဟာ တာဝန်ကျစာရင်းကို ကြည့်တတ်ပါတယ်။ ပြီးမှတာဝန်ကျတဲ့သူကို ခိုင်းတတ်ပါတယ်။ အချိန်ခဏလေးမှာပဲ ကျွန်မဟာစီရှီးမယ်မယ်ကြီးရဲ့မျက်ရိပ်မျက်ခြည်ကို ကြည့်ရုံနဲ့သူဘာလုပ်ချင်မှန်းကိုတောင်သိလာတဲ့အထိ သူ့ရဲ့အလေ့အထနဲ့ ယဉ်ပါး ကျွမ်းဝင်လာပါတယ်။ ဒါကြောင့်မို့လို့လည်း မယ်မယ်ကြီးအတွက် အမှုတော်ထမ်းတဲ့နေရာမှာ ကျွန်မဟာ အမှားဆိုတာမရှိသလောက်နည်းခဲ့ပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ စိတ်ဓာတ်ခိုင်မာလှပါတယ်။ သူမှန်တယ်ထင်တာကိုသာ အမြဲတမ်းလုပ်လေ့ရှိပါတယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့် ရှိပါတယ်။ ဒါပေမဲ့ မကြာခဏဆိုသလိုစီရှီးမယ်မယ်ကြီးဝမ်းနည်းတဲ့ပုံကိုလည်း ကျွန်မမြင်ဖူးပါတယ်။ စိတ်လှုပ်ရှားမှုအားကြီးပေမယ့်ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်စွမ်းကောင်းကောင်းရှိပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ အခြားသူအနေနဲ့ သူတို့စကားလုံးသက်သက်မဟုတ်ဘဲ အလုပ်နဲ့ စာနာပြဖို့ဆန္ဒရှိပါတယ်။ ဒါပေမဲ့ သူ့အတွေးတွေကိုတော့ သူများအသိမခံချင်ပါဘူး။ သည်လောက်ဆိုရင် မန်ချူးနန်းတွင်းမှာ စီရှီးမယ်မယ်ကြီးရဲ့ လက်သုံးတော်နန်းတွင်းသူအဖြစ် တာဝန်ယူရတာဘယ်လောက်ခက်ခဲပင်ပန်းလည်းဆိုတာ နားလည်နိုင်မှာပါ။ ဒါပေမဲ့ ခက်တာက အဲဒီတာဝန်ကိုပဲကျွန်မကိုယ်တိုင်က လိုလိုချင်ချင် ဖြစ်နေတာပါ။ ကျွန်မသိတာတစ်ခုကတော့ မယ်မယ်ကြီးရဲ့ စိတ်အညာကိုသိရင် သူ့ကိုကျေနပ်အောင်လုပ်ပေးဖို့ သိပ်မခက်ဘူးဆိုတာပါဘဲ။

စတုတ္ထမြောက်လရဲ့ ပထမနေ့မှာ မိုးတစ်စက်မှမရွာသေးတော့ စီရှီးမယ်မယ်ကြီးဟာ စိတ်ညစ်ညူးနေပါတယ်။ ညီလာခံပြီးတဲ့နောက် ၁၀ ရက်ကြာတဲ့အထိ မယ်မယ်ကြီးဟာ မိုးရွာဖို့ နေ့စဉ်ရက်ဆက်ဆုတောင်းနေပါတယ်။ ဒါပေမဲ့ အချည်းနှီးပါပဲ။ ကျွန်မတို့နန်းတွင်းသူတွေအားလုံးငြိမ်နေကြရပါတယ်။ အဲဒီနေ့တွေမှာ စီရှီးမယ်မယ်ကြီးဟာ ဘယ်သူနဲ့မှစကားမပြောပါဘူး။ မိန်းမစိုးတွေလည်း ကြောက်ကြောက်လန့်လန့်ဖြစ်နေတာ ကျွန်မသတိထားမိပါတယ်။ အကျိုးဆက်ကတော့ ကျွန်မတို့ဟာ စတုတ္ထမြောက်လရဲ့ ပထမဆုံးနေ့မှာ ညစာ တောင်လွတ်ခဲ့ရပါတယ်။ အဲဒီနေ့မနက်မှာ ကျွန်မဟာ အခြားနန်းတွင်းသူတွေလို ဗိုက်ထဲတစ်ကြွတ်ကြွတ်ဖြစ်နေပေမယ့် ကိုယ့်တာဝန်ကိုကိုယ်အတတ်နိုင်ဆုံးထမ်းဆောင်ခဲ့ပါတယ်။ နောက်ဆုံးတော့သူခဏလေး အနားယူချင်လို့ ကျွန်မပြန်နားချင်နားလို့ရပြီလို့ စီရှီးမယ်မယ်ကြီးက အမိန့်ချပါတယ်။ ဒါနဲ့ပဲကျွန်မတို့ဟာ ကိုယ့်အဆောင်တွေဆီ ကိုယ်ပြန်ကြပါတော့တယ်။ အဆောင်ရောက်တော့ ရာသီဥတုသာယာနေရဲ့သားနဲ့ စီရှီးမယ်မယ်ကြီးက ဘာကြောင့်မိုးရွာစေချင်တာလဲ

လို့ ကျွန်မတို့ရဲ့ မိန်းမစိုးဝမ်ကို ကျွန်မမေးမိပါတယ်။ အချိန်တန်လို့မိုးမရွာခဲ့ရင် ကောက်ပဲသီးနှံတွေပျက်စီးကုန်မှာမို့လို့ ဆင်းရဲသားကျေးတော်မျိုးလယ်သမားတွေအတွက် စီရှီးမယ်မယ်ကြီး အရမ်းစိတ်ပူနေတာပါလို့ မိန်းမစိုးဝမ်ကပြန်ဖြေပါတယ်။ ပြီးတော့ ကျွန်မနန်းတွင်းထဲ စရောက်ချိန်ကစပြီး မိုးမရွာတော့တာလို့ဆိုပါတယ်။ ကျွန်မလက်ချိုးရေကြည့်တော့ နန်းတွင်းထဲ ကျွန်မရောက်တာနှစ်လနဲ့ ခုနစ်ရက်ရှိခဲ့ပါပြီ။ ပြီးတော့ တစ်ဖက်ကကြည့်ရင်လည်း ကျွန်မရဲ့ နန်းတွင်းသူဘဝဟာ အဆင်ပြေချောမွေ့နေတော့ ကျွန်မနန်းတွင်းထဲရောက်တဲ့ကာလဟာ ထင်တာထက်ပိုကြာခဲ့သလိုပါပဲ။ စီရှီးမယ်မယ်ကြီးဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တွေ့ခဲ့ ရင်းနှီးခဲ့ဖူးတဲ့သူလို ကျွန်မအပေါ် မေတ္တာထားခဲ့ပါ တယ်။ အစောကကျွန်မပြောခဲ့ဖူးသလိုပဲ စတုတ္ထမြောက်လရဲ့ ပထမဆုံးနေ့မှာ စီရှီးမယ်မယ်ကြီးကိုယ်တိုင်လည်း အစားအစာကိုတို့ကနန်း ဆိတ်ကနန်းလောက်သာစားဖြစ်ပါတယ်။ နန်းတွင်းတစ်ခုလုံးဟာလည်း ငြိမ်သတ်လို့နေပါတယ်။ လူတိုင်းလူတိုင်းဟာလည်း နှုတ်ဆိတ်နေကြပါတယ်။ အဲဒီနေ့မှာ ဧကရာဇ်မိဖုရားက ကျွန်မတို့ကို အစားအစာစားရင် မြန်နိုင်သမျှ မြန်မြန်စားဖို့ ပြောလာပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မဇဝေဇဝါဖြစ်သွားပါတယ်။ စံနန်းတော်ညွှဲဆောင်ထဲ ပြန်ရောက်တော့ ဧကရာဇ်မိဖုရားက မယ်မယ်ကြီးဟာ ဆင်းရဲသားလယ်သမားတွေအတွက် အရမ်းစိတ်ပူနေလို့ မိုးရွာအောင်ဆုတောင်းပွဲလုပ်မယ်လို့ပြောပါ တယ်။ ပြီးတော့ ကျွန်မတို့အနေနဲ့ နှစ်ရက်သုံးရက်လောက် အသားမစားရဘူးလို့ပြောပါတယ်။ အဲဒီနေ့ညမှာပဲ စီရှီးမယ်မယ်ကြီးဟာ ပီကင်းရွှေမြို့တော်မြို့တံတိုင်းဝင်းထဲမှာ ဝက်မသတ်ရဘူးလို့ အမိန့်ထုတ်ထားလိုက်ပါ တယ်။ ကျွန်မတို့ကိုယ်တိုင်အသားမစားဘဲနေခြင်းဖြင့် မိုးနက်မင်းက ကျွန်မတို့အပေါ် ကရုဏာသက်ပြီး မိုး ကိုစေလွှတ်ပေးမှာပါ။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ နတ်ဒေဝါတွေဆီမှာ ဆုတောင်းဖို့ ဥပုသ်သီတင်းဆောက်တည်ဖို့ ကိုယ်လက်သန့်ရှင်းရေးလုပ်ထားရမယ်ဆိုပြီး ကျွန်မတို့နန်းတွင်းသူတွေကို အမိန့်ပေးထားပါတယ်။ ပြီးတော့ဧကရာဇ်ကွမ်ဆူးကိုယ်တိုင်လည်း တားမြစ်မြို့တော်ထဲမှာရှိတဲ့ ဘုရားကျောင်းတစ်ခုကိုသွားပြီး တရုတ်လို ချင်းတန်လို့ခေါ်တဲ့ ဆုတောင်းပွဲလုပ်ရပါလိမ့်မယ်။ ဆုတောင်းပွဲကာလမှာ ဧကရာဇ်ဟာ အသားလည်း စားရမှာမဟုတ်သလို ဘယ်သူနဲ့မှလည်း စကားပြောလို့ရမှာမဟုတ်ပါဘူး။ ပြီးတော့ဆင်းရဲသားလယ်သမားတွေအတွက် မိုးလွှတ်ပေးဖို့ နတ်ဒေဝါတွေဆီမှာ ဆုတောင်းပေးရမှာပါ။ စီရှီးမယ်မယ်ကြီးနဲ့ ဧကရာဇ်ကွမ်ဆူးတို့ နှစ်ဦးလုံးဟာ 'ချိုင်ချိ'ဆိုတဲ့ တရုတ်စာလုံးတွေထွင်းထားတဲ့ သုံးလက်မပတ်လည်ရှိ ကျောက်စိမ်းပြားတွေလည်မှာ ဆွဲထားပါတယ်။ 'ချိုင်ချိ' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က 'အသားမစားဘဲ တစ်နေ့သုံးကြိမ် ဆုတောင်းမှု' လို့ အဓိပ္ပာယ်ရပါတယ်။ နောက်နေ့နံနက်မှာတော့ စီရှီးမယ်မယ်ကြီးဟာ အိပ်ရာက

စောစောနိုးလာပြီး သူ့အတွက် လက်ဝတ်ရတနာတစ်ခုခုယူခဲ့လို့ ကျွန်မတို့ကို အမိန့်ပေးပါတယ်။ သူကိုယ်တိုင်လည်း အဝတ်အစားတွေကို အသော့နှင်ပြီးလဲပါတယ်။ အဲဒီနေ့က စီရှီးမယ်မယ်ကြီးရဲ့ နံနက်စာဟာ ရိုးရိုးလေးပါ။ နွားနို့နဲ့ ပေါင်မုန့်လောက်ပဲပါပါတယ်။ ကျွန်မတို့နန်းတွင်းသူတွေရဲ့ နံနက်စာကတော့ ဂေါ်ဖီနဲ့ ထမင်းပေါင်းချက်ပြီး ဆား နည်းနည်းခတ်ထားတဲ့ နံနက်စာပါ။ ဘာအရသာမှမရှိပါဘူး။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ အမိန့်ညွှန်ကြားချက်တွေပေးချိန်မှ တစ်ပါးကျန်အချိန်တွေမှာ ကျွန်မတို့နဲ့စကားမပြောတော့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့လည်း  အလိုက်တသိနှုတ်ဆိတ်နေကြရပါတယ်။  နောက်တော့မယ်မယ်ကြီးဟာ နန်းဆောင်ခန်းမထဲကို ကြွပါတယ်။ အဲဒီခန်းမဆောင်ထဲမှာ မိန်းမစိုးတွေက မိုးမခပင်ကိုင်းကြီးတစ်ကိုင်းနဲ့အတူ ဒူးတုပ်စောင့်ဆိုင်းနေကြပါတယ်။ စီရှီးမယ်မယ်ကြီးဟာ မိုးမခကိုင်းငယ်တစ်ကိုင်းကို ချိုးဖဲ့ပြီးခေါင်းမှာထိုးလိုက်တယ်။ ကေရာဇ်မိဖုရားကလည်း မိုးမခကိုင်းတစ်ကိုင်းကိုချိုးပြီး ခေါင်းမှာပန်ပါတယ်။ ပြီးတော့ ကျွန်မတို့ကိုလည်း အဲဒီအတိုင်းလိုက်လုပ်ဖို့ပြောပါတယ်။ ကေရာဇ်ကွမ်ဆူးကလည်း စီရှီးမယ်မယ်ကြီးလိုပဲ မိုးမခကိုင်းကိုချိုးပြီး မကိုဋ်မှာထိုးပန်ထားပါတယ်။ စီရှီးမယ်မယ်ကြီးရဲ့ ညွှန်ကြားချက်အရ ကျွန်မတို့နန်းတွင်းသူတွေသာမက မိန်းမစိုးတွေနဲ့  အခြွေအရံမိန်းကလေးအားလုံး မိုးမခကိုင်းတွေကို ခေါင်းမှာပန်ထားကြရပါတယ်။ လူတိုင်းရဲ့ခေါင်းမှာ မိုးမခကိုင်းကိုယ်စီနဲ့မို့ မြင်ကွင်းက ပြုံးချင်စရာကောင်းလှပါတယ်။ အဲဒီအချိန်မှာပဲ မိန်းမစိုးတစ်ဦးရှေ့တော်ဝင်လာပြီး နန်းဆောင်ရှေ့က ယာယီတဲနန်းထဲမှာ ဆုတောင်းပွဲအတွက် အားလုံးပြင်ဆင်ပြီးပါ ပြီလို့လျှောက်တင်ပါတယ်။ သည်တစ်ကြိမ်မှာတော့ စီရှီးမယ်မယ်ကြီးဟာ ဝေါစင်မစီးတော့ဘဲ လမ်းလျှောက်ပြီးတော့ ယာယီတဲနန်းဆီကို သွားမယ်လို့ မိန့်ပါတယ်။ နန်းရင်ပြင်အတိုင်းမိနစ်အနည်းငယ်လောက်လျှောက်ပြီးတော့ ကျွန်မတို့ဟာ ဆုတောင်းပွဲလုပ်မယ့် ယာယီတဲနန်းဆီကို ရောက်ခဲ့ပါတော့တယ်။ ယာယီတဲနန်းရဲ့ အလယ်တည့်တည့်မှာ စားပွဲရှည်ကြီးတစ်လုံးတည်ခင်းထားတာကို ကျွန်မသတိပြုမိပါတယ်။ စားပွဲပေါ်မှာတော့ အဝါရောင်စက္ကူချပ်အနည်းငယ်ရယ်၊ ဟသ်ာပြဒါးမှုန့်တွေ ထည့်ထားတဲ့ ကျောက်စိမ်းခွက်တစ်ခွက်ရယ်၊ စာရေးဖို့စုတ်တံငယ်နှစ် ချောင်းရယ်ကိုတွေ့ရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ စားပွဲရှေ့မှာရပ်ပြီး မီးခဲတွေထည့်ထားတဲ့ အမွှေးတိုင်ခွက်ထဲကို နံ့သာဖြူတုံးနည်းနည်းထည့်လိုက်ပါတယ်။ မယ်မယ်ကြီးက တော်ပြီလို့ မပြောမချင်း နံ့သာဖြူတုံးတွေကို ကျွန်မက ဆက်သရပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာစားပွဲရှေ့မှာ ဒူးထောက်လိုက်ပါတယ်။ မယ်မယ်ကြီးနောက်ဘက်မှာတော့ ကေရာဇ်မိဖုရားက ဒူးထောက်လိုက်ပါတယ်။ ကေရာဇ်မိဖုရားနောက်မှာတော့  ကျွန်မတို့ နန်းတွင်းသူတွေရော၊ မိန်းမစိုးတွေပါ တစ်ယောက်မကျန်ဒူးထောက်ပြီး ဆုတောင်းပွဲစတင်ပါတော့တယ်။ ဘယ်လိုဆုတောင်းရမယ်ဆိုတာကတော့

ကေရာဇ်မိဖုရားက ကျွန်မတို့အားလုံးကို မနက်ထဲကသင်ပေးပြီးထားပါ။ ဆုတောင်းပွဲပြီးတဲ့အခါမှာတော့ စီရှီးမယ်မယ်ကြီးက ပုံမှန်အတိုင်းနံနက် ပိုင်းညီလာခံတက်ခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာ တားမြစ်မြို့တော်ထဲ ပြန်ရမှာမို့ အဲဒီနေ့ညီလာခံကပုံမှန်ထက်ပိုစောပါတယ်။ ကေရာဇ်ကွမ်ဆူးကတော့ တားမြစ်မြို့တော်ထဲက ဘုရားကျောင်းမှာ ဆုတောင်းရဦးမှာပါ။ ထုံးစံအတိုင်း စီရှီးမယ်မယ်ကြီးကလည်း ကေရာဇ်ကွမ်ဆူဘယ်သွားသွားဘေးက နေလိုက်နေဦးမှာပါ။

မိုးခေါ် ဆုတောင်းပွဲအပြီး တားမြစ်မြို့တော်ထဲအသွားမှာတော့ ကျွန်မဟာ ဝေါယာဉ်ပေါ်မှာထိုင်ပြီး ထွေထွေရာရာတွေလျှောက်တွေးနေမိပါတယ်။ သည်နေ့တစ်နေ့လုံး မယ်မယ်ကြီးငြိမ်သက်နေတဲ့အတွက် ကျွန်မစိတ်ထဲမကောင်းလှပါဘူး။ မယ်မယ်ကြီးဟာ သာမန်အားဖြင့် ပျော်ပျော်နေတတ်တဲ့သူမျိုးပါ။ လူတိုင်းကိုလည်း ရယ်ရမောရအောင်လုပ်တတ်ပါတယ်။ နောက်တစ်ခု ကျွန်မတွေးမိတာက မိုးခေါ် ဆုတောင်းပွဲက မိုးမခကိုင်းအကြောင်းပါ။ အဲဒီမိုးမခကိုင်းတွေဟာ ဘာကိုဆိုလိုသလဲဆိုတာ ကျွန်မနားမလည်နိုင်အောင်ဖြစ်မိပါတယ်။ တားမြစ်မြို့တော်ကို အသွားမှာ စီရှီးမယ်မယ်ကြီးဟာ ဝမ်ရှိုစီဘုရားကျောင်း (သက်တော်ရှည်ဘုရားကျောင်း)မှာ ခဏတစ်ထောက်နားလေ့ရှိပါတယ်။ အဲဒီဘုရားကျောင်းရောက် တော့ စီရှီးမယ်မယ်ကြီးဟာ ကေရာဇ်ကွမ်ဆူးနဲ့အတူနံနက်စာ စားပါတယ်။ အဲဒီလို မယ်မယ်ကြီးနဲ့ကွမ်ဆူးကေရာဇ်တို့ နံနက်စာစားနေတဲ့အချိန်မှာ ကျွန်မတို့လည်း ခဏလောက်အနားရကြပါတယ်။ ဘုရားကျောင်းခန်းမဆောင်ထဲကို ကျွန်မထွက်လာတော့ မင်းဝင်းနံဘေးအခန်းငယ်ထဲမှာ ကေရာဇ်မိဖုရားထိုင်နေတာကို ကျွန်မတွေ့ရပါတယ်။ သူနဲ့အတူနန်းတွင်းသူ အတော်များများကိုလည်းတွေ့ရပါတယ်။ ကျွန်မကိုမြင်တော့ နန်းတွင်းသူတွေက သူတို့ဆီလာဖို့လှမ်းခေါ်ပါတယ်။ ကျွန်မပင်ပန်းဆာလောင်နေတာရိပ်မိပုံရတဲ့ ကေရာဇ်မိဖုရားက လက်ဖက်ရည်သောက်ဖို့ ကျွန်မကိုခေါ်ပါတယ်။ ဒါနဲ့လည်း ကျေးဇူးတင်စကားပြောပြီး ကေရာဇ်မိဖုရားနဲ့အတူထိုင်ပြီး လက်ဖက်ရည်သောက်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ကျွန်မတို့ဟာ တားမြစ်မြို့တော် အလာလမ်းတစ်လျှောက်တွေ့ခဲ့ကြုံခဲ့ရတာတွေကို ပြန်ပြီးစားမြုံ့ပြန်ကြပါတယ်။ ပြီးတော့ ကေရာဇ်မိဖုရားက မနက်တုန်းက လုပ်ခဲ့တဲ့ မိုးခေါ် ဆုတောင်းပွဲအကြောင်း ပြန်ပြောနေပါတယ်။ ကျွန်မ မနေနိုင်တော့ပါဘူး။ ဒါကြောင့် မို့မိုးမခကိုင်းတွေအကြောင်း ကျွန်မဖွင့်မေးလိုက်ပါတယ်။ အဲဒီတော့ ကေရာဇ်မိဖုရားက ပြုံးပြီး ဗုဒ္ဓဘာသာယုံကြည်မှုအရ မိုးမခကိုင်းတွေဟာ ရေကိုဆောင်ကြဉ်းပေးနိုင်ကြောင်းပြောပါတယ်။ ပြီးတော့ နန်းတွင်းမိုးခေါ် ပွဲတွေမှာ မိုးမခရွက်တွေကိုပန်ရတာက အစဉ်အလာတစ်ခုဖြစ်ကြောင်း ပြောပြပါတယ်။

ကေရာဇ်မိဖုရားနဲ့ စကားကောင်းနေတုန်းမှာပဲ နန်းရင်ပြင်ထဲက စီရှီးမယ်မယ်ကြီးရဲ့

အသံကို ကျွန်မတို့ကြားလိုက်ရပါတယ်။ မယ်မယ်ကြီးထမင်း စားပြီးပြီဆိုတာ ကျွန်မတို့သိလိုက်ပါတယ်။ ဒါနဲ့ပဲ ကေရာဇ်မိဖုရားနဲ့အတူ ကျွန်မတို့နန်းတွင်းသူတွေလည်း ခန်းမဆောင်ထဲဝင်ပြီး မယ်မယ်ကြီး စားတော်ကျတွေကို စားကြပါတယ်။ အသားမပါပေမယ့် စားရတာအတော်အရသာရှိလှပါတယ်။ နန်းရင်ပြင်ထဲ ကျွန်မတို့ရောက်တော့ ရှေ့နောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေတဲ့ စီရှိုးမယ်မယ်ကြီးကိုတွေ့လိုက်ရပါတယ်။ ခြေထောက်တွေ ဝေါယာဉ်ခရီးကြောင့် ညောင်းညာတောင့်တင်းနေလို့ ခရီးပြန်မစခင် လမ်းလျှောက်ရမယ်လို့ မယ်မယ်ကြီးက ပြောပါတယ်။ ပြီးတော့ ကျွန်မတို့လည်း ပင်ပန်းနေပြီလားလို့ မေးမိပါတယ်။ မပင်ပန်းသေးပါဘူးလို့ ကျွန်မတို့က ပြန်လျှောက်တော့ သူနဲ့အတူလမ်းလျှောက်ဖို့ မယ်မယ်ကြီးက ပြောပါတယ်။ ရှေ့ဆုံးမှာ စီရှိုးမယ်မယ်ကြီး၊ သူ့နောက်မှာ ကျွန်မတို့က တန်းစီပြီး ချာလပတ်လည်လမ်းလျှောက်နေတဲ့ မြင်ကွင်းဟာ ကြည့်လိုက်ရင်ပြုံးချင်စရာပါ။ အဲလိုလမ်းလျှောက်နေရင်းနဲ့ စီရှိုးမယ်မယ်ကြီးက ကျွန်မတို့ဘက်လှည့်ပြီး ပြုံးပြပါတယ်။ ပြီးတော့ ကျွန်မတို့တွေဟာ စားခွက်ကိုချာလပတ်လှည့်နေတဲ့မြင်းတွေနဲ့တူနေပြီလို့ အရွှန်းဖောက်ပါတယ်။ ဆပ်ကပ်ပွဲကို သတိရစရာပါပဲလို့ ပြောပါတယ်။ အဲဒီအချိန်မှာ နန်းတွင်းမိန်းမစိုးထိန်းကြီး လီလျန်ယင်းရောက်လာပြီး စီရှိုးမယ်မယ်ကြီးကို ဒူးထောက်ခစားပါတယ်။ ပြီးတော့ကိုယ်တော်တိုင် အခါတော်ရယူထားတဲ့ မင်္ဂလာအချိန်အတိုင်း တားမြစ်မြို့တော်ကိုရောက်ဖို့ ခရီးစချိန်တန်ပါပြီလို့ လျှောက်ထားပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့ရဲ့ ဝေါယာဉ်တန်းကြီးက သက်တော်ရှည်ဘုရားကျောင်းက စထွက်ပါတော့တယ်။ ဝေါယာဉ်တန်းကြီးဟာ တဖြည်းဖြည်းမြန်လာပါတယ်။ တစ်နာရီကျော်ကျော်လောက်သွားလိုက်တော့ ကျွန်မတို့ဝေါတန်း ကြီးဟာ မြို့တော်ဂိတ်တံခါးအနီးရောက်လာခဲ့ပါပြီ။ ကျွန်မတို့ နန်းတွင်းသူတွေရဲ့ ဝေါယာဉ်တွေဟာ ဖြတ်လမ်းအတိုင်း ကေရာဇ်ကွမ်ဆူးရဲ့ ဝေါယာဉ်ကိုအမီလိုက်ရပါတယ်။ ရှေ့ကိုလှမ်းကြည့်တော့ မြို့တံခါးမကြီး ဖွင့်ပေးထားတာကိုတွေ့ရပါတယ်။ စီရှိုးမယ်မယ်ကြီးကေရာဇ်ကွမ်ဆူးနဲ့ ကေရာဇ်မိဖုရားတို့ရဲ့ ဝေါယာဉ်တွေ မြို့တံခါးကို ဖြတ်သန်းဝင်ရောက်သွားချိန်မှာတော့ ကျွန်မတို့ရဲ့ နန်းတွင်းသူတွေကတော့ ဝေါပေါ်က ဆင်းပြီး မြို့ထဲကို လမ်းလျှောက်ဝင်ရောက်ကြပါတယ်။ မြို့တွင်းကိုရောက်တော့ ဝေါအငယ်လေးတွေ ကျွန်မတို့ကို စောင့်နေတာတွေ့ရပါတယ်။ ထုံးစံအတိုင်းအဲဒီဝေါတွေကို မိန်းမစိုးတွေကပဲ ထမ်းပါတယ်။ ကျွန်မတို့ဝေါတွေ ညီလာခံနန်းဆောင်ရှေ့ရင်ပြင်ကို ရောက်တော့ကေရာဇ်နဲ့ ကေရာဇ်မိဖုရား ကျွန်မတို့ကို စောင့်နေတာတွေ့ရပါတယ်။ ပြီးတော့ ထုံးစံအတိုင်း ကေရာဇ်ကွမ်ဆူးက ရှေ့ဆုံးမှာ၊ ကေရာဇ်မိဖုရားက ကေရာဇ်နောက်မှာ၊ ကေရာဇ်မိဖုရားနောက်မှာတော့ ကျွန်မတို့နန်းတွင်းသူတွေ တန်းစီဒူးထောက်ပြီး စီရှိုးမယ်မယ်ကြီးကို ကြိုကြရပါတယ်။ နန်းဆောင်ထဲရောက်တော့ စီရှိုးမယ်မယ်ကြီးဟာ မိန်းမစိုးတွေက အားလုံး

ပြင်ဆင်ပေးထားပြီးဖြစ်တဲ့ သူ့အခန်းကို တန်းကြွသွားပါတယ်။ အဲဒီနေ့ နေ့လယ်ပိုင်းနဲ့ ညနေပိုင်းတွေမှာတော့ တားမြစ်မြို့တော်သို့ ပြန်လည်ရောက်ရှိလာမှုအခမ်းအနားတွေ ကျင်းပကြပါတယ်။ စီရှီးမယ်မယ်ကြီးအနားယူချိန်မှာတော့ ကျွန်မတို့လည်း ကိုယ့်အဆောင်ကိုယ်ပြန်ကြပါတယ်။ အဆောင်ကို ပြန်ရောက်တော့ မိန်းမစိုးတွေက ကျွန်မတို့ အိပ်ရာတွေကို အသင့်ပြင်ပေးထားတာကို တွေ့ရပါတယ်။ ကျွန်မလည်းအတော်လေးကို ပင်ပန်းနေပါပြီ။ ခြေလက်တွေလည်း တောင့်တင်းညောင်းကိုက်နေပါပြီ။ ပြီးတော့ချက်ချင်းလိုလို အိပ်ပျော်သွားကာ အဆောင်တံခါးခေါက်သံကြားမှပဲ ကျွန်မတစ်ရေးပြန်နိုးလာပါတယ်။ ဒါနဲ့ ကျွန်မလည်း အိပ်ရာကထလိုက်ပြီး တံခါးကို အိပ်မှုံစုံမွှားနဲ့ ဆွဲဖွင့်လိုက်ပါတယ်။ ကောင်းကင်ကြီးကညို့မှိုင်းနေပါတယ်။ မိုးကရွာတော့ မလိုလိုပါပဲ။ တကယ်လို့သာ မိုးရွာလိုက်ရင် မယ်မယ်ကြီးစိတ်သက်သာရာရပြီဆိုတဲ့အတွေးနဲ့ ကျွန်မပျော်လာပါတယ်။ ကျွန်မအဝတ်အစားတွေကမန်းကတန်းလဲလိုက်ပါတယ်။ ဒါပေမဲ့ တစ်ဖက်ပြတင်းပေါက်ကို လှမ်းကြည့်လိုက်ချိန် နေသာနေတာတွေ့လိုက်ရတော့ ကျွန်မဘယ်လောက်စိတ်ပျက်သွားသလဲဆိုတာ ရှင်းပြဖို့ မလိုတော့ပါဘူး။

တားမြစ်မြို့တော်ရဲ့ နန်းတော်ကသက်တမ်းအိုလှပါပြီ။ ဆောက်ထားတဲ့ပုံစံကလည်း ထူးဆန်း နေသလိုပါပဲ။ နန်းရင်ပြင်တွေက ကျဉ်းနေပေမယ့် လေသာဆောင်တွေက အကျယ်ကြီးပါ။ ခန်းဆောင်တွေ အားလုံးမှောင်နေပြီး လျှပ်စစ်မီးလည်းတပ်မထားပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ဖယောင်းတိုင်တွေ ထွန်းကြရပါတယ်။ နန်းရင်ပြင်ကို မဆင်းဘဲကောင်းကင်ကြီးကို မတွေ့နိုင်ပါဘူး။ ကောင်းကင်ကို မော့ကြည့်တော့နေမမြင့်သေးပါဘူး။ ကျွန်မက အိပ်မှုံစုံမွှားနဲ့မို့လို့သာ ကောင်းကင်ကြီး တိမ်ညိုမှိုင်းနေတယ်လို့ စိတ်ထဲထင်ခဲ့တာပါ။ ကျွန်မ စီရှီးမယ်မယ်ကြီးနန်းဆောင်ကိုရောက်တော့ ကြိုရောက်နေပြီဖြစ်တဲ့ ကေရာဇ်မိဖုရားကိုတွေ့ရပါတယ်။ ကေရာဇ်မိဖုရားက ဘယ်အချိန်ကတည်းက အိပ်ရာနိုးနေသလဲမသိပါဘူး။ မယ်မယ်ကြီး နန်းဆောင်ကို ပထမဆုံးရောက်နေတတ်တဲ့သူဟာ သူပဲဖြစ်နေတတ်ပါတယ်။ သူ့ကြည့်ရတာ အမြဲတမ်းလည်း နိုးကြားနေသလိုပါပဲ။ စီရှီးမယ်မယ် ကြီးအိပ်ရာနိုးနေပြီ။ ဒါပေမဲ့ မထသေးဘူးလို့ ကေရာဇ်မိဖုရားက ပြောပါတယ်။ ပြီးတော့ ကျွန်မလည်းနောက်မကျပါဘူးလို့ပြောပါတယ်။ ကျွန်မလည်း မယ်မယ်ကြီးစက်ရာဆောင် ထဲဝင်ပြီး ပြုမြဲကိစ္စတွေ ဆောင်ရွက်ပါတယ်။ ကျွန်မကိုတွေ့တွေ့ချင်း မယ်မယ်ကြီးမေးတဲ့မေးခွန်းက ရာသီဥတုအခြေအနေပါ။ ဒါနဲ့ပဲ ကျွန်မလည်း မိုးရိပ်မတွေ့ရသေးကြောင်း အမှန်အတိုင်းလျှောက်လိုက်ပါတယ်။ နောက်တော့ မယ်မယ်ကြီးက အိပ်ရာကထပြီး အဝတ်အစားလဲပါတယ်။ ပြီးတော့ နံနက်စာသုံးဆောင်ပါတယ်။ နံနက်စာစားနေရင်းနဲ့ စီရှီးမယ်မယ်ကြီးက သည်နေ့နံနက်ညီလာခံမတက်တော့ဘူးလို့ ကျွန်မ

တို့ကို ပြောပါတယ်။ ကေရာဇ်ကွမ်ဆူးကတော့ ဘုရားကျောင်းသွားပြီး မိုးခေါ်ဆုတောင်းပွဲလုပ်ရပါတယ်။ သည်နေ့ကတော့ အရေးတကြီးသွားရမယ့်ပွဲလမ်းအစီအစဉ်မရှိပါဘူး။ ဒီလိုနဲ့တားမြစ်မြို့တော်နန်းဆောင်မှာ ကျွန်မတို့ဟာ သုံးရက်ဆက်တိုက်မိုးခေါ်ဆုတောင်းပွဲ ကျင်းပခဲ့ပါတယ်။ ဒါပေမဲ့ ကိုရွှေမိုးကတော့ အရိပ်အယောင်တောင် မတွေ့ရသေးပါဘူး။ စီရှီးမယ်မယ်ကြီးလည်း အတော့်ကိုစိတ်ပျက်နေပါပြီ။ နောက်တော့ စီရှီးမယ်မယ်ကြီးက တစ်ဦးကိုတစ်နေ့အကြိမ် ၂၀ ဆုတောင်းဖို့ ညွှန်ကြားပါတော့တယ်။

စတုတ္ထမြောက်လရဲ့ ဆဌမမြောက်နေ့မှာတော့ ကောင်းကင်ကြီးဟာ မိုးရိပ်မိုးသားတွေနဲ့ ပြည့်နေပါတယ်။ ကျွန်မလည်း မယ်မယ်ကြီးရဲ့ နန်းဆောင်ဆီကို အပြေးသွားပြီး သတင်းကောင်းကို သံတော်ဦးတင်ပါတယ်။ ဒါပေမဲ့ မိုးသတင်းကို စီရှီးမယ်မယ်ကြီးက ကြိုသိပြီးပါပြီ။ မယ်မယ်ကြီးက ကျွန်မကိုပြုံးကြည့်ပြီး ဒီသတင်းကို လူတိုင်းကဦးဦးဖျားဖျားပေးချင်နေကြတာလို့ ပြောပါတယ်။ ပြီးတော့သည်နေ့ အတော်လေး ပင်ပန်းနေလို့ ခဏလောက်နားချင်ပြီလို့ ပြောပါတယ်။ ပြီးတော့ အိပ်ရာထဖို့အသင့်ဖြစ်ရင် အခေါ်လွှတ်လိုက်မယ်ဆိုပြီး ကျွန်မကိုနားခွင့်ပေးလိုက်ပါတယ်။ ကျွန်မကေရာဇ်မိဖုရားကို လိုက်ရှာတဲ့အချိန်မှာ နားနေ ဆောင်ထဲမှာတော့ နန်းတွင်းသူတွေအားလုံး စုံစုံညီညီရှိနေတာတွေ့လိုက်ရပါတယ်။ သူတို့က ကျွန်မကိုမိုးရိပ်မြင်ပြီးပြီလားလို့ မေးကြပါတယ်။ ကျွန်မတို့ နားနေဆောင်ထဲကနေ နန်းရင်ပြင်ဘက်ထွက်လာတော့ ရင်ပြင်က မိုးရေနဲ့ ရွှဲနေပါပြီ။ ဒါပေမဲ့ ဘယ်လောက်မှ မကြာပါဘူး။ မိုးကသည်းသည်းမည်းမည်းရွာပါတော့တယ်။ စီရှီးမယ်မယ်ကြီးစက်ရာက နိုးလာချိန်မှာတော့ ကျွန်မတို့ ပုံမှန်အတိုင်း ဆုတောင်းပွဲဆက်လုပ်ကြပါတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ မိုးကမရပ်တော့ပါဘူး။ တစ်နေကုန်ရွာခဲ့တဲ့ မိုးပါပဲ။

စီရှီးမယ်မယ်ကြီးက သူ့နန်းဆောင်ထဲမှာ ဒိုမိနိုချပ်တွေနဲ့ ရသေ့စိတ်ဖြေကစားနေပါတယ်။ ကျွန်မက သူ့ကုလားထိုင်နောက်ကနေရပ်ပြီး ကစားတာကိုကြည့်နေပါတယ်။ လေသာဆောင်မှာတော့ ကေရာဇ်မိဖုရားနဲ့ နန်းတွင်းသူတွေရပ်နေကြတာတွေ့ရပါတယ်။ စီရှီးမယ်မယ်ကြီးလည်း သူတို့ကိုမြင်ပါတယ်။ ပြီးနောက် ကေရာဇ်မိဖုရားနဲ့ နန်းတွင်းသူတွေကိုဧည့်ဆောင်ထဲမှာ သွားစောင့်ဖို့ပြောချည်ဆိုပြီး ကျွန်မကိုမိန့်ပါတယ်။ ပြီးတော့ လေသာဆောင် မိုးရေတွေစိုနေတာသူတို့ မသိဘူးလားလို့ မြည်တွန်ပါတယ်။ ဒါနဲ့ပဲ မယ်မယ်ကြီးမိန့်တဲ့အတိုင်း ကေရာဇ်မိဖုရားနဲ့ နန်းတွင်းသူတွေဆီကို သွားပါတယ်။ ရောက်လဲရောက်ရောကျွန်မတောင်ဘာမှမပြောရသေးပါဘူး။ ဧည့်ဆောင်လည်း မိုးပက်လို့ရေရွှဲနေပြီဆိုပြီး ဆီးပြောပါတယ်။ ကျွန်မပြောခဲ့ဖူးတဲ့အတိုင်း တားမြစ်မြို့တော်နန်းဆောင်ကြီးဟာ အိုမင်းနေပါပြီ။ ပြီးတော့ ရေဆင်းစနစ်ကလည်းမရှိပါဘူး။ စီရှီးမယ်မယ်ကြီးရဲ့ နန်းဆောင်ကတော့ မြင့်ပါ

တယ်။ လေ့ကား ၁၂ ထစ်ရှိပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးနန်းဆောင်ရဲ့ လက်ဝဲဘက်မှာရှိတဲ့ ဧည့်ဆောင်ကတော့ မြေမှာကပ်ပြီး ဆောက်ထားတာပါ။ အောက်ခံအုတ်မြစ်မရှိပါဘူး။ လေသာဆောင်မှာ ခဏလေးထွက်ပြီး စကားပြောမိပါတယ်။ ကျွန်မတစ်ကိုယ် လုံး ရွှဲရွှဲစို တော့တာပါပဲ။ အဲဒီအချိန်မှာပဲ စီရှီးမယ်မယ်ကြီးက မှန်ပြတင်းပေါက်ကိုခေါက်ပြီး သူ့ အဆောင်ထဲဝင်ဖို့ ကျွန်မတို့အားလုံးကို ခေါ်လိုက်ပါတယ်။ တကယ်တော့ ကေရာဇ်မိဖုရားအပါ အဝင် ကျွန်မတို့ နန်းတွင်းသူအားလုံးဟာ တာဝန်ချိန်မှတစ်ပါး မယ်မယ်ကြီးခွင့်ပြုချက်မရှိဘဲ နန်းဆောင်ထဲဝင်ခွင့်မရှိပါဘူး။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီးက တစ်နေ့လုံးစိတ်ပျော်နေပုံရပါတယ်။ ရယ်ရယ်မောမောနဲ့ ကျွန်မတို့ကိုကြည့်ပြီး ရေထဲကဆွဲတင်လိုက်တဲ့ ကြွက်စုတ်တွေနဲ့ တူနေ ပါရော့လားဆိုပြီး ကျီစယ်စကားပြောပါတယ်။

ကေရာဇ် မိဖုရားဟာ အပြာရောင်ဖျော့ဖျော့ ဂါဝန်ဝတ်ထားပါတယ်။ ခေါင်းဆောင်း ပဝါနီက အနီရောင်ရေစက်တွေဟာ ဂါဝန်ပေါ် တစ်စက်စက်ကျနေပါတယ်။ မိဖုရားက ကျွန်မ ကိုပြုံးပြပြီး နန်းတွင်းသူတွေရဲ့ တာဝန်တွေတော့ပစ်ရပါပြီလို့ ကျွန်မကို ပြောပါတယ်။ ကျွန်မတို့ စကားပြောနေတဲ့အချိန်မှာပဲ စီရှီးမယ်မယ်ကြီးက ကျွန်မတို့ကို အဝတ်အစားတွေပြန် လဲဖို့ခိုင်းပါတယ်။ ကေရာဇ်မိဖုရားနဲ့ နန်းတွင်းသူတွေ ထွက်သွားပြီးတဲ့နောက်မှာ ကျွန်မစီရှီး မယ်မယ်ကြီးဆီကို ပြန်လာပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ကျွန်မကိုတွေ့တော့တစ်ကိုယ်လုံး စိုနေပါလားလို့ဆိုပြီး အဝတ်အစားလဲလိုက်ရင် ပိုကောင်းမယ်လို့ပြောပါတယ်။ ပြီးတော့ နိုင်ငံခြားဝတ်စုံတွေဟာ အချိုးမကျဘူးလို့ဝေဖန်လိုက်ပြီးကျွန်မသာ မန်ချူးရိုးရာဝတ်စုံဝတ် လိုက်ရင် ပိုပြီးကျလာမယ်လို့လည်း စီရှီးမယ်မယ်ကြီးကမိန့်ပါတယ်။ နောက်တစ်လက်စတည်း မှာပဲ လာမယ့်လမှာကျင်းပမယ့်နဂါးလှေပွဲတော်အတွက် ကျွန်မကို မန်ချူးရိုးရာဂါဝန်ဆင်ပေး မယ်လို့လည်း ပြောလိုက်ပါတယ်။ ကျွန်မလည်း ကျေးဇူးတင်ကြောင်းပြတဲ့ အနေနဲ့ မယ်မယ် ကြီးကို ဒူးတုပ်ဦးတိုက်အရိုအသေပေးလိုက်ပြီး မန်ချူးရိုးရာဝတ်စုံပြောင်းဝတ်ရမှာမို့လို့ ကျေနပ်မိပါကြောင်း လျှောက်ထားလိုက်ပါတယ်။ မန်ချူးရိုးရာဝတ်စုံပြောင်းဝတ်ရတော့မယ်ဆို တဲ့ မယ်မယ်ကြီးရဲ့အမိန့်ကြောင့် ကျွန်မအင်မတန်မှပျော်မိပါတယ်။ ကျွန်မမှာမန်ချူးရိုးရာဝတ်စုံ ဝတ်ချင်ရတဲ့အကြောင်း တွေရှိပါတယ်။ ပထမအကြောင်းတရားကတော့ နန်းတွင်းသူတွေဟာ ကျွန်မတို့ကို အစပထမမှာ အပြင်လူသူစိမ်းတွေလို သဘောထားဆက်ဆံနေကြလို့ပါ။ ဒုတိယ အကြောင်းတရားကတော့ နိုင်ငံခြားဝတ်စုံတွေကို စီရှီးမယ်မယ်ကြီးမကြိုက်တာပါ။ နောက်ဆုံး အချက်ကတော့ နိုင်ငံခြားဝတ်စုံတွေနဲ့ မန်ချူးနန်းတွင်းထဲမှာ နေရတာဘယ်လိုမှအဆင် မပြေဘူးဆိုတဲ့အချက်ပါ။ ဒါကြောင့်မို့လို့ မန်ချူးနန်းတွင်းနဲ့ကိုက်တဲ့ မန်ချူးရိုးရာဝတ်စုံကိုပဲ ဝတ်ဆင်သင့်တယ်လို့ ကျွန်မကထင်မိပါတယ်။ ဘယ်လောက်မှမကြာပါဘူး။ စီရှီးမယ်မယ်ကြီး

က သူ့ရဲ့ ဝတ်စုံတွေထဲကတစ်စုံကို ကျွန်မစမ်းဝတ်ကြည့်ဖို့ မိန်းမစိုးတစ်ယောက်နဲ့ ပို့ခိုင်းလိုက်ပါတယ်။ ဒါနဲ့ပဲအဆောင်ကို ပြန်ရောက်တော့ ရေစိုနေတဲ့အဝတ်တွေကို ချွတ်ပြီးမယ်မယ်ကြီး ပို့ပေးလိုက်တဲ့ မန်ချူးနန်းတွင်းဝတ်စုံကို လဲဝတ်ကြည့်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးရဲ့ ဝတ်စုံဟာ ကျွန်မအတွက်တော့ အရမ်းပွနေပါတယ်။ ဒါနဲ့ပဲ မယ်မယ်ကြီးက ကျွန်မရဲ့ ကိုယ်ခန္ဓာအတိုင်းအတာတွေကို မေးမြန်းမှတ်ယူဖို့ မိန်းမစိုးစာရေးတော်ကြီးတစ်ဦးကို ညွှန်ကြားလိုက်ပါတယ်။ ပြီးတော့ ကျွန်မလိုမျိုးပဲ ကျွန်မမေမေနဲ့ ညီမတို့ရဲ့ ကိုယ်ခန္ဓာ အတိုင်းအထွာတွေကို ယူပါတယ်။ အဲဒီလိုအတိုင်းအထွာတွေယူပြီးတဲ့နောက်မှာ စီရှီးမယ်မယ်မယ်ကြီးဟာ ပန်းရောင်နဲ့ အပြာဖျော့ဖျော့အရောင်တွေဟာ ကျွန်မနဲ့လိုက်တဲ့အတွက် အဲဒီအရောင်ဂါဝန်တွေကိုပဲ ကျွန်မအမြဲဝတ်ရမယ်လို့ စီရှီးမယ်မယ်ကြီးက မိန့်ပါတယ်။ ပြီးတော့ချက်ချင်းပဲ ကျွန်မတို့အတွက် မန်ချူးဂါဝန်တွေ အမြန်ဆုံးချုပ်ပေးဖို့ မိန်းမစိုးတွေကို ညွှန်ကြားလိုက်ပါတယ်။

ကျွန်မနန်းတွင်းစရောက်တဲ့နေ့က ကျွန်မဖိနပ်ကို သူစမ်းဝတ်ခဲ့တဲ့အကြောင်း ပြန်ပြောင်းပြောရင်း စီရှီးမယ်မယ်ကြီးက ကျွန်မကို သူ့ရဲ့ဖိနပ်တွေကို စမ်းဝတ်ကြည့်နိုင်ကြောင်း အခွင့်ပေးပါတယ်။ ပြီးတော့ ကျွန်မ မန်ချူးဘဝတစ်ဖန်ပြန်ရောက်ရှိမှု အထိမ်းအမှတ်အတွက်နေ့ကောင်းရက်သာ ရွေးပေးမယ်လို့ ပြောပါတယ်။ စီရှီးမယ်မယ်ကြီးက အခါတော်ပေးစာအုပ်ကို ယူပြီး နေ့ကောင်းရက်သာနဲ့ မင်္ဂလာအချိန်ရွေးပါတယ်။ ပြီးတော့ သည်လရဲ့ ၁၈ ရက်မြောက်နေ့ဟာ အကောင်းဆုံးနေ့ဆိုပြီး အခါတော်ပေးပါတယ်။ အလိုက်သိတဲ့ မိန်းမစိုးထိန်းကြီးလီလျန်ယင်းက အဲဒီနေ့အဲဒီရက်အရောက်မှာ ကျွန်မတို့အတွက် အားလုံးအဆင်သင့်ဖြစ်ပါစေရမယ်လို့ စီရှီးမယ်မယ်ကြီးကို လျှောက်တင်လိုက်ပါတယ်။

ပြီးတော့ စီရှီးမယ်မယ်ကြီးက ဆံပင်ကို ဘယ်လိုပြင်ရမယ်၊ ဘယ်ပန်းကို ပန်ရမယ် စတာတွေကိုလည်း မမောတမ်းရှင်းပြနေပါတယ်။ ကျွန်မတို့ မန်ချူးဘဝပြန်သွင်းနိုင်ခဲ့လို့ မယ်မယ်ကြီး စိတ်ပျော်နေပုံရပါတယ်။ မိုးက နောက်သုံးရက်ဆက်တိုက် မနားတမ်းရွာသွန်းခဲ့ပါတယ်။ တတိယမြောက်နေ့မှာတော့ ဧကရာဇ်ကွမ်ဆူးဟာ နန်းတော်ကိုပြန်ရောက်လာပါတယ်။ ဆုတောင်းပွဲအားလုံးကိုလည်း ရပ်လိုက်ပါပြီ။ စီရှီးမယ်မယ်ကြီးဟာ တားမြစ်မြို့တော်ထဲမှာ တစ်စက်ကလေးမှ မနေချင်ပါဘူး။ ကျွန်မကတော့ အဲဒါကိုမအံ့သြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တားမြစ်မြို့တော်ကို ကျွန်မကိုယ်တိုင်လည်း မုန်းပါတယ်။ တားမြစ်မြို့တော်နန်းဆောင် ထဲက အခန်းတွေဟာ နေ့လယ်ခေါင်ခေါင်ကြီးမှာတောင် မှောင်မည်းနေတတ်တာမို့ ဧကရာဇ်ကွမ်ဆူး ပြန် ရောက်လာတဲ့နေ့ နံနက်ပိုင်းက ကျွန်မတို့ဟာ ဖယောင်းတိုင်ထွန်းပြီး အဝတ်လဲခဲ့ရပါတယ်။ မိုးကလည်း ရွာကောင်းကောင်းနဲ့ ရွာနေလိုက်တာ နောက်ဆုံးတော့ နွေရာသီစံနန်းကိုနောက်နေ့မှာ ပြန်တော့မယ်လို့ မယ်မယ်ကြီးက ထုတ်ပြောလာရတဲ့အထိပါပဲ။ တားမြစ်မြို့တော်မှာ

ခုနစ်ရက်တိတိ နေပြီးနောက်မှာ ကျွန်မတို့ဟာ နွေရာသီစံနန်းတော်ကြီးဆီကို ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ နွေရာသီစံနန်းတော်ကို ပြန်တဲ့နေ့က ကောင်းကင်မှာ တိမ်ညိုမှိုင်းနေဆဲပါ။ ဒါပေမဲ့ မိုးတော့မရွာပါဘူး။ တားမြစ်မြို့တော်အလာခရီးမှာတုန်းကလိုပဲ ကျွန်မတို့ဟာ သက်တော်ရှည်ဘုရားကျောင်းမှာ ခရီးတစ်ထောက်နားပြီး ညစာစားပါတယ်။ အဲဒီနေ့မှာ ကျွန်မတို့ အသားဟင်းပြန်စားခွင့်ရကြပါတယ်။

ကျွန်မနန်းတွင်းသူဘဝ စတုတ္ထမြောက်လမှာတော့ စီရှီးမယ်မယ်ကြီးဟာ တရုတ်ပြည်ရောက် နိုင်ငံခြားသံအမတ်ကြီးတွေရဲ့ ကတော်များအတွက် ပထမဆုံးဥယျာဉ်ပါတီပွဲကျင်းပပေးခဲ့ပါတယ်။ သည်နှစ်မှာတော့ စီရှီးမယ်မယ်ကြီးဟာ ဥယျာဉ်ပါတီပွဲကို ခါတိုင်းလို မဟုတ်ဘဲ ထူးထူးခြားခြားကျင်းပဖို့ စိတ်ညွှတ်နေပါတယ်။ ဥယျာဉ်ထဲမှာ ဈေးတစ်ဈေးနဲ့တူအောင် စင်တွေခင်းပြီး အဲဒီစင်တွေပေါ်မှာ ထူးထူးခြားခြားရှေး ဟောင်းလက်ရာတွေ၊ ကြွေထည်ပစ္စည်းတွေ၊ ပန်းတွေနေရာချထားဖို့ မယ်မယ်ကြီးက ညွှန်ကြားထားပါတယ်။ အဲဒီပစ္စည်းတွေဟာ ဥယျာဉ်ပွဲတက်မယ့် သံအမတ်ကြီးကတော်တွေအတွက် လက်ဆောင်ပစ္စည်းတွေပါ။ ဥယျာဉ်ပွဲတက်မယ့် ဧည့်သည်တွေထဲမှာ အမေရိကန်သံအမတ်ကြီးကတော် မစ္စကွန်ဂျာနဲ့ စပိန်သံအမတ်ကြီးကတော်၊ ဂျပန်သံအမတ်ကြီးကတော်၊ ပေါ်တူဂီစစ်သံမှူးကတော်အပါအဝင် နိုင်ငံခြားသံရုံးအများပြားက သံအရာရှိတွေ၊ သံအရာရှိတွေနဲ့ အခြားသံဝန်ထမ်းတွေပါပါတယ်။ ဥယျာဉ်ပါတီညစာစားပွဲစတော့ မန်ချူးမင်းသမီးတစ်ပါးက ဧည့်သည်တော်တွေကို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျွန်မကအင်္ဂလိပ်လိုနဲ့ ပြင်သစ်လိုဘာသာပြန်ပေးပါတယ်။ ဥယျာဉ်ညစာစားပွဲမှာတော့ စီရှီးမယ်မယ်ကြီးကိုယ်စားမယ်မယ်ကြီးရဲ့ မွေးစားသမီးတော် မင်းသမီးကြီးက ဧည့်ခံသူတာဝန်ကို ယူခဲ့ပါတယ်။ ညစာစားပွဲပြီးတော့ ဧည့်သည်တော်တွေနဲ့ ကျွန်မတို့ဟာ စီရှီးမယ်မယ်ကြီး၊ ကေရာဇ်ကွမ်ဆူးနဲ့ ကေရာဇ်မိဖုရားတို့ စောင့်နေတဲ့ ဥယျာဉ်တော်ထဲကို သွားကြပါတယ်။ ဥယျာဉ်တော်ထဲက တူရိယာဝိုင်းက ဥရောပသီချင်းတွေ တီးမှုတ်ပေးနေပါတယ်။ စီရှီး မယ်မယ်ကြီးက ဧည့်သည်တော်တွေကို ဦးဆောင်ခေါ်ဆောင်ပြီး ဥယျာဉ်တော်ထဲက လက်ဆောင်ပစ္စည်းတွေ တင်ထားတဲ့ စင်တွေကို လိုက်ပြပါတယ်။ ဥယျာဉ်တော်ထဲမှာဆောက်ထားတဲ့ လက်ဖက်ရည်တဲနန်းရောက်တော့ လူတိုင်းအနားယူပြီး လက်ဖက်ရည်သုံးဆောင်ကြပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးက လူတိုင်းကို နှုတ်ဆက်စကားပြောပါတယ်။ ဧည့်သည်တော်တွေအားလုံး ပြန်တဲ့အချိန်မှာတော့ ဥယျာဉ်ပါတီပွဲကြီးပြီး ဆုံးခဲ့ပါပြီ။

နောက်တော့ အရင်လိုပဲ ကျွန်မတို့နန်းတွင်းတွေဟာ ဥယျာဉ်ပါတီပွဲမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတွေ ဧည့်သည်တွေဘယ်လိုပျော်နေတာတွေ ကိုစီရှီးမယ်မယ်ကြီးကိုပြန်ပြီး သံတော်ဦးတင်ကြရပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ နိုင်ငံခြားဧည့်သည်တော်အမျိုး

သမီးတွေရဲ့ ဝတ်ပုံစားပုံတွေ၊ ရုပ်ရည်သွင်ပြင်တွေကို ဝေဖန်ပါတော့တယ်။

ဘာလိုလိုနဲ့ ကျွန်မတို့သားအမိ နန်းတွင်းကိုရောက်တာ နှစ်လကျော်ရှိခဲ့ပါပြီ။ ကျွန်မမှာ အခုထက်ထိ တရှောင်ရှောင်ဖြစ်နေတဲ့ ဖေဖေနဲ့တွေ့ခွင့်မရသေးပါဘူး။ သတ္တိရှိဖို့ ကိုယ့်တာဝန်ကိုကျေဖို့ တိုက်တွန်းအားပေးထားတဲ့ ဖေဖေ့ဆီက စာတွေကိုတော့ ကျွန်မ နေ့တိုင်းရပါတယ်။ အိမ်နှစ်ရက်သုံးရက်လောက်ပြန်ဖို့ စီရှီးမယ်မယ်ကြီးဆီမှာ ခွင့်တောင်း ကြည့်ရင်မကောင်းဘူးလားလို့ ကျွန်မမေမေက ဧကရာဇ်မိဖုရားကို တီးခေါက်ကြည့်ပါတယ်။ အဲလိုလုပ်တာကောင်းပေမယ့် ကျွန်မတို့အနေနဲ့ စတုတ္ထမြောက်လရဲ့ ဆဋ္ဌမမြောက်နေ့ လွန်ပြီးချိန်အထိ စောင့်တာပိုကောင်းတယ်လို့ ဧကရာဇ်မိဖုရားက ပြောပါတယ်။ မန်ချူးနန်း ဓလေ့အရ စတုတ္ထမြောက်လရဲ့ ဆဋ္ဌမမြောက်ရက်ရောက်တိုင်းနန်းတွင်းမှာ ပဲစိမ်းစားပွဲတော်ရှိ တတ်ပါတယ်။ ဗုဒ္ဓဘာသာအယူအဆအရ လူတစ်ဦးသေလွန်ပြီဆိုရင် အဲဒီသူဟာအသက် ရှင်နေတုန်းက သူပြုခဲ့တဲ့ စေတနာအလျောက် ကောင်းကင်ဘုံသွားသင့်လား၊ ဒါမှမဟုတ် ငရဲခံသင့်သလားခွဲခြားပေးတဲ့ ကြားဘုံတစ်ခု ကိုရောက်ပါတယ်။ အဲဒီကြားဘုံကို ရည်ညွှန်းတဲ့ ပဲစိမ်းစားပွဲတော်ချိန်မှာ စီရှီးမိဖုရားကြီးဟာ သူစိတ်တော်တွေ့တဲ့ သူတွေဆီကို ပဲစေ့ရှစ်စေ့ပါ တဲ့ ပဲပန်းကန်တွေကမ်းတတ်ပါတယ်။ အဲဒီပဲစေ့တွေကို ရခဲ့ရင်ရတဲ့သူက စားရပါတယ်။ ပြီး တော့ ကျွန်မကသာ ပွဲတော်နေ့မှာ စီရှီးမယ်မယ်ကြီးကို ပဲစေ့ပန်းကန်ဆက်သမယ်ဆိုရင် မယ်မယ်ကြီးအရမ်းကျေနပ်မှာပဲလို့ ဧကရာဇ်မိဖုရားကပြောပါတယ်။ ပဲစိမ်းစေ့စားပွဲမှာ ပဲပန်း ကန်ကမ်းတယ်ဆိုတာရဲ့ အဓိပ္ပာယ်ဟာ 'နောင်ဘဝမှာလဲအတူ ဆုံပါရစေ' လို့ အဓိပ္ပာယ်ရပါ တယ်။ ထူးထူးခြားခြားအဲသည် နေ့တစ်နေ့လုံး စီရှီးမယ်မယ်ကြီးစိတ်တော်ရွှင်နေပါတယ်။

မယ်မယ်ကြီးနဲ့ ကျွန်မတို့ဟာ ခွန်မင်းရေကန်ကြီးရဲ့ အနောက်ဘက်ကမ်းကို ကူးပြီး အဲဒီမှာပဲ ညစာစားကြပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးက ကျွန်မတို့ သားအမိနန်းတွင်း စရောက်တဲ့နေ့က အကြောင်းတွေကို ပြန်ပြောပါတယ်။ ပြောရင်းနဲ့ပဲ မယ်မယ်ကြီးဟာ ကျွန်မ တို့ဖေဖေအမတ်ကြီး ယူကန်းရဲ့ ကျန်းမာရေးအခြေအနေကိုမေးပါတော့တယ်။ ဖေဖေ့ကျန်းမာ ရေး အခြေအနေကို မေမေကရှင်းပြတော့ ကျွန်မတို့ကို အိမ်ပြန်ချင်တယ်ဆို ပြန်လို့ပြောဖို့သူမေ့ နေတယ်ဆိုပြီး ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့သားအမိလည်း မယ်မယ်ကြီးကို ကျေးဇူးတင် စကားပြောပြီး ခွင့်ပေးမယ်ဆိုရင် ခေတ္တအိမ်ပြန်လိုကြောင်းလျှောက်တင်လိုက်ပါတယ်။ နောက်တစ်နေ့မှာ အိမ်ပြန်လို့ရမယ်လို့မယ်မယ်ကြီးက အမိန့်ချပါတယ်။ ပြီးတော့ ကျွန်မတို့ ဘယ်လောက်ကြာမှာလဲလို့လည်းမေးပါတယ်။ သည်နေရာမှာ နန်းတွင်း ဓလေ့ထုံးစံကို ကျွန်မကောင်းကောင်းနားလည်ထားပါတယ်။ ဒါကြောင့် မယ်မယ်ကြီးရဲ့ အမိန့်အတိုင်းပါလို့ ပြန်လျှောက်တင်လိုက်ပါတယ်။ နှစ်ရက်သုံးရက်လောက်ဆိုရပြီလားလို့ မယ်မယ်ကြီးကမိန့်

တော့ အမိန့်တော် အတိုင်းပါပဲလို့ ကျွန်မတို့က နာခံလိုက်ပါတယ်။ အိမ်ပြန်မယ့် အကြောင်းကို မယ်မယ်ကြီးက စပြောတော့ ကျွန်မအရမ်းအံ့အားသင့်မိပါတယ်။ ကျွန်မတို့ရည်ရွယ်ချက်ကို တစ်ယောက်ယောက်က ကြိုပြောထားသလား၊ ဒါမှမဟုတ်မယ်မယ်ကြီးကပဲ အထူးအကြံအစည်တွေကို ကြိုသိနေသလားလို့တောင် ကျွန်မတွေးမိပါတယ်။

နန်းဆောင်ထဲမှာ မယ်မယ်ကြီးရှေ့တော်ဝင်ပြီး ကျွန်မတို့ပြန်ထွက်လာတော့ လေသာဆောင်မှာ ကေရာဇ်မိဖုရားကို တွေ့လိုက်ပါတယ်။ ကျွန်မလည်း ကေရာဇ်မိဖုရားကို အရိုအသေပေးပြီး ကျန်တဲ့နန်းတွင်းသူတွေကိုလည်း နှုတ်ဆက်စကားပြောလိုက်ပါတယ်။ ပြီးတော့ အိမ်အပြန်ခရီးအတွက် ပြင်ဆင်ဖို့ အဆောင်ကိုပြန်ပါတယ်။ ကျွန်မတို့ရဲ့ မိန်းမစိုးတွေဟာ အလွန်တော်ရှာကြပါတယ်။ အိမ်ပြန်ဖို့စီ ရှီမယ်မယ်ကြီးက ခွင့်ပြုမိန့်ပေးပြီးကတည်းက ကျွန်မတို့အတွက် အထုပ်အပိုးတွေအသင့် ပြင်ပေးထားပြီးပါပြီ။ ထုံးစံအရမိန်းမစိုးတွေကို ကျွန်မက ငွေစ ၁၀ စ စီ ပေးလိုက်ပါတယ်။ ပြီးတော့ နန်းတော်ထဲက ဝေါထမ်းတွေ ကိုလည်း တစ်ယောက်ငွေစ လေးစစီပေးလိုက်ပါတယ်။ အိမ်ပြန်တော့ စီရှီးမယ်မယ်ကြီးရဲ့ အမိန့်အရ မြင်းစီးမိန်းမစိုးလေးဦးက ကျွန်မတို့ကို အိမ်တိုင်ရာရောက်လိုက်ပို့ပေးကြပါတယ်။ ကျွန်မတို့ အိမ်ရောက်ပြီး နောက်တစ်နေ့မနက်မှာ စီရှီးမယ်မယ်ကြီးက မိန်းမစိုးနှစ်ဦးထပ်လွှတ်ပြီး စားစရာတွေနဲ့ သစ်သီးဝလံတွေပို့ပေးပါတယ်။ ကျွန်မတို့အိမ်မှာ နှစ်ရက်လောက်နေခဲ့ရပါတယ်။ ဒါပေမဲ့လာပြီး သတင်းမေးနှုတ်ဆက်ကြတဲ့ မိတ်ဆွေသင်္ဂဟတွေကလည်း တစ်ဖွဲ့ဖွဲ့မို့ ကျွန်မတို့လည်း အားတယ်ရယ်လို့မရှိခဲ့ပါဘူး။ နှစ်ရက်မြောက်နေ့မှာတော့ စီရှီးမယ်မယ်ကြီးအိပ်ရာမထခင် နန်းတွင်းကို အမီပြန်ဖို့ မနက်စောစောထွက်သင့်တယ်လို့ ဖေဖေက ပြောပါတယ်။ နောက် နေ့မနက်သုံးနာရီလောက်မှာပဲ ကျွန်မတို့ဟာ နန်းတွင်းအပြန်ခရီးကို မှောင်နဲ့ မည်းမည်းစရပါတော့တယ်။

ဘယ်လောက်တောင်ပြောင်းလဲသွားရတာလဲလို့ ကျွန်မစဉ်းစားမိပါတယ်။ အခုတော့ ကျွန်မဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံးမိန်းမကလေးလို့ပဲ ကိုယ့်ကိုယ်ကိုယ်မြင်လာပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ကျွန်မအပေါ် သိပ်မေတ္တာထားတယ်လို့ နန်းတွင်းကလူအတော်များများက ကျွန်မကို ပြောဖူးပါတယ်။ အထူးသဖြင့် ကေရာဇ်မိဖုရားကိုယ်တိုင် သည်စကားမျိုးပြောခဲ့ဖူးပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ လူငယ်လူရွယ်တွေကို သိပ်မလေးမထားတတ်ဖူးလို့လည်း ကျွန်မကြားဖူးပါသေးတယ်။ ဘာပဲဖြစ်ဖြစ်နန်းတွင်းမှာ ကျွန်မပျော်ပါတယ်။ ဒါပေမဲ့ အချို့နန်းတွင်းသူတွေ ကျွန်မကို မလိုလားတာကိုလည်း ကျွန်မသတိပြုမိပါတယ်။ အဲဒီနန်းတွင်းသူတွေဟာ မယ်မယ်ကြီးဘာလုပ်စေချင်တယ်။ ဘယ်လိုပုံ လုပ်ပေးစေချင်တယ်ဆိုတာမျိုးတွေ ကျွန်မကို ပြောမပြဘဲမကြာခဏဆိုသလို စိတ်ကသိကအောင့်ဖြစ်အောင်လုပ်တတ်

ပါတယ်။ ကျွန်မကို သဘောကျကြောင်း မယ်မယ်ကြီးပြောတဲ့ အချိန်တိုင်းလည်း သူတို့ဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးပြုံးစေ့စေ့လုပ်တတ်ကြပါတယ်။ ဒါပေမဲ့ အဲဒီ အခက်အခဲတွေကို ရေဆုံးရေဖျားရင်ဆိုင်ဖို့ ကျွန်မဆုံးဖြတ်ထားပြီးပါပြီ။ ကျွန်မရဲ့တစ်ခု တည်းသော ဆန္ဒကကျွန်မဟာ မယ်မယ်ကြီးအတွက် အသုံးတည့်မယ့်သူ တစ်ဦးဖြစ်လာဖို့ပါ။ ကျန်တဲ့သူတွေကို ကျွန်မဂရုစိုက်မှာမဟုတ်ပါဘူး။

နွေရာသီစံနန်းတော်ကိုရောက်တော့ ငါးနာရီထွန်းစွန်းရှိနေပြီ။ စီရှီးမယ်မယ်ကြီးစက် တော်ခေါ်တုန်းပဲလို့ ကျွန်မတို့ရဲ့မိန်းမစိုးတွေက ပြောပါတယ်။ ကျွန်မတို့လည်း မိန်းမစိုးတွေ ပြင်ပေးထားတဲ့ နံနက်စာကိုစားပြီးတဲ့နောက်မှာ ကေရာဇ်မိဖုရားရဲ့ရှေ့တော်ကို အရင်ဝင် လိုက်ပါတယ်။ ကေရာဇ်မိဖုရားဟာ မယ်မယ်ကြီးနန်းဆောင်ကိုသွားဖို့ အသင့်ဖြစ်နေပါပြီ။ ကျွန်မတို့ကိုတွေ့တော့ ဝမ်းသာအယ်လဲနှုတ်ဆက်ပြီး ကျွန်မတို့အတွက် မန်ချူးဝတ်စုံတွေအသင့် ဖြစ်ပြီလို့ ပြောပါတယ်။ ကေရာဇ်မိဖုရားထုတ်ပြလို့ကြည့်လိုက်တော့ဝတ်စုံတွေဟာ အပြစ် ပြောစရာမရှိအောင် သေသပ်လှပလှပါတယ်။

နောက်တော့ ကျွန်မတို့ဟာ စီရှီးမယ်မယ်ကြီးရှေ့မှောက် အခစားဝင်ခဲ့ပါတယ်။ စက်ရာဆောင်ထဲဝင်လိုက်တော့ မယ်မယ်ကြီးနိုးနေပါပြီ။ ဒါနဲ့ကျွန်မတို့လည်း နံနက်တိုင်း ပြုမြဲဝတ်အရ မယ်မယ်ကြီးကို နှုတ်ဆက်စကားပြောလိုက်ပါသည်။ ပြီးတော့ ကျွန်မတို့အိမ်ပြန် ရောက်ချိန်ပို့ပေးခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေအတွက် ဒူးထောက်အရိုအသေပြုလိုက်ပါတယ်။ မယ်မယ်ကြီးဟာ ဖေဖေ့ကျန်းမာရေးအခြေအနေကိုသာမက အိမ်မှာနေစဉ် ကျွန်မတို့ဘာတွေ လုပ်တယ်ဆိုတာတွေအထိမေးပါတယ်။ ပြီးတော့ ကျွန်မတို့မန်ချူးဝတ်စုံလဲဖို့ သူရွေးပေးထားတဲ့ မင်္ဂလာရက်၊ မင်္ဂလာအချိန်တွေကို မှတ်မိသေးရဲ့လားလို့လည်းမေးပါတယ်။ ပြီးတော့ ကျွန်မ တို့ကို နန်းတွင်းတရားဝင်ဝတ်စုံတစ်ထည်စီ၊ ရွှေးချည်ငွေချည်ထိုး မန်ချူးဂါဝန်နှစ်ထည်စီနဲ့ နေ့စဉ်ဝတ်ဖို့ ရိုးရိုးမန်ချူးဂါဝန်လေးထည်အပါအဝင်နန်းတွင်းအဆင်တန်ဆာတွေ ထုတ် ပေးထားတယ်လို့မိန့်ပါတယ်။ ပြီးတော့ ဘုရင်တွေ၊ မိဖုရားတွေနတ်ရွာစံတဲ့အချိန်မှာ ဈာပန အခမ်းအနားမှာဝတ်ရတဲ့ ချိချွန်လို့ခေါ်တဲ့ ဂါဝန်နှစ်စုံစီလည်းပေးထားတယ်လို့ မိန့်ပါတယ်။ တော်တော်လေး စိတ်လှုပ်ရှားနေပြီဖြစ်တဲ့ကျွန်မက ဝတ်စုံတွေ ချက်ချင်းပြောင်းဝတ်ချင်တယ်လို့ မယ်မယ်ကြီးကို အရဲစွန့်လျှောက်ကြည့်ပါတယ်။ အဲဒီတော့ မယ်မယ်ကြီးကပြုံးပြီး သူကျွန်မ တို့အတွက်ရွေးထားတဲ့ မင်္ဂလာအချိန်ကျတဲ့အထိ စောင့်ရမယ်လို့ ပြန်မိန့်ပါတယ်။ ပြီးတော့ ဆံထုံးထုံးတတ်ဖို့ ကေရာဇ်မိဖုရားဆီမှာ သင်ဦးလို့လည်းပြောပါတယ်။ မင်္ဂလာအချိန်စောင့်သာ စောင့်ခိုင်းရတယ်။ ကျွန်မစိတ်အားထက်သန်နေပုံကိုမြင်တော့ မယ်မယ်ကြီးသဘောကျနေ တယ်ဆိုတာ ကျွန်မသိနေပါတယ်။

နောက်တစ်နေ့မနက်မှာတော့ ကျွန်မတို့သားအမိအိပ်ရာက ပုံမှန်ထက်စောစောထပြီး အဝတ်အစားအသစ်တွေလဲဝတ်ကြည့်ပါတယ်။ ကျွန်မကိုယ့်မျက်လုံးမှ ကိုယ်မယုံကြည်တော့ပါဘူး။ မန်ချူး ဂါဝန်ဝတ်ထားတဲ့ မိန်းကလေးဟာ ကျွန်မကိုယ်တိုင်မှ ဟုတ်ပါလေစဆိုပြီး ကျွန်မ မေမေနဲ့ ညီမဖြစ်သူကို တော်ကြာနေတစ်ခါ တော်ကြာနေတစ်ခါဆိုသလိုမေးမိပါတယ်။ မန်ချူးဝတ်စုံကိုအရင်က မဝတ်ဖူးပေမယ့် စမ်းဝတ်လိုက်တော့လည်း ကျွန်မလှတယ်ဆိုတာ ကျွန်မကိုယ်တိုင်သိနေပါတယ်။ ကျွန်မတို့ရဲ့ မိန်းမစိုးတွေတောင် ကျွန်မကိုမန်ချူးဝတ်စုံနဲ့တွေ့တော့ ကြည်နူးနေကြသလိုပါပဲ။ အဲဒီအချိန်မှာ စီရှီးမယ်မယ်ကြီးနန်းဆောင်ကိုသွားဖို့ ကျွန်မတို့အဆောင်ရှေ့ကဖြတ်လာတဲ့ဧကရာဇ်မိဖုရားက ကျွန်မတို့ကို တစ်ကူးတကစောင့် ခေါ်ပါတယ်။ ညှော်ဆောင်ထဲရောက်တော့ လူတွေအများကြီး ရောက်လာပြီး ကျွန်မတို့ကို ကြည့်လို့ တီးတိုးတီးတိုးပြောနေတာမြင်တော့ ကျွန်မစိတ်ထဲရှက်နေသလိုလို ဖြစ်မိပါတယ်။ ဧကရာဇ်ကွမ်ဆူးမှ တစ်ပါးကျန်အားလုံးက ကျွန်မတို့ကို မန်ချူးဝတ်စုံနှင့် လိုက်တယ်ဆိုပြီး ချီးမွမ်းနေကြပါတယ်။ ဒါပေမဲ့ ဧကရာဇ်ကွမ်ဆူးကတော့ မန်ချူးဝတ်စုံထက် ပါရီဂါဝန်တွေက ကျွန်မနဲ့ ပိုလိုက်တယ်လို့ ပြောပါတယ်။ ကျွန်မကတော့ ပြုံးရုံပဲပြုံးပြီး ဘာမှတော့ပြန်မပြောခဲ့ပါဘူး။

ဧကရာဇ်ကွမ်ဆူးဟာ ကျွန်မကို ခေါင်းတခါခါယမ်းရင်း မယ်မယ်ကြီးရဲ့ စက်ရာဆောင်ထဲဝင်သွားပါတယ်။ အဲဒီအချိန်မှာ နန်းတွင်းမိန်းမစိုးထိန်း လီလျန်ယင်းဝင်လာပါတယ်။ ကျွန်မတို့ကို တွေ့တော့အကြီးအကျယ်စိတ်လှုပ်ရှားပုံပေါ်ပြီး စီရှီးမယ်မယ်ကြီးရှေ့တော်ချက်ချင်းဝင်ဖို့ပြောပါတယ်။ မယ်မယ်ကြီးရှေ့တော်ရောက်တဲ့အချိန်မှာ မယ်မယ်ကြီးက ကျွန်မတို့ကိုကြည့်ပြီး ရယ်ပါတော့တယ်။ ကျွန်မတို့ပုံမကျပန်းမကျဖြစ်နေပြီးလားဆိုတဲ့ အတွေးကြောင့် ကျွန်မအတော်လေးစိတ်မသက်မသာဖြစ်မိပါတယ်။ ဒါပေမဲ့ အရင်တုန်းက တာ့လျံမိသားစုလို့ သူတော့မယုံနိုင်ဘူးလို့ ကျွန်မတို့ကိုမိန့်ပါတယ်။ ပြီးတော့ သူ့အခန်းထဲက ကြေးမုံချပ်ကိုပြပြီး ကိုယ့်ကိုယ်ကိုယ်ဘယ်လောက်လှတယ်ဆိုတာ ကြည့်လိုက်စမ်းလို့ပြောပါတယ်။ အခုတော့ ကျွန်မဟာ သူ့ရဲ့နန်းတွင်းသူ စစ်စစ်ဖြစ်လာပြီလို့လည်း ချီးမွမ်းပါတယ်။ အဲဒီအချိန်မှာ မိန်းမစိုးထိန်းလီလျန်ယင်းဝင်လာပြီး စတုတ္ထမြောက်လရဲ့ ၂၄ ရက်ဟာ နွေဦးရာသီပထမဆုံးနေ့ဖြစ်ကြောင်း လျှောက်တင်ပါတယ်။ နွေဦးရာသီပထမဆုံးနေ့ကျရင် မန်ချူးနန်းတွင်းထဲက လူတိုင်းဟာ ရွှေဆံထိုးအစား ကျောက်စိမ်းဆံထိုးတွေပြောင်းပြီး ဝတ်ကြရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မတို့မှာ ကျောက်စိမ်းတွေမရှိပါဘူး။ အဲဒီတော့ စီရှီးမယ်မယ်ကြီးက မန်ချူးဝတ်စုံပြောင်းဝတ်ခိုင်းပြီးမှတော့ ကျွန်မတို့ကို ကျောက်စိမ်းဆံထိုးတစ်ခုစီပေးရမယ်လို့ လီလျန်ယင်းကို မိန့်ပါတယ်။ မယ်မယ်ကြီးအမိန့်သံဆုံးတဲ့နောက်မှာ မိန်းမစိုးထိန်း လီလျန်ယင်းဟာ ကျောက်စိမ်းဆံထိုးတွေထည့်ထားတဲ့ သေတ္တာတစ်လုံးယူချလာပါတယ်။ မယ်မယ်

ကြီးဟာ အဲဒီသေတ္တာထဲက ကျောက်စိမ်းဆံ ထိုးသုံးခုထုတ်ပြီး ကျွန်မတို့ကိုပေးပါတယ်။ ပြီးတော့ အဲဒီကျောက်စိမ်းဆံထိုးတွေဟာအရင် မိဖုရားကြီးသုံးပါးဝတ်ခဲ့တဲ့ ကျောက်စိမ်းဆံထိုးတွေလို့လည်း ပြောပါတယ်။ စီရှီးမယ်မယ်ကြီးက စေတနာဗရပွနဲ့ တန်ဖိုးကြီးလှတဲ့ လက်ဆောင်တွေပေးနေပေမယ့် သူ့အတွက်တော့ဘာမှ အကျိုးမဆောင်နိုင်သေးလို့ ကျွန်မရှက်မိပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးက ကျွန်မကို မင်းသမီးတစ်ပါးနဲ့ အဆင့်တူနန်းတွင်း အပျိုတော်အဖြစ် သတ်မှတ်ပြီး တရားဝင်နန်းတွင်းဝတ်စုံဝတ်ဆင်ခွင့်ပေးဖို့ ဆုံးဖြတ်ထားကြောင်း ထပ်ပြောလိုက်ပါတယ်။

ကျွန်မပျော်နေပါတယ်။ နန်းတော်ထဲမှာ ဘဝဟာသက်သောင့်သက်သာရှိလှပါတယ်။ တစ်နေ့ခွန် မင်းရေကန်ကြီးထဲမှာ လရောင်အောက်လှေစီးနေတုန်း ဥရောပကို ကျွန်မပြန်သွားချင်လားလို့မယ်မယ်ကြီးကမေးပါတယ်။ အဲဒီနေ့ညဟာ သာယာလှပါတယ်။ စီရှီးမယ်မယ်ကြီးရဲ့ လှေနောက် အခြားလှေတွေအများအပြား လည်းပါလာပါတယ်။ လှေတစ်စင်းပေါ်မှာတော့ မိန်းမစိုးတွေဟာ စောင်ငြင်းပတ်သာတွေနဲ့ သီချင်းတစ်ပုဒ်တီးမှုတ်နေကြပါတယ်။ မယ်မယ်ကြီးကိုယ်တိုင်တောင် ခပ်တိုးတိုးလိုက်ညည်းနေတာ ကျွန်မသတိပြုမိပါတယ်။ ကျွန်မမယ်မယ်ကြီး ရှေ့တော်မှာနေရတာ ကျေနပ်ကြောင်းနဲ့ ဘယ်ကိုမှမသွားချင်တော့ကြောင်း မယ်မယ်ကြီးရဲ့ မေးခွန်းကိုပြန်ဖြေလိုက်ပါတယ်။ နောက်တော့ ကျွန်မနဲ့မယ်မယ်ကြီးဟာ တရုတ်ရှေးဟောင်းစာပေတွေ၊ ကဗျာတွေအကြောင်း စကားဦးလှည့်သွားပါတယ်။ ကျွန်မတရုတ်ကဗျာတွေလေ့လာခဲ့ဖူးကြောင်းသိရတော့ မယ်မယ်ကြီးဟာ အရမ်းအံ့ဩသွားပါတယ်။ ဘာဖြစ်လို့အရင်က ထုတ်မပြောရတာလဲလို့လည်း ဆူပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးကနန်းတွင်းမှာ တရုတ်ရှေးဟောင်းစာပေအကြောင်းနားလည်တာဆိုလို့ သူနဲ့ကေရာဇ်မိဖုရားပဲရှိကြောင်း၊ နန်းတွင်းသူတွေကို သင်ပေးနေဖို့ကြိုးစားဖူးပေမယ့် ထိုင်းလွန်းတာကြောင့် လက်လျှော့ခဲ့ရဖူးကြောင်း ကျွန်မကိုရင်ဖွင့်ပါတယ်။ လုပ်ပါလို့မပြောမချင်းကိုယ်ဘာလုပ်နိုင်တယ်ဆိုတာကို သူများမပြောဖို့ ကျွန်မဖေဖေဆုံးမဖူးတာရှိပါတယ်။ အခုလည်း ကျွန်မရှေးဟောင်းတရုတ်စာပေနားလည်မှန်းသိတော့ အချို့နန်းတွင်းသူတွေရဲ့ မျက်နှာညိုခဲ့ပါတယ်။ ဒီလိုနဲ့ပဲ နန်းတွင်းမှာတစ်ရက်ပြီးတစ်ရက် အချိန်ကုန်လွန်ခဲ့ရပါတယ်။ ဘာလိုလိုနဲ့စတုတ္ထမြောက်လကုန်ဆုံးပြီး ပဉ္စမမြောက်လကို ရောက်လာပြန်ပါပြီ။ ပဉ္စမမြောက်လရဲ့ ငါးရက်မြောက်နေ့ မွန်းလွဲပိုင်းဟာ အဆိပ်ရှိတဲ့သတ္တဝါတွေ အဆိပ်အပြင်းဆုံး အချိန်သို့တရုတ်တွေက ယူဆကြပါတယ်။ အဲဒီနေ့အဲဒီအချိန်မှာ ဖားတို့လို၊ မြွေတို့လိုအဆိပ်ရှိတဲ့ သတ္တဝါတွေဟာတွင်း အောင်းပြီး မလှုပ်မယှက်နေတတ်တယ်လို့ဆိုပါတယ်။ အချို့သမားတော်တွေဟာ အဲဒီလိုအချိန်မျိုးမှာ အဆိပ်ရှိ သတ္တဝါတွေကိုရှာဖမ်းပြီး အခြောက်ခံလို့ ဖန်ပုလင်းထဲထည့်ထားကြတတ်ပါတယ်။

ပြီးရင် အဲဒီသတ္တဝါတွေကိုဆေးဝါးအဖြစ် အသုံးပြုတတ်ပါတယ်။ ပဋ္ဌမမြောက်လရဲ့ ငါးရက်မြောက်နေ့မှာ စီရှီးမယ်မယ်ကြီးက ဟိုဟိုဒီဒီလျှောက်သွားပြီး ကျင်းတွေတူးခိုင်းပါတယ်။ ဒါပေမဲ့ ဘာသတ္တဝါမှ ကျွန်မတို့မတွေ့ရပါဘူး။ အခမ်းအနားအနေနဲ့ကတော့ အဲဒီနေ့မှာ စီရှီးမယ်မယ်ကြီးက ဝိုက်အရက်ပါတဲ့ ခွက်ထဲကိုဆာလ်ဖာမှုန့်နဲ့တူတဲ့ အဝါရောင်အမှုန့်တစ်မျိုး ရောပြီး ကျွန်မတို့ရဲ့ နားရွက်တွေလည်ပင်းတွေကို ပွတ်လိမ်းပေးပါတယ်။ အဲဒီလိုပွတ် လိမ်းလိုက်ရင် လာမယ့်နွေရာသီမှာ ကျွန်မတို့ကိုယ်ပေါ်ကို ပိုးကောင်မွှားကောင် တွေမတက်တော့ဘူးလို့ ယုံကြည်ပါတယ်။ ပဋ္ဌမမြောက်လရဲ့ငါးရက်မြောက်နေ့ပွဲတော်ကို အဆိပ်ရှိပိုးငါးမျိုးပွဲတော်လို့လည်းခေါ်သလို နဂါးလှေပွဲတော်လို့လည်းခေါ်ကြပါတယ်။ ဘာဖြစ်လို့ နဂါးလှေပွဲတော်လို့ခေါ်ရသလဲဆိုတော့ သမိုင်းနောက်ခံရှိပါတယ်။ ချူမင်းဆက်ခေတ်က တရုတ်နိုင်ငံဟာ အစိတ်စိတ်အမြွှာမြွှာကွဲပြားနေပြီး သူတစ်လူငါ တစ်မင်းကိုယ့်နေရာကိုယ်အုပ်ချုပ်ခဲ့ကြပါတယ်။ ချူဧကရာဇ်မှာ ချီယွမ်လို့ခေါ်တဲ့ ပညာရှိနန်းရင်းဝန်ကြီး တစ်ပါးရှိပါတယ်။ နန်းရင်းဝန်ကြီးချီယွမ်ဟာ အခြားတိုင်းနိုင်ငံခြောက်ခုနဲ့ မဟာမိတ်ဖွဲ့ဖို့ ဧကရာဇ်ကိုအကြံပေးခဲ့ပေမယ့် ဧကရာဇ်က လက်မခံခဲ့ပါဘူး။ နန်းတွင်းဝန်ကြီး ချီယွမ်ဟာအခြားတိုင်းနိုင်ငံတွေကြောင့် ချူနိုင်ငံတော်ကြီးရေတိမ်နစ်မှာကိုကြိုမြင်ထားပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့က ဧကရာဇ်ချူအပေါ် ဩဇာမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ နန်းတွင်းဝန်ကြီး ချီယွမ်ဟာကျောက်ခဲဆွဲပြီး မြစ်ထဲခုန်ချကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ နန်းတွင်းဝန်ကြီး ချီယွမ်ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်တဲ့နေ့ဟာ ပဋ္ဌမမြောက်လရဲ့ ငါးရက်မြောက်နေ့ပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ နောင်တအကြီးအကျယ်ရခဲ့တဲ့ ချူဧကရာဇ်ဟာ မဋ္ဌမမြောက်လရဲ့ ငါးရက်နေ့ရောက်တိုင်း နဂါးလှေစီးပြီး နန်းတွင်းဝန်ကြီးရဲ့ ဝိညာဉ်ကို ဂါရဝပြုလေ့ရှိပါတယ်။ ပြီးတော့ ကျူစီလို့ခေါ်တဲ့ ဆန်မုန့်တွေကို မြစ်ထဲကြပါတယ်။ အဲဒီအချိန်ကစပြီး တရုတ်ပြည်မှာ ပဋ္ဌမမြောက်လရဲ့ ငါးရက်နေ့ရောက်တိုင်းနဂါးလှေပွဲကို ကျင်းပခဲ့တာအခုထိပါပဲ။

နန်းတွင်းအပျိုတော်အတွေ့အကြုံတွေကို ဖြစ်ကြောင်းကုန်စင်တွေးကြည့်ရင် ကျွန်မအသက်ရှင်နေသမျှ ကာလပတ်လုံး ပဋ္ဌမမြောက်လရဲ့ ၁၅ ရက် မြောက်နေ့ကို မေ့လို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့မှာ နန်းတွင်းမှာရှိသူအားလုံးဒုက္ခများခဲ့ကြရလို့ပါ။ အဲဒီနေ့မနက်က ကျွန်မတို့ဟာ ပုံမှန်အတိုင်း စီရှီးမယ်မယ်ရဲ့ စက်ရာဆောင်ကိုသွားခဲ့ပါတယ်။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီး ကျောအတော်နာနေလို့ မထနိုင်ပါဘူး။ ကျွန်မတို့လည်း တတ်သလောက်မှတ်သလောက် နင်းနှိပ်ပြုစုပေးတော့ အိပ်ရာကထလာနိုင်ပါတယ်။ ဒါပေမဲ့ ပုံမှန်အိပ်ရာထချိန်ထက် နည်းနည်းနောက်ကျသွားပါတယ်။ မယ်မယ်ကြီးစိတ်မကြည်တော့ပါဘူး။ ဧကရာဇ်ကွမ်ဆူးရောက်လာပြီး နှုတ်ဆက်စကားပြောတော့လည်း မယ်မယ်ကြီးဟာ သတိ

မထားမိသလိုပါဘဲ။ မယ်မယ်ကြီးနေမကောင်းဖြစ်နေတာတွေ့တော့ ကရောဇ်ကွမ်ဆူးလည်း သိပ်စကားမပြောတော့တာ ကျွန်မသတိထားမိပါတယ်။ ဖြစ်ချင်တော့ မယ်မယ်ကြီးကို ဆံပင်တွေဖီးပေးရတဲ့ မိန်းမစိုးက အဲဒီနေ့မှာ နေမကောင်းလို့ အိပ်ရာထဲလဲနေပါတယ်။ နေမကောင်းတဲ့မိန်းမစိုးနေရာမှာ အစားဝင်လာတဲ့ မိန်းမစိုးဆံပင်ဖီးပေးတာ စောင့်ကြည့်ပေးဖို့ စီရှီးမယ်မယ်ကြီးက ကျွန်မတို့ကိုခိုင်းပါတယ်။ ခေါင်းဖီးရင်းသင်ရင်းနဲ့ ဆံပင်တစ်ပင်ကျွတ်ပါသွားတာမျိုးကိုတောင် စီရှီးမယ်မယ်ကြီးက သည်းမခံတတ်ပါဘူး။ အခုဆံပင်ဖီးပေးနေတဲ့ မိန်းမစိုးဟာ မလယ်ဝယ်ရှာပါဘူး။ ဖီးရင်းကျွတ်ကျလာတဲ့ ဆံပင်ကိုအရင်မိန်းမစိုးလိုမျိုး ဖွတ်မထားတတ်ပါဘူး။ သူကြောက်လန့်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေပါတယ်။ ဒီမှာတင်ကြေးမုံကနေတစ်ဆင့်ကြည့်နေတဲ့ မယ်မယ်ကြီးက သူ့ဆံပင်တွေ ကျွတ်ထွက်သွားပြီလားလို့ မေးလိုက်ပါတယ်။ အဲဒီမိန်းမစိုးကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ကျွတ်ထွက်သွားပါပြီလို့ပြောလိုက်ပါတယ်။ အဲဒီမှာတင် မယ်မယ်ကြီးဒေါသပုန်ထတော့တာ ပါပဲ။ အဲဒီမိန်းမစိုးကိုချက်ချင်း လူစားလဲဖို့ မယ်မယ်ကြီးက အမိန့်ပေးလိုက်ပါတယ်။ နောက်ပြီးရင် အပြစ်ပေးမယ်လို့လည်း ပြောပါတယ်။ သနားစရာမိန်းမစိုးအိုကြီးက တရှုတ်ရှုတ်ငိုနေပါတယ်။

နောက်တော့ ပုံမှန်အတိုင်း စီရှီးမယ်မယ်ကြီးဟာ နံနက်ခင်းညီလာခံတက်ပါတယ်။ ပြီးတော့ဘာ တွေဖြစ်ခဲ့သလဲဆိုတာကို မိန်းမစိုးထိန်းကြီး လီလျန်ယင်းကို ပြောပါတယ်။ မိန်းမစိုးထိန်းကြီးလီဟာတစ်ကယ်တော့ ရက်စက်ကြမ်းကြုတ်သူတစ်ဦးပါ။ မယ်မယ်ကြီး ပြောတာကြားပြီးတဲ့နောက်မှာ အဲဒီမိန်းမစိုးကို အသေရိုက်သတ်ပစ်ရမှာဆိုပြီး ကြိမ်းပါတော့တယ်။ နောက်တော့ မယ်မယ်ကြီးက အဲဒီမိန်းမစိုးကြီးကို မိန်းမစိုးဆောင်မှာ အပြစ်ပေးဖို့ လီကျန်များကို ညွှန်ကြားလိုက်ပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးက အစားအသောက်တွေ ညံ့လွန်းတယ်လို့ပြောပြီး စားတော်ကဲတွေကို အပြစ်ပေးဖို့ ထပ်ပြီးအမိန့်ချပြန်ပါတယ်။ မယ်မယ်ကြီးဒေါသထွက်တိုင်း အယောင်ယောင်အမှားမှားလုပ်မိကြတာချည်းပဲလို့ နန်းတွင်းထဲကလူတွေက ကျွန်မကိုပြောဖူးပါတယ်။ ဒါကြောင့်ဒီနေ့ဖြစ်ပျက်နေတာတွေကို ကျွန်မ သိပ်မအံ့သြတော့ပါဘူး။

ဒါပေမဲ့ အဲဒီနေ့တစ်နေ့လုံးစီရှီးမယ်မယ်ကြီးရဲ့ ဒေါသကမပြေပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မလည်း သူ့အနားသိပ်မကပ်တော့ဘဲ နေနေရပါတယ်။ အရေးကြီးတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အချို့မိန်းမစိုးတွေလာပြီး မေးကြမြန်းကြတာ ကျွန်မသတိပြုမိပါတယ်။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီးကတော့ သူတို့ကိုစကားတုံ့မပြန်ဘဲ ဖတ်လက်စ စာအုပ်ကိုသာ မဲဖတ်နေတာတွေ့ရပါတယ်။ အမှန်အတိုင်းပြောရရင် အဲဒီနေ့မှာ ကျွန်မလည်း စိတ်အတော်လေး ဆင်းရဲခဲ့ရပါတယ်။ အစတုန်းကတော့ မိန်းမစိုးတွေဟာ သစ္စာရှိတဲ့အစေခံတွေလို့ ကျွန်မ ထင်ခဲ့ဖူးပါ

တယ်။ နောက်ပိုင်းနေ့တိုင်း ကြုံလာပါများတော့ သူတို့အကြောင်းသိလာပါတယ်။ မိန်းမစိုး တွေဟာ တစ်ခါအပြစ်ပေးခံရရုံနဲ့ အမှတ်ထားတဲ့ သူတွေမဟုတ်ပါဘူး။

# အမေရိကန်သံအမတ်ကြီးကတော်နှင့် တွေ့ဆုံခြင်း–အခန်း ၉

ပဉ္စမမြောက်လရဲ့ ၂၆ ရက်မြောက်နေ့နံနက်ခင်းညီလာခံမှာ အမေရိကန်သံ အမတ်ကြီးကတော်မစ္စကွန်ဂျာက မယ်မယ်ကြီးနဲ့ သီးသန့်တွေ့ဆုံဖို့ပန်ကြားထားပါတယ်ဆိုပြီး မင်းသားကြီးချင်က လျှောက်ထားပါတယ်။ ဒီတော့မယ်မယ်ကြီးက နောက်တစ်နေ့အထိ အဖြေပြန်မပေးသေးဖို့ မင်းသားကြီးချင်ကို ညွှန်ကြားပေးထားပါတယ်။ နောက်တစ်နေ့ မနက်မှာတော့ မင်းသားကြီးချင် ရှေ့တော်ဝင်လာပြီး မယ်မယ်ကြီးနဲ့ တွေ့ချင်သူများမှာ အမေရိကန်ရေကြောင်း ဗိုလ်ချုပ်ကြီးနဲ့ဇနီးတို့ဖြစ်ပြီး သံအမတ်ကြီးကတော်မစ္စကွန်ဂျာနဲ့ မှား လျှောက်ခဲ့တာပါလို့ ပြောပါတယ်။ သည်မှာတင်မယ်မယ်ကြီးက ဟက်ဟက်ပက်ပက်ရယ်ပြီး သူနဲ့တွေ့ဖို့ တောင်းဆိုတာအကြောင်းရှိကိုရှိရမယ်လို့ ပြောတာမမှန်ဘူးလားဆိုပြီး ကျွန်မကို လှမ်းပြောပါတယ်။ နောက်တော့မယ်မယ်ကြီးက ကျွန်မတို့ဘက်လှည့်ပြီး သူ့စက်ရာခန်းပါမကျန် အားလုံးကိုပြောင်းလဲပြင်ဆင်ဖို့ မိန့်ပါတယ်။ တကယ်တော့ နွေရာသီစံနန်းတော်ကြီးတစ်ခုလုံးကို အစစအရာရာပြောင်းလဲပေးဖို့ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။

တွေ့ဆုံပွဲမတိုင်မီ တစ်ရက်အလိုမှာ ကျွန်မတို့ဟာ နွေရာသီစံနန်းတော်ရဲ့ ပြတင်းခန်းဆီးတွေ အားလုံးကိုဖြုတ်ပြီး မိုးပြာရောင်ဖျော့ဖျော့ ခန်းဆီးတွေလဲတပ်ပါတယ်။ ပြီးတော့ ကုလားထိုင်မှီအုံးတွေကိုလည်း မိုးပြာရောင်မှီအုံးတွေနဲ့အစားထိုးလိုက်ပါတယ်။ အဲဒီနေ့ညက နန်းတော်တစ်ခုလုံး အလုပ်ရှုပ်ခဲ့ကြရပါတယ်။ နောက်တစ်နေ့ နံနက်မှာတော့ စီရှီးမယ်မယ်ကြီးအိပ်ရာက စောစောနိုးလာပါတယ်။ အဲဒီမနက်က ကျွန်မတို့ ပုံမှန်ထက်ကို ပိုအလုပ်များခဲ့ပါတယ်။ တကယ်တော့ ညှော်တွေ့ပွဲရှိတိုင်းကျွန်မတို့ အတော်လေးအလုပ်ရှုပ်ကြရပါတယ်။ တစ်ခုခုမှားပြန်ရင်လည်း မယ်မယ်ကြီး အမျက်တော်ရှမယ့်အရေးကြောက်ကြရပါသေးတယ်။ အဲဒီနေ့နေ့လယ်ပိုင်းတစ်ချိန်လုံး မယ်မယ်ကြီးဟာသူ့စက်ရာဆောင်ထဲက မထွက်တော့ပါဘူး။

နောက်နှစ်နာရီလောက်ကြာတော့ မင်းသားကြီးချင်က အခစားဝင်လာပြီး နိုင်ငံခြားဧည့်သည်တွေ မယ်မယ်ကြီးနဲ့တွေ့ဖို့ အဆင်သင့်ဖြစ်နေပါပြီလို့ လျှောက်ထားပါတယ်။ ဧည့်တွေ့ပွဲကျင်းပတော့ ကျွန်မတို့ဟာထုံးစံအတိုင်း ညီလာခံခန်းမဆောင်နောက်ဖက်ပန်းလိုက်ကာရဲ့အနောက်မှာ နေရာယူကြရပါတယ်။ ပန်းလိုက်ကာပြား နောက်ကနေ ချောင်းကြည့်လိုက်တော့ လေ့ခါးထစ်တွေပေါ်မှာရပ်ပြီး အမေရိကန်စစ်တပ်ဗိုလ်ချုပ်ကြီးနဲ့ဇနီး အပါအဝင် ဧည့်သည်တော်တွေကို ညီလာခံခန်းမဆောင်အထိ ကြိုဆိုနေတဲ့ မင်းသမီးတွေကိုတွေ့ရပါတယ်။

အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးနဲ့ အမေရိကန်သံအမတ်ကြီးတို့ ညီလာခံခန်းမဆောင်ထဲဝင်လာပြီး ရင်ပေါင်တန်းရပ်လိုက်ပါတယ်။ ပြီးတော့ ခေါင်းသုံးကြိမ်ညွှတ်ပြီး စီရှီးမယ်မယ်ကြီးကို အရိုအသေပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ကေရာဇ်ကွမ်ဆူးကလည်း စီရှီးမယ်မယ်ကြီးရဲ့ လက်ဝဲဘက်မှာရှိတဲ့ ခပ်ရိုးရိုးသလွန်ပေါ်မှာ ထိုင်နေပါတယ်။ သလွန်လို့သာဆိုရတယ် သာမန်ရိုးရိုးကုလားထိုင်တစ်လုံးသာသာပါပဲ။ စီရှီးမယ်မယ်ကြီးက အမေရိကန်ဗိုလ်ချုပ်ကြီးကို တရုတ်ပြည်ကကြိုဆိုကြောင်း နှုတ်ခွန်းဆက်လိုက်ပါတယ်။ နောက်တော့ အမေရိ ကန်ဗိုလ်ချုပ်ကြီးနဲ့ သံအမတ်ကြီးတို့ဟာ မင်းစင်ပေါ်တက်လာပြီး စီရှီးမယ်မယ်ကြီးနဲ့ လက်ဆွဲနှုတ်ဆက်ပြီး ပြန်ဆင်းလာပါတယ်။ ဧည့်တွေ့ပွဲပြီးတဲ့နောက်မှာတော့ မင်းသားကြီးချင်က ဧည့်သည်တော်တွေကို အခြားနန်းဆောင်တစ်ခုဆီ ခေါ်ဆောင်သွားပါတယ်။ အဲဒီနန်းဆောင်ထဲမှာ ဧည့်သည်တွေညစာစားပါလိမ့်မယ်။

အဲဒီနေ့မှာ စီရှီးမယ်မယ်ကြီးဟာ သူ့ရဲ့ စက်ရာခန်းထဲက မထွက်တော့ပါဘူး။ ဧည့်သည်တော်တွေ ဘာလုပ်သလဲ ဘာတွေပြောသလဲဆိုတာ သိရတဲ့အထိ စောင့်နေချင်တယ်လို့ ပြောပါတယ်။ နှစ်နာရီလောက်အကြာမှာတော့ မင်းသားကြီးချင်ရောက်လာပြီး ဧည့်သည်တော်တွေ ညစာစားပြီးဖြစ်ကြောင်း၊ မယ်မယ်ကြီးနဲ့ တွေ့ခွင့်ရလို့လည်း ဝမ်းသာနေကြောင်း၊ ပြီးတော့ နွေရာသီစံနန်းက ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း လျှောက်ထားပါတယ်။ နောက်တစ်နေ့နံနက်မှာတော့ အားလုံးသာသာယာယာပါပဲ။ စီရှီးမယ်မယ်ကြီး စိတ်ကြည်နေပါတယ်။ ကျွန်မကိုတွေ့တော့ မျက်နှာချေဘယ်တော့မှ မလိမ်းပါလားလို့ ပြောပါတယ်။ ပြီးတော့ နန်းတွင်းထုံးစံအတိုင်း ကျွန်မလည်း နှုတ်ခမ်းနီ၊ ပါးနီတွေဆိုးရမယ်၊ လိမ်းရမယ်လို့ မိန့်ပါတယ်။ အဲဒါနဲ့ပဲ ကျွန်မလည်းအဆောင်ကိုပြန်ပြီး မယ်မယ်ကြီးအလိုကျလိမ်းရခြယ်ရပါတော့တယ်။ မျက်နှာချေတွေကြောင့် ကျွန်မပုံစံပြောင်းလဲသွားတာကိုကြည့်ပြီး ကျွန်မမရယ်ဘဲ မနေနိုင်ပါဘူး။ မယ်မယ်ကြီးနန်းဆောင်ကို ပြန်ရောက်တော့ ကျွန်မကိုကြည့်ပြီး အခုမှ ကြည့်ကောင်းသွားတယ်လို့ဆိုပါတယ်။ ပြီးတော့ မျက်နှာချေတွေ ဈေးကြီးတယ်ထင်ရင်လည်း သူပဲကျွန်မဖို့ ဝယ်ပေးထားမယ်လို့လည်းမိန့်ပါတယ်။ မယ်မယ်ကြီး အဝတ်အစားလဲပြီးတဲ့

နောက်မှာ ကျွန်မတို့ဟာ ညီလာခံဆောင်ဆီကိုသွားခဲ့ပါတယ်။ သည်နေ့မှာတော့ မယ်မယ်ကြီးဟာ အမေရိကန်သံအမတ်ကြီးကတော် မစ္စကွန်ဂျာနဲ့ သီးသန့်တွေ့မှာပါ။ အမေရိကန်ဧည့်သည်တွေ အကဲ့ရဲ့လွတ်အောင်လည်း ယဉ်ယဉ်ကျေးကျေးနေဖို့ထိုင်ဖို့ ကျွန်မတို့ကို မယ်မယ်ကြီးက တဖွဖွမှာပါတယ်။ အမေရိ ကန်သံအမတ်ကြီးကတော်နဲ့ တွေ့တဲ့နေရာမှာ စီရှီးမယ်မယ်ကြီးအား နဂါးပလ္လင်ကြီးကိုမသုံးပါဘူး။ ညီလာခံခန်းမဆောင် ဝဲဘက်ခြမ်းမှာထားတဲ့ ပလ္လင်ငယ်တစ်ခုကို သုံးခဲ့ပါတယ်။ ဘယ်လောက်မှမကြာသေးပါဘူး။ မိန်းမစိုးတစ်ယောက်အထဲဝင်လာပြီး အမေရိကန်သံအမတ်ကြီးကတော်ဦးဆောင်တဲ့ နိုင်ငံခြားဧည့်သည် အမျိုးသမီးကိုးဦးရောက်လာပါပြီလို့ လျှောက်တင်ပါတယ်။ စီရှီးမယ်မယ်ကြီးဟာ မစ္စကွန်ဂျာနဲ့အဖွဲ့ကိုကြိုဖို့ နန်းတွင်းအပျိုတော်အချို့ကို နန်းရင်ပြင်ဆီလွှတ်လိုက်ပါတယ်။ ကျွန်မက မယ်မယ်ကြီးရဲ့ ပလ္လင်နောက်ဘက် လက်ယာဘက်မှာရပ်နေတော့ နန်းတွင်းသူတွေ ဧည့်သည်ကြိုဖို့ လုပ်နေတာတွေ မြင်နေရပါတယ်။ အဲဒီအချိန်မှာ ဘယ်သူကအမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးကတော် မစ္စအီဗန်လဲလို့ ကျွန်မကိုမေးပါတယ်။ ကျွန်မကလည်း မစ္စအီဗန်ကို အရင်မမြင်ဖူးတော့ ပြောရက်ခက်နေပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့နီးလာတော့ အမေရိကန်သံအမတ်ကြီးကတော်နဲ့ တွဲလျှောက်လာတဲ့ နိုင်ငံခြားသူတစ်ဦးကိုတွေ့ရပါတယ်။ ကျွန်မလည်း အဲဒီအမျိုးသမီးဟာ မစ္စအီဗန်ဖြစ်ရမယ်လို့ ကောက်ချက်ချပြီး မယ်မယ်ကြီးအမေးကို ပြန်ဖြေလိုက်ရပါတယ်။

ညီလာခံခန်းမဆောင်ထဲ ရောက်လာတဲ့ မစ္စကွန်ဂျာက မယ်မယ်ကြီးကိုလက်ဆွဲနှုတ်ဆက်ပြီး မစ္စအီဗန်အပြင်ပါလာတဲ့ အမေရိကန်အရာရှိကြီးတွေရဲ့ ကတော်တွေနဲ့မိတ်ဆက်ပေးနေပါတယ်။ အရင်နေ့များနဲ့မတူဘဲ ပြုံးပြုံးချိုချိုဖြစ်နေတဲ့ စီရှီးမယ်မယ်ကြီးကို ကြည့်ရတာ ကျက်သရေရှိလှပါတယ်။ စီရှီးမယ်မယ်ကြီးက ဧည့်သည်မင်းကတော်တွေအတွက် ကုလားထိုင်တွေ၊ လက်ဖက်ရည်တွေယူလာပေးဖို့ မိန်းမစိုးတွေကို ခိုင်းလိုက်ပါတယ်။ ပြီးတော့ မယ်မယ်ကြီးဟာ မစ္စအီဗန်ကိုတရုတ်ပြည်မှာ ပျော်လား၊ ပီကင်းနေပြည်တော်ကို ဘယ်လိုထင်သလဲ၊ တရုတ်ပြည်မှာကြာဦးမှာလား၊ ဘယ်လောက်ကြာကြာနေမှာလဲ၊ ဘယ်နေရာမှာ နေနေလဲစတဲ့ မေးခွန်းပေါင်းစုံမေးပါတော့တယ်။ ကျွန်မဟာ ဧည့်သည်တော်တွေနဲ့ တွေ့တိုင်း မယ်မယ်ကြီးမေးလေ့မေးထရှိတဲ့ မေးခွန်းတွေကိုအလွတ်ရနေပါပြီ။ အမေရိကန်သံအမတ်ကြီးကတော် မစ္စကွန်ဂျာက စကားပြန်ကနေတစ်ဆင့် မယ်မယ်ကြီး သာကြောင်းမာကြောင်းမေးပါတယ်။ သည်နေရာမှာတော့ မယ်မယ်ကြီးအတွက် ကျွန်မကစကားပြန်လုပ်ပြီး ပြန်ဖြေပေးရပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးက ဧည့်သည်တော်တွေကို သူ့ရဲ့မွေးစားသမီးဖြစ်တဲ့ တစ်ပင်တိုင်မင်းသမီးကြီးက ဧည့်ခံလိမ့်မယ်လို့ ဆက်ပြောပါတယ်။ ဧည့်တွေ့ ပွဲပြီးပြီဆိုတဲ့ သဘောပေါ့။

မစ္စကွန်ဂျာနဲ့ မစ္စအီဗန်တို့ဦးဆောင်တဲ့ အမေရိကန်မင်းကတော်တွေအတွက် ညစာစားပွဲကို မယ်မယ်ကြီးရဲ့ မိုးတိမ်နားရာ နန်းဆောင်နောက်မှာလုပ်ပေးပါတယ်။ မယ်မယ်ကြီး၊ ကေရာဇ်မိဖုရားနဲ့ ဒုတိယမိဖုရားတို့မှတစ်ပါး ကျန်နန်းတွင်းသူတွေအားလုံး ညစာစားပွဲကို သွားကြရပါတယ်။ ညစာစားပွဲခင်းဖို့ ကျွန်မတို့အတွက် အချိန်နှစ်နာရီရပါတယ်။ အဲဒီညစာစားပွဲမှာ နိုင်ငံခြားကထုတ်တဲ့ စားပွဲခင်းတွေ၊ ကောင်းမှုညွှန်းပေဆိုတဲ့ နိုင်ငံခြားရှန်ပိန်တွေကိုသုံးဖို့ မယ်မယ်ကြီးက ညွှန်ကြားထားပါတယ်။ ရေတပ်ဗိုလ်ချုပ်ကြီးကတော် မစ္စအီဗန်ဟာ အထူးဧည့်သည်ဖြစ်တာမို့ ကုလားထိုင်တွေ ဘယ်လိုနေရာချမယ်ဆိုတာ အထိ စီရှိုးမယ်မယ်ကြီးက အသေးစိတ်ညွှန်ကြားထားပါတယ်။ ညစာကိုတော့ မန်ချူးဟင်းလျာ ၂၄ မျိုးနဲ့ တည်ခင်းဖို့ မယ်မယ်ကြီးက ပြောထားပါတယ်။ ဧည့်သည်တော်တွေနဲ့စားလို့သောက်လို့ကောင်းနေတုန်းမှာပဲ မိန်းမစိုးတစ်ယောက်ရောက်လာပြီး ညစာစားပြီးချိန်မှာ ကျွန်မက ဧည့်သည်တော်အားလုံးကို စုရုံးခေါ်ပြီး မယ်မယ်ကြီးရဲ့ သီးသန့်နန်းဆောင်ကိုသွားရမယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်မတို့လည်း ညစာကိုအဆုံးသတ်ပြီး မယ်မယ်ကြီးရဲ့ သီးသန့်စံနန်းကိုသွားခဲ့ကြပါတယ်။ သီးသန့်စံနန်းထဲမှာ စီရှိုးမယ်မယ်ကြီးက ကျွန်မတို့ကို စောင့်နေပါတယ်။ မယ်မယ်ကြီးဟာ သလွန်ပေါ်ကထလာပြီး အစားအသောက်သိပ်မကောင်းလို့ ညစာစားပွဲကို ခံတွင်းတွေ့မတွေ့ မစ္စအီဗန်ကို မေးစမ်းကြည့်ဖို့ ကျွန်မကိုပြောပါတယ်။ တရုတ်ပြည်မှာကိုယ်တည်ခင်းတဲ့ အစားအစာတွေကို နှိမ့်ချပြီးပြောရတာထုံးစံတစ်ခုပါ။ ပြီးတော့ မန်ချူးနန်းတွင်းရဲ့ နေပုံထိုင်ပုံကို နိုင်ငံခြားသူတွေ နားလည်ဖို့အတွက် သူ့ရဲ့သီးသန့်ဆောင်တွေကို မစ္စအီဗန်ကို လိုက်ပြချင်တယ်လို့လည်း ပြောပါတယ်။ နောက်တော့ စီရှိုးမယ်မယ်ကြီးဟာ မစ္စကွန်ဂျာနဲ့ မစ္စအီဗန်တို့ကို သူ့ရဲ့စက်ရာ အဆောင်တစ်ဆောင်ကိုလိုက်ပြပြီး အထဲဝင်ထိုင်နားဖို့ ဖိတ်ခေါ်ပါတယ်။ မစ္စအီဗန်ကိုလည်း ပီကင်းမှာခဏဆက်နေပြီး ရှေးဟောင်းစေတီပုထိုးတွေလိုက်လေ့လာဖို့တိုက်တွန်းပါတယ်။ ပြီးတော့ တရုတ်ပြည်မကြီးက အိုမင်းနေပြီး အမေရိကမှာလို သစ်လွင်လှပတဲ့ အဆောင်အအုံတွေမရှိတော့ မစ္စအီဗန်အတွက် အရာရာအသစ်အဆန်းချည်းပဲ ဖြစ်နေမှာပဲလို့ မယ်မယ်ကြီးက မိန့်ပါတယ်။ ပြီးတော့ သူသာအသက်သိပ်မကြီးသေးရင် ကမ္ဘာအနှံ့လျှောက်သွားမှာပဲလို့လည်း ပြောပါတယ်။ ဒါပေမဲ့ တရုတ်ပြည်ကို ခွာရမှာကို သူကြောက်ကြောင်း၊ မင်းကြီးကိုယ်တိုင်က အသက်ငယ်သေးတော့ တရုတ်ပြည်ကြီးရဲ့ ကံကြမ္မာက သူ့အပေါ်မှာ မူတည်နေကြောင်း မယ်မယ်ကြီးက မစ္စအီဗန်တို့ကို ပြောပါတယ်။

နောက်တော့ စီရှိုးမယ်မယ်ကြီးက ဧည့်သည်မင်းကတော်တွေကို နန်းဆောင်တွေကို လိုက်ပြပေးဖို့ ကျွန်မကို ညွှန်ကြားပါတယ်။ အဲသည်အချိန်မှာပဲ အမေရိကန်သံအမတ်ကြီးကတော်က သူတစ်ခုလောက်တောင်းဆိုပါရစေလို့ မယ်မယ်ကြီးကို လျှောက်ပါတယ်။

ပြီးတော့ ရေတပ်ဗိုလ်ချုပ်ကြီးကတော်ဘက်လှည့်ပြီး တစ်ခုခုပြောနေပါတယ်။ အဲဒီအချိန်မှာ စိတ်သိပ်ရှည်ပုံမရတော့တဲ့ မယ်မယ်ကြီးကသူတို့ဘာတွေ ပြောနေသလဲဆိုတာကို သိချင်လာပြီ။ ကျွန်မကိုလှမ်းမေးပါတယ်။ ကျွန်မလည်း ရုတ်တရက်ဆိုတော့ ပုံတူပန်းချီကားဆိုတဲ့ စကားလုံးတစ်လုံးကိုလွဲပြီး ကျန်တာတွေကို သဲသဲကွဲကွဲမကြားလိုက်ရပါဘူး။ မယ်မယ်ကြီးကို ကျွန်မဘာမှ ပြောခွင့်မသာမီမှာဘဲ မစ္စအီဗန်ကသံအမတ်ကြီးကတော် မစ္စကွန်ဂျာဟာ မယ်မယ်ကြီးရဲ့ ပုံတူကို အမေရိကန်ပန်းချီဆရာမ မစ္စကားလ်နဲ့ ဆွဲခွင့်ရဖို့ တောင်းဆိုလိုကြောင်း ပြောပါတယ်။ ပြီးတော့ တရုတ်ပြည်ရဲ့ ဧကရီဘုရင်မကြီးအကြောင်း အမေရိကန်တွေတစ်စွန်းတစ်စ နားလည်လာဖို့အတွက် အဲဒီပုံတူပန်းချီကားကို စိန့်လူးဝစ်ပန်းချီပြပွဲမှာ တင်ဖို့ဆန္ဒရှိကြောင်းလည်း ပြောပါတယ်။ မစ္စအီဗန်ပြောသမျှ ဂရုတစိုက်နားထောင်နေတဲ့ မယ်မယ်ကြီးဟာ အံ့သြနေပုံရပါတယ်။ ဒါပေမဲ့ သူလုံးစေ့ပတ်စေ့နားမလည်ထားတာကို ထုတ်မပြောချင်ပါဘူး။ ဒါနဲ့ပဲကျွန်မဘက်ကို တစ်ချက်လှည့်လိုက်ပါတယ်။ ကျွန်မကို ဘာသာပြန်ပေးဖို့ အချက်ပြလိုက်တာပါ။ ကျွန်မအားလုံးကိုရှင်းပြလိုက်ပါတယ်။ ဒါပေမဲ့ ပုံတူပန်းချီကားဆိုတဲ့ စကားလုံးကို မယ်မယ်ကြီးနားထွေးနေတယ်ဆိုတာကို ကျွန်မသိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီရှီးမယ်မယ်ကြီးက အခုအချိန်အထိ ဓာတ်ပုံအရိုက်ခံဖူးသူ မဟုတ်ပါဘူး။

သည်နေရာမှာ ကျွန်မတစ်ခုရှင်းပြချင်ပါတယ်။ တရုတ်ပြည်မှာဆိုရင် ပုံတူပန်းချီရေးတယ်ဆိုတာ တစ်ဦးတစ်ယောက်ကွယ်လွန်ပြီးမှသာ သေလွန်သူအမှတ်တရရေးကြတာပါ။ နောင်မြေးမြစ်တီတွတ်ကျွတ်တွေ ကွယ်လွန်သူကို ဂါရဝပြုလို့ရအောင်ရေးရတာမျိုးပါ။ ဧည့်သည်မင်းကတော်တွေ ဘာတောင်းဆိုလိုက်တာလဲဆိုတာ သိပြီးတဲ့နောက်မှာ မယ်မယ်ကြီးတုန်လှုပ်သွားတာ ကျွန်မသတိပြုမိပါတယ်။ သည်နိုင်ငံခြားဧည့်သည်တွေ မယ်မယ်ကြီးကို ဘာမှမသိဘူးလို့ မြင်သွားမှာ ကျွန်မ မလိုလားပါဘူး။ ဒါနဲ့ မယ်မယ်ကြီးရဲ့ ဝတ်ရုံစကိုဆွဲပြီး နောက်ကျမှအားလုံးရှင်းပြပေးပါ့မယ်လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးက အခုပဲ နည်းနည်းလောက်ဖြစ်ဖြစ် ရှင်းပြဖို့ကျွန်မကိုပြောပါတယ်။ ဒါနဲ့ပဲ ကျွန်မနန်းတွင်းသုံးတရုတ်စကားနဲ့ပဲ မယ်မယ်ကြီးကိုရှင်းပြပါတယ်။ နန်းတွင်းတရုတ်စကားက ကျေးတော်မျိုးကျွန်တော်မျိုးတွေ သုံးတဲ့သာမန်တရုတ်စကားနဲ့ မတူတော့ ဧည့်သည်တွေနားမလည်ပါဘူး။ ကျွန်မရှင်းပြပြီးတဲ့နောက်မှာတော့ ဘာဆက်ပြောရမလဲဆိုတာ မယ်မယ်ကြီးသိသွားပါပြီ။ မစ္စကွန်ဂျာရဲ့ အဆိုပြုချက်အတွက်ကျေးဇူးတင်ကြောင်း၊ အဖြေကိုနောက်ပိုင်းတွင် ပြန်ကြားမည်ဖြစ်ကြောင်း မယ်မယ်ကြီးက ကျွန်မကတစ်ဆင့်ဧည့်သည်တွေကို အသိပေးပါတယ်။ ပြီးတော့ အရေးကြီးတဲ့ အလုပ်တစ်ခုလုပ်မယ်ဆိုရင် မှူးမတ်တွေနဲ့မတိုင်ပင်ဘဲ တစ်ဦးတည်းသဘောနဲ့ လုပ်လို့မရကြောင်း၊ ပြီးတော့ ပြည်သူတွေဝေဖန်မယ့် အလုပ်မျိုးမလုပ်မိစေဖို့ သူ့

အနေနဲ့ ဂရုစိုက်ရကြောင်း မယ်မယ်ကြီးက ထပ်ပြောပါတယ်။ ပြီးတော့ သူ့အနေနဲ့ဘိုးဘေးတွေချထားတဲ့ စည်းမျဉ်းဓလေ့ထုံးစံတွေကို လိုက်နာရမည်ဖြစ်ကြောင်း မယ်မယ်ကြီးက ဆိုပါတယ်။ အဲဒီခဏမှာပဲ စကားဝိုင်းကိုရှေ့ဆက်ဖို့မယ်မယ်ကြီးစိတ်မပါတော့မှန်း ကျွန်မ သတိပြုမိပါတယ်။

အဲဒီအချိန်မှာပဲ မိန်းမစိုးထိန်းကြီးဝင်လာပြီး ဧည့်သည်တော်တွေကို ခွန်မင်းရေကန် တစ်ဖက်ပို့ဖို့ အသင့်ရှိနေပြီဖြစ်တဲ့အကြောင်း လျှောက်တင်ပါတယ်။ အခြေအနေကို ရိပ်မိတဲ့ ပါးနပ်တဲ့နန်းတွင်းသူတစ်ဦးက တစ်ဖက်လှည့်နဲ့ မိန်းမစိုးထိန်းကိုလွှတ်လိုက်တာပါ။ မန်ချူး နန်းတွင်းမှာဧည့်တွေ့ ပွဲကျင်းပတိုင်းအပျိုတော်တစ်ဦးဟာ မယ်မယ်ကြီးကို အမြဲတမ်းအကဲ ခတ်နေရတဲ့ တာဝန်ယူထားရပါတယ်။ ဆွေးနွေးပြောဆိုနေတုန်း မယ်မယ်ကြီး စိတ်အလိုမကျ ဖြစ်နေပုံရရင် ဒါမှမဟုတ်ပင်ပန်းနွမ်းနယ်နေရင် အဲဒီအပျိုတော်က မိန်းမစိုးထိန်းကို လွှတ်ပြီး စကားဝိုင်းသိမ်းပေးရပါတယ်။ မျက်နှာပျက်မယ့် အခြေအနေမျိုးမရောက်အောင်လုပ်ပေးနေပါတယ်။ မိန်းမစိုးထိန်းဝင်လာပြီးတဲ့နောက်မှာတော့ မယ်မယ်ကြီးဟာ ဧည့်သည်တွေကို နှုတ်ဆက်လိုက်ပါတယ်။ နောက်တော့ ကျွန်မတို့ဟာ ဧည့်သည်တော်တွေကိုစီရှီးမယ်မယ်ကြီးရဲ့ မင်္ဂလာဖောင်တော်နဲ့ ခွန်မင်း ရေကန်အလယ်ကျွန်းပေါ် ရှိနေတဲ့ နဂါးဘုရင်ဘုရားကျောင်းကို လိုက်ပို့ပါတယ်။ အဲဒီဘုရားကျောင်းကို ကျောက်တောင်ငယ်တစ်ခုပေါ်မှာ ဆောက်ထားပါတယ်။ ဘုရားကျောင်းအလယ်မှာ သဘာဝတွင်းပေါက်ကြီး တစ်ခုရှိပါတယ်။ အဲဒီတွင်းပေါက်ကြီးဟာ နဂါးဘုရင်စံမြန်းတဲ့ နဂါးနန်းတော်ဆိုတဲ့ အများယုံကြည်မှုကို စီရှီးမယ်မယ်ကြီးကလည်း လက်ခံထားပါတယ်။

## မင်းကြီးမွေးနေ့

ခြောက်လပိုင်း ၂၈ ရက်နေ့မှာ ကေရာဇ်ကွမ်ဆူရဲ့ မွေးနေ့ပွဲကျင်းပမှာမို့ နန်းတွင်းထဲမှာ ကြိုတင် ပြင်ဆင်မှုတွေနဲ့ လှုပ်လှုပ်ရွရွဖြစ်နေပါတယ်။ အမှန်ကတော့ မင်းကြီးရဲ့ မွေးနေ့ဟာ ခြောက်လပိုင်း ၂၆ ရက်ပါ။ ဒါပေမဲ့ အဲဒီနေ့ဟာ ဟိုတုန်းက တရုတ်ကေရာဇ်ကြီးတစ်ပါး နတ်ရွာစံတဲ့နေ့ဖြစ်နေတော့ ဘာပွဲလမ်းသဘင်မှ ကျင်းပလို့မရပါဘူး။ ဒါကြောင့် ကေရာဇ်ကွမ်ဆူးရဲ့ မွေးနေ့ပွဲကို ၂၈ ရက်နေ့မှာကျင်းပနိုင်တာပါ။ ကေရာဇ်တွေရဲ့မွေးနေ့ပွဲဟာ မွေးနေ့ရက်မတိုင်မီသုံးရက်၊ မွေးနေ့လွန်အပြီး လေးရက်စုစုပေါင်း ခုနစ်ရက်အထိ ကျင်းပတတ်ပါတယ်။ မွေးနေ့ပွဲအခမ်းအနားကာလတစ်လျှောက်လုံးမှာ နန်းတွင်သူ၊ နန်းတွင်းသား အားလုံး တရားဝင်နန်းတွင်းဝတ်စုံပဲဝတ်ကြရပါတယ်။ အခုမွေးနေ့ပွဲက ကေရာဇ်ကွမ်ဆူးရဲ့ ၃၂ နှစ်ပြည့်မွေးနေ့ပါ။ ခုနစ်ရက်ခုနစ်လီ မွေးနေ့ပွဲကြီးတွေကိုတော့ ၁၀ နှစ်တစ်ကြိမ်မှ ကျင်းပတတပါတယ်။ ကေရာဇ်ကွမ်ဆူးရဲ့ သက်တော် ၂၀ ပြည့်၊ ၃၀ ပြည့် မွေးနေ့အခမ်းအနားတွေကို ခုနစ်ရက်ခုနစ်လီကျင်းပခဲ့ဖူးပါတယ်။ အခုကျင်းပတဲ့ ကေရာဇ်ကွမ်ဆူးရဲ့ ခုနက်ရက်ခုနစ်လီ မွေးနေ့ပွဲကတော့ ၁၀ နှစ်တစ်ကြိမ်ကျင်းပတဲ့ မွေးနေ့ ပွဲကြီးတွေလောက်တော့ မကြီးကျယ်ပါဘူး။ ကေရာဇ်ကွမ်ဆူးရဲ့ မွေးနေ့ပွဲရက်တွေမှာ နံနက်ခင်းညီလာခံတွေရပ် နားထားပါတယ်။ ဒါပေမဲ့မွေးနေ့ပွဲနေ့တွေမှာ အထူးတလည်ဝတ်စားဆင်ယင်တာမျိုး၊ တက်တက်ကြွကြွပါဝင်တာမျိုး မရှိတဲ့တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟာ စီရှီးမယ်မယ်ကြီးပဲဖြစ်ပါတယ်။ ကေရာဇ်ကွမ်ဆူး မွေးနေ့ကို အကြီးအကျယ်မလုပ်ရတဲ့ အကြောင်းတရားတစ်ရပ်က မန်ချူးနန်းမလေ့ကြောင့်ပါ။ မန်ချူးနန်းတွင်းမလေ့အရ သက်ရှိထင်ရှားရှိဆဲ စီရှီးမယ်မယ်ကြီးက ကေရာဇ်ရဲ့အထက်မှာ ရှိပါတယ်။ တရုတ်ပြည်ကို အမှန်တကယ် အုပ်ချုပ်သူဟာ မင်းကြီးကွမ်ဆူးမဟုတ်ဘဲ စီရှီးမယ်မယ်ကြီးသာ ဖြစ်ပါတယ်။ ကေရာဇ်ကွမ်ဆူးကိုယ်တိုင်လည်း သည်အချက်ကို ကောင်းကောင်း

နားလည်ထားပါတယ်။ ဒါကြောင့်မို့လို့ မွေးနေ့ပွဲအတွက် ပြင်ဆင်ဖို့မယ်မယ်ကြီးက ညွှန်ကြား ပြီးမင်းကြီးက ၁၀ နှစ်တစ်ကြိမ် ကျင်းပမြဲမွေးနေ့မဟုတ်ပါက လုပ်ဖို့ပင်မလိုကြောင်း ပြော တတ်ပါတယ်။ ပြီးတော့ မွေးနေ့ပွဲအခမ်းအနားတွေကိုလည်း စိတ်မပါတစ်ပါနဲ့ဘဲ တက်လေ့ရှိ ပါတယ်။ ဒါပေမဲ့ တရုတ်ပြည်ကြီးက မင်းကြီးရဲ့မွေးနေ့ကို အသိအမှတ်ပြုသလို ထုံးစံအတိုင်း ကျင်းပနေကြတာပါပဲ။

ခြောက်လပိုင်း ၂၅ ရက်နေ့မှာတော့ မင်းကြီးဟာ ရွှေချည်ထိုးနဂါးရုပ်ပါတဲ့ မင်းမြတ် တန်ဆာတွေဝတ်ထားပါတယ်။ ဧကရာဇ်တစ်ပါးအဖြစ်ဝတ်ဆင်ရတဲ့ မကိုဋ်အခြေမှာ ရောမ ပုလဲလုံးကြီးတစ်လုံး မြှုပ်ထားပါတယ်။ ထုံးစံအတိုင်းမင်းကြီးဟာ မိဖုရားချီရှင်းနဲ့အတူ ဘုရား ကျောင်းကိုသွားပြီး ဘိုးဘေးတွေရဲ့ ကမ္ပည်းတိုင်တွေကို ကန်တော့ကြရပါတယ်။ ဘုရား ကျောင်းမှာ ကန်တော့ပြီးတော့ မင်းကြီးဟာ စီရှီးမယ်မယ်ကြီး ရှေ့တော်ဝင်ပြီး အရိုအသေပြု ပါတယ်။ ကိုယ့်ရဲ့မွေးနေ့မှာ ကိုယ့်ကိုမွေးထုတ်ပေးတဲ့ မိဘတွေကို အရိုအသေပြုရမယ်ဆိုတဲ့ စည်းမျဉ်းကို တရုတ်လူမျိုးတွေက စွဲစွဲမြဲမြဲလိုက်နာလေ့ရှိပါတယ်။ ပြီးတော့မင်းကြီးက ညီလာခံ ခန်းမဆောင်မှာ မှူးကြီးမတ်ရာတွေနဲ့ တွေ့ဆုံပြီး ဂါရဝပြုမှုခံယူပါတယ်။ မင်းကြီးကို အရိုအသေပေးတဲ့အချိန်မှာ ရာပေါင်းများစွာရှိတဲ့ ပရိသတ်တွေရဲ့ ဦးခေါင်းတွေမညီမညာနဲ့ နိမ့်လိုက်မြင့်လိုက်ဖြစ်နေတာပြုံးချင်စရာပါ။ မင်းကြီးကိုယ်တိုင်တောင်မှ ရှားရှားပါးပါးရယ်နေ တာကို သတိပြုမိပါတယ်။ မှူးကြီးမတ်ရာတွေ ဂါရဝအပြုခံပြီးတဲ့နောက်မှာ မင်းကြီးဟာ သူ့ရဲ့သီးသန့်နန်းတော်ကို ပြန်ရပါတယ်။ အဲဒီနန်းတော်မှာ မိဖုရားချီ ရှင်း၊ ဒုတိယမိဖုရားနဲ့ နန်းတွင်းသူတွေအားလုံးက မင်းကြီးကိုဂါရဝပြုပြီး ရွှယီလို့ခေါ်တဲ့ ကံကောင်းစေတဲ့ လက်ဖွဲ့ အဆောင်တွေကို လက်ဆောင်အဖြစ်ပေးကြရပါတယ်။ ပြီးတော့ မိန်းမစိုးတွေနဲ့ နန်းတွင်း အခြွေအရံတွေက သူ့အစုနဲ့သူ မင်းကြီးကို ဂါရဝပြုပါတယ်။ သီးသန့်နန်းဆောင်ဂါရဝပြုပွဲပြီး တော့ မင်းကြီးဟာ စီရှီးမယ်မယ်ကြီးရဲ့ နန်းဆောင်ကိုပြုပြီး မယ်မယ်ကြီးကို ဒူးထောက်အရို အသေပေးပါတယ်။ ပြီးတော့သူ့အတွက် မွေးနေ့ပွဲ ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်တယ် လို့လည်းပြောပါတယ်။ အားလုံးလဲပြီးရော စီရှီးမယ်မယ်ကြီးဟာ နန်းတွင်းသူ၊ နန်းတွင်းသား အားလုံးခြံရံပြီး ဇာတ်ပွဲကြည့်ဖို့ ဇာတ်ရုံကိုသွားပါတယ်။ မယ်မယ်ကြီးနေ့လယ် နေ့ခင်းတစ်ရေး အိပ်ချိန်မှာတော့ မင်းကြီးရဲ့မွေးနေ့ပွဲတစ်ရက်တာ ပြီးဆုံးသွားပြီးဖြစ်ပါတယ်။

မင်းကြီးရဲ့ မွေးနေ့ပွဲအပြီး နှစ်ရက်အကြာမှ ခုနစ်လပိုင်းကိုဝင်ခဲ့ပါပြီ။ ခုနစ်လပိုင်းရဲ့ ခုနစ်ရက် မြောက်နေ့မှာ အရေးကြီးတဲ့ ပွဲသဘင်တစ်ခုရှိပါတယ်။ နီလန် (မကရရ) လို့ခေါ်တဲ့ နက္ခတ်နဲ့ ချိနူ(ဆင်တာရာ) လို့ခေါ်တဲ့ နက္ခတ်နှစ်စင်းဟာ အစဉ်အလာယုံကြည်ချက်အရ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ရက်ကန်းလုပ်ငန်းတွေအပေါ် ဩဇာစိုးမိုးတဲ့နက္ခတ်နှစ်စင်းလို့

ပြောကြပါတယ်။ ဒဏ္ဍာရီတွေအရ အဲဒီနက္ခတ်နှစ်စင်းဟာ တစ်ချိန်က ခင်ပွန်းနဲ့ဇနီးဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရန်တကျက်ကျက်ဖြစ်တဲ့အတွက်ကြောင့် သူတို့နှစ်ဦးဟာ ရှင်ရက်နဲ့ခွဲနေကြရတဲ့ကြယ်နှစ်စင်းဖြစ်လာပါတယ်။ ကြယ်ဇနီးမောင်နှံကို တစ်ဦးနဲ့တစ်ဦးကြားထဲမှာ နဂါးငွေ့တန်းကြယ်စုက ခြားထားပါတယ်။ ဒါပေမဲ့ ခုနစ်လပိုင်း ခုနစ်ရက်နေ့ရောက်ရင်တော့ အဲဒီကြယ်နှစ်စင်းဟာ တစ်စင်းနဲ့တစ်စင်းပြန်တွေ့ခွင့်ရပြီး သူတို့နှစ်ဦးတွေ့ဆုံဖို့ ဥသြငှက်တွေက တံတားထိုးပေးတယ်လို့လည်း ဆိုကြပါတယ်။ ခုနစ်လပိုင်းရဲ့ ခုနစ်ရက်မြောက်နေ့ နက္ခတ်ပွဲသဘင်က ထူးခြားပါတယ်။ ရေအပြည့်ဖြည့်ထားတဲ့ ရေဇလုံတွေကို နေရောင်အောက်မှာထားရပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးကသေးမွှားတဲ့ အပ်ကလေးတွေကိုယူပြီး ရေဇလုံထဲချရပါတယ်။ အဲဒီအပ်ကလေးတွေရေပေါ်ပေါ်လောမျောနေချိန်မှာ နေရောင်ကြောင့် ရေဇလုံအောက်ခြေမှာ အရိပ်ပေါ်လာပါတယ်။ ရေပေါ်ပေါ်နေတဲ့အပ်ရဲ့ အနေအထားအလိုက်ရေဇလုံအောက်က အရိပ်တွေဟာလည်း ပုံစံအမျိုးမျိုး ရှိတတ်ပါတယ်။ တကယ်လို့ အပ်ရိပ်ဟာ ကိုယ့်စိတ်ထဲမှာ တွေးထားတဲ့ပုံစံမျိုးဖြစ်ခဲ့ရင် အဲဒီအပ်ကို ရေချတဲ့သူဟာ အလွန်ကံကောင်းတတ်တယ်လို့ အယူအဆရှိပါတယ်။ ကိုယ်ရည်စူးထားတဲ့ပုံစံမျိုး မဟုတ်ခဲ့ရင်၊ အခြားပုံစံမျိုးဖြစ်နေခဲ့ရင် အဲဒီအပ်ကို အသုံးချတဲ့သူဟာ နတ်ဒေဝါတွေရဲ့ ပြုံငြင်မှုခံယူနေတဲ့သူလို့ ဆိုကြပါတယ်။ ခုနစ်လပိုင်း ခုနစ်ရက်နေ့ပွဲသဘင်မှာ မယ်မယ်ကြီးက နက္ခတ်နှစ်လုံးကိုကိုယ်စားပြုတဲ့ နတ်နှစ်ပါးကို ရည်ညွှန်းပြီးအမွှေးတိုင်ထွန်း ညှိပူဇော်တတ်ပါတယ်။

ခုနစ်လပိုင်းဟာ စီရှီးမယ်မယ်ကြီးအတွက်တော့ ကြေကွဲဖွယ်အကောင်းဆုံးလပါ။ သည်ကနေ့ ၁၇ ရက်မြောက်နေ့မှာ မယ်မယ်ကြီးရဲ့ ကြင်ရာတော်ဧကရာဇ်မင်းကြီး ရှန်ဖန်းနတ်ရွာစံခဲ့ပါတယ်။ နှစ်စဉ် ခုနစ်လပိုင်း ၁၅ ရက်နေ့ ရောက်တိုင်း တစ္ဆေကြီးပွဲကျင်းပလေ့ရှိပါတယ်။ ခုနစ်လပိုင်း ၁၅ ရက်နေ့ နံနက်ပိုင်းမှာတော့ ကျွန်မတို့ဟာ နွေရာသီစံနန်းကနေပင်လယ်နန်းတော်ဆီကိုသွားရပါတယ်။ လူတစ်ဦးကွယ်လွန်ပြီဆိုရင် သူ့ရဲ့ဝိညာဉ်ဟာ မြေပေါ်မှာ တစ်ဝဲလည်လည်ရှိနေတတ်တယ်လို့ တရုတ်လူမျိုးတွေက ယုံကြည်ကြပါတယ်။ ဒါကြောင့်မို့လို့ တစ္ဆေကြီးပွဲတော်နေ့ ရောက်တိုင်းကွယ်လွန်သူတွေအတွက် ငွေစက္ကူတွေမီးရှို့ပေးရပါတယ်။ သဘောကတော့ ကွယ်လွန်သူတွေအနေနဲ့ တမလွန်ဘဝမှာလည်း မီးရှို့ပေးတဲ့ ငွေစက္ကူ ပမာဏနဲ့အမျှ ကောင်းကျိုးခံစားနိုင်ဖို့ပါ။ အထက်မှာ ကျွန်မပြောထားတဲ့တစ္ဆေကြီးပွဲတော်နေ့မှာ မယ်မယ် ကြီးက ရာနဲ့ချီတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေကိုပင့်ပြီး အလှူအတန်းပြု အမျှဝေပေးတဲ့သူမရှိတဲ့ ကွယ်လွန်သူတွေအတွက် ရည်စူးပြီးဆုတောင်းပွဲလုပ်ပါတယ်။ တစ္ဆေကြီးပွဲတော်နေ့ ညနေပိုင်းမှာတော့ စီရှီးမယ်မယ်ကြီးနဲ့ ကျွန်မတို့ နန်းတွင်းသူတွေ အားလုံးခွန်မင်းရေကန်ကြီးထဲ လှေစီးပြီးတော့ ရေထဲမှာကြာပန်း တုတွေချပြီး အဲဒီ

ကြာပန်းတွေရဲ့ အလယ်မှာဖယောင်းတိုင်စိုက်ကြရပါတယ်။ ရည်ရွယ်ချက်ကတော့ ဒီနှစ်ထဲမှာ ကွတ်ကြလွတ်ကြမယ့် ဝိညာဉ်တွေအတွက် အလင်းပြပေးဖို့ပါ။ ဒီလို မီးထွန်းပေးထားမှလည်း ဝိညာဉ်တွေ လာနိုင်သွားနိုင်ပြီး သူတို့အတွက်ပြင်ဆင်ထားတဲ့ ဒါနအစုစုကို သာဓုခေါ်နိုင်မှာပါ။ နောက်တော့ မယ်မယ်ကြီးက ကြာပွင့်တွေထဲက ဖယောင်းတိုင်တွေကို မီးညှိပေးဖို့ ကျွန်မတို့ကိုခိုင်းပါတယ်။ ဒီလိုမီးထွန်းပေးမှလည်း သေလွန်သူတွေရဲ့ ဝိညာဉ်တွေ ကျေနပ်နှစ်သိမ့်နိုင်မှာလို့လည်းမိန့်ပါတယ်။ အချို့ကတော့ သေလွန်သူတွေရဲ့ ဝိညာဉ်ကိုတွေ့လိုက်ရပါတယ်ဆိုပြီး မယ်မယ်ကြီးကို လျှောက်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ စကားကိုယုံဖို့ခက်လှပါတယ်။ တကယ်တော့ မယ်မယ်ကြီးကိုယ်တော်တိုင်လည်း ဝိညာဉ်တွေကို မတွေ့ဖူးပါဘူး။ သူ့ဘုန်းကံကြီးလွန်းလို့သာမမြင်ရတာလို့ စီရှီးမယ်မယ်ကြီးက ယူမှတ်ထားပါတယ်။

စီရှီးမယ်မယ်ကြီးက နတ်ရွာစံမင်းကြီး ရှန်ဖန်းကို အလွန်မြတ်နိုးတော်မူပါတယ်။ အဲဒါကြောင့် မင်းကြီးနတ်ရွာစံခဲ့တဲ့ ခုနစ်လပိုင်းတစ်လလုံး မယ်မယ်ကြီးဟာ ပူဆွေးသောကရောက်နေခဲ့ရပါတယ်။ မယ်မယ်ကြီးက တစ်ခုခုနည်းနည်းလောက်ချွတ်ချော်သွားတာနဲ့အပြစ်ကို တွေ့တတ်သူဖြစ်တော့ ခုနစ်လပိုင်းတစ်လလုံး သူ့အစိတ်အနှောင့်အယှက်မဖြစ်ဖို့ ကျွန်မတို့နန်းတွင်းသူတွေ အတော်ကြီးသတိထားခဲ့ရပါတယ်။ ခုနစ်လပိုင်းတစ်လျှောက်လုံး စီရှီးမယ်မယ်ကြီးဟာ နှုတ်ဆိတ်လွန်းပြီး မျက်ရည်စမ်းစမ်း စမ်းစမ်းနဲ့ပဲ ရှိခဲ့ပါတယ်။

ခုနစ်လပိုင်း ၁၇ ရက်မြောက်နေ့မှာတော့ စီရှီးမယ်မယ်ကြီးဟာ နတ်ရွာစံမင်းကြီးရဲ့ ကမ္ဘည်းတိုင်ဆီသွားပြီး ခဏလောက်ဒူးထောက်ငိုကြွေးခဲ့ ပါတယ်။ နတ်ရွာစံမင်းကြီးကို အရိုအသေပေးသည့်အနေဖြင့် ကျွန်မတို့အားလုံး အသားသုံးရက်စားခွင့်မရှိပါဘူး။ နတ်ရွာစံမင်းကြီးအတွက် ဝမ်းနည်းမှုကာလတစ်လျှောက်လုံး စီရှီးမယ်မယ်ကြီးက ကျွန်မကို သူ့နံဘေးမှာပဲ ခေါ်ထားပါတယ်။ တစ်နေ့ ဧကရာဇ်မိဖုရားနဲ့ဆုံတော့ မိဖုရားက စီရှီးမယ်မယ်ကြီးဟာ ကျွန်မကိုအတော်လေး သံယောဇဉ်ရှိတာကြောင့် ဝမ်းနည်းမှုကာလတစ်လျှောက်လုံး မယ်မယ်ကြီးနားမှာ ကျွန်မရှိတာပိုကောင်းမယ်လို့ပြောပါတယ်။ မိဖုရားပြောတဲ့အတိုင်းလည်း ကျွန်မနေခဲ့ပါတယ်။ တစ်ခါတလေကျရင် မျက်ရည်စမ်းစမ်း စမ်းစမ်းဖြစ်နေတဲ့ မယ်မယ်ကြီးကိုတွေ့ရင် ကျွန်မလည်း စိတ်မထိန်းနိုင်ဘဲ မျက်ရည်ကျမိပါတယ်။ အဲဒီလို အခါမျိုးကျရင် မယ်မယ်ကြီးကလည်း သူငိုတာချက် ချင်းရပ်ပြီး ကျွန်မကိုလည်း အငိုတိတ်ဖို့ပြောတတ်ပါတယ်။ ပြီးတော့ကျွန်မဟာငယ်သေးတဲ့အတွက် တကယ့်ပရိဒေဝမီးတောက်လောင်တာမျိုးကို မခံစားသေးဖူးလို့လဲပြောပါတယ်။ တစ်ခါတစ်လေကျရင် မယ်မယ်ကြီးဟာ သူ့ဘဝလမ်းဘယ်လောက်ကြမ်းခဲ့သလဲဆိုတာကို ပြောပြတတ်ပါတယ်။ သူပြောသလောက်ကျွန်မသိသမျှတော့ စီရှီးမယ်မယ်ကြီးက ငယ်ငယ်ကတည်းက လောကဓံကိုခံစားခဲ့ရသူပါ။ မိဘတွေရဲ့ ဦးစားပေး

မှုလည်းမရခဲ့ပါဘူး။ သူ့ရဲ့ညီမတွေလိုချင်တာမှန်သမျှရနေချိန်မှာ မယ်မယ်ကြီးဟာ မိဘတွေရဲ့ လျစ်လျူရှုမှု ခံခဲ့ရပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးဟာ သူ့ခေတ်သူ့အခါမှာ မိန်းမလှတစ်ဦးအဖြစ် စာရင်းဝင်လေတော့ နန်းတွင်းထဲရောက်ခါစက လူတွေရဲ့မနာလိုမှုနဲ့ ကြုံခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒီအခက်အခဲတွေကို ကျော်ဖြတ်ပြီးတဲ့နောက်မှာ နတ်ရှာစံမင်းကြီး ရှန်ဖန်းက မယ်မယ်ကြီးကို တော်ကောက်တော်မူပါတယ်။ ကံကောင်းချင်တော့ မယ်မယ်ကြီးဟာ သားရတနာတစ်ဦးထွန်းကားခဲ့ပြီး မင်းကြီးရဲ့အချစ်ဆုံး၊ ဦးစားပေးအခံရဆုံးမဟေသီမိဖုရားဘဝရောက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ မယ်မယ်ကြီးဟာ ထပ်ပြီး ကံဆိုးမိုးမှောင်ကျရပြန်ပါတယ်။ မင်းကြီးရုတ်တရက်နာမကျန်း ဖြစ်နေတဲ့အချိန်မှာ နိုင်ငံခြားသားတွေက ယွမ်မင်းယွမ်မှာရှိတဲ့ နန်းတော်ကို မီးတိုက်ဖျက်ဆီးခဲ့ကြပါတယ်။ ဒါနဲ့ပဲ စီရှီးမယ်မယ်ကြီးက နာမကျန်းဖြစ်နေတဲ့မင်းကြီးနဲ့ လူမမယ်သားတော်လေးကိုခေါ်ပြီး ဂျီဟောလ်ကိုပြေးရပါတယ်။ ပြီးတော့ မင်းကြီးရဲ့မယ်တော်အရှေ့တောင် မိဖုရားကြီးရဲ့ တူတော်တစ်ပါးကလည်း နဂါးပလ္လင်ကို ကြံစည်နေပါတယ်။

ဒါပေမဲ့ သူကိုယ်တိုင်က မင်းသွေးမပါတော့ နန်းပလ္လင်ကို ရဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ အချို့မှာတော့ မင်းကြီးနတ်ရှာစံလုဆဲဆဲမှာ စီရှီးမယ်မယ်ကြီးဟာ သားတော်ကိုခေါ်ပြီးသေအံ့မူးမူးမင်းကြီးရှေ့တော်ကိုဝင်၊ ထီးနန်းအရိုက်အရာဆက်ခံရေးကိစ္စကို ရှင်းဖို့တောင်းဆိုပါတယ်။ မယ်မယ်ကြီးက သားတော်ကိုချီပြလိုက်တော့ မင်းကြီးဟာမျက်လုံးပွင့်လာပြီး သည်သားတော်ကိုပဲ ထီးနန်းအရိုက်အရာဆက်ခံမည့်သူအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးရဲ့ သားတော်မင်းသားလေးတန်ချီဟာ အသက်(၂၀)လောက်မှာပဲ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီကြားထဲမှာ မယ်မယ်ကြီးနဲ့ နတ်ရှာစံမင်းကြီးရဲ့ မယ်တော်အရှေ့ဆောင်မိဖုရားကြီးလည်း ကွယ်လွန်ခဲ့ပြီး တူသားဖြစ်တဲ့လက်ရှိမင်းကြီးကိုမယ်မယ်ကြီးက ပြုစုစောင့်ရှောက်ခဲ့တာပါ။ မယ်မယ်ကြီးရဲ့ အဆိုအရလက်ရှိမင်းကြီးဟာ ငယ်ငယ်ကအလွန်ချူချာပြီး လမ်းတောင်ကောင်းအောင် မလျှောက်နိုင်ဘူးလို့ သိရပါတယ်။

နတ်ရှာစံမင်းကြီးအတွက် ဝမ်းနည်းမှုကာလပြီးဆုံးချိန်မှာတော့ ကျွန်မတို့ဟာ နွေရာသီစံနန်းကို ပြန်ခဲ့ကြရပါတယ်။ နွေရာသီစံနန်းကို ပြန်ရောက်ချိန်မှာ အမေရိကန်ပန်းချီဆရာမမစ္စကားလ်က မပြီးသေးတဲ့ စီရှီးမယ်မယ်ကြီးရဲ့ ပုံတူပန်းချီကားကို ဆက်ဆွဲပါတယ်။ ဒါပေမဲ့ ဘယ်လောက်မှ မကြာသေးခင်မှာပဲ ပုံတူပန်းချီကားရေးဆွဲခံရတာကို မယ်မယ်ကြီးဟာ ငြီးငွေ့ပုံရလာပါတယ်။ တစ်နေ့မှာတော့ ပုံတူပန်းချီဆွဲတဲ့ အလုပ်ဘယ်တော့ပြီးမှာလည်းဆိုပြီး မယ်မယ်ကြီးက ကျွန်မကိုမေးပါတယ်။ ဆောင်းရာသီအဝင် တားမြစ်မြို့တော်ကို မပြန်ခင်ပန်းချီကားမပြီးမှာကို မယ်မယ်ကြီးကစိုးရိမ်နေပါတယ်။ နောက်တော့ ကျွန်မဟာ

မယ်မယ်ကြီးရဲ့ ကိုယ်စားပုံတူပန်းချီကားအတွက် ကိုယ်စားစံပြမယ်အဖြစ် ရက်ပေါင်းများစွာ ထိုင်ပေးခဲ့ပါ တယ်။ ပုံတူပန်းချီ ကားအတွက် မယ်မယ်ကြီးကိုယ်စား ကျွန်မဝင်ပြီး တာဝန်ခံ တာကိုပန်းချီဆရာမကားလ်ကဘာပြောလဲဆိုပြီး မေးပါတယ်။ ပြီးတော့ တစ်ခုခုပြောခဲ့ရင် သူ့ရဲ့ အမိန့်အရလုပ်တာလို့ ပြန်ပြောဖို့ ကျွန်မကိုညွှန်ကြားပါတယ်။ နောက်ပိုင်းမှာတော့ မစ္စကားလ်နဲ့ ကျွန်မတို့ကြားမှာ ဘာပြဿနာမှ မရှိတော့ပါဘူး။

ရှစ်လပိုင်းဝင်ပြီးတဲ့တစ်ရက်မှာတော့ မယ်မယ်ကြီးဟာ ခေါင်းခဲဝေဒနာရုတ်တရက် ခံစားခဲ့ရပါတယ်။ မယ်မယ်ကြီး တကယ်နာမကျန်းဖြစ်တာကို ကျွန်မပထမဆုံးအကြိမ်တွေ့ ဖူးတာပါ။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီးဟာ ပုံမှန်အတိုင်း နံနက်စောစောအိပ်ရာထမြဲ၊ ညီလာခံ တက်မြဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ညစာကိုတော့မစားနိုင်ပါဘူး။ ဘယ်လောက်မှမကြာဘူး။ အိပ် ရာထဲမှာပဲ ခွေခွေလေးပြန်နားနေရပါတယ်။ မယ်မယ်ကြီးနေထိုင်မကောင်း ဖြစ်နေတဲ့အချိန်မှာ နန်းတွင်းသမားတော်တွေ တစ်ယောက်ပြီးတစ်ယောက်လာပြီး သွေးစမ်းကြပါတယ်။ သမား တော်တိုင်းက မယ်မယ်ကြီးဝေဒနာနဲ့ ပတ်သက်ပြီးကိုယ့်အယူအဆနဲ့ ကိုယ်ဆေး ညွှန်းတွေ ရေးပါတယ်။ အဲဒီဆေးညွှန်းတွေကို မယ်မယ်ကြီးက ယှဉ်ကြည့်ပြီးသူ့နဲ့ အသင့်တော်ဆုံးဖြစ်မယ် ထင်တဲ့ ဆေးညွှန်းကိုရွေးပါတယ်။ အဲဒီဆေးညွှန်းထဲက ဆေးတွေကိုသမားတော်နဲ့ အခြွေအရံ နှစ်ဦးက အရင်ဆုံးသောက်ပြပြီးမှ မယ်မယ်ကြီးက အဲဒီဆေးကိုသုံးတာပါ။ ရှစ်လပိုင်းအတွင်းမှာ မိုးကလည်းအကြီးအကျယ်ရွာ၊ နေကလည်းပူချင်တိုင်းပူတော့ ရာသီဥတုအခြေအနေဟာ စွတ်စိုထိုင်းမှိုင်းနေပါတယ်။ ရာသီဥတုအခြေအနေ ကြောင့် သန်းနဲ့ချီတဲ့ ယင်းကောင်တွေလည်း နန်းတွင်းထဲရောက်လာပါတယ်။ စီရှီးမယ်မယ်ကြီး အမုန်းဆုံး သတ္တဝါတွေထဲမှာ ယင်ကောင် တွေလည်းပါပါတယ်။ ဒါနဲ့နန်းတွင်းထဲ ကျူးကျော်လာတဲ့ယင်ကောင်တွေကို မောင်းထုတ်ဖို့ အတွက် နန်းတော်တံခါးပေါက်တိုင်းမှာ ယင်မောင်းတဲ့မြင်းမြီးယပ်တွေကိုင်ထားတဲ့ မိန်းမစိုး တွေကို တာဝန်ချထားပါတယ်။ နန်းတွင်းမှာတော့ ခြင်မကိုက်ပါဘူး။ ကျွန်မနန်းတွင်းထဲရောက် နေတဲ့ကာလတစ်လျှောက်လုံး နန်းတွင်းမှာ ဘယ်သူမှခြင်ထောင်နဲ့အိပ်ဖို့မလိုပါဘူး။

နောက်ပိုင်းကာလတွေမှာ အနည်းနဲ့အများဆိုသလိုမယ်မယ်ကြီးရဲ့ကျန်းမာရေးက ချုချာခဲ့ပါတယ်။ နန်းတွင်းသမားတော်တွေလည်း မယ်မယ်ကြီးရဲ့ နန်းဆောင်ထဲကို ဝင်လာ မစဲဖြစ်ခဲ့ရပါတယ်။ မယ်မယ်ကြီးကိုယ်တိုင်လည်း သမားတော်တွေ ညွှန်းတဲ့ ဆေးအမျိုးမျိုး သောက်ပေမယ့် ပိုကောင်းမလာပါဘူး။ ပြီးတော့ မယ်မယ်ကြီးဟာ နာမှဖျားနာမှာကိုလည်း အရမ်းကြောက်တဲ့သူဆိုတော့ ကျွန်မတို့ နန်းတွင်းသူတွေကလည်း သူ့ဘေးမှာ နေ့ရောညပါ နေပြီး ပြုစုပေးခဲ့ရပါတယ်။ မယ်မယ်ကြီးရဲ့ ထူးခြားချက်တစ်ခုက နာမကျန်းဖြစ်နေတဲ့အချိန် မှာ အမွှေးနံ့သာကို မခံနိုင်တာပါတယ်။ နေထိုင်မကောင်းဖြစ်နေပြီဆိုရင် သူ့အင်မတန်ချစ်တဲ့

ပန်းတွေကိုတောင်မှ လှည့်မကြည့်တော့ပါဘူး။

စီရှီးမယ်မယ်ကြီး ကျန်းမာရေးပြန်ကောင်းလာတဲ့အချိန်မှာတော့ အမေရိကန်သံအမတ်ကြီးကတော် မစ္စကွန်ဂျာက မယ်မယ်ကြီးနဲ့ တွေ့ခွင့်တောင်းလာပါတယ်။ ပြီးတော့ မစ္စကွန်ဂျာဟာ မစ္စကားလ်ဆွဲနေတဲ့ မယ်မယ်ကြီးရဲ့ ပုံတူပန်းချီကား ဘယ်လောက်ခရီးရောက်နေပြီလဲဆိုတာကို သိချင်နေပါတယ်။ မစ္စကွန်ဂျာနဲ့ ဧည့်သည်တော်တွေကို မယ်မယ်ကြီးက သူ့ရဲ့ သီးသန့်နန်းဆောင်မှာပဲ လက်ခံတွေ့ခဲ့ပါတယ်။ မစ္စကွန်ဂျာတို့နဲ့ တွေ့တဲ့အချိန်မှာ မယ်မယ်ကြီးက မစ္စကားလ် ဆွဲနေတဲ့ သူ့ရဲ့ပုံတူပန်းချီကားဟာ ပြောင်မြောက်တဲ့ လက်ရာဖြစ်လာမှာပါလို့ ပြောပါတယ်။

# နွေရာသီစံနန်းတော်

ကိုးလပိုင်း ကုန်စပြုတဲ့အချိန်မှာတော့ မယ်မယ်ကြီးက တစ်နေ့တစ်နေ့ ဘာမှ မလုပ်ရဘဲ နေနေရတာကို ငြီးငွေ့လာပုံရပါတယ်။ ဒါနဲ့ပဲ ပြဇာတ်ပွဲတွေ ခင်းရအောင်ဆိုပြီး မိန်းမစိုးတွေကို ပြဇာတ်အတွက် ပြင်ဆင်ထားဖို့ ညွှန်ကြားလိုက်ပါတယ်။ အဲဒီပြဇာတ်တွေကို မိန်းမစိုးတွေက အရပ်သားအနုပညာရှင်တွေ မပါဘဲကိုယ်တိုင်ကပြကြရမှာပါ။ ဒီနေရာမှာ ကျွန်မတစ်ခုပြောချင်တာက အချို့နန်းတွင်းမိန်းမစိုးတွေဟာ အနုပညာအလုပ်အတွက် အထူးလေ့ကျင့်ထားတဲ့သူတွေဆိုတာပါပဲ။ တကယ်လည်း အဲဒီမိန်းမစိုးတွေဟာ အနုပညာ အလုပ်တွေကို အရပ်သားတွေထက်ကိုပဲ ပိုပြီးတတ်မှန်းလိမ္မာပြပါတယ်။ မနက်ဖြန်မှာ သူက စချင်တဲ့ ပြဇာတ်ကို မိန်းမစိုးတွေဆီပေးပြီးတဲ့နောက်မှာ စီရှီမယ်မယ်ကြီးက နေ့လည်နေ့ခင်း အနားယူပါတော့တယ်။

စီရှီမယ်မယ်ကြီးအနားယူနေတဲ့အချိန်မှာ သူ့နန်းဆောင်ဆီကို ပြန်ကြွလာတဲ့ ကွမ်ဆူးမင်းကြီးနဲ့ တွေ့ပါတယ်။ မင်းကြီးဘေးမှာ အခြံအရံအပြင် မိန်းမစိုးတစ်ဦးသာ ပါလာတာ မြင်တော့ ကျွန်မအံ့သြသွားပါတယ်။ အဲဒီမိန်းမစိုးဟာ မင်းကြီးရဲ့ လက်စွဲတော်မိန်းမစိုးဖြစ်ပြီး မင်းကြီးကိုယ်တိုင်ကလည်း သူ့ကို ယုံကြည်ပါတယ်။ ကျွန်မကိုတွေ့တော့ ဘယ်သွားမလို့လဲဆိုပြီး မင်းကြီးကမေးပါတယ်။ ကျွန်မကလည်း အဆောင်ပြန်ပြီး နားမယ်လို့ ပြောပါတယ်။ ကျွန်မနဲ့ မတွေ့ရတာ အတော်ကြာပြီလို့ မင်းကြီးကပြောတော့ ကျွန်မပြုံးဘဲ နေလိုက်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူ့ကိုညီလာခံခန်းမဆောင်မှာ ကျွန်မ မနက်တိုင်းတွေ့နေရလို့ပါ။ နောက်တော့ မင်းကြီးက မယ်မယ်ကြီးရဲ့ ပုံတူပန်းချီကားစဆွဲကတည်းက ကျွန်မနဲ့ စကားအကြာကြီးပြောခွင့် မရခဲ့ဘူးလို့ မင်းကြီးကပြောပါတယ်။ ပြီးတော့ ကျွန်မရဲ့အချိန်တွေကို အမေရိကန်ပန်းချီ ဆရာမကယူထားတဲ့အတွက် သူ့ကိုသင်ပေးနိုင်မယ့် သူမရှိလို့ အင်္ဂလိပ်စာအရည်အသွေးကျ

သွားမှာကို စိုးရိမ်တယ်လို့လည်း ကျွန်မကိုပြောပါတယ်။ ပြီးတော့ မယ်မယ်ကြီးရဲ့ ပုံတူပန်းချီကားပြီးသွားရင် အမေရိကန်ပန်းချီဆရာမ မစ္စကားလ်က သူ့ရဲ့ ပုံတူပန်းချီဆက်ဆွဲမယ်ဆိုပြီး ကောလာဟလတွေထွက်နေတော့ အဲဒီကောလာဟလ ဘယ်သူလွှင့်သလဲဆိုတာ သိချင်တယ်လို့ မင်းကြီးက ပြောပါတယ်။

ကျွန်မကတော့ မင်းကြီးပြောမှ အဲဒီကောလာဟလကြားဖူးတာမို့ ဘယ်သူလွှင့်သလဲဆိုတာ မပြောတတ်ဘူးလို့ ပြန်ဖြေလိုက်ပါတယ်။ နောက်တော့ မင်းကြီးက စကားလမ်းကြောင်းပြောင်းလိုက်ပြီး နိုင်ငံခြားသားတွေက သူနဲ့ပတ်သက်ပြီး ဘယ်လိုမြင်သလဲ၊ ဖြောင့်မှန်တဲ့သူ၊ လိမ္မာပါးနပ်တဲ့သူလို့ ထင်ကြလားဆိုပြီးမေးပါတယ်။ အဲဒီမေးခွန်းကို အမှန်အ တိုင်းဖြေဖို့လည်း တောင်းဆိုပါတယ်။ ကျွန်မသူမေးတဲ့မေးခွန်းကို မဖြေရသေးခင်မှာဘဲ မင်းကြီးက နိုင်ငံခြားသားတွေအားလုံးက သူ့ကိုကလေးသာသာလောက် သဘောထားတာကို သူသိတယ်လို့ ဆက်ပြောပါတယ်။ အဲဒီတော့ ကျွန်မက ကျွန်မနဲ့တွေ့ဖူးတဲ့ နိုင်ငံခြားသားတွေက မင်းကြီးဘယ်လိုလူစားမျိုးလဲဆိုတာ မေးတတ်ကြပေမယ့်မင်းကြီးနဲ့ပတ်သက်ပြီး ဘာမှမပြောကြပါဘူးလို့ ကျွန်မကဖြေလိုက်ပါတယ်။ ကျွန်မက အဲလိုဖြေ ပေးလိုက်တော့ သူနဲ့ပတ်သက်ပြီး နန်းတွင်းထဲမှ သူရထားတဲ့ နေရာနဲ့ပတ်သက်ပြီး အထင်အမြင်မှားမှုတွေရှိခဲ့ရင် အဲဒီလို အထင်တွေဟာ တရုတ်နန်းတွင်းရဲ့ ရှေးရိုးစွဲဓလေ့ထုံးစံတွေကြောင့် ပေါ်လာတဲ့ အထင်တွေပဲလို့ မင်းကြီးကဆက်ပြောပါတယ်။ ပြီးတော့ နန်းတွင်းထဲမှာ ကိုယ့်စိတ်ကိုယ် ဘာမှလုပ်လို့မရတော့အပြင် လူတွေသူ့အကြောင်း မကြားဖူးတာမဆန်းပါဘူးလို့လည်း ပြောပါတယ်။ ပြီးတော့ အပြင်လူတွေက သူ့ကို ရုပ်ပြဘုရင်တစ်ပါးသက်သက်အဖြစ်သာ သဘောထားနေကြတယ်လို့လည်း မင်းကြီးကပြောပါတယ်။ နောက်ဆိုရင် နိုင်ငံခြားသားတွေ ကျွန်မနဲ့တွေ့လို့ သူ့အကြောင်းမေးခဲ့ရင် နန်းတွင်းထဲမှာ သူဘယ်လိုရပ်တည်ရတယ်ဆို တာ တိတိကျကျရှင်းပြပေးရမယ်လို့ ကျွန်မကိုမင်းကြီးက မှာပါတယ်။

သည်နေရာမှာမင်းကြီးက ကျွန်မစိတ်ထဲ မှတ်မှတ်ရရဖြစ်မယ့် စကားတွေဆက်ပြောပြပါတယ်။ တရုတ်ပြည်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံအစည်တွေ အများကြီးသူ့မှာရှိပေမယ့် ကိုယ့်ကိုယ်ကိုယ်တောင် ကိုယ်မပိုင်နိုင်တော့ အဲဒီအစီအစဉ်တွေကို အကောင်အထည်မဖော်နိုင်ဘူးလို့ မင်းကြီးက ကျွန်မကို ပြောခဲ့ပါတယ်။ ပြီးတော့ စိရှိုးမယ်မယ်ကြီးတစ်ဦးတည်းနဲ့ လက်ရှိတရုတ်ပြည်ရဲ့ အခြေအနေကို ပြောင်းနိုင်မှာမဟုတ်ပါဘူး၊ တကယ်လို့ ပြောင်းနိုင်စွမ်းရှိစေဦးတော့ မယ်မယ်ကြီးမှာ ပြောင်းလဲလိုတဲ့စိတ်မရှိဘူးလို့လည်း မင်းကြီးက ဆိုပါတယ်။ ပြီးတော့ ပြုပြင်ပြောင်းလဲရေးဘာမှမစရသေးခင်အချိန်တွေ အီးရောအီးရော ကုန်မယ့်အရေးကို စိုးရိမ်တယ်လို့လည်း မင်းကြီးကကျွန်မကို ပြောပါတယ်။ အဲဒီနေ့က

မင်းကြီးနဲ့ ကျွန်မဟာ ရောက်တတ်ရာရာတွေ အတော်ပြောမိပါတယ်။ အထူးသဖြင့် ပင်လယ် ရပ်ခြားနိုင်ငံတွေရဲ့ ဓလေ့ထုံးစံတွေအကြောင်း အတော်ပြောဖြစ်ပါတယ်။ မင်းကြီးကတော့ ဥရောပ ကိုသွားပြီး အဲဒီနိုင်ငံတွေမှာ ဘာတွေလုပ်နေကြသလဲဆိုတာ ကိုယ်တိုင်တွေ့ချင်တယ်လို့ နောက်ဆုံးမှတ် ချက်ပေးပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်မရဲ့ မိန်းမစိုးတစ်ဦးရောက်လာပြီး မယ်မယ်ကြီး အိပ်ရာနိုးကြောင်း သတင်းလာပေးတော့ ကျွန်မလည်း မယ်မယ်ကြီးရဲ့ အိပ်ဆောင်ကို အမြန်ပြန်ခဲ့ရပါတော့တယ်။ ဘာလိုလိုနဲ့ ကျွန်မ မန်ချူးနန်းတွင်းထဲရောက်ခဲ့တာ ဆယ်လတင်းတင်းပြည့်ခဲ့ပါပကော။

၁၀ လပိုင်းရဲ့ ပထမဆုံးနေ့မှာ နှင်းတွေတဖွဲဖွဲကျဆင်းလာပါတယ်။ ထုံးစံအတိုင်း စီရှီးမယ်မယ်ကြီးရဲ့ မွေးနေ့ပွဲကို နွေရာသီစံနန်းမှာပဲကျင်းပဖို့ အစီအစဉ်ရှိမရှိ မိန်းမစိုးထိန်းကြီး လီလျန်ယင်းက မယ်မယ်ကြီး ကို လျှောက်ထားမေးမြန်းပါတယ်။ ဒီတော့မယ်မယ်ကြီးကလည်း သူ့မွေးနေ့ပွဲကို နွေရာသီစံနန်းမှာပဲ ကျင်းပဖို့ ပြန်မိန့်ပါတယ်။ နောက်တော့ မိန်းမစိုးထိန်းကြီးက မွေးနေ့ပွဲ ဖိတ်သင့်တဲ့လူစာရင်းယူလာပြီး မယ်မယ်ကြီးကို ဆက်သပါတယ်။ အဲဒီစာရင်းထဲ ကနေ ဖိတ်သင့်တဲ့သူတွေကို မယ်မယ်ကြီးကရွေးပါတယ်။ နောက်မွေးနေ့ပွဲတက်ဖို့အတွက် မင်းကတော်ကြီး ၄၅ ဦး မယ်မယ်ကြီးက ရွေးချယ်လိုက်ပါတယ်။ ပြီးတော့ ပုံမှန်ဆိုရင် သူ့မွေးနေ့ပွဲအတွက် ဧည့်သည်အများကြီးမဖိတ်ပေမယ့် ဒီတစ်ကြိမ်မှာတော့ အဲဒီ ဧည့်သည်တွေ ဘယ်လိုဝတ်ထားတယ်၊ နန်းတွင်းစည်းမျဉ်းတွေကို ဘယ်လောက်လိုက်နာမှုအားနည်းသလဲ ဆိုတာ ကျွန်မတွေ့ဖို့အတွက် လူအများ ကြီးဖိတ်လိုက်တယ်ကို မယ်မယ်ကြီးက သူ့နောက်မှာ ရပ်နေတဲ့ ကျွန်မဘက်လှည့်ပြီး ပြောလိုက်ပါတယ်။ စီရှီးမယ်မယ်ကြီးရဲ့ မွေးနေ့ပွဲအခမ်းအနားကို ၁၀ လပိုင်း ၆ ရက်နေ့မှာ စကျင်းပပါတယ်။ ပီကင်းမှာရှိတဲ့ အမေရိကန်သံကိုယ်စားလှယ်ရုံးကို ခဏပြန်သွားတဲ့ ပန်းချီဆရာမ မစ္စကားလ်၊ ကျွန်မ မေမေ၊ ကျွန်မညီမနဲ့ ကျွန်မကိုယ်တိုင်လည်း နွေရာသီစံနန်းကို ပြန်ရောက်လာရပါတယ်။ ၆ ရက်နေ့နံနက်ပိုင်းမှာ မိန်းမစိုးတွေဟာ ဝရန် တာတွေမှာ ရောင်စုံပိုးထည်တွေဆင်ပါတယ်။ မီးအိမ်တွေကိုလည်း နန်းတော် ထောင့်ကြို ထောင့်ကြားနဲ့ သစ်ပင်တွေပါမချန် ချိတ်ဆွဲပါတယ်။ ခုနစ်နာရီလောက်မှာတော့ ဧည့်သည် တွေစရောက်လာပါပြီ။ သူတို့ရောက်လာတော့မှပဲ မယ်မယ်ကြီးပြောခဲ့ တာတွေသိပ်မှန်ပါလား လို့ ကျွန်မတွေးမိပါတယ်။ ကြွရောက်လာတဲ့ဧည့်သည်တွေကို မိန်းမစိုးတွေက နန်းတွင်းသူ အားလုံးနဲ့ မိတ်ဆက်ပေးပါတယ်။ ဒါပေမဲ့ဧည့်သည်တွေကြည့်ရတာ စကားပြောစရာသိပ်မရှိ သလို ရှက်ကိုးရှက်ကန်းဖြစ်နေကြတဲ့ပုံပါ။ နောက်တော့ ဧည့်သည်တော်တွေကို နားနေခန်းထဲ ခေါ်သွားပါတယ်။ ဒါပေမဲ့ဝရန်တာတွေမှာ နန်းတွင်းသူတွေနဲ့စုစု စုစုလုပ်နေတဲ့ ဧည့်သည် တွေလည်း အများကြီးပါ။ ဧည့်သည်အချို့ကတော့ တန်ဖိုးကြီးအဝတ်အစားတွေဝတ်ထားပါ

ရဲ့။ ဒါပေမဲ့ အဲဒီအဝတ်အစားတွေအရောင်ကတော့ ခေတ်နဲ့မညီသလိုပါပဲ။ သူတို့ကြည့်ရတာ စိတ်မသက်မသာဖြစ်ဖို့ကောင်းလှပါတယ်။ ကျွန်မတို့လည်း မွေးနေ့ပွဲလာဧည့်သည်တွေကို ခဏစောင့်ကြည့်ပြီး တွေ့ရမြင်ရသမျှ မယ်မယ်ကြီးဆီကို သတင်းပို့ဖို့ နန်းဆောင်ကိုပြန်ခဲ့ပါတယ်။

စီရှီးမယ်မယ်ကြီးဟာ အဝတ်အစားတွေအမြန်လဲပြီး အဆင်သင့်ဖြစ်တာနဲ့ ခန်းမဆောင်ထဲ ဝင်လာပါတယ်။ ကျွန်မတို့နန်းတွင်းသူတွေက မယ်မယ်ကြီးရာဇပလ္လင်ရဲ့ နောက်ဘက်မှာ တန်းစီရပ်နေကြပါတယ်။ ခန်းမဆောင်ထဲကိုရောက်တော့ မွေးနေ့ပွဲတက် ဧည့်သည်တွေဟာ တစ်ယောကပုံစံ တစ်မျိုးနဲ့ မယ်မယ်ကြီးကို အရိုအသေပေးကြပါတယ်။ အချို့ကကြမ်းပြင်နဲ့ နဖူးတိုက်ပြီး အရိုအသေပေးသလို အချို့ကလည်း ခေါင်းညွတ် ခါးညွတ် ရုံမျှနဲ့ အရိုအသေပေးပါတယ်။ အချို့ကတော့ ဘာလုပ်ရမှန်းမသိတဲ့ပုံနှင့် ဘာမှမလုပ်တာကို လည်းတွေ့ရပါတယ်။ လာတဲ့ဧည့်သည်အားလုံးဟာ တကယ်တော့ မယ်မယ်ကြီးရှေ့မှာ ဘာလုပ်ကြရမှန်းမသိကြတဲ့ပုံပါ။ နောက်တော့မယ်မယ်ကြီးက ဧည့်သည်တော်တွေကို ကြိုဆို စကားပြောပြီး သူ့မွေးနေ့မှာပေးတဲ့ လက်ဆောင်တွေအတွက် ကျေးဇူးတင်ကြောင်းပြောခဲ့ပါ တယ်။

ဧည့်သည်တွေအားလုံး စိတ်ကျဉ်းကျပ်နေတာရိပ်မိတဲ့ စီရှီးမယ်မယ်ကြီးက ဧည့် သည်တွေကို ကေရာဇ်မိဖုရားနန်းတော်ဆီခေါ် သွားပြီးလိုက်ပြဖို့ မိန်းမစိုးတွေကို ညွှန်ကြားခဲ့ပါ တယ်။ ကေရာဇ်မိဖုရားရဲ့ နန်းတော်ကိုရောက်တော့ ဧည့်သည်တွေလဲ စိတ်ပေါ့ပါးသွားပုံရပါ တယ်။ မယ်မယ်ကြီးနဲ့တွေ့စဉ်ကလို ရှက်ကိုးရှက်ကန်းလည်း သိပ်မဖြစ်တော့ပါဘူး။ နန်းတွင်း ထုံးစံတွေနဲ့ပတ်သက်ပြီး သိချင်ရင် နန်းတွင်းအပျိုတော်တွေက အားလုံးပြောပြမယ်လို့ ကေ ရာဇ်မိဖုရားက ဧည့်သည်တွေကိုပြောပါတယ်။ မယ်မယ်ကြီးရဲ့ မွေးနေ့ပွဲအခမ်းအနားမှာ အမှားတစ်စုံတစ်ရာရှိခဲ့ရင်မကောင်းတာမို့ အကောင်းဆုံးနည်းလမ်းကတော့ ကျွန်မတို့နန်း တွင်းအပျိုတော်တွေက ဧည့်သည်တော်တွေကို စောင့်ကြည့်ကူညီပေးဖို့ပဲဆိုပြီး ကေရာဇ် မိဖုရားက ဆုံးဖြတ်ပါတယ်။ ဒါနဲ့ဘဲ ကျွန်မတို့နန်းတွင်းသူတွေ ကိုယ့်ခွဲတမ်းနဲ့ကိုယ် ဧည့်သည် တော်တွေနောက်တစ်ကောက်ကောက်လိုက်ပြီး အခမ်းအနားမှာ ဘယ်လိုနေသင့်တယ်ဆိုတာ မျိုးကို ပြောပြခဲ့ရပါတယ်။ မယ်မယ်ကြီး နေ့လည်နေ့ခင်းနားနေတုန်းမှာ ကျွန်မဟာ ကျွန်မ တာဝန်ယူထားရတဲ့ ဧည့်သည်အဖွဲ့ဆီကို သွားခဲ့ပါတယ်။ ပြီးတော့ စီရှီးမယ်မယ်ကြီးနဲ့တွေ့ရင် ဘာလုပ်ရမယ်။ ဘယ်လိုပြောဆိုဆက်ဆံရမယ်ဆိုတာတွေကို ရှင်းပြပါတယ်။ မန်ချူးနန်းတွင်း ဓလေ့အရ စီရှီးမယ်မယ်ကြီးနဲ့ စကားပြောမယ်ဆိုရင်ပြောတဲ့ သူတိုင်းဟာ မယ်မယ်ကြီးကို 'ဘွားတော်ကြီး' လို့ဘဲ ရည်ညွှန်းရပါတယ်။ ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းမယ်ဆိုရင်တော့

ပထမနာမ်စားဖြစ်တဲ့ ကျွန်တော်၊ ကျွန်မအစား 'ကျွန်တော်မျိုး၊ ကျွန်တော်မျိုးမ'လို့ဘဲ ရည်ညွှန်းကြရပါတယ်။ မယ်မယ်ကြီးဟာ အဲဒီစည်းမျဉ်းကို တင်းတင်းကျပ်ကျပ်ဘဲ ကျင့်သုံးတတ်ပါတယ်။

မယ်မယ်ကြီးရဲ့ မွေးနေ့အခမ်းအနားကို ၁၀ ရက်နေ့မှစမှာမို့ ကြားလေးရက်မှာ ဧည့်သည်တွေဟာ နန်းထုံးစံတွေအကြောင်းကို သင်လိုက်၊ ပြဇာတ်ရုံကို သွားလိုက်နဲ့ဘဲ အချိန်ဖြုန်းခဲ့ကြရပါတယ်။ မနက်တိုင်းလိုလိုမှာ ကျွန်မတို့ဟာ မယ်မယ်ကြီးကိုစောင့်ပြီး အရင်နေ့ တွေ့ခဲ့ကြုံခဲ့သမျှ စိတ်ဝင်စားဖွယ်အကြောင်းအရာတွေကို သံတော်ဦးတင်ကြရပါတယ်။ ပြီးတော့ မယ်မယ်ကြီးအရင် ပြဇာတ်ရုံကို ကြိုသွားပြီးတော့ မယ်မယ်ကြီးလာတဲ့အချိန် မင်းရင်ပြင်မှာ တန်းစီစောင့်ကြရပါတယ်။ မယ်မယ်ကြီး ရောက်လာတဲ့အခါမှာတော့ ပြဇာတ်စင်ရှေ့တည့်တည့် ပွဲကြည့်ဆောင်ထဲဝင်တဲ့အထိ ကျွန်မတို့ အားလုံးအတန်းလိုက် အတန်းလိုက် ဒူးထောက်နေကြပါတယ်။ အဲဒီလို အတန်းလိုက် ဒူးထောက်ကြိုရတဲ့အထဲမှာ ဧကရာဇ်ကွမ်ဆူ၊ မိဖုရားနဲ့ ဒုတိယမိဖုရားနှင့် ဧည့်သည်တွေလည်းပါပါတယ်။ ပထမနှစ်ရက်ကတော့ အားလုံးအဆင်ပြေပြေပါပဲ။ တတိယမြောက်နေ့မှာတော့ မင်းကြီးက ကျွန်မတို့ဘက်လှည့်ကြည့်ပြီး မယ်မယ်ကြီးကြွလာပြီလို့ ရုတ်တရက်ပြောလိုက်ပါတယ်။ ကျွန်မတို့အားလုံးလည်း ကမန်းကတန်းဒူးထောက်ရပါတော့တယ်။ မင်းကြီးတစ်ပါးတည်း သာမတ်တပ်ရပ်နေပြီး ကျွန်မတို့ကို ရယ်နေတာတွေ့ရပါတယ်။ မယ်မယ်ကြီးရဲ့အရိပ်အယောင်ကိုတော့ မတွေ့ရပါဘူး။ သည်တော့မှ မင်းကြီးကအတည်ပေါက်နဲ့နောက်လိုက်မှန်းသိတော့မှဘဲ ကျွန်မတို့အားလုံး တစ်ဦးမကျန်ရယ်မိပါတော့တယ်။ ကျွန်မအနေနဲ့ကတော့ ဒီနေ့လိုမင်းကြီးစိတ်ပျော်နေတာမျိုးမတွေ့ခဲ့ဖူးတာ အမှန်ပါ။

၉ ရက်နေ့ညပိုင်းမှာတော့ ကျွန်မတို့နန်းတွင်းသူတွေ တစ်ယောက်မှမအိပ်ရပါဘူး။ ၁၀ ရက်နေ့ မွေးနေ့အခမ်းအနားအတွက် အသင့်စောင့်ဆိုင်းနေရပါတယ်။ ဧည့်သည်တွေကိုလည်း တောင်ကုန်းထိပ်မှာ ရှိတဲ့ မယ်မယ်ကြီးရဲ့ အထူးညီလာခံခန်းမဆောင်ဆီဝေါ်နဲ့ပို့ပေးဖို့ စီစဉ်ထားပြီးပါပြီ။ မနက်သုံးနာရီလောက်မှာတော့ ဧည့်သည်တွေအားလုံးအထူး ညီလာခံခန်းဆီကို ရောက်နေကြပါပြီ။ နောက်တော့ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ကျွန်မတို့လို နန်းတွင်းသူတွေလည်း ရောင်နီမပျို့မီအထူးညီလာခံခန်းမဆောင်ကိုရောက်ခဲ့ပါတယ်။ မယ်မယ်ကြီးကိုယ်တိုင်ရောက်လာချိန်မှာတော့ မွေးနေ့အခမ်းနားစပါတယ်။ မယ်မယ်ကြီးမွေးနေ့ပွဲ အခမ်းအနားက မင်းကြီးရဲ့မွေးနေ့ပွဲအခမ်းအနားနဲ့ အစီအစဉ်ချင်းအတူတူပါပဲ။ ဒါပေမဲ့ ထူးခြားချက်တစ်ခု တော့ရှိပါတယ်။ ဘာလဲဆိုတော့ မယ်မယ်ကြီးက သူ့မွေးနေ့တိုင်းမှာ ကိုယ့်ငွေနဲ့ကိုယ် ငှက်မျိုးစုံအကောင် ၁၀၀၀၀ ဝယ်ပြီးတော့ ဘေးမဲ့လွှတ်ပေးတာပါ။ ဒီနှစ်

မွေးနေ့ပွဲမှာတော့ မယ်မယ်ကြီးက မင်္ဂလာအရှိဆုံးအချိန်ကို ကိုယ်တိုင်ရွေးပြီး ငှက်လွှတ်ပွဲအတွက် ငှက်လှောင်အိမ်တွေ နန်းရင်ပြင်ဆီယူလာဖို့ မိန်းမစိုးတွေကို အမိန့်ချပါတယ်။ ပြီးတော့ မယ်မယ်ကြီးက ငှက်လှောင်အိမ်တံခါးတွေကို လိုက်ဖွင့်ပေးပြီး ငှက်တွေအဝေးကို လွတ်လွတ်လပ်လပ်ပျံသွားတာ ကြည့်ပါတယ်။ ပြီးတော့သည်ငှက်တွေ ပြန်အဖမ်းမခံရဖို့လည်း နတ်ဒေဝါတွေဆီမှာ ဆုတောင်းပါတယ်။ နှစ်စဉ်မွေးနေ့ငှက်လွှတ်ပွဲမှာ ကြက်တူရွေးအချို့က လှောင်ချိုင့်တံခါးဖွင့်ပေးထားပေမယ့် ဘယ်ကိုမှမပျံကြပါဘူး။ အဲဒီလိုအခါမျိုးကျရင် မယ်မယ်ကြီးကိုယ်တိုင် အဲဒီကြက်တူရွေးတွေကို သက်ဆုံးတိုင်ကျွေးမွေးစောင့်ရှောက်ရပါတယ်။ အခုလည်း မိန်းမစိုးတစ်ယောက် ရှေ့တော်ဝင်လာပြီး မယ်မယ်ကြီးရဲ့ မဟာမေတ္တာကို နားလည်တဲ့ ကြက်တူရွေးအချို့ဟာ ဘယ်ကိုမှမသွားဘဲ မယ်မယ်ကြီးရဲ့ အမှုတော်ထမ်းဖို့နေခဲ့ကြောင်း လျှောက်တင်ပါတယ်။

အဲဒီအချိန်မှာ နန်းတွင်းသူတစ်ဦးက ကြက်တူရွေးတွေဘာကြောင့် အဝေးကို မပျံတာသိလားဆိုပြီး ကျွန်မကို တိုးတိုးလေးကပ်မေးပါတယ်။ ကျွန်မကလည်း ထူးဆန်းတာတော့ အမှန်ပဲလို့ ပြန်ဖြေလိုက်တယ်။ အဲဒီနန်းတွင်းသူက ကြက်တူရွေးတွေ မပျံတာမဆန်းဘူးလို့ ဆိုပါတယ်။ သူပြောပုံအရဆိုရင် မိန်းမစိုးတွေ ဟာ အခုနန်းတွင်းမှာ ကျန်ခဲ့တဲ့ကြက်တူရွေးတွေကို ဟိုတုန်းကပဲဝယ်ထားပြီး လေ့ကျင့်ပေးထားလို့ သိရပါတယ်။ စိတ်ဝင်စားစရာကောင်းတာတစ်ခုကတော့ ငှက်လွှတ်ပွဲကျင်းပချိန်မှာ မိန်းမစိုးအချို့က ညီလာခံခန်းဆောင်ရှိရာ တောင်ကုန်းအခြေမှာ စောင့်ပြီးမယ်မယ်ကြီး လွှတ်ပေးလိုက်တဲ့ ငှက်တွေကိုပြန်ဖမ်းပြီးရောင်း စားတော့တာပဲလို့ နန်းတွင်းသူက ဆိုပါတယ်။ ပြောရရင်တော့ မွေးနေ့ပွဲမှာငှက်လွှတ်ပေးပြီး အဲဒီငှက်တွေရဲ့ လွတ်လပ်ခွင့်အတွက် မယ်မယ်ကြီးဘယ်လောက်ဆုတောင်းပေး ဆုတောင်းပေး အဆုံးမှာတော့ အဲဒီငှက်တွေဟာ ပြန်အဖမ်းခံရတာပါပဲ။

မယ်မယ်ကြီးရဲ့မွေးနေ့ပွဲကို ၁၀ လပိုင်း ၁၃ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အဲဒီကာလတစ်လျှောက်လုံး ကျွန်မတို့ နန်းတွင်းသူတွေဟာ ပျော်ပွဲရွှင်ပွဲတက်တဲ့အလုပ်၊ ပြဇာတ်ရုံသွားတဲ့အလုပ်တွေမှတစ်ပါးအခြား အလုပ်မရှိပါဘူး။ မွေးနေ့ပွဲအခမ်းအနားပြီးဆုံးခါနီးမှာတော့ အခမ်းအနားတွေ ပြီးဆုံးပြီဖြစ်ကြောင်း ဧည့်သည်တွေကို အသိပေးပါတယ်။ နောက်တော့ မွေးနေ့ပွဲတက် ဧည့်သည်တွေလည်း အပြန်ခရီးအတွက် ပြင်ဆင်ကြပြီ။ နောက်တစ်နေ့မှာတော့ မယ်မယ်ကြီးကို နှုတ်ဆက်ပြီးပြန်လည်ထွက်ခွာသွားကြပါတယ်။

မွေးနေ့ပွဲအပြီး ရက်အနည်းငယ်လောက်အကြာမှာ ကျွန်မတို့အားလုံး ပင်လယ်နန်းတော်ဆီပြောင်းဖို့ အလုပ်များနေကြပါပြီ။ စီရှီးမယ်မယ်ကြီးဟာ သူ့ရဲ့အခါပေးပြက္ခဒိန်စာအုပ်ကို လှန်ပြီး ၁၀ လပိုင်း ၂၂ ရက်ကို နန်းရွှေ့ဖို့ အကောင်းဆုံးအချိန်အဖြစ် ရွေးချယ်လိုက်ပါတယ်။

၁၀ လပိုင်း ၂၂ ရက်နေ့ နံနက် ၆ နာရီမှာတော့ ကျွန်မတို့အားလုံး ပင်လယ်နန်းတော်ဆီကိုသွားဖို့ နွေရာသီစံနန်းက ထွက်ခွာခဲ့ပါတော့တယ်။ အဲဒီနေ့က နှင်းတွေလည်း အတော်ကျနေတော့ သွားရလာရတာ အတော်ခက်ပါတယ်။ ထုံးစံအတိုင်း ခရီးတစ်လျှောက်လုံး ကျွန်မတို့ဟာ ဝေါယာဉ်နဲ့ပဲလိုက်ကြရပါတယ်။ ဝေါထမ်းတာဝန်မကျတဲ့ မိန်းမစိုးတွေကတော့ မြင်းကိုယ်စီစီးပြီးလာပါတယ်။ နှင်းတွေကြောင့် ကျောက်တုံးတွေက ချောနေတာကြောင့် မကြာခဏဆိုသလို မြင်းတွေလည်း ခြေချော်လဲခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ မယ်မယ်ကြီးရဲ့ ဝေါကိုထမ်းတဲ့ အထမ်းသမားမိန်းမစိုးခြေချော်ခဲ့ပြီး မယ်မယ်ကြီးဝေါယာဉ်ပေါ်က ပြုတ်ကျပါတော့တယ်။ ပြဿနာတော့ အကြီးအကျယ်တက်ပြီလို့ ကျွန်မတွေးမိပါတယ်။ အဲဒီနောက်မှာတော့ မြင်းတွေအပြေးဆိုင်းလာသံ၊ ရပ် . . . ရပ်ဆိုတဲ့ မိန်းမစိုးတွေရဲ့ အော်သံတွေ ထွက်လာပါတယ်။ မယ်မယ်ကြီးအသက်မှရှိသေးရဲ့လားဆိုတဲ့အသံတစ်သံထွက်လာပါတယ်။ ဝေါယာဉ်တန်း တစ်ခုလုံးရပ်သွားပြီး လမ်းလည်းပိတ်သွားပါတယ်။ သည်ဖြစ်စဉ်တစ်ခုလုံးဟာ အနောက်ဘက်တံခါးမရောက်မီ ကျောက်ခင်းလမ်းပေါ်မှာ ဖြစ်ခဲ့တာပါ။ နောက်ဆုံးမှာတော့ မြေပေါ်ချထားတဲ့ မယ်မယ်ကြီးရဲ့ ဝေါယာဉ်ကို ကျွန်မတို့တွေ့ရပါတယ်။ ကျွန်မတို့လည်း ကျွန်မတို့ဝေါယာဉ်တွေပေါ်က ကမန်းကတန်းဆင်းပြီး ဘာတွေဖြစ်နေသလဲဆိုတာသိဖို့ အဲဒီနေရာကို သွားကြပါတယ်။ ကျွန်မတို့ရောက်တဲ့အချိန်မှာ လူအတော်များများက စိတ်လှုပ်ရှားပြီး တစ်ယောက်တစ်ပေါက်တွေပြောနေကြပါတယ်။ သည်ခရီးစဉ်မစခင်လေးမှာ တော်လှန်ရေးသမားအချို့က မန်ချူးနန်းတော်ကို တိုက်ခိုက်ဖျက်ဆီးမယ်ဆိုတဲ့ ကောလာဟလတွေ ကျွန်မကြားထားရပါတယ်။ အဲဒီကောလာဟလကိုတော့ မယ်မယ်ကြီးကို မလျှောက်ဝံ့ခဲ့ပါဘူး။ အဲဒီလိုအချိန်မျိုးမှာ ဒါမျိုးဖြစ်လာတော့ ကျွန်မကျောထဲ စိမ့်ကနဲဖြစ်သွားပါတယ်။ ဒါနဲ့ပဲ မြေပေါ်ချထားတဲ့ မယ်မယ်ကြီးဝေါယာဉ်နားရောက်သွားတော့ ခြေချော်ကျခဲ့တဲ့ ဝေါယာဉ်ထမ်းသမားကို အပြစ်မပေးဖို့ မိန်းမစိုး ထိန်းလီလျန်ယင်းကိုထိုင်ပြီး အမိန့်ထုတ်နေတဲ့ မယ်မယ်ကြီးကို တွေ့ရပါတယ်။ ဒါပေမဲ့ သည်ဝေါထမ်းသမားဟာ နမော်နမဲ့နိုင်လွန်းတဲ့အတွက် အပြစ်ပေးသင့်ကြောင်း လီလျန်ယင်းက မယ်မယ်ကြီးကိုလျှောက်တင်လိုက်ပါတယ်။ ပြီးတော့ ကြိမ်ဒဏ်ပေး သူတွေဘက်လှည့်ပြီး ဝေါထမ်းသမားကို ကြိမ်ဒဏ်အချက် ၈၀ ပေးဖို့ ခိုင်းလိုက်ပါတယ်။ ဒါနဲ့ပဲ ဒူးထောက်ပြီး အမိန့်နာခံနေတဲ့ ဝေါထမ်းသမားကို ကြိမ်ဒဏ်ပေးသူတွေက ခပ်ဝေးဝေးကို ဆွဲခေါ်သွားပြီး ကြိမ်ဒဏ်အချက် ၈၀ ပေးပါတယ်။ ပြစ်ဒဏ်ချတာ ခဏလေးပါပဲ။ အချက် ၈၀ လည်းပြည့်ရော ဒဏ်ပေးခံရတဲ့ဝေါထမ်းသမားဟာ ဘာမှမဖြစ်ခဲ့သလိုပဲ ပြန်ထလာပါတယ်။ သူ့ကြည့်ရတာ တည်တည်ငြိမ်ငြိမ်ပါပဲ။ နောက်တော့ မိန်းမစိုးတစ်ဦးလာပေးတဲ့ လက်ဖက်ရည်ခွက်ကို ဆက်သရင်းနဲ့ ကျွန်မက ထိခိုက်အနာတရရှိခဲ့လားလို့

မယ်မယ်ကြီးကို မေးကြည့်ပါတယ်။ မယ်မယ်ကြီးက သူဘာမှမဖြစ်ဘူးလို့ ပြုံးပြုံးပြုံးပြုံးနဲ့ ပြန်ဖြေပါတယ်။

ခရီးပြန်ဆက်တော့ ကျွန်မတို့နန်းတွင်းသူတွေဟာ မယ်မယ်ကြီးကို ကြိုစောင့်ဖို့အတွက် ပင်လယ်နန်းတော်ဆီရောက်မယ့် ဖြတ်လမ်းကိုပဲ ပုံမှန်အတိုင်းလိုက်ရပါတယ်။ ပင်လယ်နန်းတော်ကို အားလုံးစုံစုံညီညီ ရောက်တဲ့အချိန်မှာ ရာသီဥတုအေးလွန်းတဲ့အတွက် မီးလင်းဖိုထွန်းဖို့ မယ်မယ်ကြီးက ညွှန်ကြားပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ မယ်မယ်ကြီးအလာကို နန်းရင်ပြင်မှာ စောင့်နေရတုန်းက ကျွန်မတို့လည်း အရိုးကွဲလုမတတ် အေးတဲ့ဒဏ်ကိုခံစားခဲ့ရပါတယ်။ ပင်လယ်နန်းတော်ကိုရောက်ပြီး နောက်တစ်နေ့ နံနက်မှာတော့ ကျွန်မစောစောထပြီး ပုံမှန်တာဝန်ယူတွေပြန်ထမ်းဆောင်ပါတယ်။ နှင်းစဲသွားတဲ့အချိန်မှာတော့ မယ်မယ်ကြီးက အမေရိကန်ပန်းချီဆရာမ မစ္စကားလ်ပုံတူပန်းချီဆက်ဆွဲဖို့ နေရာကောင်းကောင်းရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သင့်တော်တဲ့နေရာကို ကိုယ်တိုင်ရွေးနိုင်ဖို့ မစ္စကားလ်ရောက်တဲ့အချိန်အထိ စောင့်ရင်ပိုကောင်းကြောင်း ကျွန်မကအကြံပေးကြည့်ပါတယ်။ ဒါပေမဲ့ မစ္စကားလ်ကို နေရာကိုယ်တိုင်ရွေးဖို့ ခွင့်ပြုလိုက်ရင် မဖြစ်နိုင်တဲ့ နေရာတွေရွေးမှာကြောက်တဲ့အကြောင်း မယ်မယ်ကြီးက မိန့်ပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ ပင်လယ်နန်းတော်နေရာအတော်များများဟာ သီးသန့်နေရာတွေ ဖြစ်တဲ့အတွက် မစ္စကားလ်အနေနဲ့ အဲဒီနေရာတွေကို သွားခွင့်မရှိပါဘူး။ ဒါနဲ့ဘဲ နောက်နေ့ရောက်တော့ မယ်မယ်ကြီးနဲ့ ကျွန်မဟာပုံတူပန်းချီဆွဲလို့ ကောင်းမဲ့နေရာကို အရှာထွက်ပါတော့တယ်။မယ်မယ်ကြီးနဲ့ ကျွန်မဟာ အတော်တော်များများကို လိုက်ကြည့်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအဆောင်တွေအားလုံးကို မှောင်လွန်းနေတော့ နောက်ဆုံးမှာနန်းတော်ရဲ့ ရေကန်ဘက်အခြမ်းက အလင်းရောင်အဝင်အထွက်ကောင်းမယ့် အခန်းတစ်ခန်းကို ရွေးလိုက်ပါတယ်။

နောက်တစ်နေ့မှာ ပန်းချီဆရာမ မစ္စကားလ်ရောက်လာပါတယ်။ သူ့အတွက်ရွေးထားတဲ့ အခန်းကိုတွေ့တော့ သိပ်စိတ်ကျေနပ်ပုံမရပါဘူး။ အရမ်းမှောင်လွန်းတယ်လို့ စောဒကတက်ပါတယ်။ ဒါနဲ့ဘဲ မယ်မယ်ကြီးက စက္ကူသားပြတင်းတွေနေရာမှာ မှန်ချပ်တွေအစားထိုးလဲပေးလိုက်ပါတယ်။ ဒါပေမဲ့ မစ္စကားလ်ဟာ မကျေနပ်သေးပါဘူး။ ပန်းချီကားဆွဲတဲ့အချိန်မှာ ကင်းဗက်စပေါ်မှာ အလင်းရောင်ချိန်နိုင်ဖို့အတွက် ခန်းဆီးတွေ ထပ်တပ်ပေးဖို့တောင်းဆိုပါတယ်။ အဲဒီတောင်းဆိုချက်နဲ့ပတ်သက်ပြီး မယ်မယ်ကြီးကို အသိပေးတော့ မယ်မယ်ကြီးက ကိုယ့်အတွက်မဟုတ်ဘဲ နန်းတော်ကို ပြောင်းလဲပြင်ဆင်ပေးရတာ ဒါပထမဆုံး အကြိမ်ဘဲလို့ မိန့်ပါတယ်။ ပြီးတော့ပထမဆုံးပြတင်းပေါက်တွေ ပြောင်းပေးတယ်။ သူ(မစ္စကားလ်) မကျေနပ်ဘူး။ ဒီတော့ ခန်းဆီးတွေတပ်ပေးရတော့မယ်။ ဒါမှမကျေနပ်ရင်တော့ နန်းတော်အမိုးဖြုတ်

ပေးဖို့ဘဲရှိတော့တယ်လို့ မယ်မယ်ကြီးက မိန့်ပါတယ်။ ဒါပေမဲ့အဆုံးမှာတော့ မစ္စကားလ်တောင်းဆိုတဲ့အတိုင်း ခန်းဆီးတွေတပ်ပေးလိုက်ပါတယ်။ ပင်လယ်နန်းတော်ရဲ့ မယ်မယ်ကြီးစက်ရာဆောင်အနီး အခန်းတစ်ခန်းထဲမှာ ဉာဏ်တော် ၁၀ ပေလောက်မြင့်ပြီး စန္ဒကူးသားနဲ့ထုထွင်းထားတဲ့ စေတီတစ်ဆူစံပယ်ပါတယ်။ ပတ်လည်မှာ ဗုဒ္ဓမြတ်စွာရဲ့ ပုံတော်တွေထုဆစ်ထားတဲ့ အဲဒီစေတီတော်ကို မယ်မယ်ကြီးက နံနက်တိုင်းဝတ်ချလေ့ရှိပါတယ်။ ကျွန်မတို့ နန်းတွင်းသူတွေကိုလည်း စေတီတော်မှာ နေ့တိုင်းဝတ်ချဖို့ ပြောထားပါတယ်။ အဲဒီစေတီတော်ဟာ ပင်လယ်နန်းတော်ထဲရောက်တာ နှစ်ပေါင်း ၁၀၀ ကျော်လောက်ရှိပြီလို့ သိရပါတယ်။ ဒါပေမဲ့ စေတီတော်ကိုသူအနေနဲ့ တာဝန်အရဝတ်ကျေတန်းကျေဝတ်ပြုရတဲ့ ကျွန်မတို့လိုမဟုတ်ဘဲ စိတ်ပါလက်ပါပူဇော်လေ့ရှိတယ်လို့ မယ်မယ်ကြီးကမိန့်ပါတယ်။ ပြီးတော့တရုတ်လူမျိုးအများအပြားဟာ ခရစ်ယာန်ဘာသာကြောင့် ဘိုးဘေးတွေရဲ့ ဘာသာရေးအစဉ်အလာတွေကို ပစ်ပယ်လာကြလို့ အလွန်ဝမ်းနည်းကြောင်းပြောပါတယ်။

စီရှီးမယ်မယ်ကြီးက ပင်လယ်နန်းတော်နဲ့ ပတ်သက်တဲ့ သဘာဝလွန်ယုံကြည်ချက်အဟောင်းတွေကို အတော်ယုံကြည်ပါတယ်။ တစ်နေ့စကား ပြောနေရင်းနဲ့ စီရှီးမယ်မယ်ကြီးကထူးထူးဆန်းဆန်းတွေ မြင်ရင်မကြောက်ကြဖို့ ကျွန်မကိုပြောပါတယ်။ ကျွန်မဘေးမှာ လူတစ်ယောက်ကပ်ပါလာပြီး ရုတ်တရက်ကွယ် ပျောက်သွားတဲ့အဖြစ်မျိုး ပင်လယ်နန်းတော်မှာမကြာမကြာဖြစ်တတ်တယ်လို့ မယ်မယ်ကြီးက ပြောပြပါတယ်။ ပြီးတော့ အဲဒီလူတွေဟာကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်လူယောင်ဖန်ဆင်းတဲ့ နတ်မြေခွေးတွေလို့လည်း ရှင်းပြပါတယ်။ မယ်မယ်ကြီးရဲ့ အဆိုအရ အဲဒီနတ်မြေခွေးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းရာပေါင်းများစွာကတည်းက ပင်လယ်နန်းတော်ထဲမှာရှိခဲ့တဲ့ သူတွေဖြစ်ပြီး ကိုယ်ကြိုက်တဲ့ပုံစံကို ရှိသလိုပြောင်းနိုင်တဲ့ ကမ္ဘာဇ်ဒ္ဓိ တန်ခိုးမျိုးရှိတယ်လို့ရှင်းပြပါသေးတယ်။ ပြီးတော့ မိန်းမစိုးတွေကလည်း သူတို့နာနာဘာဝ၊ ဝိနာဘာဝတွေနဲ့ ဘယ်လိုတွေ့ခဲ့သလဲဆိုတာ ကျွန်မကိုကျိန်းသေပေါက်ပြောလိမ့်မယ်လို့ မယ်မယ်ကြီးက ဆိုပါတယ်။ ဒါပေမဲ့ မိန်းမစိုးတွေတွေ့ခဲ့တာဟာ နာနာဘာဝဝိနာဘာဝတွေမဟုတ်ဘဲ ဘယ်သူ့ကိုမှ အန္တရာယ်မပေးတတ်တဲ့ နတ်မြေခွေးတွေလို့ မယ်မယ်ကြီးကဆက်ပြောပါတယ်။ တစ်ညမှာတော့ ကျွန်မအခန်းကမီးအိမ်ငြိမ်းသွားပါတယ်။ အဲဒါနဲ့ ကျွန်မလည်း မိန်းမစိုးတစ်ယောက်ကိုခေါ်ပြီး အခြားနန်းတွင်းသူတွေ နိုးမနိုးကြည့်ဖို့နဲ့ နိုးနေ ကြရင်ကျွန်မအတွက် ရေနွေးနည်းနည်းယူလာဖို့ လွှတ်လိုက်တယ်။ ဒါနဲ့မိန်းမစိုးလည်း မီးတိုင်တစ်ခုယူပြီး ထွက်သွားပါတယ်။ ဒါပေမဲ့ ဘယ်လောက်မှမကြာပါဘူးပြန်ရောက်လာပါတယ်။ သူ့မျက်နှာဟာ သွေးဆုတ်သလို ဖြူဖတ်ဖြူရော်ဖြစ်နေပါတယ်။ မေးစမ်းကြည့်လိုက်တော့အမျိုးသမီးတစ္ဆေတစ်ဦးက သူ့အနားကပ်ပြီး မီးတိုင်မီးကို ငြိမ်းပါတယ်။ ပြီးတော့ ပျောက်

ကွယ်သွားတယ်လို့ပြောပါတယ်။ အစေခံမိန်းကလေးတွေထဲက တစ်ယောက်ယောက်ဖြစ်မှာ ပေါ့လို့ ကျွန်မကပြောတော့ မိန်းမစိုးက သူ့အနေနဲ့ ပင်လယ်နန်းတော်ထဲက အမျိုးသမီးအားလုံး ကို သိပေမယ့် သူ့မီးတိုင်ငြိမ်းသွားတဲ့သူကိုတော့ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးကြောင်း ကျိန် တွယ်ပြောပါတယ်။ အဲဒီအမျိုးသမီးက တစ္ဆေတစ်ကောင်ဘဲလို့ သူကထင်ထားပါတယ်။ ဒါနဲ့ ဘဲ ပင်လယ်နန်းတော်မှာ တစ္ဆေမရှိဘူး။ နတ်မြေခွေးတွေပဲရှိတယ်လို့ မယ်မယ်ကြီးက ပြော ထားကြောင်း၊ ဒါကြောင့်မလို့ အဲဒီမိန်းမကတစ္ဆေမဟုတ်ဘဲ နတ်မြေခွေးတစ်ကောင်သာ ဖြစ် နိုင်ကြောင်း ကျွန်မကပြောပါတယ်။ ဒါပေမဲ့မိန်းမစိုးကတော့ အကြောက်အကန်ကို ငြင်းနေပါ တယ်။ ပြီးတော့မယ်မယ်ကြီးက သူတို့ကို တစ္ဆေလို့မပြောရဲလို့ နတ်မြေခွေးလို့ ပြောတာလို့ မိန်းမစိုးက ကျွန်မကို ပြောပါပါတယ်။ ဘာပဲဖြစ်ဖြစ်အဲဒီနေ့ကဖြစ်ရပ်က ပင်လယ်နန်းတော်ရဲ့ သဘာဝလွန်ယုံကြည်မှုတွေ မှန်နေသယောင်အတည်ပြုလိုက်သလိုပါပဲ။

ပင်လယ်နန်းဆောင်ထဲက ဘဝတွေကတော့ ၁၁ လပိုင်း ၁ ရက်နေ့အထိ အားလုံး ပုံမှန်ပါပဲ။ ၁၁ လပိုင်း ၁ ရက်နေ့မှာတော့ သည်လမှာ နတ်ရွာစံတရုတ်ဧကရာဇ်ကြီးတွေအတွက် အောက်မေ့ဖွယ် အခမ်း အနားအများကြီးရှိတာမို့လို့ ပုံမှန်လုပ်နေကျ ဇာတ်ပွဲတွေရပ်ဖို့နဲ့ နန်းတွင်းသူနန်းတွင်းသားတွေအားလုံး သင့်တော်တဲ့ဝတ်စုံတွေဝတ်ဖို့ မယ်မယ်ကြီးက ညွှန် ကြားချက်ထုတ်လိုက်ပါတယ်။ ၁၁ လပိုင်း ၉ ရက်နေ့မှာတော့ ကွမ်ဆူးဧကရာဇ်ဟာ ကောင်း ကင်ဘုရားကျောင်းကို သွားပြီးပူဇော်ကန်တော့ရပါတယ်။ အစဉ်အလာအရ မင်းကြီးဟာ ၉ ရက်နေ့ မရောက်ခင်အထိ သူ့ရဲ့သီးသန့်ခန်းမှာပဲ သုံးရက်လုံးလုံးနေခဲ့ရပါတယ်။ အဲဒီ တစ် ချိန်လုံး မင်းကြီးဟာဘယ်သူနဲ့မှ အဆက်အသွယ်လုပ်လို့မရပါဘူး။ ယုတ်စွအဆုံး မိဖုရားနဲ့ တောင်တွေ့ခွင့်မရှိပါဘူး။ ဒါပေမဲ့ အဲလိုအခမ်းအနားတွေကို တားမြစ်မြို့တော်ထဲက ကောင်း ကင်ဘုရားကျောင်းမှာ လုပ်ရတာမို့ မယ်မယ်ကြီးက သိပ်မကြိုက်ချင်ပါဘူး။ အမှန်မှန်တော့ မယ်မယ်ကြီးက မင်းကြီးကိုတစ်နာရီလောက်တောင် လွှတ်ထားချင်တာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့အားလုံးဟာ ပင်လယ်နန်းတော်ကနေ တားမြစ်မြို့တော်ဆီကို ထပ် ပြောင်းရတာဖြစ်ပါတယ်။ အခမ်းအနားပြီးချိန်မှာ ပင်လယ်နန်းတော်ကို ပြန်ရွှေ့ရ မှာဖြစ်ပေ မယ့် ၁၁ လပိုင်း ၁၃ ရက်နေ့ဟာ ဧကရာဇ်ကန်စီနတ်ရွာစံတဲ့ နှစ်ပတ်လည်နေ့ဖြစ်တာမို့ ပင်လယ်နန်းတော်ဆီ မပြန်သေးဘဲ တားမြစ်မြို့တော်မှာပဲဆက်နေဖို့ ကျွန်မတို့ ဆုံးဖြတ်ခဲ့ရပါ တယ်။ ဧကရာဇ်ကန်စီဟာ တရုတ်ပြည်ကို ၆၁ နှစ်ကြာအုပ်ချုပ်ခဲ့သူဖြစ်ပြီး တရုတ်ဧကရာဇ် တွေထဲမှာ နန်းသက်အရှည်ဆုံးဧကရာဇ် ဖြစ်ပါတယ်။ ဧကရာဇ်ကန်စီက တရုတ်ပြည်ကို အုပ်ချုပ်ခဲ့ဖူးသမျှမင်းတွေအနက် အံ့ဩဖို့အကောင်းဆုံးမင်း တစ်ပါးဖြစ်တယ်လို့ မယ်မယ် ကြီးက ပြောဖူးပါတယ်။

## ရုရှား-ဂျပန်စစ်ပွဲ

၁၂ လပိုင်း ၁၄ ရက် နံနက်ခင်းညီလာခံခေါ် အပြီးမှာတော့ ရုရှားနဲ့ ဂျပန်တို့စစ်ဖြစ်မယ့် အခြေအနေရှိကြောင်း စီရိုးမယ်မယ်ကြီးက ကျွန်မတို့ကိုအသိပေးပါတယ်။ သည်စစ်ပွဲနဲ့ တရုတ် ဘာမှမဆိုင်ပေမယ့် တရုတ်ပိုင်နက်ထဲတိုက်ကြမှာစိုးရတဲ့အတွက် အတော်စိတ်ပူမိတယ်လို့လည်း စီရိုးမယ်မယ်ကြီးက ပြောပါတယ်။ ပြီးတော့ သည်စစ်ကြောင့် ရေရှည်မှာတစ်နည်းမဟုတ်တစ်နည်း တရုတ်ပြည်ထိခိုက်မှာကိုလည်းကြောက်တယ်လို့ မယ်မယ်ကြီးက ပြောပါတယ်။ ဒါပေမဲ့ အဲလိုမယ်မယ်ကြီးပြောနေတဲ့ အခိုက်အတန့်မှာ ကျွန်မတို့ ကြောက်ရကောင်းမှန်း မသိသေးပါဘူး။ ဒါပေမဲ့ နောက်နေ့မနက်ရောက်တော့ မိန်းမစိုးထိန်း လီလျန်ယင်း ရှေ့တော်ဝင်လာပြီး မိန်းမစိုး ၅၀ ပျောက်နေကြောင်း မယ်မယ်ကြီးကို သတင်းပို့လာပါတယ်။ မိန်းမစိုး ၅၀ ရုတ်တရက်ပျောက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘာအကြောင်းပြချက်မှ ရေရေရာရာမရှိသေးတာကြောင့် ကျွန်မတို့အားလုံး စိတ်လှုပ်ရှားသွားပါတယ်။ မိန်းမစိုးတွေဟာ သူတို့တာဝန်ပြီးတဲ့အချိန်မှာ မြို့တော်အတွင်း သွားချင်ရာသွားလို့ ရပါတယ်။ နန်းတော်ဂိတ်တံခါးတွေ မပိတ်မီပြန်လာရင်ပြီးရော။ ဘာစည်းကမ်းမှ မချထားပါဘူး။ နောက်တစ်နေ့မနက်မှာလည်း မိန်းမစိုး ၁၀၀ ထပ်ပျောက်သွားပြန်ပြီဆိုတဲ့ သတင်းမယ်မယ်ကြီးဆီ ရောက်လာပါတယ်။ သည်မှာတင် မယ်မယ်ကြီးက ဘာတွေဖြစ်နေတာလဲဆိုတာ သူသိပြီလို့ပြောလိုက်ပါတယ်။ ပျောက်သွားတဲ့ မိန်းမစိုးတွေဟာ ရုရှားနဲ့ဂျပန်စစ်ဖြစ်တော့မယ်သတင်းကိုကြားပြီး ဘောက်ဆာသူပုန်လှုပ်ရှားမှုမျိုးထပ်ဖြစ်လာမှာကြောက်ပြီး ထွက်ပြေးသွားတာလို့ မယ်မယ်ကြီးက ကောက်ချက်ချပါတယ်။ နန်းတွင်းထုံးစံတစ်ခုရှိပါတယ်။ အဲဒီထုံးစံအရဆိုရင် မိန်းမစိုးတစ်ယောက်ပျောက်သွားတဲ့အခါ ရှာဖွေရေးအဖွဲ့လွှတ်ပြီး အဲဒီမိန်းမစိုးကို ပြန်ရှာခေါ်လာပြီး အပြစ်ပေးရပါတယ်။ ဒါပေမဲ့အခြေအနေအရပ်ရပ်အရ ပျောက်နေတဲ့မိန်းမစိုးတွေကို မဖမ်းဖို့

မယ်မယ်ကြီးက အမိန့်ချထားပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့မှာတော့ မယ်မယ်ကြီးရဲ့ လက်စွဲတော်မိန်းမစိုးတစ်ယောက် ထပ်ပျောက်သွားပြန်ပါတယ်။ သည်မှာတင် မယ်မယ်ကြီး ဒေါသူပုန်ထတော့ပါပဲ။ အဲဒီမိန်းမစိုးပေါ်မှာ မယ်မယ်ကြီးက အတော်လေးစေတနာထားခဲ့ပါတယ်။ အခုပြဿနာအရိပ်အခြည်ပေါ်စပဲ ရှိသေးတယ်။ သူပျောက်သွားပါပြီ။ အဲဒီလိုနည်းနဲ့ မယ်မယ်ကြီးကို ကျေးဇူးဆပ်လိုက်တာလားတော့မသိပါဘူး။ ဒါပေမဲ့ အဲဒီမိန်းမစိုးပျောက်သွားလို့ ကျွန်မ ဝမ်းမနည်းတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သည်မိန်းမစိုးဟာ နန်းတွင်းသူတွေကို အခွင့်အရေးရတိုင်း ချောက်ချတတ်လို့ပါ။

ဒီလိုနဲ့ မိန်းမစိုးတွေ နေ့တိုင်းလိုလိုထွက်ပြေးလာကြတာ နောက်ဆုံးတော့ ဆောင်းဝင်တဲ့အထိ တားမြစ်မြို့တော်မှာပဲဆက်နေတာ ပိုလုံခြုံမယ်လို့မယ်မယ်ကြီးက ဆုံးဖြတ်လိုက်ရပါတယ်။ မိန်းမစိုးတွေ တစ်ယောက်ပြီးတစ်ယောက်ပျောက်နေရတဲ့ အကြောင်းနဲ့ပတ်သက်ပြီး ကျွန်မတို့ရဲ့ မိန်းမစိုးကို မေးကြည့်လိုက်တော့ စီရှီးမယ်မယ်ကြီး ထင်တဲ့အတိုင်းပါပဲလို့မှတ်ချက်ပေးပါတယ်။ အဲဒီမိန်းမစိုးတွေဟာ ဘောက်ဆာသူပုန်လှုပ်ရှားမှု လိုမျိုးပြဿနာကြီးတစ်ရပ်ပေါ်လာရင် ကြားညပ်မှာကြောက်နေတယ်လို့ ကျွန်မတို့ရဲ့ မိန်းမစိုးကြီးက ပြောပါတယ်။ မယ်မယ်ကြီးရဲ့ အလေးပေးခံရဆုံး မိန်းမစိုး ပြေးတဲ့အုပ်စုထဲ ပါသွားတာကို သူ့အနေနဲ့ နည်းနည်းမအံ့ဩဘူးလို့လည်း ပြောပါတယ်။ ပြီးတော့ မိန်းမစိုးထိန်း လီလျန်ယင်းကိုယ်တိုင်ကလည်း အားကိုးလောက်တဲ့သူမျိုး မဟုတ်ဘူးလို့ သူကဆက်ပြောပါတယ်။ သူ့အပြောအရဆိုရင် ဘောက်ဆာသူပုန်ထတဲ့အချိန်မှာ မယ်မယ်ကြီး ပီကင်းကနေ ရှီအန်းကိုရှောင်ရတော့ မိန်းမစိုး လီလျန်ယင်းဟာ ဖျားချင်ယောင်ဆောင်ပြီး မလိုက်ဘဲ နောက်ပိုင်းမှသာ လိုက်သွားတယ်လို့ သိရပါတယ်။ သဘောကတော့ တကယ်လို့တစ်ခုခုဖြစ်ခဲ့ရင် ချက်ချင်းနောက်ကြောင်း ပြန်လှည့်နိုင်ဖို့ပါ။ လီလျန်ယင်းအကြောင်းပြောနေရင်းနဲ့ ကျွန်မတို့ရဲ့ မိန်းမစိုးက အတွင်းရေးအချို့ကို ဖောက်သည်ချပါတယ်။ အပြစ်မဲ့တဲ့ မိန်းမစိုးအတော်များများသေခဲ့ရတာဟာ လီလျန်ယင်း ပယောဂမကင်းဘူးလို့ သူကပြောပါတယ်။ တကယ်တမ်းမှာလည်း မိန်းမစိုးထိန်း လီလျန်ယင်းက နန်းတွင်းမှာအတော်ဩဇာကြီးတဲ့သူပါ။ သူသဘောမတွေ့တဲ့သူ၊ သူ့ကို အာခံသူမှန်သမျှကို အကြောင်းအမျိုးမျိုးပြပြီး ရှင်းထုတ်တတ်တဲ့သူပါ။ ပြီးတော့ နန်းတွင်းမိန်းမစိုးတွေ ကျွန်မကို ပြောဖူးတာရှိပါတယ်။ ဒီကိစ္စကတော့ လူသိပ်မသိပါဘူး။ ဘာလဲဆိုတော့ မိန်းမစိုး လီလျန်ယင်းဟာ ဘိန်းစားတစ်ယောက်ဆိုတာပါ။ တားမြစ်မြို့တော်နန်းတော်ဝင်းထဲမှာ ဘိန်းရှူတာကို တင်းတင်းကျပ်ကျပ်တားဆီးထားပေမယ့် လီလျန်ယင်း ဘိန်းစားဖြစ်နေတာကို စီရှီးမယ်မယ်ကြီးတောင်မှ မသိခဲ့ပါဘူး။

မနက်တိုင်းလိုလို ရုရှားနဲ့ဂျပန် စစ်ဖြစ်မယ့်အခြေအနေနဲ့ ပတ်သက်ပြီး သတင်းတွေ

ထပ်ထပ်ထွက်လာပါတယ်။ အဲဒီသတင်းတွေကြောင့် နန်းတွင်းထဲမှာလည်း လှုတိုင်းစိတ်လှုပ်ရှားနေကြပါတယ်။ တစ်နေ့မှာတော့ မယ်မယ်ကြီးဟာ နန်းတွင်းတစ်ခုလုံးကို အထူးညီလာခံတစ်ခုခေါ်ပြီး ရုရှား-ဂျပန်အရေးနဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားဖို့မလိုကြောင်း ပြောပါတယ်။ တကယ်လို့ ရုရှားနဲ့ ဂျပန်စစ်ဖြစ်ခဲ့ရင် အဲဒီစစ်ဟာ ကျွန်မတို့နဲ့လည်း မဆိုင်သလို ဘိုးဘေးတွေရဲ့ ဝိညာဉ်တွေက စောင့်ကြည့်ပေးနေတဲ့အတွက် ကျွန်မတို့ကို ထိခိုက်စရာ မရှိဘူးလို့လည်း ပြောပါတယ်။ ပြီးတော့ အဲဒီပြဿနာတွေနဲ့ပတ်သက်ပြီး ဝေဖန်တာတွေ၊ ပြောတာတွေလည်း သူမတွေ့ချင်ဘူးလို့ မယ်မယ်ကြီးကမိန့်ပါတယ်။ ဒါပေမဲ့ စီရှီးမယ်မယ်ကြီးကိုယ်တိုင်က ရုရှား-ဂျပန်ပြဿနာနဲ့ပတ်သက်ပြီး ဘာတွေဖြစ်နေသလဲဆိုတဲ့သတင်းတွေ နေ့တိုင်းသိချင်နေတယ်။ မယ်မယ်ကြီးက အဲလိုမိန့်လာတဲ့အချိန်မှာ ကျွန်မကလည်း ရိုက်တာသတင်းဌာနရဲ့ အထူးသတင်းတွေနဲ့ ပြည်ပသတင်းစာတွေကသတင်းတွေရဖို့ လွယ်ပါတယ်လို့အကြံပေးလိုက်ပါတယ်။ အဲဒီအကြံကို မယ်မယ်ကြီးက သဘောကျသွားပါ တယ်။ ကျွန်မပြောတဲ့အတိုင်း နိုင်ငံခြားသတင်းစာတွေက သတင်းတွေကို ရွှေနန်းတော်ဆီ နေ့တိုင်းပို့ပြီး ကျွန်မက ဘာသာပြန်ပေးရမယ်လို့ အမိန့်ချလိုက်ပါတယ်။ ကျွန်မဖေဖေက ထုတ်သမျှနိုင်ငံခြားသတင်းစာတွေကိုရနေတော့ မယ်မယ်ကြီးညွှန်ကြားတဲ့အတိုင်း အဲဒီသတင်းစာမှန်သမျှကို နန်းတွင်းထဲပို့ဖို့ စီစဉ်ရပါတယ်။ ဒီလိုနဲ့ နံနက်ခင်းညီလာခံတိုင်းမှာ ကျွန်မဟာ ရုရှား-ဂျပန်စစ် သတင်းတွေကို ဘာသာပြန်တဲ့အလုပ်ရလိုက်ပါတော့တယ်။ နောက်ပိုင်းမှာ စီရှီးမယ်မယ်ကြီးဟာ ရုရှား-ဂျပန်စစ်သတင်းတွေကိုသာမကပါဘူး။ သတင်းစာတွေထဲမှာ ပါတဲ့အခြားစိတ်ဝင်စားဖွယ်သတင်းတွေကိုပါ အကြိုက်တွေ့လာပါတယ်။ အထူးသဖြင့် မယ်မယ်ကြီးဟာ ဥရောပ ထီးဆောင်းမင်းတွေရဲ့အကြောင်းကို ပိုပြီးစိတ်ဝင်စားလာပါတယ်။ နောက်တော့ ဘယ်လိုပဲပဲ ကြည့်ကြည့် မန်ချူးနန်းတွင်းဟာ သီးခြားဆန်တဲ့အတွက် နန်းတွင်းထဲမှာ ဖြစ်နေတာတွေကို အပြင်လူမသိကြဘူးလို့ မယ်မယ်ကြီးကမိန့်ပါတယ်။ တကယ်လို့သာ မန်ချူးနန်းတွင်းအကြောင်းကို အပြင်လူတွေပိုသိလာခဲ့ရင် နန်းတွင်းနဲ့ပတ်သက်တဲ့ ကောလာဟလတွေ ရပ်သွားမှာပဲလို့ မယ်မယ်ကြီးက မှတ်ချက်ပေးပါတယ်။

တားမြစ်မြို့တော်နန်းတော်မှာ ခိုနေရတုန်း ကျွန်မဟာ စီရှီးမယ်မယ်ကြီးရဲ့ သားတော်ရင်း နတ်ရွာစံဧကရာဇ်တန်ချိရဲ့ ဒုတိယမိဖုရားသုံးပါးနဲ့ ဆုံခဲ့ရပါတယ်။ ဧကရာဇ်တန်ချိ နတ်ရွာစံပြီးကတည်းက အဲဒီမိဖုရားသုံးပါးဟာ တားမြစ်မြို့တော်မှာပဲနေပြီး စီရှီးမယ်မယ်ကြီးအတွက် ဇာထိုးပန်းထိုးအလုပ်တွေ လုပ်ပေးခဲ့ပါတယ်။ သူတို့သုံးယောက်လုံးဟာ ပညာတတ်တွေပါ။ ယုပိုင်ဆိုတဲ့ မိဖုရားငယ်ဆိုရင် ကဗျာဖွဲ့တတ်ပါတယ်။ တူရိယာပေါင်းစုံလည်းတီးမှုတ်တတ်ပါတယ်။ ပြီးတော့ တရုတ်အင်ပိုင်ယာအဝန်းအဝိုင်းထဲမှာ ပညာရည်အမြင့်ဆုံးရယ်လို့

လည်း အသိအမှတ်ပြုခံထားရပါတဲ့ သူပါ။ မိဖုရားယုပိုင်ဟာ အနောက်နိုင်ငံတွေအကြောင်း၊ အဲဒီနိုင်ငံတွေရဲ့ ဓလေ့ထုံးစံတွေအကြောင်း ကောင်းကောင်းသိထားတော့ ကျွန်မတောင် အံ့သြခဲ့ရပါတယ်။ မိဖုရားငယ်ယုပိုင်က ဟိုစပ်စပ်သည်စပ်စပ်ဆိုသလို အရာရာတိုင်းကို တီးမိခေါက်မိရှိထားပုံရပါတယ်။

၁၂ လပိုင်းကုန်ခါနီးမှာတော့ စီရှီးမယ်မယ်ကြီးဟာ ချီလီပြည်နယ် (ယခုဟီပေ ပြည်နယ်)၊ ဘုရင်ခံ ယွှန်ရှီခိုင်ကို ရွှေတော်ဝင်ခွင့်ပေးခဲ့ပါတယ်။ အဲဒီပွဲကို ကျွန်မလည်း တက်ခဲ့ရပါတယ်။ စီရှီးမယ်မယ်ကြီးဟာ ယွှန်ရှီခိုင်နဲ့တွေ့တော့ ရုရှား-ဂျပန်စစ်ပွဲနဲ့ပတ်သက်ပြီး သူရဲ့ထင်မြင်ချက်ကိုတောင်းပါတယ်။ ရုရှားနဲ့ ဂျပန်တို့ စစ်ဖြစ်စေဦးတော့ အဲဒီစစ်ပွဲက တရုတ်နဲ့ဆက်နွယ်လာစရာ အကြောင်းမရှိဘူးလို့ ယွှန်ရှီခိုင်က ပြောပါတယ်။ ဒါပေမဲ့ စစ်ပွဲပြီးရင်တော့ မန်ချူးရီးယားဒေသနဲ့ပတ်သက်ပြီး ကျိန်းသေပေါက်ပြဿနာတက်ဦးမယ်လို့ ကွန်ရှီခိုင်က သုံးသပ်ပြပါတယ်။ ရုရှားနဲ့ ဂျပန်တို့ဟာ တရုတ်မြေပေါ်မှာ တိုက်ကြမှာမို့ ဒီအချက်ကို သူလည်းမြင်ကြောင်း စီရှီးမယ်မယ်ကြီးကပြောပါတယ်။ ပြီးတော့ တရုတ်နိုင်ငံအတွက် ဘယ်ဘက်မှာမှမပါဘဲ ကြားနေလိုက်တာက အကောင်းဆုံးဖြစ်မယ်လို့ မယ်မယ်ကြီးက သုံးသပ်ပါတယ်။

နောက်ပြီးတော့ ရုရှားနဲ့ဂျပန်စစ်ဖြစ်ရင်ဘယ်သူ နိုင်နိုင်သလဲလို့ စီရှီးမယ်မယ်ကြီးက ယွှန်ရှီခိုင်ကို မေးပါတယ်။ စစ်ဖြစ်လာရင် ရလဒ်ကိုအပြောရခက်ပေမယ့် ဂျပန်နိုင်မယ်ထင်တယ်လို့ ယွှန်ရှီခိုင်က ပြောပါ တယ်။ ဒါပေမဲ့ မယ်မယ်ကြီးကြည့်ရတာ စစ်ပွဲရလဒ်မှန်းချက်အပေါ် သံသယဝင်နေတဲ့ပုံပါဘဲ။ ရုရှားဟာ နိုင်ငံကြီးတစ်နိုင်ငံဖြစ်သလို စစ်အင်အားလည်းတောင့်တင်းတော့ ဂျပန်နဲ့စစ်ဖြစ်ရင် ဘယ်သူနိုင်မလဲဆိုတာ အပြောရခက်ကြောင်း မယ်မယ်ကြီးက မိန့်ပါတယ်။ နောက်တော့ စီရှီးမယ်မယ်ကြီးက တရုတ်ပြည်ရဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး ယွှန်ရှီခိုင်နဲ့ ဆက်ဆွေးနွေးပါတယ်။ တကယ်လို့ တရုတ်ပြည်အနေနဲ့ အခြား နိုင်ငံတစ်နိုင်ငံနဲ့ စစ်ဖြစ်ရတော့မယ်ဆိုရင် ပြဿနာဘဲလို့ မယ်မယ်ကြီးကမိန့်ပါတယ်။ တရုတ်ပြည်မှာ ရေတပ်လည်းမရှိ၊ စနစ်တကျလေ့ကျင့်ထားတဲ့ စစ်တပ်လည်းမရှိတော့ ကိုယ်ကိုယ်ကိုယ် ကာကွယ်ဖို့တောင် အနိုင်နိုင်ဖြစ်နေတယ်လို့ မယ်မယ်ကြီးက ဆိုပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ဘာပြဿနာကိုမှ ကြိုတွေးလို့ မလိုသေးဘူးလို့ ယွှန်ရှီခိုင်က မယ်မယ်ကြီးကို နှစ်သိမ့်ပါတယ်။ ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ် တရုတ်ပြည်ကြီး နိုးထမို့အချိန်ရောက်ပြီ၊ တရုတ်ပြည်ကြီး ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တစ်နည်းနည်းနဲ့ ရှင်းဖို့လိုပြီလို့ မယ်မယ်ကြီးက ပြောပါတယ်။ ခက်တာက သူကိုယ်တိုင်လည်း ဘယ်ကစလို့စရမှန်းမသိတာပါ။ မယ်မယ်ကြီးဟာ တရုတ်ပြည်ကို ကမ္ဘာ့အလယ်မှာ အားကောင်းမောင်းသန်နိုင်ငံကြီးဖြစ်ဖို့ ရည်မှန်းထားပါတယ်။

ခက်တာက တရုတ်ပြည်ကြီးဟာ ရှေ့မတိုးနိုင်သေးပါဘူး။

ယွန်ရှီခိုင်နဲ့ တွေ့ပြီးတဲ့အခါမှာ မယ်မယ်ကြီးက ဘုရင့်အတိုင်ပင်ခံကောင်စီ အစည်းအဝေး ဆက်ခေါ်ပါတယ်။ ပြီးတော့ ယွန်ရှီခိုင်နဲ့တွေ့ဆုံတုန်းက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကို အသိပေးပါတယ်။ အတိုင်ပင်ခံကောင်စီဝင်အားလုံးက တစ်ခုခု လုပ်မှဖြစ်မယ်ဆိုတာကို လက်ခံကြပါတယ်။ ပြီးတော့ အမျိုးသားကာကွယ်ရေးကဏ္ဍနဲ့ပတ်သက်ပြီး အကြံပြုချက်နှင့် သဘောထားအမြင်အတော်များများကို လည်းဆွေးနွေးကြပါတယ်။ ဒါပေမဲ့ အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်မင်းသားကြီးတစ်ပါးက သူ့အနေနဲ့ ပြုပြင်ပြောင်းလဲရေးကို လိုလားပေမယ့် နိုင်ငံခြားသားတွေရဲ့ ဝတ်စားဆင်ယင်ပုံ၊ နေထိုင်ပုံတွေလက်ခံကျင့်သုံးတာကိုတော့မလိုလားဘူးလို့ ဆွေးနွေးပါတယ်။ စီရှီးမယ်မယ်ကြီးကလည်း အဲဒီအချက်ကို ရာနှုန်းပြည့်ထောက်ခံခဲ့ပါတယ်။ ကိုယ်လောက်မှ ယဉ်ကျေးမှုအဆင့်အတန်းမမြင့်တဲ့ နိုင်ငံတွေရဲ့ အစဉ်အလာကို လက်ခံကျင့်သုံးဖို့ တရုတ်တို့ရဲ့ ရိုးရာအစဉ်အလာတွေကို ပြောင်းလဲမယ်ဆိုရင် မိုက်မဲရာကျမယ်လို့ မယ်မယ်ကြီးက ဆိုပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ဘုရင့်အတိုင်းပင်ခံကောင်စီအစည်းအဝေးက ဘာကိုမှပြတ်ပြတ်သားသားမဆုံးဖြတ်နိုင် ဘဲပြီးခဲ့ရပါတယ်။

နောက်ပိုင်းမှာတော့ နန်းတွင်းထဲမှာ စစ်ပွဲအကြောင်းကလွဲပြီးဘာမှ ထွေထွေထူးထူး ပြောစရာမရှိတော့ပါဘူး။ တစ်နေ့မှာယ စီရှီးမယ်မယ်ကြီးက တရုတ်ဗိုလ်ချုပ်ကြီးအများ အပြားကို ခေါ်ယူတွေ့ဆုံပြီး စစ်ရေးစစ်ရာတွေ ဆွေးနွေးခဲ့ပါတယ်။ စစ်သားတွေဟာ နန်းတွင်းထုံးစံနဲ့ မယဉ်ပါးတော့ မယ်မယ်ကြီးနဲ့ ဗိုလ်ချုပ်ကြီးတွေရဲ့ ဆွေးနွေးပွဲက ကသောင်းကနင်းနိုင်လှပါတယ်။ ဆွေးနွေးပွဲတက်လာတဲ့ ဗိုလ်ချုပ်ကြီးတွေဟာ လက်တွေ့မကျတဲ့ မဟုတ်မဟပ်အကြံဉာဏ်တွေကိုဘဲ ပေးနေကြပါတယ်။ ဥပမာအားဖြင့် အစည်းအဝေးတစ်ခုမှာ မယ်မယ်ကြီးက တရုတ်ရေတပ်စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီးမှတ်ချက်ပေးပါတယ်။ အဓိကကတော့ တရုတ် ရေတပ်မှာ စနစ်တကျလေ့ကျင့်ထားတဲ့ စစ်မှူးစစ်ကဲတွေမရှိတာကိုပါ။ အဲဒီမှာတင် ဗိုလ်ချုပ်ကြီးတစ်ယောက်က ကောက်ကာငင်ကာနဲ့ တရုတ်ပြည်က အခြားနိုင်ငံတွေထက် လူဦးရေပိုများပြီး စစ်ဖြစ်လာရင် အသုံးပြုလို့ရမယ့် မြစ်တွင်းသွားသင်္ဘောတွေ၊ ကုန်သင်္ဘောတွေအများကြီးရှိတယ်လို့ လျှောက်ပါတယ်။ မယ်မယ်ကြီးဟာ ချက်ချင်းဘဲ အဲဒီဗိုလ်ချုပ်ကြီးကို အငြိမ်းစားပေးလိုက်ပါတယ်။ တရုတ်ပြည်မှာ ယောက်ျားသားတွေများတာ မှန်ပေမယ့် အများစုက အဲဒီဗိုလ်ချုပ်ကြီးလို နိုင်ငံတော်အတွက် သိပ်အသုံးမဝင်တဲ့ လူတွေချည်းဘဲလို့ မိန့်ပါတယ်။ ခုနတုန်းကလို မဟုတ်တမ်းတရား အကြံဉာဏ်တွေပေးတဲ့ ဗိုလ်ချုပ်ကြီးလိုလူမျိုးတွေ တရုတ်ကြည်းတပ်နဲ့ ရေတပ်မှာ နေရာရနေတာကို မယ်မယ်ကြီးဟာ အတော်လေးအမျက်ထွက်နေပါတယ်။

၁၂ လပိုင်းကုန်ခါနီးလောက်မှာ ဝူချန်ပြည်နယ်ဘုရင်ခံချန်ချိတန် နန်းတွင်းကိုဝင်လာတော့ စီရှီးမယ်မယ်ကြီးက လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဝူချန်ဘုရင်ခံချန်ချိတန်ဟာ တရုတ်ပြည်မှာ အမှုထမ်းသက်အရင့်ဆုံးအရာရှိကြီး တစ်ဦးပါ။ ချန်ချိတန်နဲ့တွေ့တော့ မယ်မယ်ကြီးက ရုရှား-ဂျပန်စစ်ဖြစ်ရင် တရုတ်ပြည်အပေါ် ဘယ်လိုအကျိုးဆက်တွေရှိလာနိုင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်းလျှောက်တင်ဖို့ မိန့်ပါတယ်။ သူ့အနေနဲ့ ဖြစ်လာနိုင်သမျှ ပြဿနာတွေကို ရင်ဆိုင်ဖို့အသင့်ပြင်ထားတဲ့အတွက် မှန်ရာကိုမကြောက်မရွံ့ လျှောက်စေချင်လို့ကြောင်း ချန်ချိတန်ကို မိန့်ပါတယ်။ မယ်မယ်ကြီးအဲလို တိုက်တွန်းလိုက်တော့ ဝူချန်ဘုရင်ခံက ရုရှား-ဂျပန်စစ်ပွဲမှာ ဘယ်သူဘဲနိုင်နိုင်ကုန်သွယ်ရေးရည်ရွယ်ချက်တွေအတွက် မန်ချူးရီးယားဒေသနဲ့ ပတ်သက်ပြီး အင်အားကြီးနိုင်ငံတွေနဲ့ ဖြစ်နိုင်သမျှ သဘောတူညီချက်တွေယူထားသင့်တယ်လို့ ဆွေးနွေးပါတယ်။ ဒါပေမဲ့ ရုရှား-ဂျပန်စစ်ဖြစ်ရင်တရုတ်အနေနဲ့ ကြားဝင်စွက်ဖက်ဖို့မသင့်ဘူးလို့လည်း ပြောပါတယ်။ စီရှီးမယ်မယ်ကြီးက အရင်ညီလာခံတွေမှာ ရုရှား-ဂျပန်စစ်အကြောင်း ဆွေးနွေးခဲ့တာတွေ၊ တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေးခဲ့တာတွေကို ပြန်ပြောပြပါတယ်။ မယ်မယ်ကြီးစကားဆုံးတော့ ချန်ချိတန်က ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အချိန်အများကြီးရှိကြောင်း၊ တကယ်လို့ ပြုပြင်ပြောင်းလဲရေးကို လောလော လောလောလုပ်မယ်ဆိုရင် ဘယ်လုပ်ငန်းကိုမှ အပြီးသတ်နိုင်မှာမဟုတ်ကြောင်းလျှောက်တင်လိုက်ပါတယ်။ ပြီးတော့ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး ဘာကိုမှတိတိကျကျမဆုံးဖြတ်ခင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့လိုတယ်လို့လည်း ချန်ချိတန်က အကြံပြုပါတယ်။ ချန်ချိတန်ရဲ့ သဘောအရဆိုရင် ပြုပြင်ပြောင်းလဲရေးကိစ္စမှာ အစွန်းရောက်ရင်လည်း မကောင်းဘူးဆိုလို့ ကျွန်မနားလည်ထားပါတယ်။ ပြီးတော့ ကျန်ခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ်အောက်ကဆိုရင် ဘယ်လိုပြုပြင်ပြောင်းလဲမှုမျိုးကိုမဆို သူ့အနေနဲ့ကန့်ကွက်မိမှာဖြစ်ပေမယ့် အခုတော့ပြုပြင်ပြောင်းရေးလုပ်ငန်းကို အတိုင်းအတာတစ်ရပ်အထိလုပ်ဖို့လိုတယ်လို့ ခံယူထားကြောင်း ချန်ချိတန်ကပြောပါတယ်။ ပြီးတော့ တရုတ်အစဉ်အလာတွေ၊ ဘိုးဘေးတွေရဲ့ အစဉ်အလာတွေကို မပစ်ပယ်သင့်ဘူးလို့လည်း ချန်ချိတန်က မှတ်ချက်ပေးပါတယ်။ တစ်နည်းအားဖြင့် တရုတ်ပြည်အတွက် အကျိုးရှိမည့် အနောက်တိုင်းယဉ်ကျေးမှု ပုံစံမျိုးကိုသာ လက်ခံဖို့ ချန်ချိတန်က ရိုးရိုးရှင်းရှင်းဘဲ အကြံပြုလိုက်တာပါ။ ချန်ချိတန်ရဲ့ သဘောထားဟာ သူ့သဘောထားနဲ့ ထပ်တူထပ်မျှတူနေတာမို့ သည်ဆွေးနွေးပွဲကို စီရှီးမယ်မယ်ကြီးအရမ်းကျေနပ်ခဲ့ပုံရပါတယ်။

သည်နေရာမှ ထူးခြားတာက ကွမ်ဆူးဧကရာဇ်ပါ။ တရုတ်- ရုရှား-ဂျပန်စစ်ပွဲနဲ့ ပတ်သက်တဲ့ ညီလာခံတိုင်းမှာသူပါပေမယ့် ဘာတစ်လုံးမှဝင်မပြောပါဘူး။ တစ်ချိန်လုံး ရေငုံနှုတ်ပိတ်ပြီး အခြားသူတွေပြောသမျှ ထိုင်နားထောင်ခဲ့ပါတယ်။ နန်းတွင်းစည်းမျဉ်းအရ

စီရှိုးမယ်မယ်ကြီးက သူ့သဘောထားကို တောင်းတဲ့ အခါမှာလည်း မယ်မယ်ကြီးပြောတာတွေ၊ ဆုံးဖြတ်တာတွေကိုသူလက်ခံကြောင်းဘဲပြန်ပြောတတ်ပါတယ်။ သည်နှစ်နွေဦးရာသီဟာ အတော်လေးပူတော့ စီရှိုးမယ်မယ်ကြီးဟာ ပင်လယ်နန်းတော်ဆီကို ပြန်ဖို့ဆန္ဒ စောနေပါ တယ်။ ဒါပေမဲ့ ရုရှားနဲ့ ဂျပန်စစ်ပွဲစနေပြီမို့ ပြဿနာတွေပြီးတဲ့အထိ တားမြစ်မြို့တော်မှာ ဘဲဆက်နေရ တုန်းပါပဲ။ စီရှိုးမယ်မယ်ကြီးဟာ စစ်ပွဲနဲ့ပတ်သက်ပြီးအတော်လေးကိုစိတ်ပူနေ ပါတယ်။ တရုတ်ပြည်ကြီးကို စောင့်ရှောက်ဖို့အတွက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေဆီမှာ နေ့စဉ်လိုလိုဆုတောင်းနေပါတယ်။ နှစ်လပိုင်းစတင်ဝင်ချိန်အထိ တားမြစ်မြို့တော်မှာ ဘာမှ အပြောင်းအလဲကြီးကြီးမားမားမရှိခဲ့ပါဘူး။ နှစ်လပိုင်းရောက်တော့ စီရှိုးမယ်မယ်ကြီးဟာ တားမြစ်မြို့တော်မှာနေရတာ အတော်လေးငြီးငွေ့နေပါပြီ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ပင်လယ် နန်းတော်ကို နေရာရွှေ့ပြီးစံတော့မယ်လို့မိန့်ပါတယ်။ နှစ်လပိုင်း ၆ ရက်နေ့မှာတော့ ကျွန်မတို့ ပင်လယ်နန်းတော်ဆီကို ပြောင်းရပြန်ပါတယ်။ ပင်လယ်နန်းတော်မှာတော့ အရာရာတိုင်းဟာ စိမ်းလတ်နေပါတယ်။ သစ်ပင်တွေလည်းစပြီး သီးပွင့်နေကြပါပြီ။ ကျွန်မတို့အုပ်စုကြီးဟာ လူသားတွေထက် လှောင်ချိုင့်တစ်ခုကနေလွတ်မြောက်ဖို့ကြိုးစားနေတဲ့ သားရိုင်းအုပ်စုနဲ့ ပိုတူကြောင်းမယ်မယ်ကြီးက မှတ်ချက်ချပါတယ်။

နှစ်လပိုင်း ၁၄ ရက်နေ့(၁၉၀၄ ခုနှစ် မတ် ၂ ရက်)မှာတော့ ကျွန်မနန်းတွင်းကို စရောက်တာ တစ်နှစ်တင်းတင်းဖြစ်ခဲ့ပြီဖြစ်တယ်။ ဒါလည်း မယ်မယ်ကြီး အမှတ်ဖော်ပေးမှ ကျွန်မသိရတာပါ။ ကျွန်မကတော့ တစ်နှစ်ပြည့်လို့ပြည့်မှန်းတောင်မသိခဲ့ပါဘူး။ နန်းတွင်းမှာ နေရတာစိတ်ပျော်ရဲ့လား။ ပြင်သစ်ကို ပြန်မသွားချင်ဘူးလားလို့ မယ်မယ်ကြီးက ကျွန်မကို မေးပါတယ်။ ကျွန်မကလည်း ပြင်သစ်မှာနေရတာ ပျော်စရာကောင်းပေမယ့် နန်းတွင်းမှာ နေရတာကို ပိုပျော်ကြောင်း အမှန်အတိုင်းဘဲဖြေလိုက်ပါတယ်။ ပြီးတော့ ကိုယ့်အမိမြေမှာ မိသားစုတွေမိတ်ဆွေတွေနဲ့အတူနေရတာကို သူစိမ်းမြေမှာနေရတာထက် ပိုပျော် တယ်လို့ လည်း ကျွန်မက လျှောက်တင်လိုက်ပါတယ်။ မယ်မယ်ကြီးက ပြုံးပြီးကျွန်မနန်းတွင်းသူဘဝကို ငြီး ငွေ့သွားမှာသူကြောက်တဲ့အကြောင်း ပြောပါတယ်။ ပြီးတော့ ကျွန်မကိုနန်းတွင်းထဲမှာ ဆက်ထားဖို့အကောင်းဆုံးနည်းလမ်းက အိမ်ထောင်ချပေးတာပဲလို့လဲပြောပါတယ်။ နောက် တော့ ကျွန်မရဲ့အိမ်ထောင်ရေး ရည်ရွယ်ချက်ကို မယ်မယ်ကြီးကထပ်ပြီး မေးပါတယ်။ ယောက်ျားမတွေနဲ့ ပတ်သက်ရမှာကြောက်လို့လား၊ ဒါမှမဟုတ်ဘာတွေကို စိုးရိမ်နေသလဲလို့လည်း မေးပါတယ်။ ဒါပေမဲ့ သူ့အသက်ရှင်နေသမျှ ဘာမှကြောက်ဖို့မလိုဘူးလို့လည်း ပြောပါတယ်။ ပြီးတော့ ကျွန်မအိမ်ထောင်ပြုခဲ့ရင်တောင် အိမ်ပြန်နေဖို့မလိုဘဲ ပုံမှန်အတိုင်းနန်းတွင်းထဲမှာပဲ နေနိုင်တယ်လို့ မယ်မယ်ကြီးက ဆက်ပြောပါတယ်။ မယ်မယ်ကြီးစကားက မဆုံးသေးပါဘူး။

ပြီးခဲ့တဲ့နှစ်က ကျွန်မအိမ်ထောင်ရေးအနာဂတ်နဲ့ ပတ်သက်ပြီး ပြောတုန်းက ကျွန်မဟာနန်းတွင်းသူတွေနဲ့ ဘဝပုံစံချင်းမတူဘဲ ကြီးပြင်းလာသူဖြစ်တဲ့အတွက် အိမ်ထောင်ပြုခွင့်ပေးမယ်လို့ စိတ်ထဲမှန်းထားကြောင်း မယ်မယ်ကြီးက ပြောပါတယ်။ ပြီးတော့သည်ကိစ္စကိုလည်း သူမမေ့သေးဘဲ ကျွန်မအတွက် သင့်တော်တဲ့ ခင်ပွန်းလောင်းတစ်ဦးရှာနေတုန်းပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ရှေ့မှာပြောခဲ့သလိုဘဲကျွန်မအနေနဲ့ အိမ်ထောင်ပြုဖို့ဆန္ဒမရှိသေးပါဘူး။ မယ်မယ်ကြီးခွင့်ပြုနိုင်သမျှ နန်းတွင်းထဲမှာပဲ အပျိုတော်မင်းသမီးအဖြစ် ဆက်နေချင်ပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်မအိမ်ထောင်မပြုချင်သေးပါဘူးလို့ဘဲပြန်ဖြေလိုက်ပါတယ်။ အဲဒီအခါမယ်မယ်ကြီးက ကျွန်မကိုခေါင်းမာရန်ကောလို့ဘဲပြောနိုင်ပါတော့တယ်။ ကျွန်မတို့ပင်လယ်နန်းတော်ကို ရောက်တဲ့နှစ်လပိုင်းထဲမှာပဲ အမေရိကန်ပန်းချီဆရာမ မစ္စကားလ်က မယ်မယ်ကြီးရဲ့ ပုံတူပန်းချီကားကို အပြီးသတ်ခဲ့ပါတယ်။ မစ္စကားလ်ပင်လယ်နန်းတော်မှာ ရှိနေတုန်းက ၁၉၀၀ ပြည့်ဘောက်ဆာသူပုန်လှုပ်ရှားမှုနဲ့ပတ်သက်ပြီး မေးသေးမြန်းသေးလားလို့ ကျွန်မကို မေးပါတယ်။ ဘောက်ဆာသူပုန်အရေးတော်ပုံပေါ်တုန်းက ကျွန်မက ပါရီမှာဘဲရှိနေတော့ သည်လှုပ်ရှားမှုအကြောင်းကို ဂဃဏနမသိခဲ့ပါဘူး။ ပြီးတော့ မစ္စကားလ်က လည်း သည်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်မကိုမေးလားစမ်းလား မရှိခဲ့ပါဘူး။ သည်တော့ ၁၉၀၀ ပြည့်နှစ်ဘောက်ဆာသူပုန်အကြောင်းမစ္စကားလ်မမေးခဲ့ပါဘူးလို့ဘဲ ကျွန်မပြန်ဖြေလိုက်ပါတယ်။ အဲဒီတော့ မယ်မယ်ကြီးက သူ့အနေနဲ့ ဘောက်ဆာသူပုန်လှုပ်ရှားမှုအကြောင်း ပြန်မပြောချင်တော့ကြောင်း၊ သည်ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားသား သူစိမ်းတစ်ရံဆံတွေက သူ့နန်းတွင်းသူ နန်းတွင်းသားတွေကိုလည်း မေးမြန်းတာမကြိုက်ကြောင်း ကျွန်မကိုပြောပါတယ်။ ပြီးတော့ သူဟာကမ္ဘာပေါ်မှာ အထက်မြက်ဆုံး မိန်းမသား၊ သူနဲ့ နှိုင်းယှဉ်စရာလည်း ဘယ်သူမှမရှိဘူးလို့ တစ်ခါတလေစိတ်ထဲတွေးမိကြောင်း ပြောပါတယ်။ ဗြိတိန်ဘုရင်မကြီး ဝိတိုရိယရဲ့ဘဝဇာတ်ကြောင်းကို သူဖတ်ဖူးကြောင်း၊ ဒါပေမဲ့ ဘုရင်မကြီးဝိတိုရိယရဲ့ဘဝဟာ သူ့ဘဝ လောက်စိတ်ဝင်စားဖို့မကောင်းကြောင်း၊ အင်္ဂလန်ဟာ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးတိုင်းပြည်တစ်ခုဖြစ်ပေမယ့် အဲဒီအောင်မြင်မှုကို ဝိတိုရိယဘုရင်မကြီးတစ်ဦးတည်းရဲ့ ဦးဆောင်မှုနဲ့ရခဲ့တာမဟုတ်ဘဲ အချိန်တိုင်း သူ့ဘက်ကထောက်ခံမှုပေးခဲ့တဲ့ ပါလီမန်ထဲက လူတော်တွေရဲ့ အစွမ်းနဲ့ရခဲ့တာဖြစ်ကြောင်း မယ်မယ်ကြီးကဆိုပါတယ်။ အခုသူ့မှာတော့ လူပေါင်းသန်း ၄၀၀ ကျော်ကို အုပ်ချုပ်နေသူဖြစ်ပါလျက် ဘုရင့်အတိုင်ခံကောင်စီရဲ့ အကူအညီမရဘဲ ဆုံးဖြတ်ချက်တိုင်းကိုယ်တိုင်ချနေရကြောင်း၊ မယ်မယ်ကြီးက ဆက်မိန့်ပါတယ်။ နောက်တော့ ဘောက်ဆာသူပုန်လှုပ်ရှားမှုဟာ သူ့ဘဝရဲ့ အကြီးဆုံးအမှားတစ်ခုဖြစ်ခဲ့ပြီး သူ့အနေနဲ့ဘောက်ဆာသူပုန်များရဲ့ လုပ်ရပ်နဲ့ယုံကြည်ချက်ကိုတားဖို့ အမိန့်ထုတ်ခဲ့သင့်ကြောင်း မယ်မယ်ကြီးက

ပြောပါတယ်။ နောက်တော့ဘောက်ဆာသူပုန်လှုပ်ရှားမှုကာလအတွင်း နန်းတွင်းက မင်းသား ကြီးတွေ မြို့စားနယ်စားတွေရဲ့ ဖောက်ပြန်ပုံတွေ၊ ခရစ်ယာန်ဘာသာဝင်အဖြစ် စွပ်စွဲခံခဲ့ရတဲ့ မိန်းမစိုးတွေ ခေါင်းဖြတ်အသတ်ခံရပုံတွေ၊ နန်းတွင်းထဲအထိကူးစက်လာတဲ့ ဘောက်ဆာသူ ပုန်လှုပ်ရှားမှုကြောင့် နန်းတွင်းထဲက လူတွေဘောက်ဆာသူပုန် အုပ်စု ဝတ်စုံဝတ်ခဲ့ရပုံတွေကို မယ်မယ်ကြီးကပြန်ပြောပါတယ်။

သုံးလပိုင်းအကုန်မှာတော့ မယ်မယ်ကြီးက ပင်လယ်နန်းတော်မှာ စံရတာတော် လောက်ပြီလို့ ဆုံးဖြတ်လိုက်ခဲ့ပြီး နွေရာသီစံနန်းတော်ကို နန်းပြန်ရွှေ့ပါတယ်။ သည်တစ် ကြိမ်မှာတော့ ရာသီဥတုသင့်တာမို့ ရေလမ်းခရီးနဲ့ဘဲ နွေရာသီစံနန်းကို ကျွန်မတို့ပြန်ခဲ့ကြပါ တယ်။ နွေရာသီစံနန်းတော် ရေတံခါးဂိတ်ရောက်တော့ မတ်မွန်ပန်းတွေလည်း အပြိုင်အဆိုင် ပွင့်နေကြပါပြီ။ မယ်မယ်ကြီးကြည့်ရတာ ရုရှား-ဂျပန်စစ်ပွဲကိုတောင် အခိုက်အတန့်အားဖြင့် မေ့သွားသလိုပါဘဲ။

## နိဂုံး

ကျွန်မရဲ့ နန်းတွင်းအပျိုတော်ဘဝဒုတိယနှစ် အတွေ့အကြုံတွေက ပထမနှစ်နဲ့ အတူပါပဲ။ သိပ်ကွာခြားမှုမရှိခဲ့ပါဘူး။ ပုံမှန်ပွဲလမ်းသဘင်တွေလည်း အမြဲ၊ အောက်မေ့ဖွယ် အခမ်းအနားတွေ ကျင်းပမြဲ၊ မယ်မယ်ကြီးရဲ့ နံနက်ခင်းညီလာခံလည်း ကျင်းပမြဲပါ။ အဲဒီ နန်းတွင်းသူဘဝကိုသည်တစ်ခါ၊ ပျော်တစ်လှည့်ဖြတ်သန်းနေတုန်းမှာပဲ ကျွန်မဖေဖေအိပ်ရာထဲ လဲတော့မယ့်အခြေအနေကို ရောက်ခဲ့ပါတယ်။ ကျန်းမာရေးအခြေအနေကြောင့် မင်းမှု ထမ်းဘဝကနုတ်ထွက်ဖို့ ဖေဖေကခွင့်တောင်းခံခဲ့ပေမယ့်လည်း မယ်မယ်ကြီးက လက်မခံခဲ့ပါ ဘူး။ ရာထူးထွက်မယ့်အစား ခြောက်လလောက်အနားယူဖို့ပဲ အမိန့်ချပါတယ်။ ဖေဖေက ရှန်ဟိုင်းကိုသွားပြီး မိသားစုဆရာဝန်နဲ့ ပြချင်ပေမယ့် မယ်မယ်ကြီးသဘောမတူပါဘူး။ သူ့ရဲ့ နန်းတွင်းသမားတော်တွေလည်း အနောက်တိုင်းဆရာဝန်တွေလိုပဲ ရောဂါကုတဲ့နေရာမှာ တော်ကြပါတယ်လို့ ပြောပါတယ်။ အဲဒီနန်းတွင်းသမားတော်တွေဟာ ဖေဖေ့ဆီနေ့စဉ်သွားပြီး ဆေးဝါးကုသပေးပါတယ်။ သိပ် မကြာခင်မှာပဲ ဖေဖေဟာ ထူထူထောင်ထောင်ပြန်ဖြစ်လာပေ မယ့် အရိုးအဆစ်ကိုက်ခဲမှုရောဂါကြောင့် ဟိုသွားသည်သွားတော့ မလုပ်နိုင်သေးပါဘူး။ ဒါနဲ့ ကျွန်မတို့လည်း ဖေဖေ့ရောဂါကို ခြေခြေမြစ်မြစ်နားလည်တဲ့ ရှန်ဟိုင်းက ဆရာဝန်ဆီသွားပြဖို့ မယ်မယ်ကြီးကို လျှောက်ထားကြည့်ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးကလက်မခံခဲ့ပါဘူး။ ကျွန်မ တို့အနေနဲ့ နည်းနည်းလောက် စိတ်ရှည်လက်ရှည်တော့ကြည့်ဖို့လိုကြောင်း၊ တရုတ် သမား တော်တွေရဲ့ ကုသမှုကအချိန်ပေးရပေမယ့် ရောဂါအရှင်းပျောက်ဖို့ သေချာကြောင်း ပြောပါ တယ်။ တကယ်တော့ မယ်မယ်ကြီးစိုးရိမ်နေတာက ဖေဖေကရှန်ဟိုင်းသွားရရင် ကျန်တဲ့ ကျွန်မတို့မိသားစုတွေပါ လိုက်သွားမယ့်အရေးကိုပါ။ ဒါမျိုးတော့ သူခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါနဲ့ပဲ ကျွန်မတို့လည်း ဖေဖေ့အခြေအနေပိုဆိုးမလာရင်တော့ ပီကင်းမှာပဲ ဆက်နေကြဖို့

ဆုံးဖြတ်လိုက်ရပါတယ်။

အဲဒီအချိန်မှာပဲ ပုံမှန်အတိုင်း နိုင်ငံခြားသံတမန်တွေအတွက် ဥယျာဉ်ပါတီပွဲပေးဖို့ အချိန်ကျလာ ပြန်ပါတယ်။ အစဉ်အလာအတိုင်း ဥယျာဉ်ပါတီပွဲကို နိုင်ငံခြားသံရုံးတွေက သံကြီးတမန်ကြီးတွေအတွက် တစ်ရက်သီးသန့်ကျင်းပပေးဖို့နဲ့ သံကတော်တွေအတွက် နောက်တစ်ရက်မှာ သီးသန့်ကျင်းပပေးဖို့ စီစဉ်ရပါတယ်။ ဒါပေမဲ့ သည်နှစ်ဥယျာဉ်ပါတီပွဲကိုတက်တဲ့ ဧည့်သည်တွေက အရင်နှစ်တွေကထက်စာရင် ပိုနည်းပါတယ်။ လာတဲ့ ဧည့်သည်တော်တွေထဲမှာ အရင်နှစ်ကမမြင်ဖူးတဲ့သူတွေလည်း အတော်များများ သိပါတယ်။ တရုတ်ပြည်ဆိုင်ရာ ဂျပန်သံရုံးက သံအမတ်ကြီးကတော်နဲ့အဖွဲ့လည်း သည်နှစ်ဥယျာဉ်ပါတီပွဲကိုတက်တာ တွေ့ရပါတယ်။

ရာသီဥတုသာယာတဲ့ အချိန်မျိုးကျရင် မယ်မယ်ကြီးဟာ မိန်းမစိုးတွေ ဥယျာဉ်ထဲမှာ အလုပ်လုပ်တာကို သွားကြည့်တတ်ပါတယ်။ ဆောင်းဦးရာသီသစ်မှာတော့ ကြာပင်တွေ အသစ်လဲစိုက်ပါတယ်။ မယ်မယ်ကြီးဟာ ကြာပင်တွေ အသစ်လဲလိုက်ရတဲ့အလုပ်ကို အတော်လေးစိတ်ဝင်စားပါတယ်။ ပုံမှန်အားဖြင့်တော့ ကြာပင်တွေကို ခွန်မင်ရေကန်ကြီးရဲ့ အနောက်ဘက်ခြမ်း ရေတိမ်ပိုင်းမှာစိုက်လေ့ရှိပါတယ်။ အဲဒီလို ကြာပင်တွေအသစ်လဲတဲ့အချိန်မှာ မိန်းမစိုးတွေဟာ ရေထဲရင်ညွန့်လောက်တဲ့အထိဆင်းပြီး ကြာပင်ဟောင်းတွေ နုတ်ရပါတယ်။ ပြီးရင် ကြာပင်သစ်စိုက်ပေးရပါတယ်။ မယ်မယ်ကြီးဟာ သူသိပ်သဘောကျတဲ့ ကျောက်စိမ်းလက်ပတ်တံတားပေါ်မှာ ထိုင်ပြီးမိန်းမစိုးတွေ ကြာပင်ပြောင်းစိုက်တာ ကိုယ်တိုင်ကြီးကြပ်လေ့ရှိပါတယ်။

ဆောင်းဦးရာသီအတွင်းမှာပဲ ဟီပေပြည်နယ်ဘုရင်ခံ ယွန်ရှီခိုင်နန်းတွင်းကို ထပ်ရောက်လာပြီး မယ်မယ်ကြီးဆီအခစားဝင်ပါတယ်။ သူတွေဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းတရားမှာ ရုရှား-ဂျပန်စစ်ပွဲအကြောင်းပါပဲ။ ရုရှား-ဂျပန်စစ်ပွဲဟာ အလွန်စိုးရိမ်ရတဲ့ အနေအထားရှိနေတာမို့ ရေရှည်မှာတရုတ်ပြည်ဒုက္ခရောက်မှာကို စိုးရိမ်ကြောင်း ယွန်ရှီခိုင်ကလျှောက်ထားပါတယ်။ သည်သတင်းကြောင့် မယ်မယ်ကြီး အတော်လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ ပြီးတော့ နန်းတွင်းအရာရှိကြီးတစ်ဦးက ဂျပန်ကို ဆန်တန်ချိန်အတော်များများ လက်ဆောင်ပဏ္ဏာအဖြစ်ပေးဖို့ အကြံပြုထားပေမယ့် ဘာပဲဖြစ်ဖြစ်မပေးဘူးလို့ ဆုံးဖြတ်ထားကြောင်း ယွန်ရှီခိုင်ကို ပြောပါတယ်။ မယ်မယ်ကြီးရဲ့ သဘောထားကို ယွန်ရှီခိုင်ကလည်း လုံးဝထောက်ခံခဲ့ပါတယ်။

ကျွန်မကတော့ နေ့တိုင်းလိုလို ရုရှား-ဂျပန်စစ်ပွဲနဲ့ပတ်သက်ပြီး ရတက်သမျှ နိုင်ငံခြားသတင်းတွေကို သာသာပြန်ပေးနေရဆဲပါပဲ။ တစ်မနက်မှာတော့ ၁၈၉၈ ခုနှစ်တရုတ်ပြုပြင်

ပြောင်းလဲရေးလှုပ်ရှားမှု ခေါင်းဆောင်ကန်ယုဝေ နယ်သာလန်နိုင်ငံ ဘာတာဗီးယားဒေသကနေ စင်ကာပူကို ရောက်နေတယ်ဆိုတဲ့ သတင်းကိုတွေ့တော့ မယ်မယ်ကြီးစိတ်ဝင်စားနိုင်မယ့် သတင်းမျိုးပဲလို့ ကျွန်မထင်တာနဲ့ ကျန်စစ်သတင်းတွေနဲ့အတူ အဲဒီသတင်းတွေကို ဘာသာပြန်ပြီး မယ်မယ်ကြီးဆီကို ဆက်သလိုက်ပါတယ်။ အဲဒီသတင်းကိုတွေ့တော့ မယ်မယ်ကြီးစိတ်လှုပ်ရှားသွားပုံများ ကျွန်မတောင်ကြောက်သွားပါတယ်။ နောက်တော့ ကန်ယုဝေဟာ တရုတ်ပြည်ကို အမျိုးမျိုးဒုက္ခပေးခဲ့သူဖြစ်ကြောင်း မယ်မယ်ကြီးက ကျွန်မကိုရှင်းပြပါတယ်။ ကန်ယုဝေနဲ့ မတွေ့ခင်တုန်းက လက်ရှိမင်းကြီးဟာ ဘိုးဘေးတွေရဲ့ ထုံးတမ်းအစဉ်အလာကို အရမ်းလေးစားသူဖြစ်ပေမယ့် ကန်ယုဝေနဲ့တွေ့ပြီးနောက်ပိုင်း မင်းကြီးဟာ ပြုပြင်ပြောင်းလဲရေးဘက် စိတ်ပါလာပြီး ခရစ်ယာန်ဘာသာကိုတောင် တရုတ်ပြည်ထဲမှာ ဖြန့်ဖို့လိုလားလာတယ်လို့ မယ်မယ်ကြီးက ပြောပါတယ်။ တစ်ကြိမ်ဆိုရင် ကန်ယုဝေဟာ လိုချင်တဲ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ ထိထိရောက်ရောက်လုပ်ဖို့ နွေရာသီစံနန်းတော်ကို စစ်သားတွေနဲ့ ဝိုင်းပြီး မယ်မယ်ကြီးကို အကျဉ်းသားအဖြစ် ထိန်းသိမ်းထားဖို့ မင်းကြီးကွမ်ဆူးကို စည်းရုံးခဲ့ဖူးတယ်လို့ မယ်မယ်ကြီးအဆိုအရ သိရပါတယ်။ ဘုရင့်အတိုင်ပင်ခံကောင်စီ ယန်လုနဲ့ဟီပေဘုရင်ခံ ယွန်ရှိခိုင်တို့ သစ္စာရှိလို့သာသည်အကြံအစည်ကို တားဆီးနိုင်ခဲ့တာလို့ မယ်မယ်ကြီးက မိန့်ပါတယ်။ နောက်တော့ မယ်မယ်ကြီးဟာ ကန်ယုဝေနဲ့ အပေါင်းအပါတွေကို ဖမ်းဖို့အမိန့်ထုတ်ခဲ့ပေမယ့် ကန်ယုဝေဟာ လွတ်မြောက်သွားပါတယ်။ အခုကျွန်မဘာသာပြန်ပေးလိုက်တဲ့ သတင်းမထွက်ခင်အထိ ကန်ယုဝေအကြောင်းမကြားရတော့ပါဘူး။ မယ်မယ်ကြီးဟာ ကန်ယုဝေ ဘယ်ရောက်နေတယ်ဆိုတာ သိလိုက်ရတော့ စိတ်သက်သာရာရခဲ့ပုံရပါတယ်။ ဒါပေမဲ့ ကန်ယုဝေဘာတွေလုပ်နေသလဲဆိုတာတော့ သိချင်တဲ့ပုံပါဘဲ။ နောက်တော့ ရုတ်တရက်ဆိုသလို မယ်မယ်ကြီးဟာ ဒေါသထွက်လာပြီး တရုတ်နိုင်ငံရေး သစ္စာဖောက်တွေ၊ ရာဇဝတ်သားတွေကို အကာအကွယ်ပေးထားတဲ့ ပြည်ပအစိုးရတွေကို ဝေဖန်ပါတော့တယ်။ တရုတ်ပြည်ရဲ့ ပြဿနာကို တရုတ်ပြည်ကိုယ်တိုင်ရှင်းဖို့ဘာလို့ခွင့်မပြုတာလည်းဆိုပြီး မေးခွန်းထုတ်ပါတယ်။ ဒါပေမဲ့ ကန်ယုဝေပြဿနာဟာ တဖြည်းဖြည်းပြီး သွားမှာပါလို့လည်း မယ်မယ်ကြီးက ပြောပါတယ်။

တစ်ရက်တော့ မယ်မယ်ကြီးနဲ့ ကျွန်မတို့ဟာ ပင်လယ်နန်းတော်ဆီကို အလည်တစ်ခေါက်ဖြစ်သွားပါတယ်။ ပင်လယ်နန်းတော်ဆီကို ရောက်တော့မြေကွက်လွတ်ကြီးတစ်ခုကို မယ်မယ်ကြီးက စိန်းစိန်းဝါးဝါးကြည့်ပြီး သည်မြေနေရာမှာအရင်တုန်းက ညီလာခံခန်းမဆောင် ရှိခဲ့ဖူးကြောင်း၊ ဘောက်ဆာသူပုန်လှုပ်ရှားမှုကာလမှာ မီးလောင်ပျက်စီးခဲ့ရကြောင်း ကျွန်မကို ပြောပါတယ်။ အခုတော့ သည်နေရာမှာဘဲ ညီလာခံခန်းမဆောင်အသစ်တစ်ခု ထပ်ဆောက်ဖို့

စီစဉ်ထားတယ်လို့လည်း ပြောပါတယ်။ ပြောပြောဆိုဆိုဘဲ မယ်မယ်ကြီးဟာ နန်းတွင်းတာဝန်ရှိတဲ့သူတွေကို ညီလာခံခန်းမဆောင်သစ်အတွက် ပုံစံထုတ်ဖို့ ညွှန်ကြားလိုက်ပြီး ပုံစံသစ်ကို သူ့ဆီတင်ပြ ဖို့ ညွှန်ကြားလိုက်ပါတယ်။ အခုအချိန်ထိတော့နန်းတွင်း အဆောက်အအုံတွေဟာ တရုတ်ရိုးရာ ဟန်ဖြစ်ပေမယ့် အသစ်ဆောက်မယ့်ညီလာခံခန်းမဆောင်ဟာ နိုင်ငံခြားဟန်ပါရမယ်လို့ မယ်မယ်ကြီးက အမိန့်ချပါတယ်။ ဘယ်လောက်မှမကြာပါဘူး။ နန်းတွင်းတာဝန်ရှိသူများတွေဟာ ညီလာခံခန်းမဆောင်သစ်ပုံစံသစ်ကို မယ်မယ်ကြီးဆီဆက်သပါတယ်။ ပုံစံငယ်ဆိုပေမဲ့ အသေးစိတ်ကျလွန်းပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးက အဲဒီပုံစံသစ်ကို ရှုထောင့်ပေါင်းစုံက ဝေဖန်ပါတော့တယ်။ ဘယ်အဆောင်ကြီးသင့်တယ်။ ဘယ်အဆောင်က သေးသင့်တယ်။ ဘယ်ပြတင်းပေါက်ကို ဘယ်နေရာမှာထားသင့်ဆိုတာအထိ ထောက်ပြပါတယ်။ ဒါနဲ့ဘဲ နန်းတွင်းတာဝန်ရှိသူတွေဟာ ညီလာခံခန်းမဆောင်ကို ပုံစံသစ်ပြန်ထုတ်ပြီး မယ်မယ်ကြီးဆီကို ထပ်တင်ပြရပါတယ်။ သည်တစ်ကြိမ်မှာတော့ မယ်မယ်ကြီးက အတော်စိတ်ကျေနပ်သွားပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေစတင်ဖို့ ညွှန်ကြားလိုက်ပါတယ်။ နောက်ပြဿနာတစ်ခုကတော့ အဲဒီညီလာခံခန်းမဆောင်သစ်ကို အမည်ပေးဖို့ပါ။ အထပ်ထပ်စဉ်းစားသုံးသပ်ပြီးတဲ့နောက်မှာတော့ ညီလာခံခန်းမဆောင်သစ်လို ပင်လယ်ကမ်းရိုးညီလာခံအဆောင်တော်လို့ အမည်ပေးဖို့ဆုံးဖြတ်လိုက်ပါတယ်။

နွေရာသီကာလတွေမှာတော့ ကျွန်မဟာကေရာဇ်ကွမ်ဆူးကို တစ်နေ့တစ်နာရီလောက် အင်္ဂလိပ်စာသင်ပေးဖို့ တာဝန်ယူခဲ့ရပါတယ်။ မင်းကြီးဟာ ဉာဏ်ကောင်းသလိုအတတ်လည်းမြန်ပါတယ်။ အသံထွက် ပုံထွက်နည်း ဌာန်ကရိုဏ်းမကျတာလေးတစ်ခုဘဲပြောစရာရှိပါတယ်။ ဘယ်လောက်မှမကြာပါဘူး။ မင်းကြီးက အလွယ်ရေးကျောင်းသုံး ဝတ္ထုတိုလေးတွေစဖတ်နိုင်ပြီး အရေးအသားလည်းတိုးတက်လာပါတယ်။ အထူးသဖြင့် အင်္ဂလိပ်ပန်းစာလုံးတွေရေးတဲ့အခါမှာ မင်းကြီးရဲ့လက်ရေးဟာသိပ်ကောင်းပါတယ်။ မင်းကြီး အင်္ဂလိပ်စာသင်တာကို သဘောကျနေတဲ့ မယ်မယ်ကြီးကသူလည်း အင်္ဂလိပ်စာသင်ရင် အတတ်မြန်မယ်လို့ထင်ကြောင်း ကျွန်မကိုပြောပါတယ်။ ဒါပေမဲ့ သင်ခန်းစာနှစ်ခုလောက်ပြီးတော့ မယ်မယ်ကြီးက စိတ်မရှည်နိုင်တော့ဘဲ သင်ကြားရေးအစီအစဉ်ကို ဖျက်လိုက်ပါတယ်။ အင်္ဂလိပ်စာသင်ဖို့ကိုလည်း နောက်ဘယ်တော့မှ မပြောတော့ပါဘူး။

အင်္ဂလိပ်စာသင်ခန်းစာကြောင့် ကျွန်မဟာမင်းကြီးနဲ့ စကားအတော်များများပြောဖြစ်ခဲ့ပါတယ်။ တစ်ကြိမ်မှာတော့ မင်းကြီးက ကျွန်မအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေအတွက် မယ်မယ်ကြီးကို စည်းရုံးတာ သိပ်အောင်မြင်မှုမရှိလှဖူးလို့ မှတ်ချက်ပေးပါတယ်။ ကျွန်မကတော့ ကျွန်မနန်းတွင်းစရောက်ကတည်းက အပြောင်းအလဲတွေ အများအပြားရှိခဲ့

တယ်လို့ ပြန်ဖြေခဲ့ပြီး ညီလာခံခန်းမဆောင်သစ်ကို ဥပမာအဖြစ် ပြပါတယ်။ ဒါပေမဲ့မင်းကြီးက တော့ ညီလာခံခန်းမဆောင်သစ်ဆောက်နိုင်တာမျိုးကို စာဖွဲ့လောက်တဲ့ အပြောင်းအလဲလို့ မမြင်ပါဘူး။ ပြီးတော့ ကျွန်မကိုလည်း ပြုပြင်ပြောင်းလဲရေးကိစ္စ လက်လျှော့ဖို့အကြံပေးပါတယ်။ ပြီးတော့ သင့်လျော်တဲ့အချိန်ရောက်ခဲ့ရင်၊ ရောက်ခဲ့မယ်ဆိုရင်တော့ ကျွန်မဟာ အသုံးဝင်လာ မယ်လို့လည်းပြောပါတယ်။ နောက်တော့ မင်းကြီးက ကျွန်မဖေဖေရဲ့ ကျန်းမာရေးအခြေအနေကို မေးပါတယ်။ ကျွန်မလည်း အခြေအနေကို ရှင်းပြရင်းတကယ်လို့ ဖေဖေ့ကျန်းမာရေးအခြေအနေ ပိုဆိုးလာရင် နန်းတွင်းကနေ ထွက်ဖို့လိုမယ်လို့ပြောလိုက်ပါတယ်။ ကျွန်မစကားဆုံးတော့ မင်းကြီးကသည်လိုသာဖြစ်ရင် သူ့အလွန်စိတ်မကောင်းဖြစ်မိမှာ အမှန်ဖြစ်ပေမယ့် ကျွန်မ တို့အတွက်ကတော့ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်လိမ့်မယ်လို့ သူယုံကြည်ကြောင်း ပြောပါ တယ်။ ပြီးတော့ နိုင်ငံရပ်ခြားမှာ နှစ်ပေါင်းများစွာနေထိုင်လာတဲ့ ကျွန်မအတွက် နန်းတွင်းသူ ဘဝမှာ ထာဝရမနေနိုင်ဘူးလို့လည်း သူ့ရင်ထဲက သိနေကြောင်း မင်းကြီးက ပြောပါတယ်။ တကယ်လို့သာ ဆန္ဒရှိလို့ ကျွန်မတို့နန်းတွင်းက ထွက်သွားမယ်ဆိုရင် သူတားရက်မှာမဟုတ်ဘူး လို့လည်း မင်းကြီးက ပြောပါတယ်။

စီရှီးမယ်မယ်ကြီးက ကျွန်မကို ဖေဖေ့ဆီ တစ်လနှစ်ကြိမ်ပြန်ဖို့ ခွင့်ပြုပေးထားပါတယ်။ အဲဒီအချိန်ထိတော့ အားလုံးကောင်းကောင်းမွန်မွန်ပါပဲ။ တစ်နေ့မှာတော့ မယ်မယ်ကြီးရဲ့ အခြွေအရံတစ်ဦးနဲ့ဆုံမိတော့ မယ်မယ်ကြီးဟာ ကျွန်မကို အိမ်ထောင်ရက်သားချပေးဖို့ ကြိုးစားနေတယ်လို့ သတင်းပေးပါတယ်။ ပထမတော့ ကျွန်မလည်းသည်ကိစ္စကို ခပ်ပေါ့ပေါ့ပဲ သဘောထားမိပါတယ်။ ဒါပေမဲ့ ဘယ်လောက်မှမကြာပါဘူး။ ကျွန်မကို မင်းသားတစ်ပါးနဲ့ လက်ဆက်ပေးဖို့ အားလုံးစီစဉ်ထားပြီးဖြစ်တဲ့အကြောင်း မယ်မယ်ကြီးကဖွင့်ပြောပါတော့ တယ်။ ကျွန်မဘက်က ဘာပြန်ပြောမလဲဆိုတာ မယ်မယ်ကြီးစောင့်နေပါတယ်။ ဒီတော့ ကျွန်မကလည်း ဖေဖေ့ကျန်းမာရေးအခြေအနေက စိုးရိမ်ရလို့အိမ်ထောင်ချမယ့်ကိစ္စကို ဆိုင်း ပေးထားပါလို့ တောင်းပန်လိုက်ပါတယ်။ ကျွန်မစကားဆုံးတဲ့နောက်မှာတော့ မယ်မယ်ကြီးဟာ ဒေါသအလွန်ထွက်သွားပါတယ်။ သူသည်လောက် စေတနာထားတာတောင် ကျွန်မက ကျေးဇူးမသိတတ်ဘူးလို့ ပြောပါတယ်။ ကျွန်မဘာမှမတုံ့ပြန်ခဲ့ပါဘူး။ နောက်တော့ မယ်မယ် ကြီးက အဲဒီအကြောင်းကို စကားထပ်မဟတော့လို့ ကျွန်မလည်း မေ့မေ့ပျောက်ပျောက်ပဲနေဖို့ ကြိုးစားခဲ့ပါတယ်။ နောက်တစ်ခေါက် အိမ်ပြန်ချိန်မှာတော့ ကျွန်မက ဖေဖေ့ကို အကြောင်းစုံ ရှင်းပြလိုက်တော့ အရင်ကအတိုင်း ဖေဖေကကန့်ကွက်ပါတယ်။ ပြီးတော့ နန်းတွင်းပြန် ရောက်ရင် မိန်းမစိုးထိန်း လီလျန်ယင်းကိုဖြစ်ကြောင်း ကုန်စင်ပြောပြဖို့၊ ကျွန်မအခြေအနေကို ရှင်းပြဖို့ အကြံပေးပါတယ်။ နန်းတွင်းမှာ မယ်မယ်ကြီးခေါင်းငြိမ့်အောင်လုပ်နိုင်တဲ့သူကို ပြပါ

ဆိုရင် မိန်းမစိုးထိန်းကြီး လီလျန်ယင်းကိုပဲ ပြရမှာပါ။ ဒါကြောင့် ဖေဖေ့အကြံအတိုင်း နန်းတွင်းကို ပြန်ရောက်တော့ မိန်းမစိုးထိန်းကြီး လီလျန်ယင်းနဲ့ အရင်တွေ့ပြီး ကျွန်မပြောရဆိုရပါတော့တယ်။ ပထမတော့ ကျွန်မနဲ့ မယ်မယ်ကြီးပြဿနာကြားထဲမှာ ကြားဝင်ဖို့ လီလျန်ယင်းက အင်တင်တင်ဖြစ်နေပါတယ်။ ပြီးတော့ မယ်မယ်ကြီးဆန္ဒအတိုင်းလိုက်နာသင့်တယ်လို့လည်း ကျွန်မကို တိုက်တွန်းပါတယ်။ ဒါပေမဲ့ ကျွန်မက အိမ်ထောင်ပြုဖို့ ဆန္ဒမရှိကြောင်း၊ အဖျိုဘဝနဲ့ပဲ နန်းတွင်းမှာ ဆက်နေလိုကြောင်း အကြောက်အကန်ပြောတော့ သူတတ်နိုင်သမျှကြိုးစားကြည့်ပေးမယ်လို့ လီလျန်ယင်းက ကတိပေးလိုက်ပါတယ်။ နောက်ပိုင်းမှာ ကျွန်မကို အိမ်ထောင်ရက်သားချထားဖို့ ကိစ္စနဲ့ပတ်သက်ပြီး မယ်မယ်ကြီးဆီကရော မိန်းမစိုးထိန်းကြီး လီလျန်ယင်းဆီကပါ ဘာသံမှမထွက်တော့ပါဘူး။ ဒါကြောင့် ကျွန်မအိမ်ထောင်ရက်သားကိစ္စနဲ့ပတ်သက်ပြီး မိန်းမစိုးထိန်းကြီး လီလျန်ယင်းက တစ်ခုခုစီစဉ်ပေးလိုက်ပြီဆိုတာ ကျွန်မသိပါတယ်။

သည်နှစ်နွေရာသီကာလဟာ ဘာမှထွေထွေထူးထူးပြဿနာမရှိဘဲ ကုန်ဆုံးသွားခဲ့ပါတယ်။ ရှစ်လပိုင်းအရောက်မှာတော့ ဝါးပင်တွေကိုခုတ်ပြီး ကျွန်မတို့ နန်းတွင်းသူတွေက အဲဒီဝါးလုံးတွေမှာ ကောက်ကြောင်းရုပ်ပုံတွေ၊ စာတွေရေးထွင်းပါတယ်။ အဲဒီဝါးတွေကို မယ်မယ်ကြီးရဲ့ လက်ဖက်ရည်ဆောင်အတွက် စားပွဲတွေ၊ ကုလားထိုင်တွေနဲ့ အခြားလိုအပ်တဲ့ အသုံးအဆောင်တွေလုပ်ရာမှာ သုံးပါတယ်။ ဆောင်းဦးရာသီ ညနေခင်းတွေမှာတော့ မယ်မယ်ကြီးကိုယ်တိုင် နန်းတွင်းသူတွေကို တရုတ်ပြည်သမိုင်းနဲ့ ကဗျာတွေကိုပို့ချပါ တယ်။ ပြီးတော့ ၁၀ ရက်တစ်ခါဆိုသလို သင်ခန်းစာတွေကို ကျွန်မတို့ ဘယ်လောက်ကြေညက်ကြောင်းကြည့်ဖို့ စာမေးပွဲစစ်ပါတယ်။ စာမေးပွဲကို ထူးထူးချွန်ချွန်ဖြေနိုင်ရင် မယ်မယ်ကြီးက ဆုချပါတယ်။ မယ်မယ်ကြီးပို့ချတဲ့ သင်ခန်းစာတွေကို မိန်းမစိုးသစ်တွေလည်း သင်ကြားရပါတယ်။ တစ်ခါတစ်လေ မယ်မယ်ကြီးမေးတဲ့မေးခွန်းတွေကို အဲဒီမိန်းမစိုးငယ်တွေက တလွဲတချော်ပြန်ဖြေတတ်ပါတယ်။ စိတ်ကြည်နေတဲ့အချိန်မှာဆို မယ်မယ်ကြီးက ကျွန်မတို့အတူ ရယ်ရယ်မောမောရှိတတ်ပေမယ့် စိတ်မကြည်တဲ့အခါမျိုးကျရင် တလွဲတချော်တွေဖြေတဲ့ မိန်းမစိုးတွေကို အပြစ်ပေးတတ်ပါတယ်။ ဒါပေမဲ့နန်းတွင်းမှာ အပြစ်ပေးတာတွေကို ယဉ်ပါးနေတဲ့ မိန်းမစိုးတွေအတွက်ကတော့ ဘာမှဖြစ်လောက်စရာမရှိပါဘူး။ အပြစ်ပေးခံပြီး ခဏပါပဲ။ ပြီးရင် အားလုံး မေ့မေ့ပျောက်ပျောက်ပြန်ဖြစ်သွားပါပြီ။

မယ်မယ်ကြီးရဲ့ အသက် ၇၀ ပြည့်မွေးနေ့နီးလာချိန်မှာတော့ မင်းကြီးက အခမ်းအနားကို ပုံမှန်ထက်ခမ်းခမ်းနားနားလုပ်ဖို့အဆိုပြုလာပါတယ်။ ဒါပေမယ့် ရုရှား-ဂျပန်စစ်ပွဲပြဿနာကြောင့် ရယ်၊ ပြည်သူတွေ အမြင်စောင်းမှာ စိုးတာကြောင့်ရယ် မယ်မယ်ကြီးက

သဘောမတူခဲ့ပါဘူး။ မယ်မယ်ကြီးရဲ့ သည်နှစ်အသက် ၇၀ ပြည့် မွေးနေ့ပွဲနဲ့ အရင်မွေးနေ့ပွဲတွေ မတူတာတစ်ခုက သည်နှစ်မယ်မယ်ကြီးက နန်းတွင်းမွေးနေ့လက်ဆောင်တွေကို လက်ခံခဲ့သလို သူကလည်း လက်ဆောင်တွေပြန်ပေးပါတယ်။ မယ်မယ်ကြီးပြန်ပေးတဲ့ လက်ဆောင်တွေမှာ ဘွဲ့ထူး၊ ဂုဏ်ထူးသစ်တွေ၊ ရာထူးတိုးပေး တာမျိုးတွေ၊ လစာတိုးပေးတာမျိုးတွေ ပါပါတယ်။ ကျွန်မကိုယ်တိုင်နဲ့ ကျွန်မညီမလည်း 'ချွန်ရွှရှန် (မင်းသမီး)' ဘွဲ့တွေရခဲ့ပါတယ်။ နန်းတွင်းထဲမှာ ဆိုရင် ချွန်ရွှရှန်ဘွဲ့ကို အကန့်အသတ်နဲ့သာ ပေးလေ့ရှိပါတယ်။ အမိကအားဖြင့် မယ်မယ်ကြီးအလိုတော်ပါမှ ရနိုင်တဲ့ဘွဲ့မျိုးပါ။ အလားတူမင်းကြီးကလည်း နန်းတွင်းပြင်ပကအရာရှိ အရာခံတွေကို ရာထူးတွေ တိုးပေးပါတယ်။ မယ်မယ်ကြီးမွေးနေ့ပွဲ အခမ်းအနားတွေကို အရေးကြီးတဲ့ပွဲသဘင် တွေနဲ့သင့်တော်တဲ့ တားမြစ်မြို့တော်မှာ ကျင်းပဖို့ မင်းကြီးက အဆိုပြုခဲ့ပါတယ်။ ဒါပေမဲ့ မယ်မယ်ကြီးက အဲဒီအစီအစဉ်ကို သဘောမ တွေ့ပါဘူး။ ၁၀ လပိုင်း ၁၀ ရက်နေ့မတိုင်မီ သုံးရက်အလိုလောက်အထိ တားမြစ်မြို့တော်ကို နန်းမရွှေ့သင့်ဘူးလို့ ညွှန်ကြားချက်ထုတ်ဆင့်လိုက်ပါတယ်။ အဲဒီအမိန့်ကြောင့် နွေရာသီစံနန်းတော်မှာရော တားမြစ်မြို့တော်မှာရော မလိုအပ်ဘဲ အလုပ်တွေများကုန်ပါတယ်။ ပြီးတော့ ၁၀ ပိုင်း ၁၀ ရက်နေ့ရောက်ဖို့ ရက် အနည်းငယ်အလိုမှာတော့ ဆီးနှင်းတွေ တဖွဲဖွဲကျလာပါတယ်။ မယ်မယ်ကြီးဟာ ဆီးနှင်းကျချိန်အပြင်ထွက်ရတာ အလွန်သဘောကျပါတယ်။ ပြီးတော့ တောင်ခြေရင်းမှာ ဓာတ်ပုံရိုက်ချင်တယ်လို့လည်း ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်မလည်း ကျွန်မရဲ့ အစ်ကိုကို လှမ်းဆက်သွယ်ပြီး ကင်မရာယူခဲ့ဖို့ မှာလိုက်ပါတယ်။ ကင်မရာရောက်လာတော့ မယ်မယ်ကြီး စိတ်ကြိုက်အလှဆုံး ဓာတ်ပုံတွေရိုက်ပေးခဲ့ပါတယ်။

၁၀ လပိုင်း ၇ ရက်နေ့မှာတော့ မယ်မယ်ကြီးက တားမြစ်မြို့တော်ကို နန်းရွှေ့ခဲ့ပြီး သူ့ရဲ့ အသက် ၇၀ ပြည့်မွေးနေ့အခမ်းအနားတွေကို စတင်လိုက်ပါတယ်။ မယ်မယ်ကြီးမွေးနေ့ပွဲဟာ ခမ်းနားလှပါတယ်။ နန်းရင်ပြင်တွေမှာ နှင်းတွေကို ကာကွယ်ဖို့အတွက် မှန်ချပ်တွေနဲ့ အမိုးမိုးပေးထားပါတယ်။ ၁၀ ရက်နေ့မှာ ကျင်းပတဲ့ မွေးနေ့ပွဲအခမ်းအနားက အရင်မွေးနေ့ပွဲတွေနဲ့ သိပ်မထူးလှပါဘူး။ ဘာပဲပြောပြောမယ်မယ်ကြီးရဲ့ အသက် ၇၀ ပြည့်မွေးနေ့ဟာ ချောချောမွေ့မွေ့ဘဲ ပြီးသွားပါတယ်။ မွေးနေ့ပွဲအပြီးမှာတော့ မယ်မယ်ကြီးဟာ ပင်လယ်နန်းတော်ကို ပြောင်းရွှေ့နန်းစံပါတော့တယ်။

ကျွန်မတို့ပင်လယ်နန်းတော်ကို ရောက်တဲ့အချိန်မှာ ဖေဖေ့ကျန်းမာရေးပိုဆိုးလာပြီဆိုတဲ့ သတင်းကြားရပါတယ်။ ဖေဖေဟာ မင်းမှုထမ်းအဖြစ်က နုတ်ထွက်ခွင့်ပေးဖို့ မယ်မယ်ကြီးကိုထပ်ပြီး နုတ်ထွက်စာတင်ပါတယ်။ မယ်မယ်ကြီးဟာ မိန်းမစိုးနှစ်ဦးကို ကျွန်မတို့အိမ်ကို လွှတ်ပြီး အခြေအနေမှန်ကို ကြည့်ခိုင်းလိုက်ပါတယ်။ တကယ်ဘဲ ကျွန်မတို့ ဖေဖေနာမကျန်း

ဖြစ်နေတာသိရတော့ ရာထူးနုတ်ထွက်ခွင့်ကို လက်ခံလိုက်ပါတယ်။ ပြီးတော့ ရှန်ဟိုင်းကို သွားပြီး အနောက်တိုင်းဆရာဝန်နဲ့ ထပ်ပြရင်ကောင်းမယ်လို့လည်း လက်ခံခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖေနဲ့အတူ ရှန်ဟိုင်းကိုလိုက်ဖို့ မေမေတစ်ဦးတည်းကိုသာ ခွင့်ပြုခဲ့ပြီး ကျွန်မတို့ညီအစ်မ နှစ်ဦးပါလိုက်ရလောက်အောင် ဖေ့ဖေ့အခြေအနေမဆိုးသေးဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ မပြောကောင်းမဆို ကောင်း ဖေ့ဖေ့အခြေအနေပိုဆိုးသွားနိုင်ပြီး ဆုံးပါးသွားနိုင်တဲ့အတွက် ကျွန်မတို့လည်း အတူရှိဖို့လိုကြောင်း မယ်မယ်ကြီးကို ကျွန်မကြိုးစားပြီးရှင်းပြပါတယ်။ ပထမ တော့ မယ်မယ်ကြီးက အတန်တန်ငြင်းပေမယ့် နောက်ဆုံးတော့ နန်းတွင်းကို ပြန်လာပါမယ်ဆို တဲ့ သဘောတူညီချက်နဲ့ ကျွန်မတို့ကိုပါ ရှန်ဟိုင်းလိုက်ခွင့်ပေးလိုက်ပါတယ်။

ကျွန်မတို့နန်းတွင်းက ထွက်ခွာရမယ့်ရက်ကို မယ်မယ်ကြီးကိုယ်တော်တိုင်ရွေးပေးပါ တယ်။ မယ်မယ်ကြီးရွေးပေးလိုက်တဲ့ နေ့ကောင်းရက်သာက ၁၃ ရက်နေ့ပါ။ ခရီးစခါနီးမှာ ကျွန်မတို့ဟာ မယ်မယ်ကြီးကို အရိုအသေပြုပြီး နှုတ်ဆက်ပါတယ်။ ပြီးတော့ ကျွန်မတို့ နန်း တွင်းမှာရှိစဉ် တစ်လျှောက်လုံး စေတနာထားစောင့်ရှောက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်စကား ပြောပါတယ်။ လူတိုင်းငိုနေကြပါတယ်။ မယ်မယ်ကြီး ကိုယ်တော်တိုင်တောင်မျက်ရည်ကျခဲ့ပါ တယ်။ နောက်တော့ ကျွန်မတို့က မင်းကြီးနဲ့ မိဖုရားကို သွားရောက်အရိုအသေပေးနှုတ်ဆက်ပါ တယ်။ မင်းကြီးက ကျွန်မတို့ကို လက်ဆွဲနှုတ်ဆက်ပြီး ကံကောင်းပါစေလို့ အင်္ဂလိပ်လို နှုတ် ဆက်လိုက်ပါတယ်။

ရှန်ဟိုင်းကို ရောက်တော့ဖေဖေဟာ သူရဲ့ဆရာဝန်နဲ့ ချက်ချင်းသွားပြပါတယ်။ ဆရာဝန်ကလည်း လိုအပ်တဲ့ ဆေးညွှန်းတွေပေးပါတယ်။ ပီကင်းကနေရှန်ဟိုင်းကိုလာတဲ့ ခရီးစဉ်ကြောင့်ဘဲလားမသိဘူး။ ဖေ့ဖေ့ပုံစံက လန်းလန်းဆန်းဆန်းပြန်ဖြစ်လာတာ တွေ့ရပါ တယ်။ ဘယ်လောက်မှမကြာပါဘူး။ ကျွန်မရွှေနန်းတော်ကြီးကို ပြန်လွမ်းနေပါပြီ။ ရှန်ဟိုင်းမှာ က ကျွန်မတို့ရဲ့ အပေါင်းအသင်းမိတ်ဆွေတွေများတော့ ညစာစားပွဲတွေတက်လိုက် ကပွဲတွေ တက်လိုက် လုပ်နိုင်ပေမယ့် ကျွန်မစိတ်ထဲမှာတော့ မပျော်နိုင်ပါဘူး။ ပီကင်းနေပြည်တော်မှာ ကျွန်မတွေ့ခဲ့ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံတွေနဲ့ ရှန်ဟိုင်းဘဝအကွာကြီးကွာလှပါတယ်။ ပီကင်းနေပြည်တော်ပြန်ရမယ့်အချိန်ကိုဘဲ ကျွန်မမျှော်လင့်စောင့်စားနေမိပါတယ်။ ကျွန်မတို့ ရှန်ဟိုင်းရောက်ပြီး သီတင်းနှစ်ပတ်လောက်ကြာတော့ မယ်မယ်ကြီးက ကျွန်မတို့အဆင်ပြေ မပြေသိဖို့ အထူးဆက်သား တစ်ယောက်လွှတ်လိုက်ပါတယ်။ အဲဒီဆက်သားနဲ့အတူ ကျွန်မတို့ အတွက် လက်ဆောင်တွေနဲ့ ဖေ့ဖေ့အတွက် ဆေးဝါးတွေထည့်ပေးလိုက်ပါတယ်။ ပြီးတော့ ဆက်သားဟာ ကျွန်မတို့ကို ရွှေနန်းတော်က မျှော်လင့်နေတဲ့အကြောင်း သတင်းပို့ပြီး ဖြစ်နိုင် သမျှ မြန်မြန်ပြန်ခဲ့ဖို့လည်း အကြံပေးပါတယ်။ ထူထူထောင်ထောင်ပြန် ဖြစ်လာတဲ့ ဖေဖေ

ကလည်း ကျွန်မတို့ကို ပီကင်းနေပြည်တော်ပြန်ပြီး နန်းတွင်းပြန်ဝင်ဖို့ တိုက်တွန်းပါတယ်။ ဒါနဲ့ဘဲ ကျွန်မလည်း နှစ်သစ်ကူးချိန်မှာ ပီကင်းနေပြည်တော်ကို ပြန်ခဲ့ပါတယ်။ ကျွန်မကို ကြိုဖို့အတွက် မယ်မယ်ကြီးဟာ ပီကင်းဘူတာရုံအထိ မိန်းမစိုးတွေ စေလွှတ်ပေးခဲ့ပါတယ်။ နန်းတွင်းကို ပြန်ရောက်တဲ့ အချိန်မှာ မယ်မယ်ကြီးရော၊ ကျွန်မပါ ဝမ်းသာလွန်းလို့ ငိုမိပါတယ်။

နန်းတွင်းပြန်ရောက်ပြီးတဲ့နောက်မှာ ကျွန်မဟာ ပုံမှန်နန်းတွင်းသူတာဝန်တွေပြန်ပြီး ထမ်းဆောင်ပါတယ်။ သည်တစ်ကြိမ်မှာ တိုင်ပင်ဖော်တိုင်ပင် ဖက်ကျွန်မညီမလည်း မရှိ၊ မေမေလည်းမရှိပါဘူး။ အရာရာဟာ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့သလိုပါဘဲ။ ဒါပေမဲ့ မယ်မယ်ကြီးကတော့ အရင်အတိုင်းပါဘဲ။ ကျွန်မ အပေါ် ကြင်ကြင်နာနာဖေးမဆက်ဆံနေဆဲပါ။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာတော့ သိပ်မပျော်တော့သလိုလို၊ ရှန်ဟိုင်းကိုဘဲပြန်ချင်သလိုလိုခံစားနေရပါတယ်။ ဒီလိုနဲ့ နန်းတွင်းအပျိုတော်တစ်ဦးရဲ့ တာဝန်တွေထမ်းဆောင်ရင်းနဲ့ဘဲ နှစ်လပိုင်း (၁၉၀၅ ခုနှစ် မတ်လ)အထိ ရောက်လာပါတယ်။ အဲဒီအချိန်မှာ ဖေဖေ့အခြေ အနေအတော်ဆိုးနေတဲ့အကြောင်း၊ ကျွန်မကိုလည်းတွေ့ချင်နေတဲ့အကြောင်း ကြေးနန်း စာတစ်စောင်ရောက်လာပါတယ်။ ကျွန်မလည်း မယ်မယ်ကြီးကို ကြေးနန်းစာကိုပြပြီး အမိန့်ကိုစောင့်ပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မအနေနဲ့ ရှန်ဟိုင်းကို အမြန်ဆုံးပြန်ဖို့လိုအပ်ကြောင်း မယ်မယ်ကြီးက အမိန့်ချပါတယ်။ ကျွန်မလည်း မကြာမီအတွင်း ပြန်လာနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်နှင့် အားလုံးကိုထပ်ပြီး နှုတ်ဆက်ရပါတယ်။ ဒါပေမဲ့သည်တစ်ကြိမ်မှာတော့ မျှော်လင့်ထားတဲ့ အတိုင်းမဖြစ်တော့ပါဘူး။ ရှန်ဟိုင်းရောက်တော့ ဖေဖေ့အခြေအနေ ဟာ သည်တောင်ကို မကျော်နိုင်တော့ပါဘူး။ ၁၉၀၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ ဖေဖေဆုံးပါးခဲ့ရပါတယ်။ ဖေဖေ ကွယ်လွန်ပြီးတဲ့နောက်မှာ ဝမ်းနည်းကာလက ရက် ၁၀၀ အထိရှိတာမို့ ရွှေနန်းတော်ကြီးဆီပြန်ဖို့ မဖြစ်နိုင်တော့ပါဘူး။

ရှန်ဟိုင်းမှာ ကျွန်မဟာ မိတ်သစ်ဆွေသစ်တွေ ထပ်ရခဲ့ပါတယ်။ ပြီးတော့ နန်းတွင်းသူဘဝဟာ ဥရောပမှာနေစဉ်တုန်းက ကျွန်မအပေါ် သက်ရောက်ခဲ့တဲ့ ယဉ်ကျေးမှုသြဇာကို မဖုံးလွှမ်းနိုင်တာကိုလည်း ကျွန်မတစ်ဖြည်းဖြည်းနားလည်လာပါတယ်။ နိုင်ငံခြားမှာ ပညာသင်ခဲ့တဲ့ ကျွန်မရဲ့ နှလုံးသားဟာတရုတ်ပြည် အတွက် သူစိမ်းတစ်ရံဆံလိုဖြစ်နေပါပြီ။ နောက်ပိုင်းမှာ ကျွန်မခင်ပွန်းလောင်းနဲ့တွေ့ပြီး အမေရိကန်နိုင်ငံသား ဖြစ်လာပါတယ်။ ဒါပေမဲ့ တစ်ခါတစ်လေကျရင်တော့ ကျွန်မနှစ်နှစ်ကြာနေခဲ့ဖူးတဲ့ ရွှေနန်းတော်ကို လွမ်းမောမိပါတယ်။

ပြုပြင်ပြောင်းလဲရေးကိစ္စနဲ့ပတ်သက်ရင် မယ်မယ်ကြီးအပေါ်မှာ ကျွန်မသြဇာမတည်

ခဲ့ပေမယ့် တရုတ်ပြည်ကြီး နိုးထလာမယ့်အချိန်၊ ကမ္ဘာ့အလယ်မှာ ထိုက်တန်တဲ့နေရာရမယ့် အချိန်အထိ ကျွန်မအသက်ရှင်ချင်လှပါဘိ။